
www.linhtet.com



**အားမာန်သစ်စာပေ**
အမှတ် ၅၁၊ မန္တလေးလမ်း၊
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း - ၂၄၂၆၇၃

| | |
|---|---|
| စာမူခွင့်ပြုချက်အမှတ် | – ၇၂၇/၉၈(၁၂) |
| အဖုံးခွင့်ပြုချက်အမှတ် | – ၁၉၅/၉၉(၄) |
| အတွင်းပုံနှိပ်သူ | – ဒေါ်ဖြူဖြူမော် |
| | – ဖြူမွန်ပုံနှိပ်တိုက် |
| | – ၃၈–မလ္လကုန်းလမ်း<br>ကျောက်မြောင်း<br>တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံးနှိပ်ပုံ | – ဦးတိုးဝင်း (၀၂၄၃၁)<br>နေလရောင်အော့ဖ်ဆက်<br>(၉၆/ခ) ၁၁ လမ်း၊ ရန်ကုန်မြို့။ |
| ထုတ်ဝေသူ | – ဦးဝင်းမြင့်<br>ဝင်းမြင့်အောင် စာပေ<br>၃၁၅၊ ၂ ခ–ရပ်ကွက်<br>ထောက်ကြံ့တိုးချဲ့၊ မင်္ဂလာဒုံ |
| မျက်နှာဖုံးဒီဇိုင်း | – ဇော်မောင် |
| အကြိမ် | – ပထမအကြိမ် |
| ထုတ်ဝေသည့်လ | – ၁၉၉၉–အောက်တိုဘာ |
| စာအုပ်ချုပ် | – ပပစိုးနှင့်အဖွဲ့ |
| တန်ဖိုး | – ၆၀၀ |

# မယားပြိုင်

မယားကြီးမယားငယ်ပြဿနာနှင့် တရားဥပဒေရေးရာ

ညိုအောင်

ခွန်ဂျာမှိုင်းစီစဉ်သည်။

**ဒို့တာဝန်အရေး ၃ ပါး**

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အချာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေပေါ် ပေါက်ရေးသည်
ပြည်ထောင်စုသား အားလုံး၏ ပဓာနကျသော
တာဝန်ဖြစ်သည်။

**ပြည်သူ့သဘောထား**

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကိုဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ

www.linhtet.com

## မယားပြိုင်နှင့်စပ်လျဉ်း၍

မယားပြိုင်သည် ဝတ္ထုမဟုတ်ပါ၊ တရားရုံးပေါ်ရောက် အမွေဆက်ခံခွင့်နှင့် ပတ်သက်သော အိမ်ထောင်ရေးတရားမမှုခင်းတစ်ရပ်သာ ဖြစ်ပါသည်။ လူအများသည် တရားမမှုများထက် ရာဇဝတ်မှုများကို ပိုမိုစိတ်ဝင်စားတတ်ကြပါသည်။ တရားမမှုများသည် များသောအားဖြင့် ပုဂ္ဂလိက အကျိုးစီးပွားနှင့် ပတ်သက်သော ကိစ္စရပ်များသာ ဖြစ်ပါသည်။ ထို့ကြောင့် တရားမမှုများကို လူအများ စိတ်ဝင်စားမှု နည်းပါးခြင်းဖြစ်ပါသည်။

သို့သော် တရားမမှုတစ်မှုဖြစ်သော ယခု ''မယားပြိုင်''ပြဿနာကိုကား လူအများ စိတ်ဝင်စားကြပါသည်။ လူအများနှင့်ပတ်သက်နေသော ကိစ္စရပ်တစ်ခုလည်း ဖြစ်ပါသည်။ တရားဝင်မယား၊ သေတမ်းစာ၊ အမွေကိစ္စ၊ အိမ်ထောင်ရေးနှင့် ဘာသာရေး စသည်တို့ကို လူအများ သိနားလည်ထားသင့်ပါသည်။ ထို့ကြောင့် သတင်းစာကြီးများက ''မယားပြိုင်''သတင်းကို အကျယ်တဝင့် ရေးသားဖော်ပြခဲ့ကြပါသည်။ အထူးသဖြင့် မယားပြိုင်ပြဿနာကို အိမ်ထောင်ရှင်အမျိုးသမီးများနှင့် အမျိုးသားများက ပိုမို စိတ်ဝင်စားကြပါသည်။ အမြင်အမျိုးမျိုး၊ ဝေဖန်ချက်အမျိုးမျိုးလည်း ပေးကြပါသည်။ တီးတိုး ဝေဖန်ဆွေးနွေးကြရုံဖြင့်အားမရဘဲ သတင်းစာများတွင် တိုင်းသိ၊ ပြည်သိ ဆောင်းပါးများ၊ အော်သံများ ရေးသားပေးပို့ခဲ့ကြသည်အထိပင် ဖြစ်ပါသည်။

ယင်းသို့ အများစိတ်ဝင်စားသော မယားပြိုင်ပြဿနာသည် တရားရုံး

ပေါ်တွင် ဆယ်နှစ်ဆယ်မိုး ကြာခဲ့ပါသည်။ ပထမတရားမရုံး၊ နောက်တစ်ဆင့် တရားရုံးချုပ် အယူခံရုံးနှင့် နောက်ဆုံးတရားရုံးချုပ်စုံညီရုံး ရောက်သည်အထိ သက်ဆိုင်သူများက အပြန်အလှန် အဆင့်ဆင့် အယူခံဝင်ရောက်ခဲ့ကြပါသည်။ တရားမမှုသည် ရာဇဝတ်မှုနှင့်မတူပါ။ ကိုင်တွယ်ရခက်ခဲ၍သိမ်မွေ့နူးညံ့ပါသည်။ သို့သော်လည်း တရားရုံးအဆင့်ဆင့်သည် ခက်ခဲသိမ်မွေ့နူးညံ့သော ယင်းပြဿနာကို အမှန်တရားဖြင့် စူးစမ်းဆင်ခြင်၍ အမှုစစ်ဆေးကာ အဖြေရှာခဲ့ကြပါသည်။

ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေကို အများပြည်သူတို့ သိကျွမ်းသုံးစွဲခြင်း၊ ယင်းဥပဒေနှင့် ပတ်သက်၍ စီရင်ထုံးပြုစုထားခြင်းလည်း နည်းပါးသေးသည်ကို နောက်ဆုံးအယူခံရုံးက တွေ့မြင်ပါသည်။ ထို့ကြောင့် စုံညီခုံရုံးဖွဲ့ကာ အမှုနှင့်သက်ဆိုင်သော နှစ်ဖက်အကျိုးဆောင် ဥပဒေ ပညာရှင်ကြီးများအပြင် အခြားဥပဒေပါရဂူ၊ ပညာရှင်တို့အား ရုံးသဟာယအဖြစ် ဖိတ်ကြားပြီးနောက် အခွင့်ထူးအယူခံမှုများကို ကြားနာခဲ့ကြပါသည်။

စုံညီခုံရုံးတွင် သဟာယအဖြစ် ပါဝင်ဆောင်ရွက်သော ဥပဒေပါရဂူပညာရှင်တို့၏ တင်ပြချက်များ၊ တရားလိုတရားပြိုင် နှစ်ဖက်အကျိုးဆောင်များ၏ ရှုထောင့်အသွယ်သွယ်မှ တင်ပြချက်များ၊ မူလရုံးတွင် အမှုစစ်ဆေးရာ၌ အပြန်အလှန် မေးခွန်းထုတ်ပုံများနှင့် တရားရုံးအဆင့်ဆင့်၏ ဆုံးဖြတ်ချက်များမှာ အထူးစိတ်ဝင်စား မှတ်သားဖွယ်ကောင်းပါသည်။

ထို့ကြောင့် ကျွန်တော်သည် ''မယားပြိုင်'' ပြဿနာကို စာတစ်အုပ်အဖြစ် ပြုစုတင်ပြလိုက်ပါပြီ။ စာဖတ်သူများ၊ ဥပဒေကို လေ့လာလိုက်စားသူများနှင့် ကိုးကားဖတ်ရှု မှတ်သားလိုသူများအတွက် အဆင်ပြေလွယ်ကူစေရန် အမှုဖြစ်စဉ်အတိုင်း အခန်းများကို ခွဲခြားထားပါသည်။ အထူးသဖြင့် ဥပဒေသမားများအတွက် တရားရုံးအဆင့်ဆင့်၏ စီရင်ချက်အပြည့်အစုံကို ထည့်သွင်းဖော်ပြထားပါသည်။

ကျွန်တော်သည် ယခု ''မယားပြိုင်''ကို ပြုစုတင်ပြရာတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ ထိခိုက်နစ်နာစေလိုသော သဘောမရှိပါ။ ကျွန်တော် လက်လှမ်းမှီသလောက် ရှာဖွေစုဆောင်း၍ ရသောအချက်များကို အဖြစ်အပျက် အမှန်အတိုင်း ပြည့်စုံနိုင်သမျှပြည့်စုံအောင်စုစည်းပြီး စာတစ်အုပ်အဖြစ် တင်ပြထားခြင်းသာ ဖြစ်ပါသည်။

**ညိုအောင်**

## မယားပြိုင်နှင့်ပတ်သက်၍
## ဥပဒေပညာရှင်များ၏အဆိုအမိန့်များ

*“......အိမ်ထောင်ရေးကိစ္စသည် အဓိကအားဖြင့် လူမှုရေးကိစ္စဖြစ်သဖြင့် နိုင်ငံ၏ လူအများလက်ခံကျင့်သုံးသော အိမ်ထောင်ရေးဓလေ့ထုံးစံတို့ကိုနိုင်ငံတွင် အိုးအိမ်စိုက်ထူနေသူအများနှင့် သက်ဆိုင်သော ဥပဒေအာဏာသက်ဝင်စေအောင်၊ လိုအပ်သော ဥပဒေများ ပြုစုပြဋ္ဌာန်းပေးရန်သင့်မသင့်ကို ဥပဒေပြု အာဏာပိုင်တို့က လေးနက်စွာစဉ်းစားသင့်သည်။ အိမ်ထောင်ရေးနှင့် ဘာသာရေးရောနှော ရှုပ်ထွေးခြင်း၊ ကိုယ်ရေးဘာသာ၊ ကိုယ်ရေးဥပဒေ (Personal Law) စသည်တို့သည် ခေတ်နှင့်မလျော်ပြီ”*

**တရားသူကြီးချုပ်  ဒေါက်တာမောင်မောင်၊**
**တရားသူကြီး  ဦးကျော်ဇံဦး၊**
**တရားသူကြီး  ဦးသက်ဖေ**
**စုံညီခုံရုံး။ ၁၉၇၁၊ ဗွန် – ၁၅။**

*"…..ဦးထင်ဝိန်သည် ဒေါ်ကြည်ကြည်နှင့်အတူနေခဲ့သည်ကို မငြင်း၊ သို့ရာတွင် ဒေါ်ကြည်ကြည်အား ဦးထင်ဝိန်က မယားအဖြစ် အသိအမှတ်ပြုခဲ့လျှင်၊ ဒေါ်ကြည်ကြည်အား ထိုက်သင့်သော အမွေကိုပေးရန် သေတမ်းစာတွင် ရေးသားခဲ့မည်ဖြစ်ပါသည်"*

**(ရှေ့နေကြီးဦးကျော်မြင့်)**

*"…..မယားကြီး မယားငယ် ခွဲခြားခြင်းသည် မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေနှင့်မညီပါ။ ရှေးဓမ္မသတ်ပါ စကားရပ်အချို့ကို အင်္ဂလိပ်လို ပြန်ဆိုရာတွင် လွဲမှားခဲ့သဖြင့် အတွေးအခေါ်ရှုပ်ထွေးခဲ့ခြင်းဖြစ်ပါသည်။ ဓမ္မသတ်တို့တွင် မယားကြီး၊ တော်ပြောင်၊ (သို့မဟုတ်အပြောင်)၊ ကျွန်မ စသည်ဖြင့်ပါသော်လည်း မယားအရာရောက်သော မိန်းမသည် မယားပြိုင်သည် ဖြစ်ပါသည်။ တန်းတူရည်တူ လင့်အမွေကို ဆက်ခံပိုင်ခွင့်ရှိပါသည်"*

**(ဒေါက်တာအေးမောင်)**

*"…..၁၉၅၄ ခုနှစ် အက်ဥပဒေသည် ဗုဒ္ဓဘာသာဝင် အမျိုးသမီးတို့၏ အိမ်ထောင်ရေးရပိုင်ခွင့်တို့ကို ကာကွယ်စောင့်ရှောက်ရန် အထူးပြဋ္ဌာန်းရသော ဥပဒေဖြစ်ပါသည်။ ယင်းဥပဒေတွင် အတိအလင်းပါရှိသည့်အတိုင်း ယင်းဥပဒေတွင် အကြုံးဝင်သော ထိမ်းမြားခြင်းတို့သည် အခြားဥပဒေများ၊ ဓလေ့ထုံးတမ်းများကို လွှမ်းမိုးပါသည်"*

**(လက်ထောက်နိုင်ငံတော်ရှေ့နေချုပ်ဦးလှသင်း)**

*"….၁၉၅၄ခုနှစ်အက်ဥပဒေတွင် "ဗုဒ္ဓဘာသာဓမ္မသတ်"ကိုသာညွှန်းထားခြင်းသည် အခေါ်အဝေါ်လွဲမှား၍ ဥပဒေရေးဆွဲရာ၌ အနည်းငယ် ချွတ်ယွင်းခဲ့ခြင်းဖြစ်သည်ဟု မှတ်ချက်ပြုလိုသည်။ အက်ဥပဒေက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ(Burmese Customary Law)ကိုရည်ညွှန်းခြင်းဖြစ်ပေသည်။ ယင်းဥပဒေသည် ဓမ္မသတ်တို့မှ အဓိကအားဖြင့် ဆင်းသက်သည်ဟု ဆိုကြသော် လည်း မြန်မာ့သမိုင်း၊ ယဉ်ကျေးမှု၊ လူနေမှုတို့မှ အားယူကာ အစဉ်ရှင်သန်ကြီးထွားလျက်ရှိသော ဥပဒေဖြစ်သည်။ ထို့ကြောင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေသည် ဓမ္မသတ်ထက်ကြီး၏။ ကျယ်ဝန်း၏။ ထို့ပြင် ဗုဒ္ဓဘာသာ ဓမ္မသတ်ဟုခေါ်ဝေါ်ခြင်းသည်*

*လည်း မှားယွင်းပေသည်။ မြန်မာ့အိမ်ထောင်ရေးကိစ္စတို့နှင့် သက်ဆိုင်သော ဓလေ့ထုံးတမ်းဥပဒေသည် ဘာသာရေးဥပဒေမဟုတ်ချေ။"*

**(ဒေါက်တာမောင်မောင်၊ ဦးကျော်ဖေဦး၊ ဦးသက်ဖေ၊
စုံညီခုံရုံး – ၁၉၇၁၊ ဇွန် ၁၅)**

*"....အထူးဥပဒေတစ်ရပ် ပြဋ္ဌာန်းခဲ့ခြင်း၏ရည်ရွယ်ချက်သည်ဗုဒ္ဓဘာသာဝင်မဟုတ်သည့်ယောကျ်ားနှင့် ပေါင်းဖက်နေထိုင်သော ဗုဒ္ဓဘာသာဝင် မိန်းမများ၏ အခွင့်အရေးများကို ကာကွယ်စောင့်ရှောက်ပေးရန်ဖြစ်ပါသည်"*

**[ရွှေနေကြီးဦးမောင်မောင် (၆)]**

*"....၁၉၅၄ ခုနှစ် အထူးအက်ဥပဒေသည် ဗုဒ္ဓဘာသာဝင်မိန်းမကို တရားဝင်ထိမ်းမြားပြီးသည့် မယားအဖြစ် အသိအမှတ်ပြု၏။ အခြား တရားဝင်မယားများရှိနေလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ တန်းတူရည်တူ လင့်အမွေကို ဆက်ခံ နိုင်ခွင့်ရှိသည့် တရားဝင်မယားပြိုင်အဖြစ်ကိုပေး၏။ အထူးဥပဒေက ပေးသော အခွင့်အရေးကို တရားရုံးကနုတ်ပယ်၍မရ၊ လင်ဖြစ်သူ၏ သေတမ်းစာဖြင့် ဖျက်၍မရ၊ အပြည့်အဝခံစားရမည်သာဖြစ်သည်"*

**(စုံညီခုံရုံး၊ ၁၉၇၁ခု၊ ဇွန် –၁၅)**

# (၁)
# မယားပြိုင်သတင်းနှင့်   သူတို့အမြင်

**[၁]**
**မယားပြိုင်သတင်းနှင့်**
**သူတို့အမြင်**

**တရားဝင်မယားမြောက်က လင်၏ အမွေဆက်ခံခွင့်ရှိ၊**
**အိမ်ထောင်ရေးနှင့် ဘာသာရေးရောမှု ခေတ်နှင့်မညီ၊**
**ဇနီးနှစ်ဦး၏ အမွေရမှုတွင်**
**တရားရုံးချုပ်**
**စုံညီခုံရုံးက အဆုံးအဖြတ်ပေး။**

ရန်ကုန်၊ ဇွန် – ၁၅။ ။

၁၉၅၄– ခု၊ ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေအရ ဗုဒ္ဓဘာသာဝင် မဟုတ်သော ယောကျ်ားနှင့် လင်မယားအရာ မြောက်စေသော ပေါင်းဖက်နေထိုင်မှုပြုသည့် ဗုဒ္ဓဘာသာဝင် မိန်းမတစ်ဦးသည် တရားဝင်မယားမြောက်၍ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ လင့်အမွေကို ဆက်ခံခွင့် အပြည့်ရှိကြောင်း နိုင်ငံတော်တရားရုံးချုပ် တရားသူကြီးချုပ် ဒေါက်တာမောင်မောင်၊ တရားသူကြီး ဦးကျော်ဇံဦးနှင့် တရားသူကြီး ဦးသက်ဖေ တို့ပါဝင်သော စုံညီခုံရုံးက ယနေ့ဆုံးဖြတ်လိုက်၏။

## အမွေရလို

ဒေါ်ကြည်ကြည်က မိမိသည် ဦးထင်ဝိန်၏ တရားဝင်မယားတစ်ယောက်ဖြစ်ခဲ့ပါသောကြောင့် ဦးထင်ဝိန်ကွယ်လွန်ပြီးနောက် ကျန်ရစ်သော အမွေပုံကို ဦးထင်ဝိန်၏ ပထမ,မယား မစ္စစ်မေရီဝိန်နှင့် အချိုးကျခွဲဝေရရှိထိုက်ပါသည်ဟု ရန်ကုန်မြို့ တရားမရုံးတွင် တရားစွဲဆိုခဲ့သည်။ ဦးထင်ဝိန်နှင့် မစ္စစ်မေရီဝိန်တို့သည် ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသော မြန်မာလူမျိုးများဖြစ်ကြ၍၊ ဒေါ်ကြည်ကြည်သည် မြန်မာဗုဒ္ဓဘာသာတစ်ဦးဖြစ်သည်။

## ခုခံချေပ

မစ္စစ်မေရီဝိန်တို့က အမှုတွင် ခုခံချေပရာ၌ ၎င်းနှင့် ဦးထင်ဝိန်တို့သည် ခရစ်ယာန်လက်ထပ်ထိမ်းမြားခြင်းသည် အက်ဥပဒေအရ ထိမ်းမြားခဲ့ခြင်းဖြစ်သည်။ ယင်းဥပဒေအရ တစ်လင်တစ်မယားသာ ရှိရသဖြင့် ဦးထင်ဝိန်သည် ဒေါ်ကြည်ကြည်ကို တရားဝင်မယားအဖြစ် ထိမ်းမြားခြင်းမပြုနိုင်ပါ။ ဒေါ်ကြည်ကြည်သည် အမွေရနိုင်သော တရားဝင်မယားမဟုတ်ခဲ့ပါဟု ခြွက်ဆိုကြသည်။

## မယားအရာမြောက်

မူလရုံးက ကောက်ချက်အရပ်ရပ် ထုတ်နုတ်စစ်ဆေး၍ ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့သည် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ လင်မယားအရာမြောက်စေမည့် ပေါင်းဖက်နေထိုင်မှုမျိုးဖြင့် နေထိုင်ခဲ့ကြောင်းထင်ရှားသည်။ ထို့ကြောင့် ၁၉၅၄ခု၊ ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေပုဒ်မ ၂၀–အရ တရားဝင်မယားအရာမြောက်ခဲ့သည်။ ထို့ကြောင့် ဦးထင်ဝိန် ရေးသားခဲ့သော သေတမ်းစာပျက်ပြယ်၍ ၎င်း၏ အမွေပုံကို ဒေါ်ကြည်ကြည်ပါ တရားဝင်မယားတစ်ဦးအနေဖြင့် ခွဲဝေရထိုက်သည်ဟု ဒီဂရီချမှတ်ခဲ့သည်။

## မယားငယ်ဖြစ်၍

မစ္စစ်မေရီဝိန်တို့က ဤရုံးသို့ အယူခံဝင်ရာ အယူခံကို ကြားနာသော တစ်ဦးထိုင် တရားသူကြီးက ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့သည် လင်မယားအဖြစ် အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ကြောင်းကို အထင်အရှားတွေ့သည်။

ယင်းသို့ပေါင်းသင်းခြင်းသည်အထက်တွင် ရည်ညွှန်းထားသော အက်ဥပဒေ၌ အကျုံးဝင်သော ပေါင်းသင်းခြင်းဖြစ်သည်ဟူ၍လည်း တွေ့ရှိသည်။ သို့ရာတွင် ဒေါ်ကြည်ကြည်'မယားငယ်' အဆင့်သာရှိခဲ့သည်။ အမွေပုံကို စုံစမ်းစေပြီးနောက် ဒေါ်ကြည်ကြည်က ၅-ပုံ ၂-ပုံ၊ မစ္စစ်မေရီက ၅-ပုံ ၃-ပုံ ရထိုက်သည်ဟု ဆုံးဖြတ်ခဲ့သည်။

## အယူခံတက်

ထိုဆုံးဖြတ်ချက်မှ ဒေါ်ကြည်ကြည်ကလည်းကောင်း၊ မစ္စစ်မေရီဝိန်တို့က လည်းကောင်း၊ အခွင့်ထူးတောင်းခံ၍အယူခံတက်လာကြသည်။ ဒေါ်ကြည်ကြည် က ၎င်းအား 'မယားငယ်' ဟုသတ်မှတ်သည်ကို မကျေနပ်။ မစ္စစ်မေရီဝိန်တို့က ဒေါ်ကြည်ကြည်သည် အမွေရထိုက်သည်ဟု ဆုံးဖြတ်သည်ကိုပင် မကျေနပ်။ ဗုဒ္ဓဘာသာမိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု ဥပဒေကို အများပြည် သူသိကျွမ်းခြင်း၊ သုံးစွဲခြင်း၊ ယင်းဥပဒေနှင့် ပတ်သက်၍ စီရင်ထုံးပြုထားခြင်း နည်းပါးသေးသည်ဖြစ်၍ စုံညီခုံဖြင့် အခွင့်ထူးအယူခံများကို ကြားနာခဲ့ကြခြင်း ဖြစ်သည်။

## စေတနာမျက်ခြည်ပြတ်

စုံညီခုံရုံးက ဆုံးဖြတ်ရာတွင် ပထမ အယူခံကို ဆုံးဖြတ်ခဲ့သော ဤရုံး တရားသူကြီးသည် အက်ဥပဒေက အတိအလင်းပြဋ္ဌာန်းထားခြင်းကို ကျော်၍ ရှေးစီရင်ထုံးအချို့ကို ကြည့်မိကာ ဒေါ်ကြည်ကြည်သည် မယားငယ်မျှသာဖြစ် ရမည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြင့် အထူးအက်ဥပဒေ၏ ရည်ရွယ်ချက် စေတနာကို မျက်ခြည်ပျက်ခဲ့လေသည်။ အထူးအက်ဥပဒေက ဗုဒ္ဓဘာသာဝင် အမျိုးသမီးများ ကို မယားငယ်များဖြစ်အောင် ပြဋ္ဌာန်းပေးသည် မဟုတ်။ ဗုဒ္ဓဘာသာဝင် မဟုတ် သော ယောကျ်ားများ၏ အငယ်အနှောင်းသဖွယ်၊ သို့မဟုတ် ရှေးခေတ်သတ် အဆို'တော်ပြောင် ကျွန်မ' သဖွယ်နေရသော ဗုဒ္ဓဘာသာဝင် အမျိုးသမီးများအား ယင်းဘဝမှလွတ်မြောက်၍ တရားဝင်မယားအဖြစ်သို့ရောက်စေအောင် ပို့ဆောင် ပေးခြင်းဖြစ်၏။ ယင်းသို့ပို့ဆောင်ရာတွင် အခြား ဓလေ့ထုံးတမ်းဥပဒေများ၊ အခြားဥပဒေများက မည်သို့ပင်ဆိုစေ၊ ဖော်ပြသည့်နည်းပေါင်းဖက်နေထိုင်ကြလျှင် တရားဝင်ထိမ်းမြားပြီးဖြစ်သည်ဟု မှတ်ယူရမည်။ အမွေဆက်ခံခွင့် စသည့်

အခွင့်အရေးများကို မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ ရရှိစေရမည်ဟု အထူးဥပဒေက လွှမ်းခြုံ၍ပြဋ္ဌာန်းထားခြင်း ဖြစ်သည်။

အထူးအက်ဥပဒေ ပုဒ်မ ၂၀ (၁) တွင် 'လင်မယားအရာမြောက်မည့် ပေါင်းဖက်နေထိုင်ခြင်းရှိလျှင် ယင်းဥပဒေအရ ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည်ဆိုသည်။ 'လင်မယား' ဆိုသောစကားရပ်၊ 'ထိမ်းမြား' ဆိုသော စကားရပ်တို့သည် 'မယားငယ်' ဘဝနှင့် အပ်စပ်သည်မဟုတ်။ ပုဒ်မ ၁၅တွင် မှတ်ပုံတင်အရာရှိရှေ့၌ ထိမ်းမြားကြပုံကို သတ်မှတ်ရာ၌ ကျွန်ုပ်တို့သည် တရားဝင်လင်မယားအဖြစ် ပေါင်းဖက်ပါမည်'ဟု ပြောဆိုရမည်ဆိုထားသည်။ တရားဝင်မယားသည် 'မယားငယ်' မဟုတ်နိုင်ချေ။ 'မယားငယ်'ကို ထိမ်းမြားသည်ဟု ဆိုလေ့မရှိ။

## မယားငယ်ဟူသည်

''မယားငယ်'' ဆိုသည့် စကားသည် တိကျရှင်းလင်းခြင်းရှိ၍ ယင်းစကားကို အင်္ဂလိပ်လိုပြန်ဆိုသောအခါ (Lesser wife, inferier wife) စသည်ဖြင့် ပိုမိုရှုပ်ထွေးစေကာ ရေးစီရင်ထုံးတို့ ချွတ်ချော်ခဲ့ခြင်းဖြစ်သည်။ အမှန်မှာ မယားအဖြစ်သို့ တရားဝင်ရောက်သော ဗုဒ္ဓဘာသာဝင်အမျိုးသမီးသည် အခြားတရားဝင်မယားနှင့် မယားပြိုင်အဖြစ် တန်းတူရည်တူ လင့်အမွေကို ခံယူထိုက်သည်။ ယင်းသို့ မယားများကို ပထမ,မယား၊ ဒုတိယမယား စသည်ဖြင့် ရည်ညွှန်းခြင်းက ပို၍တိကျမှန်ကန်ပေလိမ့်မည်။ မယားကြီး၊ မယားငယ် ခေါ်ဝေါ်သည်နှင့်အဆင့်အတန်းကွာခြင်း၊ အခွင့်အရေးခြားနားခြင်း သဘောများယွင်းစွာဝင်လာနိုင်သည်။

## ထုံးတမ်းဥပဒေ

အလျဉ်းသင့်သဖြင့် ၁၉၅၄ အက်ဥပဒေတွင် 'ဗုဒ္ဓဘာသာ ဓမ္မသတ်ကိုသာ ညွှန်းထားခြင်းသည် အခေါ်အဝေါ်လွဲမှား၍ ဥပဒေရေးဆွဲရာ၌ အနည်းငယ်ချွတ်ယွင်းခဲ့ခြင်းဖြစ်သည်ဟု မှတ်ချက်ပြုလိုသည်။ အက်ဥပဒေက မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေ (Burmese customary law) ကို ရည်ညွှန်းခြင်းဖြစ်သည်။ ယင်းဥပဒေသည် ဓမ္မသတ်တို့မှ အဓိကအားဖြင့် သက်ဆင်းသည်ဟု ဆိုပြသော်လည်း မြန်မာ့သမိုင်း၊ ယဉ်ကျေးမှု၊ လူနေမှုတို့မှ အားယူကာ အစဉ်ရှင်သန်ကြီးထွားလျက်ရှိသော ဥပဒေဖြစ်ပေသည်။ ထို့ကြောင့် မြန်မာ့ဓလေ့ ထုံးတမ်း

ဥပဒေသည်ဓမ္မသတ်ထက်ကြီး၏။ ကျယ်ဝန်း၏။ ထို့ပြင် ဗုဒ္ဓဘာသာဓမ္မသတ် ဟု ခေါ်ဝေါ်ခြင်းသည်လည်း မှားယွင်းပေသည်။ မြန်မာ့အိမ်ထောင်ရေးကိစ္စ တို့နှင့် သက်ဆိုင်သော ဓလေ့ထုံးတမ်းဥပဒေသည် ဘာသာရေးဥပဒေမဟုတ်ချေ။

## လူမှုရေးကိစ္စ

အိမ်ထောင်ရေးကိစ္စသည် အဓိကအားဖြင့် လူမှုရေးကိစ္စဖြစ်သဖြင့်နိုင်ငံ၏ လူအများကိစ္စဖြစ်သဖြင့် နိုင်ငံ၏ လူအများလက်ခံကျင့်သုံးသော အိမ်ထောင်ရေး ဓလေ့ထုံးတမ်းတို့ကို နိုင်ငံတွင်အိုးအိမ်စိုက်ထူနေသူအများနှင့် သက်ဆိုင်သော ဥပဒေအာဏာသက်ဝင်စေအောင် လိုအပ်သောဥပဒေများ ပြုစုပြဋ္ဌာန်းပေးရန် သင့်မသင့်ကို ဥပဒေပြုအာဏာပိုင်တို့က လေးနက်စွာစဉ်းစားသင့်သည်။ အိမ်ထောင်ရေးနှင့် ဘာသာရေး ရောနှောရှုပ်ထွေးခြင်း၊ ကိုယ်ရေးဘာသာ၊ ကိုယ်ရေးဥပဒေ (Personal law) စသည်တို့သည် ခေတ်နှင့် မလျော်ပြီဟု ဖော်ပြ ထား၏။

***လုပ်သားမျက်နှာဖုံး***
***၁၆–၆–၇၁***

*ထိုသတင်းကို လုပ်သားပြည်သူ့နေ့စဉ် မြန်မာ – အင်္ဂလိပ် သတင်းစာ၊ ကြေးမုံသတင်းစာနှင့် အခြားအင်္ဂလိပ်မြန်မာသတင်းစာများတွင် အထူး အသား ပေးကာဖော်ပြခဲ့ကြသည်။ ထိုသတင်းတွင် လူမှုရေးနှင့်ဆက်စပ်နေသောဘာသာ ရေး၊ အိမ်ထောင်ရေး၊ သေတမ်းစာနှင့် အမွေကိစ္စများ၊ တရားဝင်မယား၊ မယားကြီး၊ မယားငယ်၊ သို့မဟုတ် ပထမ,မယား၊ မယားပြိုင် စသည့်အခေါ် အဝေါ်များ၊ အဆင့်အတန်း သတ်မှတ်ပုံများ၊ ခံစားခွင့်ပြုပုံများ၊ အိမ်ထောင်ရေးနှင့် ဘာသာရေး ရောနှောရှုပ်ထွေးခြင်း စသည့် ပြဿနာများနှင့်ပတ်သက်၍တရားရုံး အဆင့်ဆင့်က အဖြေရှာသုံးသပ် ဆုံးဖြတ်ခဲ့ပုံကို တင်ပြထားပါသည်။*

*ယင်းသတင်းကို ပြည်သူအများ အထူးစိတ်ဝင်စားကြသည်။ အိမ်ထောင် ရှင် အမျိုးသမီးတို့က ပို၍စိတ်ဝင်စားကြသည်။ အမျိုးမျိုး ဝေဖန်ဆွေးနွေး ထင်မြင်ချက်ပေးကြသည်။ အမျိုးသမီးအချို့က စောဒကတက်ကြသည်။*

*သတင်းပါပြီး နောက်တစ်နေ့တွင် စာရေးဆရာ၊ သတင်းစာဆရာကြီး များဖြစ်ကြသော ဆရာဇဝနနှင့် ဆရာသာဂဒိုးတို့၏ ဆောင်းပါးများသတင်း*

စာကြီးနှစ်စောင်တွင် ပါလာသည်။ ဆရာဇဝနက ''အမျိုးသမီးများအတွက် အကာအကွယ်'' ဟူသော ခေါင်းစဉ်နှင့် ကြေးမုံတွင်၎င်း၊ ဆရာသာဂဒိုးက "မယားပြဿနာဆိုင်ရာ စီရင်ချက်'' ဟူသောခေါင်းစဉ်ဖြင့် လုပ်သားနေ့စဉ်တွင်၎င်း ဆောင်းပါးများ ရေးသားခဲ့လေသည်။ ဆရာကြီးနှစ်ဦး၏ ဆောင်းပါးကို အောက်တွင် ဖော်ပြထားပါသည်။

## အမျိုးသမီးများအတွက် အကာအကွယ်

''ဗုဒ္ဓဘာသာဝင် မဟုတ်သော ယောကျ်ားနှင့် လင်မယားအရာမြောက်စေသောပေါင်းသင်းနေထိုင်မှုပြုသည့် ဗုဒ္ဓဘာသာဝင် မိန်းမတစ်ဦးသည် တရားဝင်မယားမြောက်၍ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ လင့်အမွေကို ဆက်ခံခွင့် အပြည့်ရှိသည်'' ဟု အမွေမှုတစ်ခုတွင် နိုင်ငံတော်တရားရုံးကဆုံးဖြတ်ချက် ချလိုက်လေသည်။ ယင်း ဆုံးဖြတ်ချက်မှာ ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင်မိန်းမများအထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေနှင့်အညီဖြစ်ပေသည်။

ထိုဥပဒေမပေါ်မီက ဗုဒ္ဓဘာသာဝင်မြန်မာအမျိုးသမီးများသည် ဗုဒ္ဓဘာသာဝင်မဟုတ်သော လင်ယောကျ်ားများ၏ အမွေကို ဆက်ခံခွင့် မရကြဘဲ များစွာ နစ်နာဆုံးရှုံးခဲ့ကြလေသည်။

များစွာသော မြန်မာအမျိုးသမီးများသည် အကြောင်းအမျိုးမျိုးတို့ဖြင့် တိုင်းတစ်ပါးသားများ၊ ဗုဒ္ဓဘာသာဝင် မဟုတ်သူများနှင့် အိမ်ထောင်ပြုခဲ့ကြလေသည်။ တိုင်းတစ်ပါးသားများကိုယူမိကြသော မြန်မာအမျိုးသမီးများမှာ လင်ယောကျ်ားဖြစ်သူ – သူ့နိုင်ငံသို့ပြန်သွားသည့်အခါ သနားသဖြင့် ပေးကမ်းခဲ့သောဥစ္စာပစ္စည်းအနည်းငယ်ကို ရလိုက်သည်မှတစ်ပါး မယားစရိတ်ကိုသော်၎င်း၊ အမွေကိုသော်၎င်း ရသည်ဟူ၍မရှိခဲ့ပေ။ လင်ဖြစ်သူသည် အခြားသားကြီးမယားကြီးမရှိဘဲ မြန်မာပြည်၌ကျန်ရစ်ခဲ့သော ဇနီးသည်အပေါ်တွင် သံယောဇဉ်ကြီးမားသူဖြစ်မှသာ လစဉ် ထောက်ပံ့ကြေးရတတ်ပေသည်။ ဤကား များစွာသော ဗိုလ်ကတော်ကျတို့ ကြုံရသည့်အဖြစ်ပင် ဖြစ်ပေသည်။

လင်ဖြစ်သူသည် နိုင်ငံခြားသားမဟုတ်ဘဲ တိုင်းရင်းသားဖြစ်သော်လည်း ဗုဒ္ဓဘာသာဝင်မဟုတ်ခဲ့လျှင် ထိုလင်ယောကျ်ားသေဆုံးသွားသည့်အခါ ကျန်ရစ်ခဲ့သော ပစ္စည်းများကို ထိုလင်ယောကျ်ား ကိုးကွယ်သော ဘာသာကိုလိုက်၍သာ အမွေဆက်ခံခွင့် ရှိလေသည်။ ဥပမာလင်ဖြစ်သူက ခရစ်ယာန်ဘာသာဝင်တစ်ဦး

ဖြစ်လျှင် သူ၏ သေတမ်းစာတွင်ထည့်၍ အမွေခွဲပေးခဲ့မှသာ ဇနီးဖြစ်သူက ရလေသည်။ သို့မဟုတ်ပါက လုံးဝ ခံစားခွင့်မရှိချေ။

များသောအားဖြင့် ဗုဒ္ဓဘာသာဝင်မဟုတ်သော လင်ယောကျ်ားကို ယူမိသော ဗုဒ္ဓဘာသာဝင်အမျိုးသမီးတစ်ဦးသည် အမြှောင်မယားငယ် (သို့မဟုတ်) အပျော်မယားကဲ့သို့ နေခဲ့ရလေ့ရှိသည်။ ယင်းသို့ လင်အသက်ရှင်နေစဉ် မထင်မရှားဖြင့် သိမ်သိမ်ငယ်ငယ်နေခဲ့ပြီး လင်သေသွားသည့်အခါ အမွေဆက်ခံခွင့်မရဘဲ ရှိပြန်လေသည်။

အကယ်၍ လင်ဖြစ်သူက မြတ်နိုး၍၎င်း၊ အသက်ရှင်နေစဉ် အိမ်တစ်ဆောင်မီးတပြောင်နှင့် ထားစေကာမူ ၎င်းသေသွားသည့်အခါ ကိုးကွယ်သည့် ဘာသာခြင်းမတူခြင်းကို အကြောင်းပြု၍ အမွေခံစားခွင့် မရဘဲ ရှိရလေသည်။

ထိုသို့ ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးများမှာ အဖက်ဖက်က နစ်နာခဲ့ရခြင်းမှာ ဘာသာခြား ကုလားဖြူ ကုလားမဲများက အုပ်စိုးခဲ့ကြပြီး သူတို့၏ အကျိုးကို လူမှုရေးအရ၎င်း၊ ဘာသာရေးအရ၎င်း၊ ထုံးတမ်းဥပဒေအမျိုးမျိုးတို့ဖြင့် ကာကွယ်ထားခဲ့ကြသောကြောင့် ဖြစ်လေသည်။ ယင်းသို့ မြန်မာအမျိုးသမီးတို့မှာ အခြေမလှရှိခဲ့ကြရလေရာ မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက်တွင် မြန်မာ အမျိုးသမီးများသည် လွတ်လပ်သော လူမျိုးသာဖြစ်သဖြင့် မတရားဖိနှိပ်မှုများမှ လွတ်မြောက်မှုကြလေရန် လက်ထပ်ထိမ်းမြားမှု၊ အမွေဆက်ခံမှုနှင့် ပတ်သက်၍ အထူးအက်ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းပေးခဲ့ရလေသည်။

ထိုဥပဒေမှာ ၁၉၅၄– ခုနှစ် ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးလက်ထပ်ထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေဖြစ်လေသည်။ ထိုဥပဒေသည် ၁၉၅၄ ခုနှစ်ကပင် အထင်အရှားတည်ရှိခဲ့သော်လည်း ယင်းသို့ရှိမှန်းကို သိသူနည်းနေကြသေးသည်။ တရားစီရင်သော ပုဂ္ဂိုလ်အချို့တို့သည်ပင်လျှင် ထိုဥပဒေကို မသုံးစွဲမကိုးကားဘဲ အခြားအထောက်အထားများအပေါ်တွင် အမှီပြု၍ အမှုစီရင်ခဲ့ကြရလေသည်။ ယခုအမှုမှာ ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီး တစ်ဦးသည် ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားတစ်ဦးနှင့် လင်မယားအရာ မြောက် ပေါင်းသင်းခဲ့ရာ ထိုသူသေဆုံးသည့်အခါ ၎င်းနှင့် ခရစ်ယာန်ဘာသာအရ လက်ထပ်ခဲ့သော ပထမ,မယားက သူသာလျှင် အမွေခံထိုက်သည်ဆိုသဖြင့် တရားရုံးအဆင့်ဆင့်မှ နိုင်ငံတော်တရားရုံးချုပ်သို့ ရောက်လာရသော အမှုဖြစ်သည်။

ထိုအမှုကို နိုင်ငံတော်တရားရုံးချုပ်က တရားသူကြီးများစုံညီရုံး ထိုင်ကာ ၁၉၅၄ –ခုနှစ် ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေအရ သေသူ၏ ဇနီးဖြစ်သူ မြန်မာအမျိုးသမီးသည် တရားဝင်မယား မြောက်၍ မြန်မာ့ဓလေ့ထုံးတမ်းအရ အမွေဆက်ခံပိုင်ခွင့် ရှိသည်ဟု ဆုံးဖြတ်ချက် ပေးလိုက်လေသည်။ ထို့ပြင် မြန်မာအမျိုးသမီးတစ်ဦးသည် သူ၏လင်ယောက်ျား ၌ မည်သည့်ဘာသာ ဓလေ့ထုံးတမ်းအရ လက်ထပ်ထားသော ဇနီးမည်မျှရှိ စေကာမူ သူသည် မယားငယ်၊ သို့မဟုတ် အမြှောင်မယား၊ အပျော်မယား မဟုတ်ဘဲ မယားပြိုင်သာ ဖြစ်သည်ဟူ၍လည်း ကောက်ချက်ချလိုက်သည်။

ဤအမှုကိုအကြောင်းပြု၍ ၁၉၅၄– ခုနှစ် အက်ဥပဒေအပေါ်တွင် စုံညီ ခုံရုံး၏ သုံးသပ်ချက်မှာ များစွာစိတ်ဝင်စားစရာကောင်းသည်။ ဥပဒေပြု အာဏာ ပိုင်တို့အနေဖြင့် လေးနက်စွာစဉ်းစားထားသည့် ကိစ္စတစ်ရပ်ဖြစ်လေသည်။ ထိုဥပဒေတွင် 'ဗုဒ္ဓဘာသာဓမ္မသတ်' ကိုညွှန်းထားခြင်းသည် အခေါ်အဝေါ် လွဲမှား၍ ဥပဒေပြုရာတွင် ချို့ယွင်းမှုရှိခဲ့သည်။ ထိုဥပဒေသည် မြန်မာ့ထုံးတမ်းကို ရည်ညွှန်းခြင်းဖြစ်သည်။ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေသည်ဓမ္မသတ်ထက်ကြီး၏။ ကျယ်ဝန်း၏။ မြန်မာ့အိမ်ထောင်ရေးကိစ္စတို့နှင့် သက်ဆိုင်သော ဓလေ့ထုံးတမ်း ဥပဒေသည် ဘာသာရေးဥပဒေမဟုတ်ဟု မှတ်ချက်ပြုထားလေသည်။

ဤအဆိုပြုချက်အတိုင်း ဥပဒေပြဋ္ဌာန်းလျှင် 'ဗုဒ္ဓဘာသာဝင်မိန်းမ' ဖြစ်မှသာမဟုတ် မြန်မာအမျိုးသမီးမှန်သမျှ အိမ်ထောင်ရေးကိစ္စတွင် ဖိနှိပ်မှုများ၊ တရားမျှတခြင်းမရှိမှုများမှ အကာအကွယ်ရရှိနိုင်ကြလိမ့်မည်ဟုယူဆမိပေသည်။

***ဇဝန***

***(၁၇–၆–၇၁၊ ကြေးမုံ)***

## မယားပြဿနာဆိုင်ရာစီရင်ချက်

သတင်းစာမှာပါတဲ့ တရားဝင်မယားမြောက်ခြင်းကိစ္စ စုံညီခုံရုံး အဆုံး အဖြတ်ကို ကျွန်တော်တို့ မှတ်သားထားကြရလိမ့်မယ်ခင်ဗျ။ မယားနှစ်ဦး ယူသူရဲ့နောက်မယားဟာ တရားဝင်မယားမြောက်မမြောက် ပြဿနာ၊ မယား ငယ်ဆိုတဲ့ပြဿနာ၊ အဲဒီပြဿနာအတွက် တရားရုံးချုပ် တရားသူကြီးချုပ် ဒေါက်တာမောင်မောင်၊ တရားသူကြီး ဦးကျော်ဇံဦးနဲ့ တရားသူကြီး ဦးသက်ဖေတို့ ပါဝင်တဲ့ စုံညီခုံရုံးကနေ အဆုံးအဖြတ်ပေးလိုက်တာ ခင်ဗျာ။ ဒီအဆုံးအဖြတ်ဟာ

လူသာခု နတ်သာခုခေါ်တင်မဟုတ်ဘူး၊ လုံမအပေါင်းတို့ပါ အော်၍ သာခုခေါ်မယ်ထင်သဗျ''

''ငါတို့ ဗမာတိုင်း သာခုခေါ်၍ မှတ်သားထားကြရမယ့် စီရင်ဆုံးဖြတ်ချက်ပါပဟာ၊ ငါတို့လည်း ဂရုတစိုက်ဖတ်ရှု မှတ်သားပါသဟ၊ ဒီအိမ်ထောင်ရေးပြဿနာမှာ တခြားလူမျိုး၊ တခြားဘာသာနဲ့ ပတ်သက်တိုင်း ငါတို့ မြန်မာအမျိုးသမီးတွေ နစ်နာခဲ့ပေါင်းများခဲ့ပါပြီ ဒိုးရေ''မည်သူသည် မယားတော့ မှန်ချေ၏။ သို့သော် မယားမဟုတ်လို့ အလုပ်ခံခဲ့ရပေါင်းတွေ များလှခဲ့ပြီကွ။ အခု စီရင်ဆုံးဖြတ်ချက်ကို ငါတို့ လူအများ များများသိအောင်တောင် လုပ်သင့်တယ်ဟ....''

''ဟုတ်ကဲ့ နစ်နာခဲ့ရတာတွေ အများကြီးရှိပါတယ်၊ လူတွေကြားမှ လူမှုရေးအရလဲနာ၊ တရားဥပဒေသဘောအရလဲနာ.......''

''အခုအမှုမှာ လျှောက်ထားသူဒေါ်ကြည်ကြည်ဟာ ရုံးအဆင့်ဆင့်တွေ တက်ခဲ့တယ်၊ တတ်နိုင်တဲ့အင်အားရှိလို့သာကိုးကွ၊ ခုလိုရုံးတက်ခြင်း၊ လျှောက်ထားခြင်း မလုပ်နိုင်လို့ နစ်နာရတာတွေ အများကြီးရှိနိုင်တယ်။ တချို့ဆိုရင် ရပ်ရွာရဲ့ဆုံးဖြတ်ချက်နဲ့ ငြိမ်းလိုက်ရတာတွေရှိတယ်။ တစ်ချို့က ဘာသာရေးလူကြီးဆိုသည်များရဲ့ ဆုံးဖြတ်ချက်နဲ့ ငြိမ်းလိုက်ရတာတွေရှိတယ်။ ရှေ့အဖို့မှာ အခုအမှုဟာ စံဖြစ်သွားပြီ။ ရပ်ရွာမှာပဲ ဆုံးဖြတ်ဆုံးဖြတ်၊ ဘာသာရေးလူကြီးဆိုသည်များထံမှာပဲ ဆုံးဖြတ်ဆုံးဖြတ်၊ အခု အမှုရဲ့ အဆုံးအဖြတ်စီရင်ချက်ကို အဓိက စံပြုပြီး ဖြေရှင်းလုပ်ကိုင်ကြဖို့ မင်းတို့က လှုံ့ဆော်ခြင်းတွေလုပ်ဖို့ သင့်တယ်ထင်တယ်ဟ။ ဒါကြောင့် ဒီအမှုစီရင်ချက်ကိုအများသိနိုင်သမျှသိအောင် လုပ်ပါလို့ ပြောရတာကွ......''

''ရပ်ထဲရွာထဲမှာ ဖြေရှင်းလုပ်ကိုင်မယ် ဆိုရင်တောင် ဒီအမှုစီရင်ချက်ကို စံပြုပြီးလုပ်ကြဖို့......''

'' အေးပေါ့၊ တရားရုံးမတက်နိုင်လို့ ဖြစ်ဖြစ် မတက်ချင်လို့ ဖြစ်ဖြစ် ဒေသအလိုက် ဒီအမှုမျိုးတွေ ဖြေရှင်းညှိနှိုင်းပေးရင်ပေါ့ကွာ၊ တချို့ဆိုရင် တရားရုံးတက် စကားပြောရင်ကြာမယ်ဆိုပြီး၊ လ – အ– က ရုံးမှာ နစ်ဖက်သဘောတူတင်ပြတတ်ကြတယ်လေ။ ဒီလို အခါမျိုးမှာလဲ အခုစီရင်ချက် သဘောထားကို ခံယူပြီး ဖြေရှင်းဆောင်ရွက်ပေးကြဖို့ပေါ့ကွာ.....''

''ဟုတ်ကဲ့ ကောင်းပေ့ခင်ဗျာ.... ဒီစီရင်ချက်မှာ မှတ်မှတ်သားသား ပြုထားစရာ အချက်တွေလဲ အတော်များတယ်၊ အိမ်ထောင်ရေးနဲ့ ဘာသာရေး

ရောယှက်မှုကိစ္စ၊ ပြီးသေတမ်းစာကိစ္စ၊ ဓမ္မသတ်နဲ့ ထုံးတမ်းဥပဒေကိစ္စ၊ နောက်ပြီးတော့ ရှေးစီရင်ထုံးများကို ကိုးကားခြင်းကိစ္စ၊ ဒီအပိုင်းတွေမှာ ဂရုပြု မှတ်သားစရာတွေပါနေတယ်...''

''အိမ်ထောင်ရေးနဲ့ ဘာသာရေးရောယှက်မှုဟာ ခေတ်နဲ့မလျော်ဘူးလို့ မှတ်ချက်ထိုးလိုက်တာ သိပ်အဖိုးတန်တာပဲ၊ အိမ်ထောင်ရေးဟာ လူမှုရေးကိစ္စပဲ''

''မှန်ပါတယ်ခင်ဗျ၊ ဒီအချက်ဟာ တော်တော်အရေးကြီးပါတယ်၊ ကျွန်တော်တို့ မြန်မာအမျိုးသမီးတွေ ခေတ်အဆက်ဆက် တောက်လျှောက်နစ်နာခဲ့ကြရတဲ့ကိစ္စထဲမှာ ဒီအချက်ပါပါတယ်။ ယူတာတော့ယူ၊ မယားပြုတာတော့ ပြုချင်သလိုပြု၊ မယားအခွင့်အရေးကိစ္စရောက်လာပြီဆိုတော့ ဘာသာရေးစည်းဆိုတာနဲ့ကာပြီး တွန်းကန်ဖယ်ရှားခဲ့ရတာများရှိခဲ့ပါတယ်၊ နစ်နာခဲ့ကြရပါတယ်။ တချို့ကျတော့ ရည်ရွယ်ချက်ကိုက မိန်းမယူ၍ သာသနာပြုဆိုတာလိုပင် ရှိခဲ့မဟုတ်လား။ အိမ်ထောင်ရေးကိစ္စမှာ ဘာသာရေးနဲ့ မယှက်နွယ်ဖို့ဆိုတာ သိပ်အရေးကြီးတာပဲဗျာ။ ပြီးကြည့်ရမှာက ဒီနိုင်ငံဟာ မြန်မာနိုင်ငံ၊ လူမှုအဆောက်အအုံကလဲ မြန်မာမှုနည်းစနစ်များနဲ့ တည်ဆောက်ထားတဲ့ မြန်မာမှုအဆောက်အအုံ။ ဒီတော့ မြန်မာ့ဓလေ့ထုံးတမ်းစနစ်တွေ၊ မြန်မာ့ထုံးတမ်းဓလေ့တွေ၊ အဲဒါတွေနဲ့ အဓိကထားကြည့်၍ ဆုံးဖြတ်ကြရမှာ အမှန်ပါပဲဗျ၊ အခုစီရင်ချက်က ဒီအချက်ကို ဦးတည်ပေးလိုက်ပါတယ်ဗျ....''

''အေး....အခုစီရင်ချက်မှာ ဗုဒ္ဓဘာသာဓမ္မသတ်ဆိုတာနဲ့ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေဆိုတာတို့ရဲ့ ခြားနားချက်သဘောကိုလဲ ကြည်ကြည်လင်လင် မြင်သွားကြအောင် ရှင်းလိုက်တယ်....''

''ဟုတ်ကဲ့ ....ဒီအချက်လဲ အရေးကြီးပါတယ်၊ တရားစီရင်ရေးရာ အမြင်ရှင်းချက်ပဗျာ၊ ဗုဒ္ဓဘာသာဓမ္မသတ်ဆိုတဲ့ အခေါ်အဝေါ်ကိုက မပြည့်စုံသော လွဲမှားခေါ်ဝေါ်သုံးစွဲမှုဖြစ်ခဲ့တာဗျာ။ ဗုဒ္ဓဘာသာဓမ္မသတ်လို့ ခေါ်ဝေါ်သုံးစွဲခြင်းဖြင့် ဘာသာရေးဥပဒေလို့ အမြင်ယူစရာဖြစ်နေတယ်။ အမှန်က မြန်မာ့ယဉ်ကျေးမှု လူနေမှုစနစ်အရ ဖြစ်ပေါ်ခဲ့တဲ့ လူမှုရေးဥပဒေပဲခင်ဗျ၊ ဒါကြောင့် မြန်မာ့အိမ်ထောင်ရေးကိစ္စတို့နဲ့ သက်ဆိုင်တဲ့ ဓလေ့ထုံးတမ်းဥပဒေဟာ ဘာသာရေးဥပဒေ မဟုတ်လို့ အခုစီရင်ချက်မှာ ရှင်းလင်းလိုက်ပါတယ်ဗျ။ ဒီနေရာမှာ စီရင်ချက်က တစ်ချက်တိုက်တွန်းလိုက်တာ ရှိနေပါတယ်။ အဲဒါကဥပဒေပြု အာဏာပိုင်များ ဥပဒေအခုပြုသင့်မသင့် စဉ်းစားသင့်နေတယ်ဆိုတဲ့အချက်ဗျ။ ဘယ်လို

ဥပဒေမျိုးပြုသလဲဆိုရင်၊ ဒီနိုင်ငံမှာ အိုးအိမ်စိုက်ထူနေထိုင်သူတိုင်းဟာ ဒီနိုင်ငံမှာ အများ လက်ခံကျင့်သုံးနေတဲ့ အိမ်ထောင်ရေးဓလေ့ထုံးတမ်းအရသာလျှင် တိတိကျကျ သက်ဆိုင်စေဖို့ပါဗျာ၊ ခုလို တိတိကျကျသက်ဆိုင်စေပြီး ရှင်းနေရင်၊ နောင်အခါ အိမ်ထောင်ရေးပြဿနာတွေမှာ ဝိဝါဒထွေးစရာမဖြစ်တော့ဘူးပဗျာ။ အထူးသဖြင့် အိမ်ထောင်ရေးကိစ္စမှာ ဘာသာရေးနဲ့ရောထွေးပြီး တွေးခေါ်ကြည့်မြင်တာမျိုးတွေ ပိုရှင်းသွားစေနိုင်တာပဗျာ....''

''အေး....အရေးကြီးတဲ့အချက်ပဲ''

''အခုစီရင်ချက်မှာ ရှေးစီရင်ထုံးကြည့်ခြင်းနဲ့ ပတ်သက်ပြီး ဂရုပြုဖွယ်လေးလဲပါပြန်သဗျ။ ရှေးစီရင်ထုံးကြည့်တဲ့နေရာမှာ အယူခံရုံးရဲ့ ချွတ်ချော်မှုကို စုံညီခုံရုံးက ပြန်လည်ထောက်ပြတဲ့သဘောကို တွေ့ရခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ တရားရုံးတွေ၊ ရှေ့နေတွေဟာ စီရင်ထုံးဟောင်းတွေကို ကိုးကားတတ်တဲ့ အလေ့ရှိကြပါတယ်။ ခုလို စီရင်ထုံးဟောင်းကို ကိုးကားခြင်းကိုပင် မကြိုက်တဲ့ အယူအဆ ဒီခေတ်မှာတော်တော်များလာတယ်။ ဒီလိုရှိလာတယ်။ မကြိုက်သူများဟာ စီရင်ထုံးဟောင်းများ ကိုးကားခြင်းကို ဘာလို့မကြိုက်ချင်ဖြစ်ရသလဲ။ နယ်ချဲ့ခေတ် တောက်လျှောက်နဲ့ ခေတ်အထွေထွေတွေမှာ စီရင်ဆုံးဖြတ်ခဲ့တာများဟာ ငွေရှင်တို့ရဲ့ အလိုကျဖန်တီးလုပ်ကိုင်ခဲ့တာတွေ အင်မတန်များခဲ့လို့၊ မျက်နှာမွဲသူတွေ တစ်ဖက်သတ် ခံခဲ့ရတာတွေ များခဲ့လို့၊ ဥပဒေအလိုကပင် ငွေရှင်များကို ဘက်လိုက်ခြင်း၊ ကာကွယ်ခြင်းတွေ ဖြစ်နေခဲ့လို့ စီရင်ချက်များတွင် ငွေများတရားနိုင်စနစ်တွေ လွှမ်းမိုးခဲ့တာတွေရှိခဲ့လို့ ထိုထိုအကြောင်းတွေကြောင့် စီရင်ထုံးဟောင်းများ အဓိကပြုကိုးကားခြင်းကို မကြိုက်လိုကြောင်း ဆိုကြပါတယ်....''

''အေး....ဒါကတော့အတော်ဆွေးနွေးကြရမယ့်ကိစ္စပဲကွ၊ ဒါကိုတစ်ပိုင်းထားပါကွာ၊ အခုစီရင်ချက်မှာ ''မယားငယ်''ဆိုတာကို တရားဥပဒေသဘောနဲ့ ရှင်းလင်းလိုက်တာလဲ တော်တော်ဟန်ကျသွားသကွ။ ဒါလဲ တစ်ဖက်သတ် နစ်နာရတဲ့ အမျိုးသမီးများပြဿနာပဲ....''

''ဟုတ်ကဲ့ဗျ၊ ခုစီရင်ချက်ဟာ အမျိုးသမီးများအားထားမှုပြုရမဲ့ စီရင်ချက်အမှန်ပါပဲဗျာ...''

*သာဂဒိုး*

*၁၇–၆–၇၁၊ လုပ်သား။*

## မှန်ကန်သူကိုသာ ဥပဒေဖြင့်ကာကွယ်သင့်

*အယ်ဒီတာရှင့်–*

ကြေးမုံသတင်းစာပါ "တရားဝင်မယားသည် မယားငယ် မဟုတ်" ခေါင်းစဉ်နှင့်သတင်းစုံကို ဖတ်ရကတည်းက ကျွန်မမှာ အလွန်ပင်စိတ်မချမ်းမသာ ဖြစ်ခဲ့ရပါသည်။ စင်စစ် တရားဥပဒေဆိုသည်မှာ အမှန်ကိုအမှန်အတိုင်း ဖြစ်အောင် အကာအကွယ်ပေးသည်။ ဖြောင့်မတ်မှန်ကန်သူတို့၏ ကယ်တင်ရှင်သာဖြစ်သင့်ပေသည်။ ပိုင်ရှင်ရှိသည့်ပစ္စည်းတစ်ခုကို ထိုပိုင်ရှင်၏ခွင့်ပြုချက်မရဘဲ ယူထားခြင်းကို ခိုးသည်ဟု ကျွန်မတို့နားလည်ထားပါသည်။ မယားရှိသည့် လင်ကိုယူထားခြင်းသည်လည်း လင်ခိုးခြင်းပင်ဖြစ်ပေသည်။ သူတစ်ပါး၏ လင်သားကိုခိုးခြင်းသည် လူမှုရေးအရ လူကောင်းတစ်ယောက်၏ အကျင့်အကြံ ဟုမဆိုနိုင်ပါ။

ကျွန်မတို့ မြန်မာ့ယဉ်ကျေးမှု၊ မြန်မာ့လူနေမှုစနစ်သည် အင်မတန် စည်းကမ်းရှိပါသည်။ သူတစ်ပါး၏ လင်ယောကျ်ားနှင့် ဖောက်ပြန်နေပါက လူမှုရေးအရပစ်ပယ်ခဲ့သည်။ ထိုအထဲကပင်မယားငယ်ခံသူများရှိခဲ့ကြသေးသည်။ ယခုကဲ့သို့ ဥပဒေအားပေးအားမြှောက်ပြုမူနေပါက အမျိုးသမီးတို့၏ အကျင့်စာရိတ္တစောင့်ထိန်းမှုကို ယုတ်လျော့စေသကဲ့သို့ ရှိပါတော့မည်ရှင်။

***အေးမြဝင်း***

***(၆၊၇၊၇၁ ကြေးမုံ)***

## မယားကြီးတို့ ရင်လေးဖွယ်

အယ်ဒီတာရှင့်–

ကျွန်မတို့ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများသည် မိန်းမတစ်ယောက်ကို ယူပြီးပါက ရိုးမြေကျသက်ဆုံးတိုင် ပေါင်းသင်းထိုက်ပါသည်။

ငယ်စဉ်ကပင် ဆိုးတူကောင်းဘက် ဒုက္ခအမျိုးမျိုးကို အတူယှဉ်တွဲ၍ ဘဝကို ရင်ဆိုင်တိုက်ခိုက်၍ ပေါင်းသင်းလာသောမယားကြီးများကို ရာထူး ဂုဏ်ရှိန်မြင့်လာသည့်အချိန်တွင် အတူမခံစားရဘဲ ငယ်ရွယ်နုပျို၍ ဂုဏ်ပကာသန ကိုသာ မက်မောသည့် မယားငယ်များကိုယူကာ ပွဲထုတ်နေသည့် အကျင့်ဆိုးကြီး မှာ ယခုအလွန်ပင် ခေတ်စားလျှက်ရှိနေပါသည်။

အဖက်ဖက်မှ အနစ်နာခံပေါင်းလာရသည့် မယားကြီးနှင့် ယခုလက်ရှိ အသာစံနေရသော မယားငယ်များကို အခွင့်အရေးညီတူညီမျှ ခံစားခွင့်ပေးခြင်းမှာ

ယခုလက်ရှိ မယားကြီးများအတွက် အလွန် ရင်လေးဖွယ်ရာဖြစ်ပြီး အဖက်ဖက်မှ နစ်နာနေပါ၍ ဤတန်းတူခံစားခွင့်ကို တိကျပြတ်သားစွာ ခွဲခြားပေးနိုင်ရန် ဆန္ဒပြုလိုက်ပါသည်ရှင့်....။

***တောင်နန်းစံ***

***(၆–၇–၇၁ ကြေးမုံ)***

## သည်ပြဿနာပြန်လည်ဆန်းစစ် ရှင်းလင်းစေလို

*အယ်ဒီတာရှင့်–*

တရားဝင်မယားသည် မယားငယ်မဟုတ်ဟူသော ဥပဒေက တရုတ်ကုလားများ၏ မယား မြန်မာအမျိုးသမီးများအတွက် အကာအကွယ်ပေးသည့်သဘောနှင့်ညွှန်းဟန်တူပါသည်။ အတွေးချော်သူများက အကာအကွယ်ဟုယူဆကြလျှင် ယင်း၏နောက်ကွယ်တွင် သူများလင်ကိုကြောင်တောင်နှိုက်ဝံ့မည့်သူများ ပေါ်လာစရာအကြောင်းရှိပေမည်။

နိုင်ငံခြားသားများအတွက် ပြဋ္ဌာန်းထားလျှင်လည်း မြန်မာအမျိုးသမီးများသည်၊ နိုင်ငံခြားသားအရာကြီး၊ ပေါက်ဖော်ကြီး၊ ဘိုကြီးတို့သာ ချမ်းသာသူများဖြစ်ကြလျှင် ယူရန်မည်သူမျှ ဝန်လေးမည်မဟုတ်ပေ။ ထို့ကြောင့် ဥပဒေကို အများပြည်သူများ ရှင်းလင်းစေရန် ပြန်လည်ဆန်းစစ်တင်ပြစေချင်ပါသည်။

***စိမ်းမမအောင်***

***(၆–၇–၇၁ ကြေးမုံ)***

## အမျိုးသမီးတို့ကို ပညာပေးသင့်

*အယ်ဒီတာရှင့်–*

'တရားဝင်မယားသည် မယားငယ်မဟုတ်' ဟူသော ခေါင်းစဉ်ဖြင့် ဇွန်၁၆ ရက်က ကြေးမုံသတင်းစာတွင်ပါရှိသော အမွေမှုတစ်ခုတွင် ဆုံးဖြတ်သည့်အချက်ကို အမှီပြု၍ရေးလိုက်သည့် ဆောင်းပါးနှင့်ပတ်သက်၍ အနည်းငယ်ဆွေးနွေးလိုပါသည်။

ထိုသတင်းနှင့်ပတ်သက်၍ ရေးသားရာတွင် 'အမျိုးသမီးများအတွက် အကာအကွယ်'ဟု ဖော်ပြထားရာ အနည်းငယ်ကျယ်ဝန်းလွန်းသည်ဟု ထင်မိပါသည်။ အမှန်မှာ ထိုဥပဒေသည် အမျိုးသမီးများအတွက် အားလုံးမရည်ညွှန်း။

တစ်ချိန်ကအင်္ဂလိပ်မယား၊ ကုလားမယား၊ တရုတ်မယားတို့အတွက်သာဟုဆိုမှ တိကျမှန်ကန်ပါလိမ့်မည်။ ဤဥပဒေသည် ဖြစ်ပြီးသူတို့အတွက်သာ ကြံရာမရ နောက်ဆုံးအနေဖြင့် ကယ်တင်ပေးသော ပြဋ္ဌာန်းချက်သာ ဖြစ်ပါလိမ့်မည်။

အမျိုးသမီးများက ဥပဒေကို အကာအကွယ်အဖြစ် လက်ကိုင်ပြုသင့်သည်။ ပြုနိုင်သည်ဆိုလျှင် နောင်လာမည့် ဗုဒ္ဓဘာသာဝင်သမီးပျိုတို့သည် အိမ်ထောင်ရေးတွင် လူမျိုးမရွေး၊ ဘာသာမရွေး ဘယ်သူ့လင်ဖြစ်ဖြစ် 'မောင်ခေါ် ရာလိုက်ခဲ့တော့မယ်' ဇာတ်လမ်းခင်းရန် ဝန်လေးရုက်ကြောက်ခြင်း မဖြစ်တော့သည်အထိ အခြေအနေမှာ ဆိုးရွားသွားနိုင်ပါသည်။

ကျွန်မတို့ မြန်မာနိုင်ငံတွင် 'လူမျိုးမရွေးနဲ့၊ ဘာသာမရွေးနဲ့၊ ဘယ်သူ့လင်ဖြစ်ဖြစ် ယူသာယူ၊ ညားပြီးလို့သူသေရင် နင်တစ်ဝက်ရမှာပဲ' ဟု အဓိပ္ပါယ် ပေါက်မြောက်ပေးရာရောက်သော ဤဥပဒေကြောင့် အမြင်ကျဉ်း၍ စောင့်ထိန်းမှုနည်းပါးသော မိန်းမတို့သည် လူမျိုးမစစ်သည့် 'ဖားတစ်ပိုင်းငါးတစ်ပိုင်း' များကို ပေါက်ဖွားစေခြင်းဖြင့် နောင်အခါတွင် ဘယ်လိုဥပဒေမျိုးနှင့်မျှစီရင်၍ မရသည်အထိ ရှုပ်ထွေးသော ပြဿနာများ ပေါ်ပေါက်လာနိုင်ပါသည်။

ထို့ပြင် 'တရားဝင်မယားသည် မယားငယ်မဟုတ်' ဆိုထားပြန်သေးရာ၊ မယားငယ်သည် မည်သူဖြစ်ကြောင်း၊ မည်သူ့ကို သုံးသင့်ကြောင်း သိလိုပါသည်။ သူတစ်ပါးလင်အား သိလျှက်နှင့်ဖြစ်စေ၊ မသိပဲဖြစ်စေလက်ခံပေါင်းသင်းသူအား 'မယားငယ်' ဟု မခေါ်ရလျှင် 'လင်ခိုးမ'ဟုပဲ ရိုင်းရိုင်းခေါ်ချင်ပါတော့သည်။ ထိုမိန်းမမျိုး မပေါ်ပေါက်စေရန် နည်းပေးဆုံးမမည့်အစား အားပေးအားမြှောက်ပြုရာရောက်သော ဥပဒေနှင့်စကားစုကို ထောက်ခံရေးသားကြလျှင် အမျိုးသမီးများအတွက် ရှေ့ရေးမှာ ရင်လေးဖွယ်ဖြစ်လေသည်။

မည်သည့်ဘာသာဝင်ပင်ဖြစ်စေ၊ လင်၏ဖောက်ပြားမှုကို ခံရသော ဇနီးမယားကြီးတို့သည် ထိုဥပဒေကြောင့် အဘယ်မျှခံရခက်ရှာမည်ကို တွေးကြည့်က သိနိုင်သည်။ 'လင်လည်းပေးရသေး၊ ငွေလည်းပေးရသေး' ဖြစ်ရသော မယားကြီးတို့မှာ 'နာလဲနာ၊ နံလဲနံ' ဖြစ်ရှာမည်။ ထို့ကြောင့် ဘယ်လိုဘက်ကမှ ဘယ်သူ့အတွက်မှ ကောင်းကျိုးမပြုသောအမှုကိစ္စကို ကြောက်ရွံ့အောင် နည်းပြုသင့်သည်။ မကြောက်နဲ့ချသာချ၊ ဥပဒေရှိတယ်ဟု'ကာကွယ်ဆေး' မပေးသင့်ပါ။

မည်သို့ပင်ဖြစ်စေ၊ နောက်လာမည့် သမီးပျိုများအတွက် 'လူမျိုးရေး' စောင့်ထိန်းပေးရန် ကျွန်မတို့မှာ တာဝန်ရှိသည်ဟု ထင်ပါသည်။ ထို့ကြောင့်

ကြောက်စရာကောင်း၊ ရွံ့စရာကောင်းသော ဤဥပဒေကြီးက ဘယ်လိုပဲရှိရှိ ဗုဒ္ဓဘာသာဝင်သမီးပျိုများအနေဖြင့် အားမကိုးသင့်ကြောင်း၊ လက်ကိုင်ပြုလျှင် မှားတတ်ကြောင်း၊ လူမျိုးခြားကို လက်ခံလျှင် ခြံခုန်သောနွား၊ တောပြောင်းသော ကျားကဲ့သို့ ဒုက္ခသာဓကများ ပြသင့်ပါသည်။

ရှေ့ကသွားသူ၏ ဒုက္ခကိုတွေ့မှ နောက်လူများက ကြောက်မည်။ ရှေ့လူ ကောင်းစားတာမြင်လျှင် နောက်လူများက အားကျမည်ဖြစ်သည်။ ဥပဒေက လည်း ရှိနေသည်မဟုတ်လား။

တိုင်းပြည်၏ နားမျက်စိဖြစ်သော ပုဂ္ဂိုလ်ကြီးများက (၁) တရားဝင် မယားသည် မယားငယ်မဟုတ်ဟူသော စကားအစား၊ မယားငယ်နှင့် အိမ်ထောင် သစ်အဓိပ္ပာယ်မတူပုံ၊ တန်ဖိုးမတူပုံ။ (၂) ဥပဒေကြီးဘယ်လိုပဲ ပြဋ္ဌာန်းထားထား၊ မဖြစ်သေးသူတို့က အားမကိုးရန်၊ အကာအကွယ်ဟု သဘောမထားရန် စသော အချက်တို့ ဖြည့်စွက်ရေးသားတင်ပြပေးခြင်းဖြင့် အမျိုးသမီးများအား ပညာ ပေးသင့်သည်ဟု ထင်မြင်ယူဆမိပါကြောင်း တင်ပြအပ်ပါသည်ရှင့်။

***တောင်နန်းစံတစ်ဦး***
***၂၄–၆–၇၁ (ကြေးမုံ)***

## မယားပြိုင်သောင်းကျန်းမှုခရိုး

*အယ်ဒီတာရှင့်–*

ဇွန် ၁၇–ရက်ပါ ကြေးမုံသတင်းစာ ဆရာဇဝန၏ ဆောင်းပါးတွင် အမျိုးသမီးအတွက် အကာအကွယ်ဆိုတဲ့ သတင်းကိုဖတ်ရလို့ ဒုတိယအဆင့်မှာ ရောက်နေတဲ့ အမျိုးသမီးတွေအတွက်တော့ ဝမ်းသာရမှာပါပဲရှင်။ ဒါပေမယ့် ကျွန်မတို့မြန်မာအမျိုးသမီးများမှာ ဒုတိယ မယားတွင် မကသေးဘဲ တတိယ မယားပါရှိနေကြပါတယ်။ မယားပြိုင်အမျိုးသမီးတွေဟာ အကာအကွယ်ပေးတာ ကို အခွင့်အရေးယူပြီးတော့ ဖောက်ပြန်နေတဲ့ အမျိုးသားများနှင့် လက်တွဲလျှောက် နေဦးမယ် ဆိုရင်တော့ မယားကြီးတွေအတွက် ရင်လေးရပါတယ်ရှင်။

***တစ်လင်တစ်မယားစနစ်ကိုနှစ်သက်သူ***
***၂၇–၆–၇၁ (ကြေးမုံ)***

## မယားကြီးတို့မနစ်နာစေလို

*အယ်ဒီတာရှင့်–*

ဖွန်၁၇ ရက်ပါကြေးမုံသတင်းစာတွင် အမျိုးသမီးများအတွက် အကာအကွယ်ဆိုတဲ့ ဆောင်းပါးကိုဖတ်ရတဲ့ အချို့မယားပြိုင်များအနေနှင့် ဝမ်းသာကြမှာပဲ။ ဒါပေမယ့် မယားကြီးအနေနဲ့ စိတ်ဆင်းရဲရပါတယ်။ ယောကျ်ားလည်းပေးရသေး၊ ပစ္စည်းလည်းပေးရသေးဆိုရင် အင်မတန်မှ ရင်နာရပါတယ်။

အချို့ အကျင့်စာရိတ္တပျက်ပြားပြီး ဖောက်ပြားသော မယားပြိုင်များကျတော့ ချစ်လို့ယူတာမဟုတ်ဘဲ၊ ပစ္စည်းလိုချင်လို့ယူတာလည်းရှိပါတယ်။ တကယ်ချစ်၍ ကိုယ့်ဘဝကို အနစ်မွမ်းခံပြီးယူသောမယားပြိုင်များကို ပစ္စည်းခွဲပေးရတာတော့ မယားကြီးအနေနဲ့ မနစ်နာပါဘူး။ တကယ်ပစ္စည်းမက်လို့ယူသောမယားပြိုင်များကို ပစ္စည်းခွဲပေးရမယ်ဆိုရင်ငယ်လင်မယားဘဝနှင့် အနစ်နာခံပြီးပေါင်းခဲ့ရသော မယားကြီး များအတွက်ကို စဉ်းစားစေချင်ပါတယ်ရှင့်....။

မမ

***(၆–၇–၇၁ ကြေးမုံ)***

## အမျိုးသမီးအရေး ရင်လေးမိ

*အယ်ဒီတာရှင့်–*

ဖွန်၂၄–ရက်စွဲပါ ကြေးမုံသတင်းစာတွင် ပါရှိခဲ့သောအမျိုးသမီးတို့ကို ပညာပေးသင့်ဆိုသော အော်သံကိုဖတ်ရှုရ၍ ကျွန်မမှာ အတိုင်းထက်အလွန်ပျော်ရွှင်ကြည်နူးလှပါသည်။

ဖွန် ၁၅ ရက်နေ့စွဲပါ ကြေးမုံသတင်းစာတွင် ဖော်ပြသော ဥပဒေပါရဂူလူကြီးမင်းများကိုတော့လေးစားပါသည်။ နောင်လာမည့် အမျိုးသမီးများအတွက်ရင်လေးစွာပင် ပြန်လည်စဉ်းစားကြပါရန် ထပ်ဆင့်တင်ပြရခြင်း ဖြစ်ပါသည်ရှင့်....။

***တော်ဝင်ထိပ်ထား***

***(၆–၇–၇၁ ကြေးမုံ)***

## မယားကြီးမယားငယ်

ဘာသာခြားနှင့် ထိမ်းမြားသည့် မြန်မာဗုဒ္ဓဘာသာ အမျိုးသမီး တစ်ဦး၏အမွေမှုစီရင်ထုံးကို အကြောင်းပြု၍ မယားကြီးမယားငယ် ပြဿနာသည်

ရေပန်းစားလာသည်။ ထိုစီရင်ထုံးကို သတင်းစာတိုင်းက ဖော်ပြကြသည်။ ပင်တိုင်ဆောင်းပါးရှင်များက ထောက်ခံရေးသားကြသည်။ ကာတွန်းဆရာများကပင် ကာတွန်းရုပ်ဖြင့် သရုပ်ဖော်ကြသည်။

ထိုရေးသားဖော်ပြချက်ကို သတင်းစာဖတ် ယောကျ်ားပရိသတ် အချို့က မယားနိုင်ဆေးဟု သဘောထားကာ အူမြူးနေကြသည်။ စာရေးသူ၏ မိတ်ဆွေတစ်ဦးဆိုလျှင် သူ့မယားအား သတင်းစာဖတ်ပြပြီး သူ့ကို ယုယုယယ ပြုစုရမည်။ မပြုစုပါက နောက်မယားယူမည်။ နောက်ယူသည့် တရားဝင်မယားသည် မယားငယ်မဟုတ်၊ ပထမ,မယားနှင့် မခြား အမွေဆက်ခံပိုင်ခွင့်ရှိသည်။ ဒုတိယမယားသာဖြစ်သဖြင့် နောက်မယားရရန် လွယ်ကူမည်ဖြစ်သည့်အကြောင်း, မထိတထိ ကလိသည်။

သတင်းစာဖတ် အမျိုးသမီးပရိသတ်တွင်မူ ဘဝင်မကျသူအချို့ ရှိနေသည်။ မယားကြီး၊ မယားငယ်ပြဿနာရင်ဆိုင်နေရသည့် တောင်နန်းစံတစ်ဦးက သူတစ်ပါးလင်အားသိလျက်နှင့် ဖြစ်စေ၊ မသိဘဲနှင့် ဖြစ်စေ လက်ခံပေါင်းသင်းနေသူကို မယားငယ်ဟု မခေါ်ရလျှင် လင်ခိုးမဟု ရိုင်းရိုင်းခေါ်ချင်ကြောင်း၊ နောက်ယူမည့် မယားသည် မယားငယ်မဟုတ်လျှင် မယားငယ်သည် မည်သူဖြစ်ကြောင်း လူထုအော်သံမှ မေးမြန်းသည်ထိ မချိဖြစ်ရှာသည်။

စာရေးသူနာယူမှတ်သားသည်မှာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မယားအမျိုးအစားသည် အခြေခံအားဖြင့် တရားဝင်မယားနှင့် တရားမဝင်မယားနှစ်စားရှိသည်။ မြန်မာ့ဓလေ့ထုံးတမ်းနှင့်အညီ ထိမ်းမြားထားသည့် မယားသည် တရားဝင်မယားဖြစ်သည်။ မြန်မာ့ဓလေ့ထုံးတမ်းအရ ထိမ်းမြားမှုမြောက်ရန် ထိမ်းမြားသည့် အမျိုးသားနှင့် အမျိုးသမီးသည် သတ်မှတ်ထားသော အသက်အရွယ်ရှိရမည်။ လိုအပ်က မိဘအုပ်ထိန်းသူသဘောတူညီရမည်။ လင်မယားဘဝရယူရန် လွတ်လပ်သည့် ဆန္ဒရှိရမည်။ လူ့အသိုင်းအဝိုင်းက လက်မခံနိုင်လောက်သည့် သွေးသားတော်စပ်မှုမရှိရ၊ အမျိုးသမီး တည်မြဲနေသည့် တရားဝင်လင်မရှိရ။ ထိမ်းမြားပြီးနောက် ပေါင်းသင်းစပ်ယှက်မှုရှိရမည်။ ထိုအချင်းအင်္ဂါနှင့်ပြည့်စုံပြီး လင်မယားအဖြစ် လူသိရှင်ကြားပေါင်းသင်းနေထိုင်လျှင် မြန်မာဓလေ့ထုံးတမ်းအရ ထိမ်းမြားခြင်းမြောက်သည်။

ထိုသို့ ထိမ်းမြားသည့်တရားဝင်မယားသည် တစ်ဦးတည်းရှိလျှင် မယားကြီးဖြစ်သည်။ တစ်ဦးထက်ပို၍ အပြိုင်ရှိနေလျှင် ဦးစွာရသည့်မယားသည်

မယားကြီးဖြစ်သည်။ သို့သော် နောက်ကျရသည့်မယားကို မယားငယ်ဟု ပုံသေမယူရ။ နောက်ကျရသည့် မယားသည် ဦးစွာရသည့်မယားနှင့် တန်းတူရည်တူ ဆက်ဆံပေါင်းသင်းနေထိုင်ခွင့်ရလျှင် နောက်ကျရသည့်မယားကိုလည်း မယားကြီးဟု မှတ်ယူသည်။ ထို့ကြောင့် တရားဝင်မယားများပြိုင်၍ရှိနေလျှင် နောက်ကျရသည့်မယားသည် မယားကြီးဖြစ်ခွင့်ရှိမရှိစိစစ်ရမည်။ နောက်ကျရသည့် မယားသည် မယားကြီးဖြစ်ခွင့်ရှိက ဦးစွာရသည့်မယားကို ပထမမယား၊ နောက်ကျရသည့်မယားကို ဒုတိယမယားဟုခေါ်ဆိုရမည်။ သူတို့သည် မယားပြိုင်များဖြစ်ကြသည်။ နောက်ကျရသည့် မယားသည် မယားကြီးဖြစ်ခွင့်မရှိမှ မယားငယ်ဟုခေါ်ဆိုရမည်။ မယားငယ်ဖြစ်လျှင် မယားပြိုင်ဟုမသုံးရပေ။

မယားအမျိုးအစားအလိုက် အမွေဆက်ခံခွင့် ခြားနားချက်ရှိသည်။ တရားမဝင် မယားဖြစ်က အမွေဆက်ခံခွင့် လုံးဝမရှိ။ တရားဝင်မယားဖြစ်သော်လည်း မယားငယ်ဖြစ်က လင်နှင့်အတူမနေရလျှင် အမွေဆက်ခံခွင့်မရှိ။ လင်အသက်ရှင်စဉ်က ပေးကမ်းသမျှနှင့်ရောင့်ရဲရသည်။ လင်နှင့်အတူနေရလျှင် အမွေဆက်ခံခွင့်ရှိသည်။ သို့သော် အမွေဝေစု မယားကြီးနှင့် တန်းတူမရ၊ လျော့နည်းရသည်။ မယားကြီးဖြစ်က လင်နှင့်အတူနေသည်ဖြစ်စေ၊ မနေသည်ဖြစ်စေ၊ အမွေဆက်ခံခွင့်ရှိသည်။ မယားကြီးတစ်ဦးတည်းရှိက အားလုံးရသည်။ မယားပြိုင်များရှိက တန်းတူခွဲဝေယူရသည်။

ဤသည်ကား ယခင်ကနာယူမှတ်သားထားသည့် မယားကြီး မယားငယ် ခြားနားချက်ဖြစ်သည်။ ထိုသတ်မှတ်ချက်အရ တရားဝင်မယားသည်လည်း မယားငယ်ဘဝရောက်ရှိနိုင်သည်။ သို့သော် အထက်ပါစီရင်ထုံးကို သတင်းစာများတွင် ဖော်ပြရာ၌ တရားဝင်မယားသည် မယားငယ်မဟုတ်၊ ဒုတိယမယားသာ ဖြစ်သည်ဟု ကောက်ချက်ချထားသည်။

ထိုကောက်ချက်အရ ယခင်မှတ်သားထားချက်များကို ပြင်ဆင်သတ်မှတ်ရသည်။ ရှေ့အဖို့ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ မယားအမျိုးအစားသည် တရားဝင်မယားနှင့် တရားမဝင်မယားနှစ်စားသာ ရှိမည်။ တရားဝင်မယားဖြစ်က တန်းတူရည်တူဆက်ဆံပေါင်းသင်းခြင်းရှိမရှိကိုအခြေပြု၍မယားကြီး၊ မယားငယ် ခွဲခြားဖို့မလို။ ထိုသို့ ခွဲခြားခြင်းသည် ပြောင်းလဲတိုးတက်လာသည့်ခေတ်နှင့် မလျော်ညီ။ ထို့ကြောင့် မယားကြီး၊ မယားငယ်ခွဲခြားခြင်းသည် မြန်မာ့ဗုဒ္ဓဘာသာတို့ မသုံးတော့သည့် ဓလေ့ထုံးဟောင်း တစ်ရပ်ဖြစ်ခဲ့သည်ဟု နာယူမှတ်သားရ

ပေးသည်။

စင်စစ် မယားကြီးမယားငယ်ပြဿနာပေါ်ပေါက်ရခြင်းသည် တရားဝင်မယားရှိသည့် အမျိုးသားအား နောက်မယားယူခွင့် ပြုထား၍ ဖြစ်သည်။ မည်သည့်ဘာသာဝင်မဆို တည်မြဲနေသည့် တရားဝင်မယားရှိက နောက်မယားယူခွင့်မပြုလျှင် မယားကြီး၊ မယားငယ် ပြဿနာသည် ကွယ်ပျောက်မည်မှာ မုချသာတည်း။

*ခင်အောင်တင့်*
*၆–၇–၇၁ (ကြေးမုံ)*

**တစ်ခန်းရပ်**

**မယားကြီး မယားငယ် ပြဿနာနှင့် ပတ်သက်၍ တောင်နန်းစံများဘက်မှ တင်ပြချက်များမှာ ပြည့်စုံလုံလောက်ပြီးဖြစ်သဖြင့် ဤကိစ္စနှင့် စပ်လျဉ်း ပြီး၊ ဆက်လက်ဖော်ပြပေးတော့မည် မဟုတ်ပါ။**

*အယ်ဒီတာ*
*ကြေးမုံ*

ဆရာဇဝန နှင့်ဆရာသာရဂဒိုးတို့၏ဆောင်းပါးနှစ်ပုဒ်ပါပြီးနောက်ကြေးမုံသတင်းစာ လူထုအော်သံကဏ္ဍတွင် အထက်တွင်ဖော်ပြသည့်အတိုင်းအမျိုးသမီးအချို့၏ ဆောင်းပါးများနှင့် အယ်ဒီတာထံပေးစာများ ပါရှိခဲ့ပါသည်။

# (၂)
# ဒေါ်ကြည်ကြည်အဆိုလွှာနှင့်
# မစ္စစ်မေရီဝိန်တို့ချေပလွှာ

[၂]
ဒေါ်ကြည်ကြည် အဆိုလွှာနှင့်
မစ္စစ်မေရီဝိန်တို့ချေပလွှာ

## ဒေါ်ကြည်ကြည်အဆိုလွှာ

ကျွန်မသည် ကွယ်လွန်သူ ဦးထင်ဝိန်နှင့် ၁၉၄၈ ခုနှစ်မှစ၍ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ မော်လမြိုင်မြို့ ပန်းဘဲတန်း ရပ်ကွက်၊ ဟောက်တင်လမ်း၊ အမှတ် ၁၇ နေအိမ်တွင် ပထမဦးစွာ နှစ်ဦးသဘောတူ ပွင့်ပွင့်လင်းလင်းအတူ စားသောက်နေထိုင်ပြီး လင်မယားအဖြစ်ဖြင့် ပေါင်းသင်းခဲ့ကြပါသည်။ ထိုအချိန်မှစ၍ ဥပဒေအရ ဦးထင်ဝိန်နှင့် ကျွန်မသည် အကြင်လင်မယား ဖြစ်ခဲ့ကြပါသည်။

ကျွန်မနှင့်ဦးထင်ဝိန် လင်မယားအဖြစ်မညားမီက ဦးထင်ဝိန်မှာ မစ္စစ်မေရီဝိန်ဆိုသော မယားကြီးရှိပါသည်။ ဦးထင်ဝိန်သည် မစ္စစ်မေရီဝိန်နှင့် ပေါင်းသင်းစဉ်က သားသမီးများဖြစ်ကြသော ဂျိန်း(စ်)ဝိန်၊ ဝင်နီဝိန်၊ ဟယ်ရီဝိန်၊ ချား(လ်)ဝိန်၊ မစ္စစ်အင်မာအင်ဒရူးနှင့် မစ္စစ်ဒေစီဒီကော(လ်)(ဘ်) တို့ကို မွေးဖွားခဲ့ပါသည်။ ကျွန်မနှင့် ဦးထင်ဝိန်တို့ အကြင်လင်မယားအဖြစ် ပေါင်းသင်း

နေထိုင်ကြသောအခါတွင် ဦးထင်ဝိန်သည် မစ္စစ်မေရီဝိန်နှင့် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြခြင်း မပြုတော့ပါ။

## စီးပွားရေးတူလုပ်ခဲ့

ကျွန်မနှင့် ဦးထင်ဝိန်သည် စီးပွားရေးလုပ်ငန်းများကိုလည်း လင်မယားအဖြစ် အတူကြံစည်လုပ်ကိုင်ခဲ့ကြပါသည်။ ကျွန်မနှင့် ဦးထင်ဝိန်တို့သည် မော်လမြိုင်မြို့နှင့် ရန်ကုန်မြို့နေရာတော်တော်များများတွင် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြပြီး၊ ဗိုလ်အောင်ကျော်လမ်း၊ တိုက်အမှတ်၁၉၄၊ အခန်းအမှတ် ၆ ၌ နောက်ဆုံးနေထိုင်ခဲ့ကြပါသည်။ ကျွန်မတွင် ဦးထင်ဝိန် နှင့် သားသမီးမရခဲ့ပါ။

၁၉၆၁ ခု၊ ဇွန်လ ၅ ရက်နေ့တွင် ဦးထင်ဝိန် မကျန်းမမာ ဖြစ်သဖြင့် ဗိုလ်အောင်ကျော်လမ်းနေအိမ်မှအလံပြဘုရားလမ်းရှိ အမေရိကန်ဆေးရုံသို့တင်၍ ဆေးကုသရပါသည်။ ကျွန်မသည် ဦးထင်ဝိန်အား ဆေးရုံတွင် နေ့ရောညပါ ကိုယ်တိုင်ပြုစုခဲ့ပါသည်။

## ဦးထင်ဝိန်အနိစ္စရောက်

သို့သော် ၁၉၆၁ခု၊ ဇွန်လ ၁၆ရက်နေ့တွင် အမေရိကန်ဆေးရုံ၌ ဦးထင်ဝိန်အနိစ္စရောက်ပါသည်။ ဦးထင်ဝိန်အနိစ္စရောက်သောအခါ ယခုအဆိုလွှာနှင့် ပူးတွဲတင်ပြထားသော ဇယား(က)တွင် ဖော်ပြထားသည့်ပစ္စည်းများ ကျန်ရစ်ခဲ့ပါသည်။ မော်လမြိုင်မြို့ မစ်ရှင်လမ်း၊ အမှတ်(၄)နေအိမ်နှင့် မုဒုံလမ်းရှိ ခြံမြေတစ်ကွက်မှလွဲ၍ အခြားပစ္စည်းများမှာ ကျွန်မနှင့် ဦးထင်ဝိန်တို့ ပေါင်းသင်းနေစဉ်က တိုးပွားဖြစ်ထွန်းလာသည့် လက်ထက်ပွားပစ္စည်းများဖြစ်ပါသည်။ ဦးထင်ဝိန်သေဆုံးပြီးနောက်၊ ဦးထင်ဝိန် မသေဆုံးခင်က သေတမ်းစာ တစ်စောင်ကို ၁၉၆၀ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့၊ နေ့စွဲဖြင့် ရေးသားထားခဲ့ကြောင်း ကျွန်မသိရပါသည်။ ဦးထင်ဝိန်က သူ၏သေတမ်းစာတွင် ကျန်ရှိသောပစ္စည်းများအနက်မှ တစ်ဝက်ကို မော်လမြိုင်မြို့ မစ်ရှင်လမ်းထောင့်ရှိ မြန်မာခရစ်ယာန် ဘုရားရှိခိုးကျောင်းသို့ လှူဒါန်းရန်နှင့် ကျန်တစ်ဝက်ကို ဇနီးနှင့် သားသမီးများအား ပေးရန်ရေးသားဖော်ပြခဲ့ပါသည်။ သေသူဦးထင်ဝိန်က ညီအစ်ကိုတော်သူ မစ္စတာအယ်(လ်)ထင်လျှောင်အား အမွေထိန်းအဖြစ်ခန့်အပ်

ခဲ့ပြီး သေတမ်းစာကို မော်လမြိုင်ရှိ ဝတ်လုံတော်ရကြီး ဦးဘလှိုင်ထံတွင် အပ်နှံထားခဲ့ပါသည်။

## သေတမ်းစာ ရေးခဲ့သော်လည်း

ဦးထင်ဝိန် သေဆုံးသောအခါ သူ၏ အမွေစားအမွေခံများအဖြစ် မစ္စစ်မေရီဝိန်နှင့် သားသမီးများ ကျန်ရစ်ခဲ့ပါသည်။ ဦးထင်ဝိန်သည် သေတမ်းစာကို သူမသေမီ ၁၂ လအလိုက ရေးသားခဲ့ပါသည်။ ထိုသေတမ်းစာကို ရေးသားသည့်နေ့မှစပြီး ခြောက်လအတွင်း သေတမ်းစာကို လုံလုံခြုံခြုံထိန်းသိမ်းနိုင်ရေးအတွက် ဥပဒေအရ အကြိုးဝင်သည့်နေရာတွင် မအပ်နှံခဲ့ပါ။

မြန်မာဗုဒ္ဓဘာသာ အမျိုးသမီးတစ်ဦးဖြစ်သူ ကျွန်မနှင့် ဦးထင်ဝိန်သည် ၁၉၄၈ ခုနှစ်မှစ၍ ဦးထင်ဝိန်သေဆုံးသည့် အချိန်အထိ အကြင်လင်မယားအဖြစ် အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ခြင်းကြောင့် ဥပဒေအရ လင်မယားအရာ မြောက်ပါသည်။ ဦးထင်ဝိန်ကျန်ရစ်ခဲ့သည့် ပစ္စည်းများ၊ အမွေပစ္စည်းများကို မြန်မာဗုဒ္ဓဘာသာ ဓမ္မသတ်အရ ဆုံးဖြတ်ပေးရန် ဖြစ်ပါသည်။ အထက်ပါ အကြောင်းများကြောင့် ၁၉၆၀ ခုနှစ်၊ စက်တင်ဘာလ ၃ ရက်နေ့တွင် ကွယ်လွန်သူ ဦးထင်ဝိန်ရေးသားခဲ့သော သေတမ်းစာသည် ပျက်ပြယ်ပါသည်။

## ပစ္စည်းထက်ဝက်ရသင့်

ကျွန်မသည် ကွယ်လွန်သူဦးထင်ဝိန်၏ တရားဝင်မယားဖြစ်၍ ကျန်ရစ်ခဲ့သော ရွှေ့ပြောင်းနိုင်သည့် ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများအနက်မှ ထက်ဝက်ရယူပိုင်ခွင့်ရှိပါသည်။ အဆိုလွှာနှင့် ပူးတွဲတင်ပြထားသည့် ဇယား (က)ပါ ပစ္စည်းများအနက်မှ အမှတ်(၁)နှင့် (၂)တွင် ဖော်ပြထားသော ပစ္စည်းများမှာမူ ဦးထင်ဝိန်နှင့် ကျွန်မ,မပေါင်းသင်းမီ မစ္စစ်မေရီဝိန်နှင့် ဦးထင်ဝိန်တို့ ပေါင်းသင်းစဉ်က လက်ထက်ပွား ပစ္စည်းများဖြစ်ပါသည်။ ယင်းပစ္စည်းများမှ သုံးပုံနှစ်ပုံကို မစ္စစ်မေရီဝိန်ကယူပြီး ကျန်တစ်ပုံကို ကျွန်မကရယူရန် အကြုံးဝင်ပါသည်။

ကျွန်မသည် မစ္စစ်မေရီဝိန်တို့ထံ ကွယ်လွန်သူ ဦးထင်ဝိန်၏ ပစ္စည်းများအနက်မှထက်ဝက်ကိုရထိုက်ကြောင်း နှစ်ကြိမ်တိုင်တိုင် တောင်းဆိုခဲ့ပါသည်။ သို့ရာတွင် မစ္စစ်မေရီဝိန်တို့က ကျွန်မရပိုင်ခွင့်ရှိသော ဝေစုကိုပေးရန် ငြင်းဆို

ကြောင်း ၁၉၆၁ ခု၊ နိုဝင်ဘာ ၂၀ ရက်နေ့တွင် ကျွန်မထံ အကြောင်းကြားပါသည်။ သို့သော် ကျွန်မသည် ၁၉၆၁ ခု၊ ဒီဇင်ဘာ ၁၈ ရက်နေ့တွင် မစ္စစ်မေရီဝိန်တို့ထံ စာတစ်စောင်ထပ်မံရေးသား၍ ကျွန်မရသင့်သော ဝေစုကို ပေးရန်တောင်းခံခဲ့ပါသည်။ သို့ရာတွင် မစ္စစ်မေရီဝိန်တို့က အကြောင်းတစ်စုံတစ်ရာ ပြန်ကြားခြင်းမရှိခဲ့ပါ။

## တရားပြိုင်များ

တရားခံ မစ္စစ်မေရီဝိန်နှင့် သားသမီးများက ကျွန်မ၏ အဆိုပြုချက်ကို ဆန့်ကျင်ခဲ့ကြသည့်အတွက် ယခုအမှုတွင် ၎င်းတို့သည် တရားပြိုင်များ ဖြစ်ကြပါသည်။ တရားခံအယ်(လ်)ထင်လျောင်မှာ ကွယ်လွန်သူ ဦးထင်ဝိန်၏ သေတမ်းစာအရ ခန့်အပ်ထားသည့် အမွေထိန်းအဖြစ် ကျွန်မ၏အဆိုပြုချက်ကို ငြင်းပယ်ခဲ့သဖြင့် ယခုအမှုတွင် တရားပြိုင်တစ်ဦးအဖြစ် ထည့်သွင်းစွဲဆိုပါသည်။ နောက် တရားပြိုင်တစ်ဦးမှာ မော်လမြိုင်မြို့ရှိ မြန်မာခရစ်ယာန်ဘုရားရှိခိုးကျောင်းဖြစ်ပါသည်။ ကွယ်လွန်သူ ဦးထင်ဝိန်၏ သေတမ်းစာအရ ၎င်းကျန်ရစ်ခဲ့သည့် ပစ္စည်းများအနက်မှ တစ်ဝက်ကို ဘုရားရှိခိုးကျောင်းသို့ လှူဒါန်းခဲ့သည့်အတွက် တရားပြိုင်တစ်ဦးအဖြစ် အမှုတွင်ထည့်သွင်းစွဲဆိုရပါသည်။

ယခုအခြေအနေတွင် ကွယ်လွန်သူဦးထင်ဝိန်၏ ပစ္စည်းများထဲမှ ကျွန်မတောင်းဆိုထားသည့်ဝေစု၏တန်ဖိုးအတိအကျကိုမခန့်မှန်းနိုင်သေးပါ။ ထို့ကြောင့် အမှု၏တန်ဖိုးကို ယာယီအားဖြင့် ရုံးခွန်တော် အက်ဥပဒေအပိုဒ် ၇(၄) (စ) အရ ကျပ်ငွေ ၅၀၀၀၀ ကို ရုံးခွန်တော်နှင့် တရားစီရင်ရေးစရိတ် နှစ်ရပ်ပေါင်းအတွက် သတ်မှတ်ပါသည်။ နောက်နောင်တွင် စာရင်းများအရ ကျွန်မ၏ ဝေစုမှာ လက်ရှိတန်ဖိုးထက် ပိုလာပါက အထွေထွေရုံးစရိတ်များပါ ပေးဆောင်ရန် ကျွန်မကတိပြုပါသည်။ ရုံးစရိတ် ၂၀ ကျပ်ကိုလည်း ကွယ်လွန်သူ ဦးထင်ဝိန်၏ သေတမ်းစာပျက်ပြယ်ကြောင်း ကြေညာရန်အတွက် ပေးဆောင်ပါသည်။

## ဒေါက်တာဘဟန်မှတစ်ဆင့် တရားစွဲ

ရန်ကုန်နှင့် အင်းစိန်တွင် ပစ္စည်းတချို့တဝက်ရှိပြီး၊ မော်လမြိုင်တွင်လည်း ပစ္စည်းတချို့တဝက်ရှိပါသည်။ ယခုအခါ မစ္စစ်မေရီဝိန်နှင့် သားသမီးများ နေထိုင်လျှက်ရှိကြပါသည်။ ပစ္စည်းအချို့မှာ ကော့ကရိတ်နှင့် မေမြို့တို့တွင်

ရှိနေပါသည်။ ထို့ကြောင့် ကျွန်မ၏ အမှုနှင့် ပတ်သက်၍.....

(က) ၃–၉–၆၀ နေ့က ဦးထင်ဝိန်ရေးသားခဲ့သည့် သေတမ်းစာ ပျက်ပြယ်ကြောင်း အမိန့် ဒီဂရီချမှတ်ပေးရန်။

(ခ) ဦးထင်ဝိန် ကျန်ရစ်ခဲ့သည့် အမွေပစ္စည်းများနှင့် ပတ်သက်၍ ဤရုံးတော်မှ စီမံအုပ်ချုပ်ပေးရန်။

(ဂ) ဦးထင်ဝိန်ကျန်ရစ်ခဲ့သည့် ပစ္စည်းများအနက်မှ ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများ၊ မရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများကို စာရင်းပြုလုပ်ပေးရန်။

(ဃ) ဦးထင်ဝိန်ကျန်ရစ်ခဲ့သော ပစ္စည်းများအနက်မှ မိမိနှင့်လက်ထက်ပွားပစ္စည်းများကို ထက်ဝက်ခွဲပေးရန်နှင့် လက်ထက်ပွားမဟုတ်သော ပစ္စည်းများအနက်မှ သုံးပုံတစ်ပုံခွဲဝေပေးရန်။

(င) အမှုအခြေအနေပေါ်မူတည်၍ဤရုံးတော်မှ သင့်တော်သလို စီစဉ်ပေးရန်နှင့်။

(စ) အမှုအတွက် ကုန်ကျစရိတ်ကို အမွေပုံပစ္စည်းများထဲမှကျခံခွင့်ပြုရန်။

အမိန့်ဒီဂရီ ချမှတ်ပေးပါမည့် အကြောင်းလေးစားစွာ လျှောက်ထားပါသည် စသည်ဖြင့်ဖော်ပြကာ ဒေါ်ကြည်ကြည်က သူ၏ အကျိုးဆောင် ဝတ်လုံတော်ရကြီး ဒေါက်တာဘဟန်မှတဆင့် ရန်ကုန်မြို့ တရားမရုံးတော်၌ အဆိုလွှာတင်သွင်းကာ ၁၉၆၂–ခုနှစ်၊ ဇန်နဝါရီလတွင် တရားစွဲဆိုခဲ့လေသည်။

တရားလို ဒေါ်ကြည်ကြည်က သူ၏အဆိုလွှာတွင် တရားခံများအဖြစ် (၁) တရားခံ မစ္စစ်မေရီဝိန်၊ (၂) ဂျိန်း(စ်)ဝိန်၊ (၃) ဝင်နီ ဝိန်၊ (၄) ဟယ်ရီဝိန်၊ (၅) ချား(လ်)ဝိန်၊ (၆) မစ္စစ်အင်မာအင်ဒရူး၊ (၇) မစ္စစ်ဒေစီကော(လ်)(ဘ်)၊ (၈) မစ္စတာအယ်(လ်)ထင်လျောင်နှင့် (၉)မြန်မာခရစ်ယာန် ဘုရားရှိခိုးကျောင်းတို့အား ဖော်ပြကာ တရားစွဲဆိုခဲ့ခြင်းဖြစ်လေသည်။

## ပစ္စည်းများ

ထိုအဆိုလွှာနှင့်အတူ ဒေါ်ကြည်ကြည်က ဇယား(က)ပါ ပစ္စည်းများစာရင်းကို ရုံးတော်သို့ တင်သွင်းခဲ့လေသည်။ ထိုပစ္စည်းစာရင်းမှာ ရန်ကုန်မြို့၊ အေဒီလမ်း၊ အမှတ်(၁၂) ရှိ အစေခံတန်းလျားနှင့် ကားဂိုဒေါင်အပါအဝင်

အုတ်တိုက်အဆောက်အဦးတစ်ခု၊ ရန်ကုန်မြို့၊ အင်းယားလမ်း၊ အမှတ် ၇၄(စီ) ရှိ အစေခံတန်းလျားနှင့် ကားရုံပါ အုတ်တိုက်အဆောက်အအုံတစ်ခု။ ရန်ကုန်–အင်းစိန်လမ်းမကြီး၊ အမှတ် ၂၃ ရှိ တိုက်အဆောက်အအုံတစ်ခု။ မော်လမြိုင်မြို့ မြူနီစပယ်ရုံးလမ်းရှိ တိုက်အဆောက်အအုံတစ်ခု။ ရန်ကုန်မြို့၊ ဟာမစ်တစ်လမ်း၊ အမှတ် ၃၅(က)ရှိ တိုက်အဆောက်အအုံတစ်ခု။ မော်လမြိုင်၊ မစ်ရှင်လမ်း၊ အမှတ်(၄)ရှိ တိုက်ခံအဆောက်အအုံတစ်ခု။ မော်လမြိုင်–မုဒုံလမ်း(စမ်းကြီး) အမှတ် ၉၇ ရှိဥယျာဉ်မြေနှစ်ခု။ ကော့ကရိတ်၊ ရှမ်းကုန်းရပ်ကွက်ရှိ သီရိဇေယျာဆန်စက်နှင့်လွှစက်။ တရားခံအမှတ်(၅)လက်တွင်ရှိသော ဃ/၄၀၈၆ လင့်ရိဗာကားတစ်စီးနှင့် ဂ/၆၂၉၉ မော်စကိုဗစ်ကားတစ်စီး။ မေမြို့ရှိ တစ်ထပ်တိုက်အဆောက်အအုံတစ်ခု၊ နှစ်ထပ်တိုက်အဆောက်အအုံနှစ်ခုနှင့် မော်လမြိုင်မြို့ရှိ မော်တော်ဘုတ်နှစ်စီးတို့ ဖြစ်ပါသည်။

## ဘဏ်ရှိငွေ

ထို့ပြင် ဘဏ်အပ်ငွေစာရင်းမှာ ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်းရှိ အိန္ဒိယဘဏ်တွင် ကိုယ်ပိုင်ကျပ်ငွေ ၄၇၆၀၄၇ ကျပ်၊ ၈၄ ပြား၊ ဝိန်နှင့် သားများ ကျပ်ငွေ ၃၀၁၃၃ ကျပ် ၉၀ ပြား၊ စီးပွားရေးဘဏ်တွင် ကျပ်ငွေ ၃၃၅၀ ကျပ် ၁၂ ပြား၊ မော်လမြိုင်ကူးသန်းရောင်းဝယ်ရေးဘဏ်တွင် ကျပ်ငွေ ၈၂၄၇၇ ကျပ် ၆၃ ပြားနှင့် မြန်မာပြည် စင်ထရယ်အိုဗါဆီး ကုမ္ပဏီလီမိတက်မှ ကောက်ခံရရှိမည့် ကျပ်ငွေများ ၈၂၅၈၂ ကျပ် ၀၃ ပြားတို့ ဖြစ်ကြောင်း အဆိုလွှာတွင် ပူးတွဲဖော်ပြခဲ့လေသည်။

## တရားလို အကျိုးဆောင်များ

တရားလို ဒေါ်ကြည်ကြည်၏ အကျိုးဆောင်များအဖြစ် ဝတ်လုံတော်ရကြီးဒေါက်တာဘဟန်နှင့် ရှေ့နေကြီးဦးမောင်မောင်(၆) တို့က လိုက်ပါဆောင်ရွက်ခဲ့သည်။ ဒေါက်တာဘဟန်သည် အမ်–အေ၊ ပီအိပ်ချဒီ၊ ဒီလစ်၊ အယ်လ်–အယ်လ်–ဒီ(ဂုဏ်ထူးဆောင်)ဘွဲ့ရ ဝတ်လုံတော်ရကြီးတစ်ဦးဖြစ်သည်။ ရန်ကုန်တက္ကသိုလ်တွင် ဥပဒေပါမောက္ခအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး အင်္ဂလိပ်–မြန်မာ အဘိဓာန် စာအုပ်ကြီးကိုလည်း ပြုစုခဲ့သည်။ ဒေါက်တာဘဟန်သည် ဒေါ်ကြည်ကြည်၏ အမှုကို လိုက်ပါဆောင်ရွက်ဆဲ ကာလမှာပင် နာမကျန်းဖြစ်ကာ ကွယ်လွန်ခဲ့လေသည်။

## ရှေ့နေကြီးဦးမောင်မောင် (၆)

ဦးမောင်မောင်(၆) သည်လည်း ထင်ရှားကျော်ကြားသော ဘီအေဘီအယ် ဥပဒေတွဲ့ရ ရှေ့နေကြီးတစ်ဦး ဖြစ်သည်။ ရာဇဝတ်မှု၊ တရားမမှုကြီးပေါင်းများ စွာတွင် အကျိုးဆောင်ကြီးအဖြစ် လိုက်ပါဆောင်ရွက်ခဲ့ပြီး အတွေ့အကြုံများ၍ ရင့်ကျက်နေသော ဥပဒေပညာရှင်ကြီးတစ်ဦးလည်းဖြစ်သည်။ ဒေါက်တာဘဟန် ကွယ်လွန်သောအခါ ဒေါ်ကြည်ကြည်၏ အမှုကို ဦးမောင်မောင်(၆)ကပင် အစ အဆုံးလိုက်ပါဆောင်ရွက်ခဲ့သည်။ မူလတရားမရုံးတော်မှ နိုင်ငံတော်တရားရုံး ချုပ်သို့ အဆင့်ဆင့် အယူခံဝင်ရောက်သည်အထိ ဆုံးခန်းတိုင်အောင် လိုက်ပါ ဆောင်ရွက်ခဲ့သည်။ ယခုလည်း အမှုအများအပြားကိုလက်ခံလျက် အကျိုးဆောင် ကြီးအဖြစ် လိုက်ပါဆောင်ရွက်လျက်ရှိသည်။ ဦးမောင်မောင်(၆)သည် မြို့ပိုင် (မြို့နယ်တရားသူကြီး)ဘဝမှစ၍ ယခုအကျိုးဆောင်ရှေ့နေကြီးအဖြစ် ဆောင်ရွက် နေဆဲကာလအထိ ဥပဒေလောကတွင် ကျင်လည်ခဲ့သည်မှာ နှစ်ပေါင်း ၃၆ နှစ်ကျော်မျှ ရှိနေပြီဖြစ်သည်။

### သက်သေခံများတင်

ထို့နောက်တရားလို ဒေါ်ကြည်ကြည်သည်အမှုနှင့် သက်ဆိုင်သော သက်သေခံအထောက်အထား စာချုပ်စာတမ်းများကို တရားရုံးတော်သို့ တင် သွင်းခဲ့လေသည်။ ယင်းစာချုပ်စာတမ်း အမျိုးအမည်စာရင်းမှာ ကွယ်လွန်သူ အယ်(လ်)ထင်ဝိန်နှင့် တရားလိုဒေါ်ကြည်ကြည်၏ အမျိုးသားမှတ်ပုံတင်၊ အိန္ဒိယဘဏ်စာရင်းရှင်းတမ်းနှင့်အတူ အယ်(လ်)ထင်ဝိန်၏ သာမန်ငွေစာရင်း၊ အမေရိကန်ဆေးရုံသို့အယ်ထင်ဝိန် ဆေးရုံတက်ခွင့် ၆၊၆၊၆၁ နေ့စွဲပါက ဖြတ်ပိုင်း၊ အမေရိကန်ဆေးရုံ ဧည့်မှတ်ပုံတင်ကပ်၊ အမေရိကန်ဆေးရုံ၏ နေ့ည လူနာစောင့်ခွင့်လက်မှတ်၊ ၃၁၊၅၊၆၁ နေ့စွဲပါ အယ်(လ်)ထင်ဝိန်မှ တရားလို ဒေါ်ကြည်ကြည်သို့ ပေးစာနှင့်အတူ တံဆိပ်ခေါင်းကပ်ထားသည့် စာအိတ် တစ်လုံး၊ ၁၉၆၁ ခု ဇန်နဝါရီလ ၁၇ ရက်နေ့စွဲပါ ဒေါက်ရာစွန်ဒရမ်ထံမှ ပေးပို့သော ကြေးနန်း၊ အိန္ဒိယဘဏ်၏ ချက်လက်မှတ်၊ အယ်(လ်)ထင်ဝိန်က ကြေးနန်းရုံးသို့ တယ်လီဖုန်းတပ်ဆင်ခွင့် လျှောက်ထားသော ၆၊၁၊၆၁ နေ့စွဲပါ လျှောက်လွှာနှင့် ၃၁၊၇၊၆၁ နေ့စွဲပါဖြတ်ပိုင်း၊ ၂၇၊၆၊၆၁ နေ့စွဲ နှီးဆော်စာ၊ ရန်ကုန်မြို့ ၃၇လမ်းရှိ စင်ထရယ်(လ်)အိုဗာဆီးကုမ္ပဏီသို့ အယ်(လ်)ထင်ဝိန်

၏ ငွေတောင်းခံသည့် ကုန်ပို့လွှာ (၄)စောင်၊ အယ်(လ်)ထင်ဝိန်၏ ၁၉၆၁ခုနှစ် နေ့စဉ်မှတ်တမ်း၊ အယ်(လ်)ထင်ဝိန်၏ လိပ်စာကတ်ပြား၊ ၅၊၆၊၆၁ နေ့စွဲပါ တရားခံအမှတ် ၅ ချား(လ်)ဝိန်ထံမှ အယ်(လ်)ထင်ဝိန်ထံသို့ ပေးစာတစ်စောင်နှင့် တံဆိပ်ခေါင်း ကပ်ထားသည့်စာအိတ်၊ ရန်ကုန်မြို့ရှိ အိန္ဒိယဘဏ်၊ စီးပွားရေး ဘဏ်၊ မော်လမြိုင်မြို့ရှိ ဗဟိုကူးသန်းရောင်းဝယ်ရေးဘဏ်နှင့် ရန်ကုန်မြို့ရှိ မြန်မာပင်လယ်ရပ်ခြား သင်္ဘောကုမ္ပဏီတို့ ဆက်သွယ်သည့်စာများ၊ တရားခံများ ထံသို့ ပေးပို့သည့် ၁၇၊၆၊၆၁။ ၁၉၊၆၊၆၁။ ၂၁၊၆၊၆၁ နေ့စွဲပါ ဂါးဒီးယန်း နေ့စဉ်သတင်းစာပါ ကြော်ငြာ၊ ၁၉၊၆၊၆၁ နှင့် ၂၁၊၆၊၆၁ နေ့စွဲပါ ကြေးမုံ သတင်းစာပါကြော်ငြာချက်များကို သက်သေခံ တင်သွင်းခဲ့လေသည်။ ထိုသက် သေခံတင်သွင်းခဲ့သော ကြောငြာများမှာ အောက်ပါအတိုင်းဖြစ်လေသည်။

**နေးရှင်းသတင်းစာ**

၁၉၆၁ – ခု၊ ဇွန်လ ၁၇ – ရက် စနေနေ့။

**ကွယ်လွန်အနိစ္စရောက်ခြင်း**

ရန်ကုန်မြို့စပတ်လမ်း အိမ်အမှတ် ၁၉၄– အခန်းအမှတ် ၆၊ ပထမ ထပ်နေ ဒေါ်ကြည်ကြည်၏ ခင်ပွန်း အယ်(လ်)အိပ်(ချ်)ဝိန် (၆၅နှစ်) သည် ၁၆၊၆၊၆၁ နေ့ နံနက် ၆ း ၃၀ အချိန်တွင် ကွယ်လွန်အနိစ္စရောက်ပါသဖြင့် အမေရိကန်ဆေးရုံမှ နာနတ်တောခရစ်ယာန်သုသာန်သို့ ယနေ့ (၁၇၊၆၊၆၁) ညနေ ၃ း ၃၀ အချိန်၌ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းအား အကြောင်းကြားအပ်ပါသည်။

**နေးရှင်းသတင်းစာ**

၁၉၆၁ – ခု၊ ဇွန်လ ၁၉ ရက်၊ တနင်္လာနေ့။

**ကျေးဇူးတင်ရှိခြင်း**

ကွယ်လွန်သူ မစ္စတာအယ်(လ်)၊ အိပ်ချ်ဝိန်၏ အသုဘတွင် လိုက်ပါ ပို့ဆောင်ကူညီကြသော ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဝမ်းနည်းကြောင်း လွမ်းသူ့ ပန်းခွေ ပေးပို့ကြသူများကို ဒေါ်ကြည်ကြည်နှင့် မိသားစုက ကျေးဇူးဥပကာရ တင်ရှိပါကြောင်း...

**ကြေးမုံသတင်းစာ**

**၁၃၂၉ ဝါဆိုလဆန်း ၉ ရက်၊ ဗုဒ္ဓဟူးနေ့ (၂၁–၆–၆၁)**

## တရားတော်နာဖိတ်ကြားစာ

၁၆–၆–၆၁ နေ့တွင် အမေရိကန်ဆေးရုံ၌ ဘဝတစ်ပါးသို့ ကွယ်လွန်အနိစ္စရောက်သွားသော ကျွန်မ၏ ခင်ပွန်းဖြစ်သူ ဦးထင်ဝိန် Mr.L.H အား ရည်မှန်း၍ သက်စေ့သံဃာတော်အရှင်မြတ် ၆၅ ပါးကို ဒန်ပေါက်ဆွမ်းကပ်လှူဒါန်းမည်ဖြစ်ပါသောကြောင့် ရပ်နီးရပ်ဝေးတွင်ရှိကြသော ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား ၂၂–၆–၆၁ ရက်နေ့ နံနက် ၇ နာရီအချိန်တွင် တရားတော် အတူတကွ နာကြားရန် စပတ်လမ်း၊ အိမ်အမှတ် ၁၆၄၊ အခန်းအမှတ် ၆ ဒေါ်ကြည်ကြည်၏ နေအိမ်သို့ ကြွရောက်တော်မူပါမည့်အကြောင်း လေးမြတ်စွာ ဖိတ်ကြားအပ်ပါသည်။

အထက်ဖော်ပြပါ ကြော်ငြာများကို သက်သေခံတင်သွင်းခဲ့သည့်ပြင်......

''ကြည်ရေ......အန်ကယ်နေမကောင်းဘူး၊ ဒီကနေ့ သင်္ဘောတစ်စင်းထွက်ပြီ၊ မနက်ဖြန် တစ်စင်းဝင်မယ်၊ နေမကောင်းတဲ့အခါ ကြည့်ကို အင်မတန်ပဲ အနားမှာ ရှိစေချင်တယ်၊ အခုညနှစ်နာရီခွဲ ရှိပြီ။

***အန်ကယ်***

စသည်ဖြင့် ၃၁–၅–၁၉၆၁ ဦးထင်ဝိန်ရေးသားခဲ့သည့် စာတစ်စောင်ကိုလည်း သက်သေခံတင်သွင်းခဲ့လေသည်။

## မစ္စစ်မေရီဝိန်တို့ချေပလွှာ

ဒေါ်ကြည်ကြည်သည် ကွယ်လွန်သူဦးထင်ဝိန်နှင့် မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ဟောက်တင်လမ်း၊ အမှတ် ၁၇ တွင် ၁၉၄၈ ခုနှစ်မှ စ၍ လင်မယားအဖြစ် ပွင့်လင်းစွာပေါင်းသင်းနေထိုင်ခဲ့ခြင်းဆိုသည်ကို ငြင်းဆိုပါသည်။ ထိုအချိန်မှစ၍ ဥပဒေအရ ဦးထင်ဝိန်နှင့် အကြင်လင်မယားဖြစ်ခဲ့သည် ဆိုခြင်းမှာလည်း မမှန်ပါ။

ကွယ်လွန်သူ ဦးထင်ဝိန်သည် (၁)တရားခံဖြစ်သူ ကျွန်မ မစ္စစ်မေရီဝိန်နှင့် အိမ်ထောင်ကျပြီးနောက် သားသမီးများကို မွေးဖွားခဲ့သည် ဆိုခြင်းမှာ မှန်ပါသည်။ သို့သော် ဦးထင်ဝိန်သည် ဒေါ်ကြည်ကြည်နှင့် ပေါင်းသင်းသည့် အချိန်မှစပြီး ကျွန်မနှင့်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်း လုံးဝမပြုတော့ဟု ဆိုသည်မှာ မမှန်ပါ။ ဦးထင်ဝိန်သည်တရားလိုနှင့်အတူ စီးပွားရေးလုပ်ငန်းများကို လင်မယားအဖြစ် အတူကြံစည်လုပ်ကိုင်ခဲ့သည် ဆိုသောအချက်ကိုလည်း ကျွန်မငြင်းဆိုပါသည်။

## ပုဒ်မ ၄၉၄ ကိုကျူးလွန်

ကွယ်လွန်သူ ဦးထင်ဝိန်နှင့် ကျွန်မသည် ခရစ်ယာန်ဘာသာအရ လက်ထပ်ခဲ့ကြပါသည်။ ကျွန်မအသက်ထင်ရှားရှိနေစဉ်အတွင်း အခြား အမျိုးသမီးတစ်ဦးနှင့် လက်ထပ်ခြင်းပင်ဖြစ်ပါသည်။ ကွယ်လွန်သူ ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့သည်မည်သည့်လက်ထပ်ခြင်းမျိုးဖြင့်လက်ထပ်ထားစေကာမူ မည်သည့် အချိန်တွင်မှ ထိမ်းမြားခြင်းမမည်ပါ။ တရားလိုသည် အမွေဆက်ခံနိုင်သော မယားတစ်ယောက်၏ အခြေအနေတွင်မရှိကြောင်း ကျွန်မတို့ ငြင်းဆိုပါသည်။

ဒေါ်ကြည်ကြည်၏ အဆိုလွှာတွင်ပါရှိသည့်ကွယ်လွန်သူဦးထင်ဝိန်သည် အမေရိကန်ဆေးရုံတွင်တက်ရောက်ဆေးကုသခဲ့သည်ဆိုသည့်အချက်ကို လက်ခံပါသည်။ သို့သော် ဦးထင်ဝိန်အား ဒေါ်ကြည်ကြည်ကနေ့ရောညပါ ပြုစုခဲ့ရသည်ဆိုသည့် အချက်ကို ငြင်းပါသည်။

## အမွေခံထိုက်သော မယားမဟုတ်

၁၉၆၁ ခု၊ ဇွန်လ ၁၆ ရက်နေ့တွင် အမေရိကန်ဆေးရုံ၌ ဦးထင်ဝိန် သေဆုံးခဲ့သည်ဆိုခြင်းကို လက်ခံပါသည်။ သို့သော် ဦးထင်ဝိန်၏ ပစ္စည်းစာရင်း၌ ပါဝင်သော အသေးစိတ်အချက်အလက်များမှာ မှန်ကန်ခြင်းမရှိပါ။ ဒေါ်ကြည်ကြည်သည် သေဆုံးသူ ဦးထင်ဝိန်၏ အမွေခံထိုက်သော မယားတစ်ယောက် မဟုတ်ပါ။ ဒေါ်ကြည်ကြည်နှင့် သေဆုံးသူတို့၏ လက်ထက်ပွားပစ္စည်းများ မဟုတ်ကြောင်း ငြင်းဆိုပါသည်။

ဦးထင်ဝိန်သည် ၎င်းမသေခင်က သေတမ်းစာတစ်စောင်ကို ၁၉၆၀ ခု၊ စက်တင်ဘာ ၃ ရက်နေ့စွဲဖြင့် ရေးသားထားခဲ့သည် ဆိုခြင်းမှာ မှန်ကန်ပါသည်။ သို့သော် ထိုသေတမ်းစာသည် ဥပဒေနှင့် မညီညွတ်သဖြင့် တရားမဝင် ပျက်ပြယ်သည်ဆိုခြင်းမှာ မမှန်ပါ။ ဒေါ်ကြည်ကြည်သည် ကွယ်လွန်သူ ဦးထင်ဝိန်၏ တရားဝင်မယားတစ်ယောက် မဟုတ်ပါ။ ထို့ကြောင့် ကွယ်လွန်သူ၏ ပစ္စည်းများကို အမွေဆက်ခံနိုင်ခွင့် မရှိပါ။

ဒေါ်ကြည်ကြည်က ကွယ်လွန်သူဦးထင်ဝိန်၏ တရားမဝင်မယားဖြစ်၍ ရွှေ့ပြောင်းနိုင်သော ပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများအနက်မှ ထက်ဝက် ရယူပိုင်ဆိုင်ခွင့်ရှိသည်ဆိုခြင်းနှင့်လက်ထက်ပွားမဟုတ်သည့် ပစ္စည်းများအနက်မှ

သုံးပုံတစ်ပုံ ရယူပိုင်ဆိုင်ခွင့် ရှိသည်ဆိုခြင်းကို ငြင်းဆိုပါသည်။

ဒေါ်ကြည်ကြည်သည် ကွယ်လွန်သူဦးထင်ဝိန်၏ မယားတစ်ယောက်ဖြစ်ပြီး ဗုဒ္ဓဘာသာဓမ္မသတ်အရ ဦးထင်ဝိန်၏အမွေကို ခံစားခွင့်ပြုလျှင် ဒေါ်ကြည်ကြည်အနေဖြင့်လည်း ၎င်းပိုင်ပစ္စည်းအားလုံးကို အညီအမျှခွဲဝေရန် ပေါင်းစပ်ပေးရလိမ့်မည် ဖြစ်ပါသည်။ ကျန်အချက်အလက်များအားလုံးကို ကျွန်မတို့ ငြင်းဆိုပါသည်။

အထက်ပါချေလွှာကို မစ္စစ်မေရီဝိန်နှင့် သားသမီးများက ၎င်း၏အကျိုးဆောင်ဝတ်လုံတော်ရကြီး ဦးကျော်မြင့်နှင့် ဝတ်လုံတော်ရ ဦးသန်းအောင်တို့မှတစ်ဆင့် တရားမရုံးသို့ တင်သွင်းခဲ့လေသည်။ မစ္စစ်မေရီဝိန်၏ သားဖြစ်သူ တရားခံအမှတ်(၄)ချား(လ်)ဝိန်က ချေလွှာတစ်စောင်သီးသန့်တင်ပြီး မစ္စစ်မေရီဝိန်တို့၏ ချေလွှာကို အတည်ပြုထောက်ခံထားလေသည်။

## ဦးကျော်မြင့်နှင့် ဦးသန်းအောင်

တရားပြိုင် မစ္စစ်မေရီဝိန်တို့၏ အကျိုးဆောင်များအဖြစ် ဝတ်လုံတော်ရကြီး ဦးကျော်မြင့်နှင့် ဝတ်လုံတော်ရ ဦးသန်းအောင်တို့က လိုက်ပါဆောင်ရွက်လေသည်။ ဝတ်လုံတော်ရကြီးဦးကျော်မြင့်သည် ထင်ရှားကျော်ကြားသော ဥပဒေပညာရှင်ကြီးတစ်ဦးဖြစ်သည်။ လွတ်လပ်ရေး၏ ဖခင်ဗိုလ်ချုပ်အောင်ဆန်းအားလုပ်ကြံခဲ့သော ဂဠုန်ဦးစော၏ အမှုကိုစစ်ဆေးသော အထူးခုံရုံးတွင် နာယကအဖြစ် ပါဝင်ဆောင်ရွက်ခဲ့သည်။ ဗမာပြည်လွတ်လပ်ရေးရပြီးသောအခါ တရားလွှတ်တော်ချုပ်တွင် တရားဝန်ကြီးဖြစ်လာသည်။ တက္ကသိုလ်တွင်လည်း ဥပဒေပါမောက္ခအဖြစ် ထမ်းရွက်ခဲ့သေးသည်။ ယခုအခါ ဦးကျော်မြင့်သည် အသက်အရွယ် အတန်ငယ်ကြီးရင့်လာပြီ ဖြစ်သော်လည်း အမှုများကို လိုက်ပါဆောင်ရွက်ဆဲ၊ ဥပဒေတာဝန်ကို ထမ်းရွက်ဆဲပင်ရှိသည်။

ဦးသန်းအောင်သည် ဥပဒေမျိုးရိုးမှ ဆင်းသက်လာသော ဝတ်လုံတော်ရတစ်ဦးဖြစ်သည်။ ဘီအေဘွဲ့ကို ကင်းတက္ကသိုလ်မှ ရရှိခဲ့သည်။ သူ၏ဖခင်မှာ တရားလွှတ်တော်တွင် တရားဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ဦးထွန်းဗြဲဖြစ်သည်။ သူ၏ ညီအစ်ကို မောင်နှမများမှာလည်း ဝတ်လုံဘွဲ့ရအကျော်အမော်ရှေ့နေကြီးများဖြစ်ကြသည်။ ဦးသန်းအောင်သည် ဥပဒေပညာတွင် နှံ့စပ်ကျော်ကြားပြီး အကျိုးဆောင်ဝတ်လုံတော်ရကြီးအဖြစ် အမှုအများ

အပြားကို လိုက်ပါဆောင်ရွက်လျက်ရှိသည်။

## တရားပြိုင်(၈) နှင့် (၉)တို့၏ ချေလွှာ

တရားပြိုင်အမှတ် (၈)၊ အယ်(လ်)ထင်လျောင်က ချေလွှာတစ်စောင်ကို သီးသန့်တင်လေသည်။ ထိုချေလွှာက မစ္စစ်မေရီဝိန်နှင့် သားသမီးများတင်သည့် ချေလွှာကို ထောက်ခံထားလေသည်။ ကွယ်လွန်သူ ဦးထင်ဝိန်က (၁)တရားခံ မစ္စစ်မေရီဝိန်ကို လက်ထက်ပြီး တရားပြိုင်အမှတ်(၂)မှ (၇)အထိ သားသမီးများကို မွေးကြောင်း၊ အမေရိကန်ဆေးရုံတွင် ဦးထင်ဝိန်ကွယ်လွန်အနိစ္စရောက်ကြောင်း အစရှိသည့်အချက်များမှလွဲ၍ တရားလို၏ အဆိုလွှာတွင်ပါရှိသည့် အခြား စွပ်စွဲချက်များကို ဘာမျှမသိ။ ကွယ်လွန်သူ ဦးထင်ဝိန်ပြုလုပ်ခဲ့သည့် သေတမ်း စာမှာ ဥပဒေနှင့် ကိုက်ညီသဖြင့် အတည်ဖြစ်ပါသည်ဟု ချေလွှာတွင် ဖော်ပြ ထားသည်။ တရားပြိုင်အမှတ်(၈)အယ်(လ်)ထင်လျောင်မှာကွယ်လွန်သူဦးထင်ဝိန် ပြုလုပ်သည့် သေတမ်းစာအရ ခန့်အပ်ထားသည့် အမွေထိန်းဖြစ်လေသည်။

တရားပြိုင်အမှတ်(၉)မှာ မော်လမြိုင်မြို့ရှိ မြန်မာယေရှုဂိုဏ်း ဘုရားရှိခိုး ကျောင်းဖြစ်သည်။ ကွယ်လွန်သူဦးထင်ဝိန်၏ သေတမ်းစာအရ ၎င်းကျန်ရစ်ခဲ့ သည့် ပစ္စည်းများတစ်ဝက်ကို ထိုဘုရားရှိခိုးကျောင်းကို လှူဒါန်းခဲ့သည့်အတွက် ထိုဘုရားရှိခိုးကျောင်းမှာ တရားပြိုင်တစ်ဦးအဖြစ် အမှုတွင် ထည့်သွင်းစွဲဆိုခြင်း ခံရသည်။ တရားခံအမှတ် (၉) ဘုရားရှိခိုးကျောင်း၏ ချေလွှာမှာလည်းတရားခံ အမှတ်(၈)အယ်(လ်)ထင်လျောင် (အမွေထိန်း)၏ ချေလွှာအတိုင်းပင် ဖော်ပြထား လေသည်။

## မစ္စစ်မေရီဝိန်တို့ သက်သေခံ

ထို့ပြင် မစ္စစ်မေရီဝိန်တို့က သက်သေခံစာချုပ်စာတမ်းများ သတင်းစာ များပါ ကြေညာချက်များကို တရားရုံးတော်သို့ တင်သွင်းခဲ့သည်။ ထိုသက်သေခံ များမှာ ဓာတ်ပုံရိုက်ထားသည့် သေတမ်းစာ (၃၊ ၉၊ ၆၀)။ အိပ်ဆောင်စာအုပ်ငယ် သုံးအုပ်နှင့် ၎င်းစာအုပ်ထဲမှ အမည်နေရပ်။ အယ်လ်၊ အိပ်ချ်၊ ဝိန် မော်လမြိုင်ဟု ဖော်ပြထားသည့် စာရွက်၊ နေးရှင်းသတင်းစာနှင့် ဂါးဒီးယန်းသတင်းစာ နှစ်စောင်ပါ ကြော်ငြာ။ လက်ထက်စာချုပ် ဓာတ်ပုံမိတ္တူ။ သေတမ်းစာမူရင်းတစ် စောင်။ လက်ထက်စာချုပ်မူရင်းတစ်စောင်။ စာတစ်စောင်နှင့် အမျိုးသားမှတ်ပုံ တင်ကဒ်ပြားတို့ ဖြစ်လေသည်။

## နေးရှင်းသတင်းစာ

၁၉၆၁–ခု၊ ဇွန်လ ၁၉ ရက်၊ တနင်္လာနေ့။

## ကျေးဇူးတင်ခြင်း

ကွယ်လွန်သူ အယ်(လ်)ထင်ဝိန်၏ အသုဘတွင် လိုက်ပါပို့ဆောင်ကြသည့် ဆွေမျိုးမိသင်္ဂဟ များ၊ ပန်းချူးခေါင်းဖြတ်အသင်းဝင်များ ဒေါက်တာဘီဝိုင်စတော့ဟောဆင်(အမ်ဒီ) နှင့် အမေရိကန်ဆေးရုံမှ အမှုထမ်းများနှင့် ဝမ်းနည်းကြေကွဲကြောင်း လွမ်းသူ့ပန်းခွေ ပေးပို့ကြသူများကို မစ္စစ်မေရီဝိန်နှင့် မိသားစုတို့က အထူးကျေးဇူး ဥပကာရ တင်ရှိပါသည်။ ကျေးဇူးတင်ကြောင်း တစ်ဦးစီမပြန်ကြားနိုင်ပါသဖြင့် ဝမ်းနည်းကြောင်းအကြောင်းကြားအပ်ပါသည်။

အထက်ပါကြော်ငြာကို မစ္စစ်မေရီဝိန်က နေးရှင်းသတင်း နှင့် ဂါးဒီးယန်းသတင်းစာတို့တွင် ထည့်သွင်းကြော်ငြာခဲ့လေသည်။ ထိုကြော်ငြာနှစ်ခုကိုလည်း သက်သေခံတင်သွင်းသည့်အပြင် ဦးထင်ဝိန်မကွယ်လွန်မီက အင်္ဂလိပ်လိုရေးသားထားခဲ့သောသေတမ်းစာကိုလည်းသက်သေခံတင်သွင်းခဲ့လေသည်။ ထိုသေတမ်းစာမှာ အရေးကြီးသော သက်သေခံတစ်ခုဖြစ်သဖြင့် အင်္ဂလိပ်လို ရေးသားထားသော မူရင်းနှင့် မြန်မာလိုပြန်ဆိုထားချက်ကို အောက်တွင်ပူးတွဲဖော်ပြပါသည်။

## WILL

This is the last will and testament of me, Mr. Lao Htin Wain son of the late Mr., L. T. Ah Kong, resident at No. 4, Tavoy Jetty street, Melamine. I write this will my mind is sound and clear and while I am in full possession of mental faculties,

I bequeath to the Burmese Baptist Church Mollmen one half of my estate consisting of my landed properties, houses and lands situated at Melamine as well as those situated in Rangoon and my money in deposit in the banks at Melamine and also in the banks in Rangoon. This bequest to the church I make out of my earnest desire for the promotion of the kingdom of God through the life and the work of the Burmese Baptist Church at Melamine.

I bequeath the remaining portion of my estate to my wife and children. I appoint Mr. L. Htin Leong deputy superintendent of the Goverment Printing Press Rangoon as the executor of my will.

In witness here of I hereunto put my hand at Melamine on the third of Septmenber in the year one thousand nine hundred sixty.

In the Presence of;- Sd/ L.H Wain

1. Sd/ ? Testier
2. Sd/ ? Chit Swe 3 - 9 - 60

## သေတမ်းစာ

ဤသေတမ်းစာသည် အမှတ် ၄၊ ထားဝယ် သင်္ဘောဆိပ်လမ်း၊ မော်လမြိုင်နေ ကျွန်ုပ် လာအို၊ ထင်ပိန်၊ အဘအမည် မစ္စတာအယ်လ်၊ တီ၊ အကောင်း (ကွယ်လွန်) ၏ နောက်ဆုံးသေတမ်းစာဖြစ်ပါသည်။ ကျွန်ုပ် ၏ သေတမ်းစာကို ရေးစဉ်အချိန်တွင် ကာယသုခ၊ စိတ္တသုခနှင့် ပြည့်ဝကျန်းမာ လျက်ရှိပါသည်။

ကျွန်ုပ်ပိုင်ပစ္စည်းများဖြစ်သည့် မော်လမြိုင်ရှိ မြေများ၊ အိမ်များနှင့် ရန်ကုန် ရှိမြေများ၊ အိမ်များ၊ ရန်ကုန်နှင့် မော်လမြိုင်ရှိဘဏ်များတွင် အပ်နှံထားသော ငွေများအပါအဝင် ကျွန်ုပ်ပိုင်ပစ္စည်းမှန်သမျှ၏ ထက်ဝက်ကို မြန်မာခရစ်ယာန် ဘုရားရှိခိုးကျောင်း၊ မော်လမြိုင်သို့ လှူဒါန်းပါသည်။ ယင်းသို့ လှူဒါန်းရာ၌ ခရစ်ယာန်သာသနာတော်ကမ္ဘာအရှည်တည်တံ့စေရန်အလို့ငှာစေတနာမှန်ရည်သန် လျှက် လှူဒါန်းသည့်ပြင်၊ ယင်းမြန်မာခရစ်ယာန် ဘုရားရှိခိုးကျောင်း၊ မော်လမြိုင် မြို့၏ သာသနာပြုလုပ်ငန်း စည်ပင်အောင်မြင်စေရန် တနည်းရည်သန်ပါသည်။

ကျွန်ုပ်ပိုင်ပစ္စည်းများအနက်ကျန်တစ်ဝက်ကိုမူ ကျွန်ုပ်၏ဇနီးနှင့်သားသမီး များအတွက် ထားရစ်ခဲ့ပါသည်။ ကျွန်ုပ်၏ သေတမ်းစာကို ကျွန်ုပ်၏ ဆန္ဒအတိုင်း အကောင်အထည်ဖော်နိုင်စေခြင်းအလို့ငှာလည်း အစိုးရပုံနှိပ်တိုက်မှ ဝန်ထောက် ဖြစ်သည့်မစ္စတာအယ်(လ်)ထင်လျောင်အား အမွေထိန်းအဖြစ် တာဝန်ပေးခန့်အပ် ပါသည်။

ကျွန်ုပ်သည် အထက်ပါသေတမ်းစာကို ကာယသုခစိတ္တသုခ နှစ်ဖြာ လန်းရွှင်စွာဖြင့် ခရစ်သက္ကရာဇ် တစ်ထောင်ကိုးရာခြောက်ဆယ်ပြည့်နှစ်၊ စက်တင် ဘာသုံးရက်နေ့၊ မော်လမြိုင်မြို့တွင် အောက်ပါဂုဏ်သရေရှိ သက်သေ လူကြီး များရှေ့မှောက်၌ လက်မှတ်ရေးထိုးအပ်ပါသည်။

| | |
|---|---|
| အသိသက်သေ | (ပုံ) |
| ၁။ ပုံ (ပုံ) | (အယ်လ်၊ အိပ်ချ်၊ ဝိန်) |
| ..................... | သေတမ်းစာရေးသူ |
| ၂။ ပုံ(အယ်လ်၊ အိပ်ချ်၊ ဝိန်) | ၃-၉-၆၀ |
| ..................... | |
| (ချစ်ဆွေ) | |

# (၃)
# အမှုအဖြစ်အပျက်နှင့် တရားရုံးစစ်ချက်များ

# [၂]
# အမှုအဖြစ်အပျက်နှင့် တရားရုံးစစ်ချက်များ

မိမိသည် မယားပြိုင် (co-wife) ဖြစ်၍၊ မစွစ်မေရီဝိန်နှင့် တန်းတူ ဦးထင်ဝိန်၏ အမွေကို ခံစားခွင့်ရှိပါသည်။

**(ဒေါ်ကြည်ကြည်)**

## ဒေါ်ကြည်ကြည်ထွက်ချက်

တရားလို အကျိုးဆောင် ဒေါက်တာဘဟန်က မေးမြန်းသဖြင့် တရားလို ဖြစ်သူ ဒေါ်ကြည်ကြည်က အောက်ပါအတိုင်း သစ္စာပြု၍ ထွက်ဆို အစစ်ခံလေသည်။

ကျွန်မ အသက် ၁၉ နှစ်အရွယ်က အိမ်ထောင်ကျပါသည်။ ၁၉၃၅ ခုနှစ်က ရန်ကုန်မှ ဦးငွေဇင်ဆိုသူနှင့် အိမ်ထောင်ကျခြင်းဖြစ်ပါသည်။ လမ်းဌာနမှ ဝန်ထောက်ဖြစ်ပါသည်။ ဦးငွေဇင်နှင့် အိမ်ထောင်ကျပြီးသည့်နောက် ကျွန်မတို့

ထားဝယ်မှာသွားနေရပါသည်။ ထားဝယ်မှနေ၍ အမြို့မြို့သို့ ဦးငွေဇင်ပြောင်းရွှေ့ရသည့်အခါများ၌ ကျွန်မ ၎င်းနှင့်အတူလိုက်၍ နေထိုင်ခဲ့ပါသည်။

ဦးငွေဇင်နှင့် ကျွန်မသားသမီး ၃ ယောက်ထွန်းကားပါသည်။ သားကြီးမောင်တင်အောင်မှာ ၁၉၃၇ ခုနှစ်ကမွေးပါသည်။ ဒုတိယသမီး မိန်းကလေးမခင်မူကို ၁၉၃၉ ခုနှစ်ကမွေးပါသည်။ တတိယသားကလေး မောင်ဖုန်းမြင့်ကို ၁၉၄၁ ခုနှစ်က မွေးပါသည်။

ပထမခင်ပွန်းသည် ဦးငွေဇင်မှာ ၁၉၄၈ ခုနှစ်၊ မေလက သထုံ၌ အနိစ္စရောက်သွားပါသည်။ သထုံမြို့မှာ ၎င်းနောက်ဆုံး အမှုထမ်းခဲ့သည့် အရပ်ဖြစ်ပါသည်။

ကွယ်လွန်သူဦးထင်ဝိန်ကို ၁၉၄၇ခုနှစ်က ကျွန်မ,စသိပါသည်။ ကျွန်မ၏ ပထမခင်ပွန်းသည် ဦးငွေဇင်နှင့်ဦးထင်ဝိန်တို့မှာ မိတ်ဆွေများဖြစ်ကြပါသည်။ ဦးထင်ဝိန်နှင့် သထုံမြို့၌ ကျွန်မခင်ပွန်းသည် မဆုံးမီကတည်းက တွေ့ပါသည်။

## မော်လမြိုင်ခေါ်သွား

ဦးငွေဇင်သေဆုံးပြီး ၆ လလောက်အကြာတွင် သထုံမြို့ကို သူပုန်များဝင်စီးပါသည်။ သူပုန်များဝင်စီးသည့်အတွက် ဦးထင်ဝိန်က ကျွန်မကို မော်လမြိုင်သို့ ခေါ်သွားပါသည်။ ထိုအခါ ကျွန်မ၏ပထမအိမ်ထောင်နှင့်ရသည့် သားသမီးများလည်းပါသွားပါသည်။ မော်လမြိုင်ရောက်သည့်အခါ ဦးထင်ဝိန်က ကျွန်မတို့သားအမိအား မစ္စတာတန်ဟုတ်စိန်အိမ်တွင်ထားပါသည်။ တန်ဟုတ်စိန်မှာကျွဲခြံရပ်မှ သတ္တုတွင်းပိုင်ရှင်တစ်ဦး ဖြစ်ပါသည်။ သူ့အိမ်မှာ တစ်လနီးပါးနေရပါသည်။ တန်ဟုတ်စိန်အိမ်မှ ဟောက်တင်လမ်း၊ အိမ်အမှတ် (၁၇) သို့ပြောင်းနေပါသည်။ ထိုအိမ်သို့ ဦးထင်ဝိန်ခေါ်သွားပါသည်။ ထိုအိမ်ကို ဦးထင်ဝိန်ငှားပေးပြီး ၎င်းက လခပေးပါသည်။ ထိုစဉ်က ဦးထင်ဝိန်မှာ မစ်ရှင်လမ်းနှင့်ညောင်တုန်းလမ်းထောင့်က အိမ်တွင်နေပါသည်။ ၁၉၄၈ ခုနှစ်၊ နိုဝင်ဘာလလောက်တွင် ဦးထင်ဝိန်သည်ကျွန်မနှင့်အတူ ဟောက်တင်လမ်း၊ အိမ်သို့လာ၍နေပါသည်။

ထိုအခါက ဦးထင်ဝိန်သည် မော်တော်ကားများ ကန်ထရိုက်ဆွဲ၍ ပြင်ပြီးပြန်ရောင်းပါသည်။ ထို့ပြင် ဦးထင်ဝိန်သည် ကျွန်မနှင့်အတူ မီးရထားကန်ထရိုက်အလုပ်လည်းလုပ်ပါသည်။ ရသည့်ငွေများကို ကျွန်မတို့ နှစ်ယောက်စလုံးစုပေါင်း

ပြီး သုံးကြပါသည်။

ကျွန်မကို ဦးထင်ဝိန်က မော်လမြိုင်သို့ခေါ်လာသည့်အတွက် ၎င်း၏ မိန်းမကစိတ်ဆိုး၍ အိမ်ပေါ်မှ ဆင်းသွားပါသည်။ ထိုအခါက မော်လမြိုင်သို့ ကျွန်မနှင့်အတူ ကျွန်မအဖေလည်းပါလာပါသည်။ ဦးထင်ဝိန်ကကျွန်မအဖေကို ကျွန်မနှင့် ၎င်းသည် အတည်တကျ ပေါင်းသင်းမည်ဟု ပြော၍ ကျွန်မနှင့်အတူ လာနေပါသည်။

## မပြန်တော့

ဤကဲ့သို့ ကျွန်မနှင့် တစ်နှစ်လောက် ပေါင်းသင်းနေထိုင်ပြီးနောက် ဦးထင်ဝိန်၏ မိန်းမသည် ရန်ကုန်မှ မော်လမြိုင်သို့ ပြန်လာပါသည်။ ရန်ကုန်မှာ ဒုက္ခရောက်နေသဖြင့် ဦးထင်ဝိန်အား ပြန်ခေါ်ပေးပါဟု ခရစ်ယာန်အသင်းမှ လူကြီးများကို တိုင်ကြားပါသည်။ ခရစ်ယာန်လူကြီးများပြောသဖြင့် ဦးထင်ဝိန်က သွားတွေ့ပါသည်။ ကျွန်မနှင့်အတူ ဆက်လက်နေပါသည်။ သို့ရာတွင် ည ၉–နာရီခန့်တွင် မစ်ရှင်လမ်းထောင့်က အိမ်သို့ပြန်အိပ်ပါသည်။ ဤကဲ့သို့ နေ့ကျွန်မနှင့် ညမစ်ရှင်လမ်းထောင့် အိမ်ပြန်လုပ်နေသည်မှာ ၆ လ ခန့်ကြာ ပါသည်။ ထိုကဲ့သို့နေပြီး ၎င်း၏မိန်းမနှင့် ရန်ဖြစ်သဖြင့် ကျွန်မနှင့် အပြီးလာနေ ပါသည်။ ညများတွင် အိမ်သို့မပြန်တော့ပါ။

ဟောက်တင်လမ်း (ခေါ်) ကျားသံတံတားလမ်း၊ အိမ်အမှတ် ၁၇ မှာ နှစ်ထပ်အိမ်ဖြစ်ပါသည်။ ကျွန်မတို့က အပေါ်ထပ်တွင် နေပါသည်။ အောက်တွင် ကော်မရှင်နှင့်သက်သေအဖြစ်ဖြင့် အစစ်ခံသူဦးဘအေးနေပါသည်။ ဦးဘအေးမှာ မော်လမြိုင်အက်စ်ပီဒီကျောင်းမှကျောင်းဆရာကြီးဖြစ်ပါသည်။ ဟောက်တင်လမ်း အိမ်သို့ ကျွန်မတို့ ပြောင်းပြီးနောက်လည်း တန်ဟုတ်စိန်သည် ထိုအိမ်သို့အမြဲ လာပါသည်။

## ဒေါက်တာစံလင်းနှင့် ဆေးကု

သက်သေအဖြစ်ဖြင့် ကော်မရှင်နှင့် အစစ်ခံသူ ဒေါက်တာစံလင်းကို သိပါသည်။ ဟောက်တင်လမ်းအိမ်သို့ ရောက်ပြီး တစ်နှစ်ခန့် အကြာတွင် မော်လမြိုင်မြို့မှ နေဝင်မီးငြိမ်းအမိန့် ထုတ်ထားပါသည်။ ထိုအခါက ကျွန်မ ကလေးပျက်ပါသည်။ ဦးထင်ဝိန်နှင့်ရသည့် ကလေးဖြစ်ပါသည်။ ဦးထင်ဝိန်ရှိပါ သည်။ ဒေါက်တာစံလင်းကို သူသွားခေါ်ပါသည်။ ည နာရီပြန်တစ်ချက်ခန့်

ရှိပါသည်။ ဒေါက်တာစံလင်းပါလာသည်။ ကျွန်မသည် သွေးအမြောက်အမြား သွန်ပြီး သတိလစ်လျက်ရှိနေပါသည်။ မနက် ၄ နာရီ၊ ၄ နာရီခွဲလောက်မှ သတိပြန်ရပါသည်။

ကျွန်မသတိရသည့်အချိန်ထိဒေါက်တာစံလင်းရှိနေပါသည်။ ဒေါက်တာစံလင်းကို ဦးထင်ဝိန်ပဲ ခေါ်လာပါသည်။ ဒေါက်တာစံလင်းသည် နောက် ၁၆ ရက်လောက်ဆက်၍ ကျွန်မအား အိမ်တွင်လာကြည့်ပါသည်။ ဆေးဝါးခကို ဦးထင်ဝိန်ပဲ ပေးပါသည်။ ကျွန်မလမ်းပြန်လျှောက်နိုင်သည့်အခါတွင် ဒေါက်တာစံလင်းဆေးတိုက်သို့ သွား၍ ဆက်ပြီးနေ့စဉ် ဆေးထိုးရပါသည်။ နှစ်ပတ်ခန့် တစ်ရက်ခြားတစ်ခါ ဆေးထိုးရပါသည်။ ဒေါက်တာစံလင်းဆိုင်သို့ ဆေးသွားထိုးသည့် အခါများ၌ ကျွန်မ၏အမများပါပါသည်။ ဦးထင်ဝိန်လည်း တစ်ခါတရံ ပါပါသည်။

ဦးထင်ဝိန်ကိုလည်း ဒေါက်တာစံလင်းက လိပ်ခေါင်းရောဂါ ကုပေးရပါသည်။ ဟောက်တင်လမ်းအိမ်မှာပဲ ဦးထင်ဝိန်ကို ကုပေးပါသည်။ ကျွန်မက လေး ပျက်ပြီးနောက်မှ ဦးထင်ဝိန်ဒေါက်တာစံလင်းနှင့် လိပ်ခေါင်းရောဂါကု ပါသည်။ ဦးထင်ဝိန် လိပ်ခေါင်းရောဂါ စွဲကပ်သည့်အခါကကျွန်မပဲပြုစုပါသည်။ ကျွန်မတို့ တစ်အိမ်လုံးကို ဒေါက်တာစံလင်းက ဆေးကုပေးပါသည်။

## ရန်ကုန်ပြောင်း

၁၉၅၁ ခုနှစ်ကျတော့ မော်လမြိုင်မှ ရန်ကုန်သို့ ပြောင်းလာပါသည်။ ၁၉၅၁ ခုနှစ် မကုန်ခင်လောက်တွင် ဖြစ်ပါသည်။ ကျွန်မတို့နှစ်ယောက် အလုပ်လုပ်လို့ရသည့်ငွေများကို ဦးထင်ဝိန်က သူ့နာမည်တစ်ခုတည်းနှင့် ဘဏ်တွင် အပ်ပါသည်။ ထို့ကြောင့် ငွေကြေးကိစ္စနှင့် ပတ်သက်ပြီး ၎င်းနှင့်ကျွန်မ စကားများပါသည်။ စိတ်ဆိုးပြီးကျွန်မ ရန်ကုန်ထွက်လာပါသည်။ ကျွန်မ ရန်ကုန်ရောက်ပြီး ၃ ရက်လောက်အကြာတွင် ဦးထင်ဝိန်လိုက်လာပါသည်။ သူက မော်လမြိုင်သို့ ပြန်ခေါ်ပါသည်။ ကျွန်မက မလိုက်ဟု ပြန်ပြောလိုက်ပါသည်။ ၃၉ လမ်းမှ ဦးထင်ဝိန်၏ အစ်ကို ဦးထင်စန်၏အိမ်သို့ ကျွန်မလာတည်းပါသည်။ ဦးထင်စန်မရှိတော့ပါ။ သေသွားပါပြီ။ ဦးထင်စန်သည် ကျွန်မညီမနှင့် အကြောင်းပါပါသည်။ ဦးထင်ဝိန်က သူများအိမ်မှာ မနေပါနှင့် တိုက်ခန်းတစ်ခုငှားပေးမည်ဟု ကျွန်မအားပြောပါသည်။

ရန်ကုန်မြို့၊ ၃၉ လမ်း၊ အမှတ် ၂၀၆ တိုက်ခန်းကို ပထမ ဦးထင်ဝိန် ကငှားပေးပါသည်။ ထိုအခန်းတွင် ဦးထင်ဝိန်ကကျွန်မနှင့် အတူလာနေပါသည်။ ဦးထင်ဝိန်သည် သူ့အလုပ်ရှိသည့်အခါများ၌ မော်လမြိုင်သို့ ပြန်သွားပါသည်။ သွားချီလာချီ လုပ်နေပါသည်။ ကျွန်မကလည်း မီးရထားကန်ထရိုက်တာဆက်၍ လုပ်နေပါသည်။ ကျွန်မအမည်နှင့် လုပ်ပါသည်။ ၄ နှစ်လောက်ဆက်လုပ်ပါသည်။ ထိုမီးရထားကန်ထရိုက်အလုပ်ကိုဦးထင်ဝိန်ကမလုပ်စေချင်ပါ။ ခဏခဏ စကားများသဖြင့် နောက်ဆက်မလုပ်တော့ပါ။

ထို့နောက် ၃၉ လမ်း၊ အမှတ်၂၀၆ မှ၊ ၄၂ လမ်း၊ ၁၃၃ သို့ ကျွန်မတို့ ပြောင်းသွားပါသည်။ ဦးထင်ဝိန်ကပဲ ထိုတိုက်ခန်းကို ငှားပေးပြီး အခန်းအတွက် လခကိုလည်းပေးပါသည်။ အဲဒီမှတစ်ဆင့် ယခုလက်ရှိနေသည့် အိမ်အမှတ် ၂၉၄၊ အခန်းနံပါတ်(၆)၊ ဗိုလ်အောင်ကျော်လမ်း(စပတ်လမ်း)သို့ ပြောင်းသွားပါသည်။ ၎င်းအခန်းကိုလည်း ဦးထင်ဝိန်ကပင် ငှားပေးပါသည်။ အိမ်လခကို လည်း သူပဲပေးပါသည်။ စပတ်လမ်း အိမ်ရောက်တော့လည်း ဦးထင်ဝိန်သည် ကျွန်မနှင့်ပဲနေပါသည်။ မော်လမြိုင်သို့လည်းသွားပါသည်။ ဒီမှာနေလိုက်ဟိုမှာ နေလိုက်လုပ်ပါသည်။ မော်လမြိုင်တွင် သင်္ဘောကိုယ်စားလှယ်အလုပ် ဦးထင်ဝိန် လုပ်ပါသည်။

## ကြည်လို့ခေါ်

ဦးထင်ဝိန်က ကျွန်မကို "ကြည်"လို့ခေါ်ပါသည်။ ကျွန်မက သူ့ကို "အန်ကယ်"လို့ခေါ်ပါသည်။ အကြောင်းမပါခင်ကတည်းကဒီလိုပဲခေါ်ပါသည်။ ဒီလိုပဲ နှုတ်ကျိုးနေပါသည်။ ထိုစာအိတ်ပေါ်တွင် ရန်ကုန်စာတိုက်က ရိုက်နှိပ်ထားသည့် တံဆိပ်မှာ ၃၁-၅-၆၁၊ ညနေ ၃ နာရီခွဲအချိန်ဖြစ်ပါသည်။

### ဆေးရုံတင်

ထိုစာရပြီး တစ်ပတ်အတွင်း မော်လမြိုင်မှ တယ်လီဖုန်း အော်ပရေတာ တယ်လီဖုန်းနှင့် ကျွန်မအားစကားပြောပါသည်။ မစ္စတာဝိန် သွေးတွေအန်လို့ လေယာဉ်ပျံနှင့် လိုက်လာသည်။ လူနာတင်ကားနှင့် ကြိုပါဟု ပြောပါသည်။ ဗိုလ်မှူးကြီးဆော်လမွန်၏ အကူအညီဖြင့် ဗဟိုမီးသတ်ကြီးမှ လူနာတင်ကားရပါသည်။ ထိုကားနှင့် ကျွန်မ လေဆိပ်သို့သွားပါသည်။ ငှားခငွေ၄၀/-ပေးရပါသည်။ ဗိုလ်မှူးကြီးဆော်လမွန်နှင့် ကျွန်မငယ်ငယ်ကတည်းက သိပါသည်။ ဦးထင်ဝိန်နှင့်

လည်း ဗိုလ်မှူးကြီး ဆော်လမွန်သိပါသည်။ ဗိုလ်မှူးကြီး ဆော်လမွန်သည် ကျွန်မတို့ ရန်ကုန်ရောက်လာတော့လာလည်ပါသည်။ ၄၂ လမ်းအိမ်ကိုလည်း လာလည်ဖူးပါသည်။ ယခုနေသည့် အိမ်ကိုလည်း လာလည်ဖူးပါသည်။ ၎င်းနှင့် ကျွန်မ ရင်းနှီးပါသည်။

လေဆိပ်ရောက်သည့်အခါ လေယာဉ်ပျံဆိုက်တော့ ဦးထင်ဝိန်သည် ကိုယ်တိုင်လမ်းလျှောက်ပြီးဆင်းလာပါသည်။ ရန်ကုန်ရောက်တော့သက်သာလာပြီဟုပြောပြီးကျွန်မကားနှင့်ပဲ စပတ်လမ်းအိမ်သို့ အတူလိုက်ခဲ့ပါသည်။ လူနာတင်ကားကိုမသုံးပါ။ အိမ်ရောက်သည့်အခါဦးထင်ဝိန်သည် သွေးဝမ်းသွားသဖြင့် အမေရိကန်ဆေးရုံသို့တင်ရပါသည်။ ကျွန်မစောင့်မှ သူကဆေးရုံတက်မည်ဟုပြောသဖြင့် ကျွန်မစောင့်ခွင့်တောင်းရပါသည်။ ကျွန်မ စောင့်ခွင့်လက်မှတ် ရပါသည်။ ၃ ရက်တိတိစောင့်ရပါသည်။ မေလ ၅ ရက်နေ့က ရောက်ပါသည်။ အဲဒီနေ့ကပဲ ဆေးရုံတက်ရပါသည်။ သက်သေခံလက်မှတ် (၄) စောင်တို့မှာ ဆေးရုံစောင့် ဝင်ခွင့်လက်မှတ်များဖြစ်ပါသည်။ သက်သေခံဖြတ်ပိုင်းတို့မှာ ဆေးရုံခပေးရသည့် လက်မှတ်များဖြစ်ပါသည်။ ကျွန်မ၃ရက်စောင့်ပြီးသည့်အခါ ဆရာဝန်များက ကျွန်မအား အနားယူရန်ပြောပါသည်။ နေ့အထူးဆရာမနှင့် ညအထူးဆရာမ ထားပေးပါသည်။

ဆေးရုံတက်သည့် ညနေတွင် ၎င်း၏ညီတစ်ဝမ်းကွဲ ဦးထင်တိန်အား အကြောင်းကြားလိုက်ပါသည်။ နောက်တစ်နေ့တွင် ဦးထင်ဝိန်၏ အစ်ကို ဦးထင်ဝါနှင့် ဦးထင်တိန်တို့ လာကြပါသည်။ ကျွန်မရှိပါသည်။ ဦးထင်ဝိန်လည်း ၅ ရက်နေ့ညက သွေးသွင်းထားသည့်အတွက် ၆ ရက်နေ့နံနက်တွင် အတော်ပင်ပန်းလာပါသည်။ ဦးထင်ဝါတို့လာသည့်အခါ ၎င်းတို့အား ဦးထင်ဝိန်က သူ၏ မိန်းမနှင့်ကလေးများ ရက်စက်သည့်အကြောင်း ငိုပြီးဒေါသနှင့် တိုင်ပြောသည့်အတွက် သွင်းထားသည့် သွေးများ ပြန်အန်ပါသည်။

နှစ်ခါအန်ပါသည်။ အန်ပြီးနောက်ပျော့ကျသွားသဖြင့် ဆရာဝန်က ဆေးလာထိုးပါသည်။ ဆေးထိုးပြီးအိပ်ပျော်သွားပါသည်။ ထိုနေ့ညနေ ၆ နာရီခွဲလောက်တွင် ၎င်း၏သမီးဝင်နီ ဆေးရုံသို့ ရောက်လာပါသည်။ ထိုစဉ်က ဘဏ်တိုက်မှ ဦးစိုးမောင်လည်း ရှိပါသည်။ ၈ ရက်နေ့ မနက်တွင် ကျွန်မ အိမ်ပြန်ပါသည်။ မနက်တိုင်း ကျွန်မ ဆေးရုံသို့ပြန်လာပါသည်။ ဆေးရုံတွင် ညမအိပ်တော့ပါ။

# ကွယ်လွန်

ဦးထင်ဝိန်သည် ၁၆–၆–၆၁ ရက်နေ့က ကွယ်လွန်အနိစ္စရောက်သွားပါသည်။ အနိစ္စရောက်သည့်အကြောင်းကို သတင်းစာထဲတွင် နာရေးကြော်ငြာအဖြစ်ဖြင့် ထည့်ပါသည်။ ၁၇–၆–၆၁ နေ့ထုတ် နေးရှင်းသတင်းစာတွင် ကြော်ငြာပါပါသည်။ ၁၉–၆–၆၁ ရက်နေ့ထုတ် နေးရှင်းသတင်းစာတွင် မစ္စစ်မေရီဝိန်နှင့် ကျွန်မပါ နှစ်ဦးတို့က ကျေးဇူးတင်ကြောင်း ကြော်ငြာများ ထည့်ပါသည်။ ၁၉–၆–၆၁ ရက်ထုတ်ဂါးဒီးယန်းသတင်းစာထဲတွင်လည်း မစ္စစ်မေရီဝိန်နှင့် ကျွန်မတို့က ဦးထင်ဝိန်၏ ဈာပနကိစ္စအတွက် ကျေးဇူးတင်ကြောင်းကြော်ငြာများ ထည့်ပါသည်။ ၂၁–၆–၆၁ ရက်နေ့ထုတ် ကြေးမုံသတင်းစာတွင် ဦးထင်ဝိန်အတွက် သံဃာတော် ၆၅ ပါး ဆွမ်းပင့်ကျွေးသည့် ဆွမ်းကျွေးကို ဖိတ်စာအနေနှင့် ကျွန်မထည့်ပါသည်။ ထိုဘုန်းကြီးဆွမ်းကျွေးကို ဖိတ်သည့် ကြော်ငြာစာများ၊ ဂါးဒီးယန်းနှင့် နေးရှင်းသတင်းစာများထဲ၌ ကျွန်မ ထည့်ပါသည်။ ၂၁–၆–၆၁ ရက်စွဲနှင့် ထည့်ပါသည်။ ဦးထင်ဝိန်ဆုံးပြီးနောက်နေ့ (၁၇–၆–၆၁) ရက်နေ့က မော်လမြိုင်မှ ဒေါက်တာစွမ်ဒရမ်ထံက သံကြိုးရပါသည်။ ထိုဒေါက်တာစွန်ဒရမ်ကိုလည်း မော်လမြိုင်တွင် ကော်မရှင်နှင့် စစ်ရန် ကျွန်မလျှောက်ပါသည်။

ဒေါက်တာစွန်ဒရမ်ကို ကျွန်မသည် ၁၉၄၈ ခုနှစ်၊ မော်လမြိုင် ရောက်ခါစကတည်းကစ၍ သိပါသည်။ ကျွန်မနေမကောင်း၍ ဦးထင်ဝိန်က သူ့ဆေးတိုက်ကို ကျွန်မအားခေါ်သွားသဖြင့် သူကကျွန်မအား ဆေးကုပေးပါသည်။ ဒေါက်တာစွန်ဒရမ်နှင့် ကျွန်မရင်းရင်းနှီးနှီးသိပါသည်။ သူ့ဆေးတိုက်ကို နေမကောင်း၍ နှစ်ခေါက်သုံးခေါက်ရောက်ဖူးပါသည်။ ဦးထင်ဝိန် ပါပါသည်။ ဆေးဝါးကုခကို ဦးထင်ဝိန်ပဲပေးပါသည်။

မော်လမြိုင်က မီးရထားဘက်မှ အင်စပိတ်တော် ဦးနေဝင်းကိုသိပါသည်။ မီးရထားကန်ထရိုက် လုပ်နေရင်း ၎င်းကို ကျွန်မသိပါသည်။ ဦးနေဝင်းနှင့် ဦးထင်ဝိန်လည်းသိပါသည်။ ကျွန်မတို့အိမ်ကိုရောက်ဖူးပါသည်။ ဦးနေဝင်းသည် ရန်ကုန်ရောက်ပြီးမှလည်း ကျွန်မတို့အိမ်ကိုလာပါသည်။ ၄၂ လမ်းတိုက်ကိုလည်း လာပါသည်။ ယခုနေသည့် စပတ်လမ်းတိုက်ကိုလည်း လာပါသည်။

ဦးထင်ဝိန် မသေခင်က သေတမ်းစာရေးထားသည့် အကြောင်းကို ကျွန်မ သိပါသည်။ သူပြော၍သိပါသည်။ သူ၏သေတမ်းစာအတိုင်းအတည်မပြုပေးရန်

တရားစွဲသည့် အထဲတွင်ပါပါသည်။

## တရားဝင်မယား

၁၉၄၈ ကတည်းကစ၍ ကျွန်မသည် ဦးထင်ဝိန်နှင့်အတူ ပေါင်းသင်းနေလာပြီး ၎င်း၏ တရားဝင်မယားဖြစ်သည်ဟု ကျွန်မ၏ အဆိုလွှာတွင် စွပ်စွဲထားပါသည်။ တရားဥပဒေအရ တရားဝင်မိန်းမဖြစ်သည်ဟု ကျွန်မတရားစွဲထားပါသည်။ ဦးထင်ဝိန်၏ ပထမမိန်းမ မေရီဝိန်နှင့် ကျွန်မသည် ညီတူညီမျှ ရ,ရမည်ဟု တရားစွဲထားပါသည်။ အဆိုလွှာတွင် ပူးတွဲ၍ဇယား(က)၌ ပစ္စည်းများမှာ ကျွန်မသိသလောက် ဦးထင်ဝိန်ကျန်ခဲ့သော ပစ္စည်းများဖြစ်ကြောင်း ဖော်ပြထားပါသည်။

ဦးထင်ဝိန်ထားခဲ့သည့် သေတမ်းစာမှာ အမှတ်(၈) နှင့် (၉) တရာခံများတို့၏ လက်ထဲတွင်ရှိပါသည်။

မစ္စတာဗြူကာနင်ဆိုသူကို သိပါသည်။ ဦးထင်ဝိန်နှင့်လည်း သိပါသည်။ သူ့အိမ်ကိုလည်း ကျွန်မတို့ရောက်ဖူးပါသည်။ သူကလည်း ကျွန်မတို့အိမ်ကို ရောက်ဖူးပါသည်။

ယခုသက်သေခံမှာ ဦးထင်ဝိန်၏ လိပ်စာကဒ်ပြားဖြစ်ပါသည်။ ၎င်း၏ နေ့စဉ်မှတ်တမ်းစာအုပ်တွင် တွေ့ပါသည်။ သက်သေခံစာအုပ်တွင် တယ်လီဖုန်းအမှတ် နှစ်ခုရှိပါသည်။ မော်လမြိုင်နှင့် ရန်ကုန်တို့ ဖြစ်ပါသည်။

## သေတမ်းစာ တရားမဝင်

ဤအမှုအရ အောက်ပါအတိုင်း ကျွန်မထွက်ဆိုပါသည်။

(၁) ဦးထင်ဝိန်ထားခဲ့သည့် သေတမ်းစာမှာ တရားမဝင်ကြောင်း၊ (၂) ဦးထင်ဝိန်ထားခဲ့သည့် ပစ္စည်းများကို ရုံးကထိန်းသိမ်း အုပ်ချုပ်ပါမည့်အကြောင်း၊ (၃) ဦးထင်ဝိန်ထားခဲ့သည့် ပစ္စည်းများကို စာရင်းယူရန်၊ (၄) စာရင်းယူပြီး ပေးစရာရှိသည်များနုတ်၍ ကျွန်မအား တစ်ဝက်ပေးရန်။

ကျွန်မသည် ဦးထင်ဝိန်၏ဇနီးဖြစ်ကြောင်း သတင်းစာတွင်ကြော်ငြာ သော်လည်း မည်သူမျှ မကန့်ကွက်ပါ။

ယခုတင်ပြသည့် စာတိုက်မှပို့သည့်စာမှာ ဦးထင်ဝိန်၏သား ချာလီ (၅တရားခံ) ပေးပို့သည့် စာအိတ်ဖြစ်ပါသည်။ ထိုစာအိတ်တွင် ဦးထင်ဝိန်၏

နေအိမ်လိပ်စာမှာ စပတ်လမ်း၊ အမှတ် ၁၉၄ ပထမထပ်၊ အခန်းနံပါတ် ၆ ဟုဖော်ပြထားပါသည်။ သက်သေခံစာအုပ်မှာ ၁၉၆၂ ခုနှစ်အတွက် တယ်လီဖုန်းစာအုပ်ဖြစ်ပါသည်။ ထိုစာအုပ်တွင် ဦးထင်ဝိန်၏ တယ်လီဖုန်း နံပါတ်မှာ ၁၆၅၂၆ ဖြစ်ပါသည်။ ထိုနံပါတ် ၁၆၅၂၆ မှာ ဦးထင်ဝိန်လျှောက်သည့်အခါကစ၍ ဤနံပါတ်ပဲဖြစ်ပါသည်။ ကျွန်မ၏ယခုတယ်လီဖုန်းအမှတ်လည်း ဤအမှတ်ပဲဖြစ်ပါသည်။

*မှတ်ချက်။ ။တရားလို၏ ရှေ့နေကြီးက ဆရာဝန်စွန်ဒရမ်၊ ဦးဘအေးနှင့် ဆရာဝန်ဦးစံလင်းတို့ကို ကော်မရှင်နှင့်စစ်ဆေးထားသည့် ထွက်ချက်များကို တင်ပါသည်။*

ဒေါက်တာစွန်ဒရမ်ကို စစ်သည့်အခါ ကျွန်မထံပို့သည့် ၁၇–၆–၆၁ နေ့စွဲပါ သံကြိုးစာခတ်ပုံကို တင်ပြပါသည်။ ဦးထင်ဝိန်ကွယ်လွန်ကြောင်းကို ကျွန်မက ဂါးဒီးယန်းသတင်းစာ ၁၇–၆–၆၁ နေ့စွဲနှင့် ထုတ်သည်။ ကြေညာချက်ကို ဒေါက်တာစွန်ဒရမ်အား စစ်သည့်အခါ ပြပါသည်။ ၎င်းမှာ သက်သေခံအမှတ်(ခ) ဖြစ်ပါသည်။

မှတ်ချက်။ ။ တရားလိုသည် ၎င်း၏အမျိုးသားမှတ်ပုံနံပါတ် စီဂျေ–၀၂၉၉၂၀ ကိုတင်ပြသည်။ ထိုလက်မှတ်တွင် အိမ်ထောင်ရေးအခြေအနေမှာ "ရှိ" (ဦးဝိန်) ဟု ရေးထားကြောင်း မှတ်သားထားလိုက်သည်။ လိပ်စာမှာ ရန်ကုန်မြို့၊ စပတ်လမ်း၊ အိမ်အမှတ် ၁၉၄ ဟုရေးထားကြောင်းကိုလည်း မှတ်သားထားသည်။ ထိုလက်မှတ်ကို သက်သေခံအဖြစ်ဖြင့် သွင်းထားရန် မဖြစ်ကြောင်း တရားလို၏ရှေ့နေကြီးက ပြောကြားသဖြင့် ကြည့်ရှုပြီး ပြန်ပေးလိုက်သည်။

ယခင်တစ်ပတ် ရုံးချိန်းရက်က တစ်ဖက်မှ ရှေ့နေကြီးများက ကျွန်မ၏ အမျိုးသားမှတ်ပုံတင်လက်မှတ်ကို တင်ပြရန်ပြောသဖြင့် ယနေ့ ကျွန်မ ယူလာပါသည်။ ထိုလက်မှတ်အရဆိုလျှင် ဗိုလ်တထောင်ဌာနပိုင်၊ အလယ်ပိုင်းရပ်ကွက်၊ စပတ်လမ်း၊ အိမ်အမှတ် ၁၉၄ တွင်နေထိုင်သည်ဟု ပြထားပါသည်။ အမည်မှာ ဒေါ်ကြည်ကြည်ဟု ရေးထားပါသည်။ အဘအမည်မှာ ဦးထွန်းဦးဟု ရေးထားပါသည်။ မွေးဖွားသည့်နေ့ရက်မှာ ၁၂၇၉–ခု၊ တော်သလင်းလဆန်း ၁ ရက်ဟု ရေးထားပါသည်။ မွေးဖွားသည့်အရပ်မှာ သထုံဖြစ်ကြောင်းရေးထားပါသည်။ အလုပ်အကိုင်မှာ မှီခိုသူအဖြစ်နှင့်ရေးထားပါသည်။ အိမ်ထောင်ရေးအခြေအနေ

မှာ ရှိသည်ဟုရေးထားပြီး ကွင်းပိတ်နှင့် ဦးဝိန်ဟု ရေးထားပါသည်။ ကျွန်မ၏ အမျိုးသားမှတ်ပုံတင်လက်မှတ် ထုတ်ပေးသည့် နေ့စွဲမှာ ၉၊၁၂၊၅၁ ရက်နေ့ ဖြစ်ပါသည်။ လက်ထောက်မှတ်ပုံတင်အရာရှိက ၃၊၁၊၅၉ နေ့မှာ လက်မှတ်ထိုး ပါသည်။ ထိုအမျိုးသားမှတ်ပုံတင်လက်မှတ်မှာ အမြဲဆောင်ထားရသဖြင့် သက်သေခံ အဖြစ်ဖြင့် ဤအမှုတွင် မတင်နိုင်ခြင်းဖြစ်ပါသည်။ ထိုလက်မှတ်ကို တရားသူကြီးလက်မှတ်ထိုးပေးပြီး ကျွန်မအားပြန်ပေးပါသည်---စသည်ဖြင့် ထွက်ဆိုသွားသည်။

## ပြန်လှန်မေး

ထို့နောက် မစ္စစ်မေရီဝိန်၏ အကျိုးဆောင် ဝတ်လုံတော်ရကြီး ဦးကျော်မြင့်က ပြန်လှန်မေးခွန်းများ မေးမြန်းသဖြင့် ဒေါ်ကြည်ကြည်က အောက်ပါအတိုင်း ဖြေကြားထွက်ဆိုသွားလေသည်။

မေး။ ။ဦးဝိန်ဆိုသူမှာ ၎င်းအမြဲသုံးစွဲသည့် အမည်မှာ ဦးထင်ဝိန်မဟုတ် လား။

ဖြေ။ ။ဦးဝိန်လည်းခေါ်ပါသည်။ ဦးထင်ဝိန်လည်း ခေါ်ပါသည်။ ရန်ကုန်မှာတော့ ဦးထင်ဝိန်လို့ပဲ ခေါ်ကြပါသည်။ အင်္ဂလိပ်လိုသူသည် 'အယ်လ်ထင်ဝိန်' ဟု လက်မှတ်ထိုးပါသည်။ ယခုသက်သေခံမှာ ဦးထင်ဝိန်အမြဲဆောင်သည့် နေ့စဉ်မှတ်တမ်း စာအုပ်ဖြစ်ပါသည်။ သက်သေခံစာရွက်မှ စာလုံးများသည် ဦးထင်ဝိန်ကိုယ်တိုင် ရေးထားသည့် စာလုံးများဖြစ်ပါသည်။ သက်သေခံစာရွက်ပေါ်တွင် ဦးထင်ဝိန်က ၎င်းအမည်ကို 'အယ်လ်အိပ်ချ်–ဝိန်'ဟု ရေးထားပါသည်။ ၎င်း၏လိပ်စာကို 'မော်လမြိုင်'ဟု ရေးထားပါသည်။ တယ်လီဖုန်းနံပါတ်ကို '၆၄'ဟု ရေးထားပါသည်။ အတိုကောက်သံကြိုးလိပ်စာကို 'ဝိန်' ဟု ရေးထား ပါသည်။

ဦးဝိန်၏ သင်္ဘောကိုယ်စားလှယ်လုပ်ငန်းမှာ မော်လမြိုင်တွင်ရှိပါသည်။ ဦးထင်ဝိန်ပေါ်တွင် အမြတ်တော်ကြေးဘယ်မြို့မှာ စီးကြပ်သည်ဆိုတာ ကျွန်မ မသိပါ။

မိုင်းကိစ္စနှင့် ဦးထင်ဝိန်သည် ဦးငွေဇင်နှင့်ပါလာသည့်အခါကစပြီး ကျွန်မ သိပါသည်။ ဦးထင်ဝိန်တွင် သတ္တုတွင်းနေရာရှိပါသည်။ ဦးငွေဇင်ကို စပ်တူ လုပ်ရန်လာပြောသည်။ ထိုအခါက ဦးငွေဇင်သည်အစိုးရအလုပ်လုပ်နေပါသည်။

ဦးထင်ဝိန်နှင့် ဦးငွေဇင်တို့သည် သတ္တုတွင်းလုပ်ငန်း စပ်တူမလုပ်ဖြစ်ပါ။

ဦးငွေဇင်သေဆုံးပြီး ၆–လ ခန့်အကြာတွင် သထုံမြို့ကို သူပုန်များဝင်စီး၍ ဦးထင်ဝိန်က ကျွန်မကို မော်လမြိုင်သို့ ခေါ်သွားသည်ဟု အရင်က ကျွန်မ ထွက်ဆိုခဲ့ပါသည်။ ထိုကဲ့သို့ ဦးထင်ဝိန်က သထုံမှ မော်လမြိုင်သို့ ကျွန်မကို ခေါ်သွားသည့်အချိန်က ဦးထင်ဝိန်နှင့် ကျွန်မတို့သည် မပေါင်းသင်းကြသေးပါ။ မော်လမြိုင်ရောက်သည့်အခါ ဦးထင်ဝိန်က ကျွန်မတို့သားအမိတစ်စုကို မစ္စတာ တန်ဟုတ်စိန်အိမ်တွင် ထားသည်ဟုထွက်ဆိုခဲ့ပါသည်။ မစ္စတာတန်ဟုတ်စိန် အိမ်တွင် ထားသည့်အခါကလည်း ဦးထင်ဝိန်နှင့် ကျွန်မ မပေါင်းသင်းရသေးပါ။ မစ္စတာတန်ဟုတ်စိန်အိမ်မှ မော်လမြိုင်မြို့ ဟောက်တင်လမ်းအိမ်သို့ ကျွန်မတို့ ပြောင်းသွားပါသည်။ ထိုအိမ်ကျမှ ဦးထင်ဝိန်နှင့် ကျွန်မ ပေါင်းသင်းပါသည်။ ဟောက်တင်လမ်းမှာ လမ်းတိုကလေးဖြစ်ပါသည်။

## မယားတစ်ယောက်ရှိမှန်းသိ

ထိုအခါက ဦးထင်ဝိန်တွင် ခရစ်ယာန်မယားတစ်ယောက်ရှိသည်ဆိုတာ ကျွန်မသိပါသည်။ ၁– တရားခံ မေရီဝိန်ဖြစ်ကြောင်းသိပါသည်။ ထိုအခါက ၁–တရားခံကိုလူချင်းမသိပါ။ ကြားရုံကြားဖူးပါသည်။ ထိုအခါကဦးထင်ဝိန်တွင် မယားကြီးမစ္စစ်မေရီဝိန်နှင့် သားသမီးများရှိသည်ဆိုတာ ကျွန်မသိပါသည်။

ဟောက်တင်လမ်းတွင် ကျွန်မနေစဉ်က မစ္စစ်မေရီဝိန်တို့နှင့် ကူးသန်း ဆက်ဆံခြင်း ကျွန်မ,မရှိခဲ့ပါ။ ဦးထင်ဝိန်သေသွားသည်အထိ မစ္စစ်မေရီဝိန် တို့သားသမီးတစ်စုနှင့် ကျွန်မသည် ကူးသန်းဆက်ဆံခြင်းမရှိခဲ့ပါ။ တရားလို ဒေါ်ကြည်ကြည်သည် အောက်ပါအတိုင်း အလိုအလျောက်ထွက်ဆိုသည်။

ရန်ကုန်မှာတော့ ဦးထင်ဝိန်၏သားများ မကြာ မကြာ လာပါသည်။ ချာလီဝိန်သည် မကြာ မကြာ လာပါသည်။

ချာလီဝိန်မှာ ဦးထင်ဝိန်၏ မော်လမြိုင်ရှိ သင်္ဘောကိုယ်စားလှယ် လုပ်ငန်း တွင် လခယူ၍ ကူညီနေသူဖြစ်ပါသည်။ လခ ၃၀၀ ကျပ်ရပါသည်။ ချာလီဝိန် သည် အလုပ်ကိစ္စနှင့် သူ့အဖေထံ တစ်ခါတစ်လေလာပါသည်။ သူ့အဖေ မကျန်းမာသည့် အခါလည်း တစ်ခါတစ်လေ လာပါသည်။

ရန်ကုန်မြို့ ၃၅ လမ်းမှ စင်ထရယ်အိုဗားဆီးကုမ္ပဏီကို ကျွန်မသိပါသည်။ ထိုကုမ္ပဏီ၏ တယ်လီဖုန်းနံပါတ်ကို အရင်က ကျွန်မတွေ့ဖူးပါသည်။ အခု

တော့ မမှတ်မိပါ။ စပတ်လမ်းအိမ်တွင်တယ်လီဖုန်းမတပ်ဆင်ခင်က အဲဒီကုမ္ပဏီမှ တယ်လီဖုန်းကို ဦးထင်ဝိန်အသုံးပြုနေသည်ဆိုတာ ကျွန်မ,မသိပါ။

သက်သေခံစာအုပ်တွင် ရန်ကုန်မှ တယ်လီဖုန်းနံပါတ်တစ်ခုကို ဖျက်ပြီး ထိုတယ်လီဖုန်းနံပါတ်အစား ၁၆၅၂၆ ဟု တိုက်နှင့်ရိုက်ထားတာကို ကျွန်မ မြင်ပါသည်။ ဖျက်လိုက်သည့်နံပါတ်မှာ ၁၁၄၇၉ ဖြစ်ပါသည်။ ထိုနံပါတ်မှာ ၃၅ လမ်းမှ ကုမ္ပဏီ၏ တယ်လီဖုန်းနံပါတ် ဟုတ်–မဟုတ် ယခုတော့ ကျွန်မ မပြောနိုင်ပါ။

## နေ့–ကျွန်မနှင့်၊ ည–သူနှင့်

ဦးထင်ဝိန်သည် ဟောက်တင်လမ်းအိမ်သို့ကျွန်မနှင့်အတူလာနေသည်ဟု ကျွန်မထွက်ဆိုထားပါသည်။ ထိုအိမ်သို့ ဦးထင်ဝိန်လာနေပါသည်။ သို့သော် ခဏတဖြုတ်တော့ မစ်ရှင်လမ်းထောင့်မှ အိမ်သို့ပြန်ပါသည်။ ဟောက်တင်လမ်းအိမ်သို့ ကျွန်မရောက်လာပြီး တစ်လလောက်ကြာတော့ မစ္စစ်မေရီဝိန်သည် မစ်ရှင်လမ်းထောင့်အိမ်မှဆင်းသွားပါသည်။ ဘယ်ဆင်းသွားသည်ဆိုတာ ကျွန်မ မသိပါ။ တစ်နှစ်လောက်ကြာတော့ မစ္စစ်မေရီဝိန်သည် ရန်ကုန်မှ ပြန်ရောက်လာပါသည်။ မစ္စစ်မေရီဝိန်ပြန်လာသည့်အခါလည်း ဦးထင်ဝိန်သည် ကျွန်မနှင့် အတူနေပါသည်။ ခရစ်ယာန်အသင်းမှ လူကြီးများပြောသဖြင့် ဦးထင်ဝိန်က မကောင်းတတ်ဘူးဟု ကျွန်မကိုပြောပါသည်။ ည ၉ နာရီလောက်ကျတော့ မစ္စစ်မေရီဝိန်ထံပြန်ပါသည်။ နေ့ ကျွန်မနှင့် နေပါသည်။ ညကို မစ္စစ်မေရီဝိန်နှင့် နေပါသည်။ ခရစ်ယာန်လူကြီးတွေထံ ပြောသည့်အကြောင်းကို ဦးထင်ဝိန်က ကျွန်မကိုပြောသဖြင့် သိရပါသည်။ ကျွန်မကိုယ်တိုင်တော့မကြားပါ။

## ကန်ထရိုက်တာအလုပ်

ဦးငွေဇင်လက်ထက်က ကျွန်မ ဘာအလုပ်မှမလုပ်ပါ။ ဦးထင်ဝိန်နှင့် ပေါင်းသင်းပြီးနောက် မီးရထားဌာနမှ ကန်ထရိုက်အလုပ်များကို ကျွန်မလုပ်ပါသည်။ မီးရထားဌာနမှ အိမ်များဆောက်သည့် ကန်ထရိုက်အလုပ်ဖြစ်ပါသည်။ မီးရထားဌာန ကန်ထရိုက်အလုပ်အတွက် မှတ်ပုံတင်ရသည်ဆိုတာ ကျွန်မ သိပါသည်။ ကျွန်မမှာ ဒုတိယတန်းစားအဖြစ်ဖြင့် ထိုဌာနတွင် မှတ်ပုံတင်ထားပါသည်။ မော်လမြိုင် ဟောက်တင်လမ်းတွင် နေကတည်းကစပြီး ထိုကန်ထရိုက်

အလုပ်ကို လုပ်ပါသည်။

ဦးထင်ဝိန်ကိုယ်တိုင်လည်း မီးရထားဌာနမှ ကန်ထရိုက်အလုပ်များကို လုပ်ပါသည်။ ပထမတော့ အသေးအဖွဲ ကန်ထရိုက်တာအဖြစ် လုပ်ပါသည်။ နောက်တော့ ပြောင်းလိုက်သလားဆိုတာ ကျွန်မ,မသိပါ။ မီးရထားဌာနတွင် ဦးထင်ဝိန်သည် ကန်ထရိုက်တစ်ဦးအဖြစ် မှတ်ပုံတင်ထားပါသည်။

## အိမ်နှစ်အိမ် မရောယှက်

ဟောက်တင်လမ်းတွင် ၁၉၄၈–ခုနှစ်မှ ၁၉၅၁–ခုနှစ်ထိ ကျွန်မနေခဲ့ပါသည်။ ရန်ကုန်ပြောင်းသည်အထိနေပါသည်။ မော်လမြိုင်မှာ နေစဉ်အခါက ဦးထင်ဝိန်သည် မစွစ်မေရီဝိန်တို့နေသည့် အိမ်နှင့် ကျွန်မနေသည့် အိမ်နှစ်ခုကို ခွဲခြားထားပါသည်။ ရောယှက်ခြင်းမရှိပါ။ ရန်ကုန်သို့ ကျွန်မပြောင်းလာတော့လည်း မစွစ်မေရီဝိန်သည် ကျွန်မအိမ်သို့မလာပါ။

ဦးထင်ဝိန်၏ အစ်ကို ဦးထင်တိန်သည် စပတ်လမ်းအိမ်သို့ တစ်ခေါက်တည်းလားဖူးသည်ဆိုသည်မှာ မဟုတ်ပါ။ မကြာမကြာလာပါသည်။

## ဆွေမျိုးတွေနဲ့ အဆက်ဖြတ်ထား

မေး။ ။ဦးထင်တိန်က ဦးထင်ဝိန်မသေမီ သုံးလလောက်က ဦးထင်ဝိန်က ခေါ်လို့ သူအဲဒီတစ်ခေါက်ပဲ စပတ်လမ်းအိမ်သို့ ရောက်ဖူးသည်ဆိုတာ ဘာပြောမလဲ။

ဖြေ။ ။မဟုတ်ပါ။ ဦးထင်ဝိန်၏ဆွေမျိုးများထဲမှဆိုလျှင် စပတ်လမ်းအိမ်သို့လာသူ ဒီတစ်ယောက်ပဲကျွန်မမှတ်မိပါသည်။ ဦးထင်ဝိန်မဆုံးခင်က ပြောတာပါ။ ဆုံးပြီးတော့ ဦးထင်ဝါလာပါသည်။ ဦးထင်ဝါမှာ ဦးထင်ဝိန်၏ အစ်ကိုအရင်းဖြစ်ပါသည်။

မေး။ ။ဦးထင်ဝါ လာတာကတော့ ဘာပစ္စည်းများကျန်ခဲ့သလဲဆိုတာ လာကြည့်တာမဟုတ်လား။

ဖြေ။ ။ဦးထင်ဝါက ကျွန်မ အားမငယ်စေရန်အားပေးစကား လာပြောခြင်းဖြစ်ပါတယ်။

မေး။ ။ဦးထင်ဝိန်၏ ဆွေမျိုးတွေအိမ် ခင်ဗျားတစ်ခါမှ မရောက်ဖူးဘူးမဟုတ်လား။

ဖြေ။ ။ဦးထင်ဝိန်သည် ၎င်း၏ဆွေမျိုးများနှင့် အဆက်ဖြတ်ထားသဖြင့် မသွားပါ။ ဦးထင်ဝိန်အိမ်ကိုသာကျွန်မတစ်ခေါက်ရောက်ဖူးပါသည်။ သူနှင့်ပဲ ဦးထင်ဝိန်က အဆက်အသွယ်ရှိပါသည်။ ဆွေမျိုးတွေနဲ့ အဆက်ဖြတ်ထားတယ်ဆိုတာ ဦးထင်ဝိန်က ဖြတ်ခြင်းဖြစ်ပါသည်။ သူက မသွားပါ။ ဟိုက အဆက်ဖြတ်သည် မဖြတ်သည်ဆိုတာ ကျွန်မ မသိပါ။

ဦးထင်ဝိန်ဆိုသူသည် စပတ်လမ်းအိမ်သို့ မကြာမကြာလာပါသည်။ ဦးထင်ဝိန်နှင့် ညီအစ်ကို ဝမ်းကွဲတော်သည်ဟု သိရပါသည်။

ဦးထင်ဝိန်၏ ဆွေမျိုးအရင်းအချာထဲက လူအချို့ကိုကြားဖူးပါသည်။ ဒေါက်တာမေစု၊ ဒေါ်ဖြူထွား၊ ဦးထင်တိတ်တို့ဖြစ်ပါသည်။ ဦးထင်တိတ်ကိုတော့ တွေ့ဖူးပါသည်။ အခြား ဦးထင်ဝိန်၏ ဆွေမျိုးရင်းအချာများကို ကျွန်မ မတွေ့ဘူးပါ။

## သေတမ်းစာအကြောင်းသိ

မေး။ ။ဦးထင်ဝိန်သည် သေတမ်းစာကို မသေခင်ကတည်းက ရေးထားပြီး ခင်ဗျားကလည်း ထိုသေတမ်းစာအကြောင်းကို ဦးထင်ဝိန် မသေခင်ကတည်းက သိတယ်မဟုတ်လား။

ဖြေ။ ။ဦးထင်ဝိန်မသေခင်ကတည်းက ထိုသေတမ်းစာအကြောင်းကို ကျွန်မသိပါသည်။

ဦးထင်ဝိန် မသေခင်လပိုင်းလောက်က ထိုသေတမ်းစာအကြောင်း ကျွန်မ သိရပါသည်။ ဦးထင်ဝိန်မကျန်းမာသည့် အခါက ဖြစ်ပါသည်။ ဦးထင်ဝိန်ကပဲ ပြောပြလို့ ကျွန်မသိရပါသည်။ သေတမ်းစာကိုတော့ ကျွန်မကို မပြပါ။

**မှတ်ချက်။** ။ *၁–တရားခံ မစ္စစ်မေရီဝိန်၏ ရှေ့နေကြီး ဦးထင်ဝိန်၏ ဓာတ်ပုံရိုက်ကူးထားသော မိတ္တူမှန်သေတမ်းစာကို ယာယီအားဖြင့်တင်သည်။ တစ်ဖက်က ထိုသေတမ်းစာ မိတ္တူမှန်ကို ထင်ရှားစွာသက်သေပြရန် တာဝန်ထား၍၊ ယာယီအားဖြင့် လက်ခံရန်ပြောကြားကြောင်း မှတ်သားထားသည်။ မူရင်းကို တရားခံ၏ ရှေ့နေကြီးက ပြမည်ဟု ပြောကြားကြောင်း မှတ်သားထားသည်။ သက်သေခံအဖြစ်ဖြင့် မှတ်သားလက်ခံထားသည်။*

## သေတမ်းစာပေါ်တွင်

ဦးထင်ဝိန်၏ လက်မှတ်ကို ကျွန်မသိပါသည်။ သက်သေခံ သေတမ်းစာပေါ်မှ လက်မှတ်မှာ ဦးထင်ဝိန်၏ လက်မှတ်ဖြစ်ပါသည်။ သေတမ်းစာပေါ်မှ ၃၊၉၊၆၀ ဆိုတာလည်း ဦးထင်ဝိန်၏ လက်ရေးနှင့် ရေးထားပါသည်။ ဦးထင်ဝိန်သည် မသေခင်က တစ်ခါတစ်ခါ အပြင်းအထန် မမာမကျန်း ဖြစ်ပါသည်။ တစ်ခါတစ်ခါလည်း ပြန်နေကောင်းပါသည်။

မေး။ ။သေတမ်းစာပေါ်တွင် " I Bequeath The Remaining Portion Of My Estate To My Wife And Children"ဟု ရေးထားသည်။ "My Wife And Children" ဆိုတာ မိန်းမတစ်ယောက်တည်းသာ ရှိသည်လို့ အဓိပ္ပာယ်ပေါက်နေပါတာ သိပါသလား။

ဖြေ။ ။ မသိပါ။ သေတမ်းစာတွင် ဘယ်လိုရေးထားခဲ့တယ်ဆိုတာ ကျွန်မ မမေးဖူးပါ။ ဦးထင်ဝိန်ကသာ ပြောပြပါသည်။ သေတမ်းစာတွင် ကျန်သည့် ပစ္စည်းများဘယ်သူ့ပေးမည်၊ လှူမည်၊ တန်းမည်၊ ရေးသည်ဆိုတာ ကျွန်မ သိပါသည်။

## ဘုရားအတူတူသွား

မေး။ ။ သေတမ်းစာတွင် ခင်ဗျားကိုသာပေးမည်ဆိုတာ ဦးထင်ဝိန်ကို မေးမကြည့်ဘူးလား။

ဖြေ။ ။ ကျွန်မက ဦးထင်ဝိန်ကို ဗုဒ္ဓဘာသာတစ်ဦးအဖြစ်သာ မှတ်ယူပါသည်။ ယူတုန်းကလည်း ကျွန်မကိုးကွယ်သည့်ဘာသာကို လိုက်ယူပါမည်ဟု ပြောပါသည်။ ကျွန်မ ရွှေတိဂုံဘုရားသွားတိုင်း ဦးထင်ဝိန်လိုက်ပါသည်။ မသေခင် တစ်လလောက်က သူနှင့် ကျွန်မတို့ နှစ်နာမည်နှင့် တနင်္ဂနွေထောင့်တွင် ညောင်ရေအိုးများ သွားလှူကြပါသည်။

မေး။ ။ ဦးထင်ဝိန်သေတော့ ခရစ်ယာန်သင်္ချိုင်းမှာ မြှုပ်တယ်မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါသည်။ သူ့ဆွေမျိုးတွေသဘောကိုလိုက်လျောလိုက်သည့်အနေနှင့် ကျွန်မ သဘောတူလိုက်ပါသည်။

ဦးထင်ဝိန်မှာ ပရူးခေါင်းဖြတ်အသင်းဝင်တစ်ဦးဖြစ်ကြောင်း ကျွန်မသိပါသည်။ သူပြောပြလို့ ကျွန်မသိပါသည်။ ကျွန်မကိုယူလို့ ပစ်ပယ်လိုက်

သည်ဟုပြောပါသည်။

မေး။ ။ ဦးထင်ဝိန်နှင့် ပေါင်းသင်းသည့် နေ့ကစပြီး ဦးထင်ဝိန်မှာ ဗုဒ္ဓဘာသာတစ်ဦးဖြစ်ခဲ့သည်ဟု ဆိုလိုသလား။

ဖြေ။ ။ ကျွန်မစိတ်ထဲမှာတော့ သူဟာ ဗုဒ္ဓဘာသာတစ်ဦးဖြစ်သည်ဟု ယူဆပါသည်။ ကျွန်မနှင့် ဘုရားအတူတူ တနင်္ဂနွေနေ့တိုင်းသွားပါသည်။

မေး။ ။ ခင်ဗျား၏ အဆိုလွှာအပိုဒ်(၁) တွင် ကွယ်လွန်သူ အယ်(လ်) ထင်ဝိန်မှာ ခရစ်ယာန်ဘာသာဝင် မြန်မာလူမျိုးတစ်ဦးဖြစ်သည်ဟု ရေးထားသည်။ အဲဒါငြင်းမလား။

ဖြေ။ ။ ဒီလိုရေးထားတာ ကျွန်မ မငြင်းပါ။

## မှတ်တမ်းစာအုပ်မှ လိပ်စာ

မေး။ ။ ဦးထင်ဝိန်၏ မသာမှာ ပရှူးခေါင်းပြတ်အသင်း ထုံးစံအတိုင်း ဆောင်ရွက်သေးတယ် အဟုတ်လား။

ဖြေ။ ။ ဒါတော့ ကျွန်မနားမလည်၍ မသိလိုက်ပါ။ ဦးထင်ဝိန်ဆီမှာ ချက်လက်မှတ်စာရွက်များ ဆောင်ထားတာ ကျွန်မတွေ့ပါသည်။ ချက်လက်မှတ်စာအုပ်တော့ မတွေ့ပါ။ သက်သေခံစာအုပ်မှာ ဦးထင်ဝိန်၏ ၁၉၅၈ ခုနှစ် နေ့စဉ်မှတ်တမ်းစာအုပ်ဖြစ်ကြောင်း ကျွန်မသိပါသည်။ သက်သေခံစာအုပ်၏ အဖုံးတွင် “အယ်(လ်)အိပ်ချ်ဝိန်”“မော်လမြိုင်” ဟု ရေးထားပါသည်။ ဦးထင်ဝိန်၏ လက်ရေးဖြစ်ပါသည်။ နောက်သက်သေခံစာအုပ်မှာ ဦးထင်ဝိန်၏ မှတ်တမ်းစာအုပ်ဖြစ်ပါသည်။ ၁၉၅၉ ခုနှစ်အတွက်ဖြစ်ပါသည်။ ထိုစာအုပ်တွင် “မစ္စတာ အယ်လ်အိပ်ချ်ဝိန် အမှတ် ၄၊ မစ်ရှင်လမ်း၊ မော်လမြိုင်မြို့၊ တယ်လီဖုန်း နံပါတ် “၆၄” ဟု ရေးထားပါသည်။ ဦးထင်ဝိန်၏ လက်ရေးဖြစ်ပါသည်။ နောက်စာအုပ်မှာ ဦးထင်ဝိန်၏ ၁၉၆၀ ခုနှစ်အတွက် နေ့စဉ်မှတ်တမ်းစာအုပ်ဖြစ်ပါသည်။ ထိုစာအုပ်အတွင်းတွင် “အယ်လ်အိပ်ချ်ဝိန်၊ မော်လမြိုင်” ဟု ရေးထားပါသည်။ ဦးထင်ဝိန်၏ လက်ရေးဖြစ်ပါသည်။

## သေတမ်းစာအသစ်ရေးရန် မကြိုးစား

မှတ်တမ်းစာအုပ်တွင် နောက်ဆုံးဦးထင်ဝိန်၏ လက်ရေးနှင့် ရေးထားခြင်းမှာ ၁၉၆၁ခုနှစ်၊ ဇွန်လ ၁ရက်နေ့က ဖြစ်ပါသည်။ ကျွန်မကိုယ်တိုင်အမည်နှင့်

အမြတ်တော်ကြေး စည်းကြပ်ခြင်း မခံရဘူးပါ။ ရှေ့နေကြီး ဦးထွန်းခင်ဆိုသူကို ကျွန်မသိပါသည်။ ကျွန်မအိမ်ကို သူလာလို့ ကျွန်မတွေ့ဘူးပါသည်။ ဆေးရုံမှာ သူ့ကို တစ်ခါမှ မတွေ့ဘူးပါ။ သေတမ်းစာနှင့် ပတ်သက်ပြီး ဦးထွန်းခင် ကို တစ်ခါမျှ မတိုင်ပင်ဘူးပါ။

မေး။ ။ ဦးထင်ဝိန်သေတမ်းစာကို နောက်ဆက်တွဲအနေနှင့် ထပ်ရေးရန်သော်၎င်း၊ သေတမ်းစာကို အသစ်ရေးရန်သော်၎င်း၊ ရှေ့နေကြီးဦးထွန်းခင်နှင့် ဒေါ်ကြည်ကြည်က ကြိုးစားခဲ့သည်ဟု ဆိုလျှင် ငြင်းမလား။

ဖြေ။ ။ ငြင်းပါသည်။

မေး။ ။ ဦးထင်ဝိန်က လက်မှတ်ထိုးဖို့ စာရွက်ကိုဆုပ်ပစ်လိုက်တယ်လို့ ဆိုလျှင် ငြင်းမလား။

ဖြေ။ ။ အဲဒါမဟုတ်ပါဘူး။ ဦးထင်ဝိန်သေတော့ အလုပ်နှင့် ပတ်သက်သည့် စက္ကူစာရွက် စာတမ်းများ ကျွန်မဆီမှာ ကျန်ခဲ့ပါသည်။

## မော်တော်ကားဝယ်ဘူး

မေး။ ။ အဲဒီစာရွက်စာတမ်းတွေဟာ နောက်ဆုံးဆေးရုံတက်သည့် အခေါက်က ဦးထင်ဝိန်မော်လမြိုင်က လက်ဆွဲသားရေအိတ်ထဲမှာထည့်ပြီးယူလာတဲ့ စာရွက်စာတမ်းတွေ မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါသည်။ ထိုစာရွက်စာတမ်းများကို ဦးထင်ဝိန်က ကျွန်မကိုအပ်ပါသည်။ အရင်တစ်ခေါက်ကလည်း ဒီလိုပဲယူလာပါသည်။

မေး။ ။ ဦးထင်ဝိန် ပွန်းတီရက်မော်တော်ကားတစ်စင်း ဝယ်ဖူးတယ် မဟုတ်လား။

ဖြေ။ ။ ဝယ်ဖူးပါသည်။ အဟောင်းဖြစ်ပါသည်။ အဲဒီ မော်တော်ကားကို နောက်တော့ ကျွန်မနာမည်သို့လွှဲပြောင်းပေးပါသည်။ ကျွန်မက သူ့ဆီက အဖိုးပေးပြီးဝယ်လိုက်ပါသည်။

မေး။ ။ ဦးထင်ဝိန်က ခင်ဗျားနာမည်နှင့် မရွှေ့ပြောင်းနိုင်သည့် ပစ္စည်း အိမ်ဖြစ်စေ၊ ကားဖြစ်စေ၊ ဝယ်ပေးခဲ့ဖူးပါသလား။

ဖြေ။ ။ မပေးခဲ့ပါ။ သူက အားလုံး သူ့နာမည်နှင့် ထားပါသည်။ ငါသေရင် မင်းရမှာပေါ့ လို့ပြောပါသည်။ မော်တော်ကား အဟောင်းတွေဝယ်ပြီး အလုပ်လုပ်သည်။ လုပ်ငန်းမှာ ဦးထင်ဝိန်နာမည်နှင့်လုပ်ပါသည်။ ကန်ထရိုက်ကို

သူ့နာမည်နှင့်ဆွဲပါသည်။ ဒုတိယနေ့ ဆေးရုံတွင် ဦးထင်တိန်နှင့် ဦးထင်ဝါတို့ ဦးထင်ဝိန်ကို လာကြည့်သည့်အခါက သူတို့ညီအစ်ကို အင်္ဂလိပ်လိုစကားပြောကြပါသည်။ ထိုအခါ ဦးထင်ဝိန်ကို သွေးသွင်းနေရပါသည်။ ဂလူးကို့စ်လည်း သွင်းနေရပါသည်။

## သေတမ်းစာအကြောင်းမပြော

မေး။ ။ အဲဒီအချိန်က သူတို့ကို ဦးထင်ဝိန်က မစ္စစ်မေရီဝိန်နှင့် ကလေးတွေ သူ့ကိုနှိပ်စက်တဲ့အကြောင်း ပြောတာမဟုတ်ဘူး၊ သူတို့ညီအစ်ကိုတစ်တွေ သေတမ်းစာအကြောင်းနှင့် ပတ်သက်၍ လာပြောနေသည်ဆိုလျှင် ငြင်းမလား။

ဖြေ။ ။ ဆေးရုံမှာ သေတမ်းစာအကြောင်းနှင့် ပတ်သက်၍ တစ်ခါမျှ မပြောပါ။ သူ့သားသမီးတွေ သူ့ကို ရက်စက်တဲ့အကြောင်းသာ ပြောပါသည်။ သူတို့ တော်တော်ကြာကြာ စကားပြောကြပါသည်။ အဲဒီမှာ သွေးတွေပြန်အန်ပါသည်။ ထိုအခါက သူတို့ညီအစ်ကိုတွေ အင်္ဂလိပ်လို ပြောတာကို ကျွန်မ လုံးစေ့ပတ်စေ့ နားမလည်ပါ။ တစ်စိတ်တစ်ဒေသသာ နားလည်ပါသည်။ ကျွန်မ သားအကြီးက နားလည်ပါသည်။

## နာရေးကြော်ငြာ

မေး။ ။ (The other woman) ဆိုသည့် စကား၏အဓိပ္ပာယ် နားလည်သလား။ သူတို့ ပြောနေသည့်အထဲမှာ ဒီစကားလုံးများ ကြားလိုက်သလား။

ဖြေ။ ။ အဓိပါယ်နားမလည်ပါ။ ကြားလည်းမကြားပါ။ ဗမာလို တစ်ခွန်းအော်ပြောတာတော့ ကျွန်မကြားလိုက်ပါသည်။ "သားသမီးဘယ်သူကမှ သူ့ကိုဂရုမစိုက်ဘူး၊ ဒီမိန်းမတစ်ယောက်ပဲ သူ့ကိုပြုစုတယ်"ဆိုတာ ကျွန်မ ကြားလိုက်ပါသည်။ (အလိုအလျောက်ထွက်ဆိုချက်) သေကြောင်းကြော်ငြာစာတွင် (Too Late for calssification) အပေါ်က ရေးထားပါသည်။ နောက်ကျ၍ ထည့်သင့်သည့်နေရာတွင်မထည့်နိုင်ဟု ရေးထားသည်ဆိုတာကို ကျွန်မ နားလည်ပါသည်။ နောက်သက်သေခံကြောငြာမှာ ထည့်နေကျနေရာတွင် ထည့်သော ဦးထင်ဝိန်၏ သေကြောင်းကြော်ငြာဖြစ်ပါသည်။

မေး။ ။ ထိုသတင်းစာမှာပင်ပါသော နောက်ကြော်ငြာတစ်ခုမှာ ပရှူးခေါင်းဖြတ်အသင်းက၊ ပရှူးခေါင်းဖြတ်အသင်းဝင် တစ်ဦးအနေနှင့် မသာချ

မည်ဟု ထည့်သည့်ကြော်ငြာစာတမ်းမဟုတ်လား။

ဖြေ။ ။ ကျွန်မ မသိပါ။

၁၉၆၁ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့ နေ့စွဲနှင့် ဂါးဒီးယန်း သတင်းစာမှာလည်း အသုဘကြော်ငြာစာတမ်းတွင် အချိန်နောက်ကျ၍ ပါရိုးထုံးစံနေရာတွင် မထည့်နိုင်ကြောင်း ရေးထားပါသည်။ ဒေါက်တာစွန်ဒရမ်းထံမှ သံကြိုးမှာ ၁၇–၆–၆၁ ရက်စွဲနှင့် ဖြစ်ပါသည်။ အဲဒီသက်သေခံ သံကြိုးစာတွင်ပါရှိသည့် လိပ်စာမှာ ကျွန်မထည့်သည့် အသုဘကြော်ငြာစာတွင် ပါရှိသည့် လိပ်စာဖြစ်ပါသည်။ အခန်းနံပါတ် (၆) ၁၉၄ ၊ စပတ်လမ်းဖြစ်ပါသည်။

## ဘီ(လ်) စာရွက် ၇၅၀၀ဝိ/

ဦးထင်ဝိန် ဆေးရုံတက်သည့်အခများကို ကျွန်မပေးရပါသည်။ ထိုငွေကို ဂျိန်းဝိန်က ပြန်ဆပ်သည်ဆိုတာ မဟုတ်ပါ။

ကျွန်မလက်ထဲက သင်္ဘောကိုယ်စားလှယ်လုပ်ငန်းနှင့် ပတ်သက်ပြီး ရစရာရှိသည့် ဘီလ်စာရွက် ၇၅၀၀ဝိ/ကျော် တန်ဖိုးကို သူတို့ယူသွားပြီး ထုတ်သုံးပါသည်။ ဆေးရုံပေါ်မှာပဲ ထိုဘီလ်များကို ပေးလိုက်ရပါသည်။ (အလိုအလျောက်ထွက်ဆိုချက်)။

မေး။ ။ ဒီငွေတွေဟာ သင်္ဘောကိုယ်စားလှယ်က စိုက်ထားရတဲ့ငွေတွေဆိုတာ သိတယ်မဟုတ်လား။

ဖြေ။ ။ သိပါသည်။ ဦးထင်ဝိန်သည် ဘဏ်မှထုတ်၍ ထိုငွေများကို စိုက်ထားပါသည်။ ထိုငွေမှာ အရင်းအမြတ်နှစ်ခုလုံးပါသည့် ငွေများဖြစ်ပါသည်။ ကျွန်မပြောသည့် ငွေများမှာ ကျွန်မ၏ အဆိုလွှာ၏ နောက်ဆက်တွဲ (က)တွင် အမှတ်စဉ် ၁၆ ၌ ရေးထားသည့် ငွေများဖြစ်ပါသည်။ ဦးထင်စန်ကို သူ့အဖေက စွန့်ထားသည်ဆိုတာ ကျွန်မ မသိပါ။ သူ့အမေထံမှ အမွေရတာတွေတော့ ကျွန်မ သိပါသည်။ ဒေါ်စုထံမှ ဖြစ်ပါသည်။

မေး။ ။ ဦးထင်စန်ရတာမဟုတ်ဘူး။ သူ့သမီးရတာလို့ ဆိုလိုသည်။ သိသလား။

ဖြေ။ ။သူ့သမီးရသလား၊ မရသလားမသိပါ။ သို့သော် ဦးထင်စန် ကိုယ်တိုင် စိန်ဆံထိုးတစ်ခု သွားရောင်းတာသိပါသည်။

မေး။ ။ ပစ္စည်းမှာ သူ့အဖေပစ္စည်းမဟုတ်ဘူး။ သူ့အမေပစ္စည်းဆိုလျှင်

ငြင်းမလား။

ဖြေ။ ။ သူ့အဖေထံမှ သူ့အစ်မ ရထားသည့် ပစ္စည်းဖြစ်ပါသည်။ ဦးထင်စန်နှင့် မအထားတို့ အကြောင်းပါစဉ်က ဦးထင်စန်မှာလည်း မုဆိုးဖို မအထားမှာလည်း မုဆိုးမဖြစ်ပါသည်။ မအထား၏ ပထမယောကျ်ား ဆုံးသည့်အခါက ငွေ ၁၀၀၀၀ ကျပ် အသက်အာမခံငွေရပါသည်။ တစ်သောင်းလားဆိုတာမသိပါ။ရတော့ရပါသည်။ စပတ်လမ်းက အိမ်ကိုဒေါ်ခင်နုဆိုသူအမည်နှင့်ငှားယူထားရပါသည်။ ဦးထင်ဝိန် အမည်သော်ငှင်း၊ ကျွန်မအမည်သော်ငှင်း ၊ မပြောင်းရသေးပါ။ ဓာတ်မီးခတော့ ကျွန်မနာမည်နှင့်ပေးပါသည်။စ,နေကတည်းက ဓာတ်မီးခကို ကျွန်မအမည်နှင့် ပေးပါသည်။

## စိတ်ဆိုးပြီးမော်လမြိုင်ပြန်

မေး။ ။ ဦးထင်ဝိန်က ခင်ဗျားနှင့် စိတ်ဆိုးပြီး မော်လမြိုင် ပြန်သွားသည် ဆိုတာ ဗိုလ်မှူးကြီးဆော်လမွန်ပြောသည့် တစ်ခါပဲလား။

ဖြေ။ ။ တစ်ခါမကပါဘူး။ ခမ္ဘာတာအတိုင်းစိတ်ဆိုးပါသည်။ ဗိုလ်မှူးကြီးဆော်လမွန်ပြောသွားသည့်အတိုင်း ၁၉၅၈–၅၉ ခုနှစ်လောက် ဦးထင်ဝိန်သည် ကျွန်မနှင့်စိတ်ဆိုးပြီးမော်လမြိုင်ပြန်သွားသည်ဆိုတာ မှန်ပါလိမ့်မည်။ ကျွန်မတော့ မမှတ်မိတော့ပါ။ ခုနှစ်ကို ကျွန်မ မမှတ်မိဘူးဟု ဆိုလိုပါသည်။ ဒီ့အရင်ကလည်း စိတ်ဆိုးပြီး ဦးထင်ဝိန်သည် မော်လမြိုင်သို့ ပြန်ဖူးပါသည်။ ခဏခဏလည်း စိတ်ဆိုးပြီး အဲဒီကိုပြန်ပါသည်။ ရောဂါကြောင့်လို့ဆိုပါသည်။ နောက်ပြီးတော့ သူပြန်တက်လာပါသည်။ ဒီတစ်ခါတော့ ဦးထင်ဝိန်သည် မော်လမြိုင်တွင် အတော်မမာမကျန်းဖြစ်ပါသည်။ ကျွန်မကို လာခေါ်ခိုင်းပါသည်။ ဗိုလ်မှူးကြီးဆော်လမွန်က လိုက်သွားလိုက်ပါလားဟု ပြောသဖြင့် ကျွန်မလေယာဉ်ပျံဖြင့်လိုက်သွားပါသည်။ အဲဒီအခေါက်က မော်လမြိုင်ကို ဦးထင်ဝိန်က ကျွန်မနှင့် စိတ်ဆိုးပြီး ပြန်ခြင်းဖြစ်ပါသည်။

မေး။ ။ ခင်ဗျားက မော်လမြိုင်အိမ်ကို မသွားချင်လို့ ဗိုလ်မှူးကြီးဆော်လမွန်က ဦးထင်ဝိန်နေမကောင်းနေတာသွားဖို့ကောင်းတယ်လို့ တိုက်တွန်းခြင်းဖြစ်တယ်မဟုတ်လား။

ဖြေ။ ။ သူက ကျွန်မကို ဖြန်ဖြေဖျောင်းဖျခြင်းဖြစ်ပါသည်။

## သူနှင့်ရန်ဖြစ်စရာ ကျွန်မပဲရှိ

မေး။ ။ဦးထင်ဝိန်သည် ၎င်း၏ နေ့စဉ်မှတ်တမ်းစာအုပ်တွင် အကြောင်းထူးတစ်ခု ပေါ်လာလျှင် ရေးလေ့ရှိသည်ဆိုတာ သိသလား။

ဖြေ။ ။ အင်္ဂလိပ်လို ရေးထားတာ ကျွန်မ မသိပါ။

မေး။ ။ သက်သေခံ နေ့စဉ်မှတ်တမ်းစာအုပ်တွင် မတ်လ ၉–ရက်နေ့က ဦးဝင်ထိန်သည် ရန်ကုန်မှာရှိပြီး "Big row night R left early morning" ရေးထားသည်။ အဲဒါ သိသလား။

ဖြေ။ ။မသိပါ။ အဲဒီနေ့မှာသူက ''RR''ကိုရေးထားသဖြင့် သူရန်ကုန်မှာရှိပါသည်။ ရန်ကုန်မှာ သူနှင့်ရန်ဖြစ်စရာကျွန်မပဲရှိပါသည်။ နောက်တစ်နေ့ မတ်လ ၁၀–ရက်နေ့မှာ ဦးထင်ဝိန်သည် ရန်ကုန်မှာပဲရှိပါသေးသည်။ ထို့နောက် မတ်လ ၁၁ ရက်နေ့တွင် ''RR to MM''ဟု ရေးထားပါသည်။ ရန်ကုန်မှ မော်လမြိုင်သို့ ပြန်သည်ဟု ရေးထားခြင်းဖြစ်ပါသည်။ နိုဝင်ဘာ ၁၇ ရက်နေ့တွင် ''R to M Row at 8.am. returned by 2nd flight in a great hurry'' ရေးထားပါသည်။

ဦးတန်ဟုတ်စိန်ကို သက်သေအဖြစ်ဖြင့်ကျွန်မခေါ်ထားပါသည်။ သို့သော် ၎င်းမှာ မကျန်းမမာဖြစ်နေပါသည်။

ဦးထင်ဝိန်သည် ၎င်း၏ဇနီးနှင့် တစ်ခါတစ်ရံ ရန်ကုန်သို့ လာတာ ကျွန်မမသိပါ။ သူ့မိန်းမပါလာသည့်အကြောင်း ကျွန်မ,မသိပါ။ မစ္စတာဂရေးဆိုသူ သဘော်ာကိုယ်စားလှယ်ကို ကျွန်မသိပါသည်။

မစ္စတာဂရေး၏ မိန်းမကိုလည်းသိပါသည်။ ကျွန်မတို့ ၄၂ လမ်းတွင် နေစဉ်အခါက မစ္စတာဂရေးတို့လည်း ၄၂ လမ်းတွင် နေပါသည်။ ထိုအခါက သူတို့နှင့် အကူးအသန်းမရှိပါ။ ထိုအခါက ဦးထင်ဝိန်နှင့် မစ္စတာဂရေးတို့လည်း သိကြပါသည်။ မစ္စတာဂရေးက အိမ်ကိုမကြာမကြာလာပါသည်။ ၄၂ လမ်းတွင် နေစဉ်အခါက မစ္စတာဂရေးတို့အိမ်ကို ကျွန်မရောက်ဖူးသည်၊ မရောက်ဖူးသည် မမှတ်မိပါ။

## ပုတ်ခတ်ပြောတာမဟုတ်ပါ

မေး။ ။ တစ်ခါက ဒေါ်ကြည်ကြည်သည် မစ္စတာဂရေးတို့အိမ်သွားတော့ မစ္စတာဂရေးမိန်းမက ဒေါ်ကြည်ကြည်ကို ပုတ်ခတ်ပြောလို့ ဒေါ်ကြည်ကြည်က သူတို့အိမ်ကို နောက်ထပ်မသွားတော့ဘူးဆိုတာ ဟုတ်သလား။

ဖြေ။ ။ မဟုတ်ပါ။

ကျွန်မ၏သားအကြီးအမည်မှာ မောင်တင်အောင်ဖြစ်ပါသည်။မောင်တင်အောင်သည် ဗိုလ်မှူးကြီးဆော်လမွန် လက်အောက်တွင် အလုပ်လုပ်ပါသည်။

မေး။ ။ အဆိုလွှာနှင့် တွဲ၍တင်သည့် ပစ္စည်းစာရင်းထဲမှ အိမ်တချို့ကို ဦးထင်ဝိန်မပိုင်ဘူးဆိုတာ မသိဘူးလား။

ဖြေ။ ။ ဦးထင်ဝိန်က အကုန်ပိုင်သည်ဟု ပြောခဲ့ပါသည်။ မပိုင်သည့် အိမ်များ ပါဝင်သည်ဆိုတာ ကျွန်မ,မသိပါ ဟုဖြေသွားသည်။

## ရှင်းလင်းမေး

ထို့နောက်တရားလို ဒေါ်ကြည်ကြည်အားသူ၏အကျိုးဆောင် ဒေါက်တာဘဟန်က ရှင်းလင်းရန် မေးမြန်းသဖြင့် ဒေါ်ကြည်ကြည်က ထွက်ဆိုရာတွင် နောက်ဆုံးအခေါက် ဦးထင်ဝိန်က ဘီလ်များ ကျွန်မလက်ထဲသို့ အပ်ပါသည်။ သူဆေးရုံတက်တော့ ထိုဘီလ်များကို အိမ်မှာထားပါသည်။ ဆေးရုံမှာ ဂျိန်းဝိန်က ၇၅၀၀၀ ကျပ်ကျော်ဖိုးဘီလ်ကို ကျွန်မအားတောင်းပါသည်။ ကျွန်မက ထိုဘီလ်ကို အိမ်မှာ ယူပေးလိုက်ပါသည်။ အဲဒီဘီလ်မှာ ဦးထင်ဝိန်က မော်လမြိုင်က နောက်ဆုံးအခါလာတုန်းကပါလာသည့် ဘီလ်ဖြစ်ပါသည်။

ယခုတင်သော သက်သေခံစာရွက်များမှာ သက်ဆိုင်ရာနှစ်များအတွက် တစ်နှစ်လျှင် တစ်စောင်စီ ဓာတ်မီးခပေးရသည့် ဘီလ်များဖြစ်ပါသည်။

တန်ဟုတ်စိန်ကို ကျွန်မသွားမေးပါသည်။ ကော်မရှင်နှင့် စစ်ရန်မလိုတော့ပါဟု ပြောပါသည်။ သူ့တွင်စွဲကပ်နေသည့် နှလုံးရောဂါသက်သာလာသဖြင့် ရုံးတွင် သက်သေခံမည်ဟု ပြောပါသည်။ သမ္မာန်စာ ကျွန်မ သွားပေးပါသည်။ လက်ခံလိုက်သော်လည်း ယခုထိရုံးကိုသူလာတာမတွေ့သေးပါဟု ထွက်ဆိုအစစ်ခံသွားလေသည်။

## ဗိုလ်မှူးကြီးဆော်လမွန်ထွက်ချက်

ထို့နောက်တရားလိုပြသက်သေ ဗိုလ်မှူးကြီးဆော်လမွန်ကို ဆက်လက်စစ်ဆေးသည်။ ဒေါ်ကြည်ကြည်၏ အကျိုးဆောင် ဒေါက်တာ ဦးဘဟန်က မေးမြန်း၍ ဗိုလ်မှူးကြီးဆော်လမွန်က အောက်ပါအတိုင်း သစ္စာပြုပြီး ထွက်ဆိုအစစ်ခံသည်။

ဒေါ်ကြည်ကြည်ကို စစ်ပြီးစအချိန်လောက်က စသိပါသည်။ ကျွန်တော် သထုံမှာ ရှေ့နေလိုက်စဉ်က ဒေါ်ကြည်ကြည်၏ ဖခင် ဦးထွန်းဦးကို စသိပါ သည်။ ဦးထွန်းဦးမှာ လျှောက်လွှာစာရေးဖြစ်ပါသည်။ ကျွန်တော်ရှေ့နေလိုက်နေ သည်မှာ ၁၉၃၂ ခုနှစ်မှ ၁၉၄၂ ခုနှစ် ဖြစ်ပါသည်။

ဦးထင်ဝိန်ကို ကျွန်တော် ၁၉၃၂ ခုနှစ်က စ၍ သိပါသည်။ ကျွန်တော် သထုံတွင် ရှေ့နေလိုက်နေစဉ် သူ မကြာခဏလာ၍ သူ့အမှုများကို ဆောင်ရွက် ပေးရင်းသိခြင်းဖြစ်ပါသည်။ ၁၉၄၂ ခုနှစ်က ကျွန်တော်ရှေ့နေမလိုက်တော့ပါ။ တပ်မတော်တွင် အမှုထမ်းဆောင်ရပါသည်။ ကျွန်တော်သည် မော်လမြိုင် စစ်ခုံကူးနယ် စက်ရှင်ရုံးတွင် မှတ်ပုံတင်အရာရှိ (Registrar) အဖြစ်ဆောင်ရွက် ခဲ့ပါသည်။ ကျွန်တော်တပ်မတော်ပြန်ဝင်ပြီးနောက် ၁၉၅၂–၅၃ ခုနှစ်လောက်တွင် ဦးထင်ဝိန်ကိုတွေ့ပါသည်။ ၁၉၄၇–၄၈–၄၉ ခုနှစ်လောက်တွင် ဒေါ်ကြည် ကြည်နှင့် ၎င်း၏ညီမ အထားတို့ကို တွေ့၍ သိပါသည်။ ဒေါ်ကြည်ကြည်၏ ညီမ အထားက ဦးထင်ဝိန်၏အစ်ကို ဦးထင်စန်နှင့် အကြောင်းပါ ပါသည်။

## အလည်သွားဘူး

၁၉၅၂–၅၃ ခုနှစ်လောက်က ရန်ကုန် ၂၄ လမ်းရှိ အခန်းတစ်ခုတွင် ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့ငှား၍နေထိုင်ကြပါသည်။ ၎င်းအိမ်သို့ခဏခဏ အလည်သွားဖူးပါသည်။ ထိုသို့အလည်သွားစဉ်က ဦးထင်ဝိန်နှင့်ဒေါ်ကြည်ကြည် တို့သည် လင်မယားအနေဖြင့် ပေါင်းသင်းဆက်ဆံသည်ကို တွေ့ရပါသည်။ ထို့နောက် ၄၂ လမ်းမှ စပတ်လမ်း ယခု ဒေါ်ကြည်ကြည်နေသည့် အိမ်သို့ ပြောင်းပါသည်။ စပတ်လမ်းအိမ်သို့ ပြောင်းပြီးနောက် ကျွန်တော်အလည်သွားပါ သည်။ ကျွန်တော်ရောက်သည့်အခါ ဒေါ်ကြည်ကြည်နှင့် ဦးထင်ဝိန်တို့ကို တွေ့ပါသည်။ သူတို့နှစ်ဦးလင်မယားအဖြစ် နေထိုင်သည်ကို တွေ့ရပြီး ကျွန်တော့် ကို အတူတူပဲဧည့်ခံကြပါသည်။ ကျွန်တော့်အိမ်ကို ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည် တို့ အတူ အလည်လာကြပါသည်။ ကျွန်တော့်အိမ်ကိုလာစဉ်က ကျွန်တော့်မိန်းမ လည်းရှိပါသည်။ ကျွန်တော်တို့က ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်ကို အတူတူ ဧည့်ခံပါသည်။

## လူသိနတ်ကြားလင်မယား

ဦးထင်ဝိန်သည် သေသည့်တိုင်အောင် မော်လမြိုင်သွားလိုက် ရန်ကုန်ပြန်လိုက်နေပါသည်။ ရန်ကုန်ကိုလာသည့်အခါ ဒေါ်ကြည်ကြည်နှင့် နေပါသည်။ ကျွန်တော်သူတို့ထံ သွား၍လည်ပါသည်။ ၁၉၅၈–၅၉ ခုနှစ်လောက်က ဒေါ်ကြည်ကြည်နှင့် ဦးထင်ဝိန်တို့ တစ်ယောက်တစ်ယောက် မသင့်မြတ်သောကြောင့် ကျွန်တော် မော်လမြိုင်ကိုသွားစဉ် ဒေါ်ကြည်ကြည်ပါ လိုက်လာ၍၊ မော်လမြိုင်တွင် ဦးထင်ဝိန်ထံသို့ခေါ်သွားပြီး ပြန်သင့်မြတ်အောင် လုပ်ပေးပါသည်။ ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့သည် လူသိနတ်ကြား လင်မယား အဖြစ် နေကြပါသည်။

၁၉၆၁– ခုနှစ်လောက်က ဦးထင်ဝိန်မကျန်းမမာရှိ၍ လေယာဉ်ပျံနှင့် လာသည့်အခါ ဒေါ်ကြည်ကြည်က ကျွန်တော့်ကို လူနာတင်ကားပေးရန်ပြော၍ ကျွန်တော်က ပေးလိုက်ပါသည်။ ဒေါ်ကြည်ကြည်က လေဆိပ်တွင် ဦးထင်ဝိန်ကို သွားကြိုပြီး လူနာတင်ဖြင့်(အက်စ်ဒီအေ) အမေရိကန်ဆေးရုံသို့ခေါ်သွားပါသည်။ ကျွန်တော်ပေးသည်ဆိုသည်မှာ စီစဉ်ပေးသည်ကို ဆိုလိုပါသည်။ ဦးထင်ဝိန်ဆုံးကြောင်းကို ကျွန်တော်နိုင်ငံခြားမှာ သွားနေစဉ်ကြားပါသည်။ ဦးထင်ဝိန်ဆေးရုံသို့ရောက်ပြီးဆယ်ရက်လောက်ကြာတော့ ကျွန်တော်နိုင်ငံခြားထွက်သွားပါသည်။ ကျွန်တော်သိသလောက် ဦးထင်ဝိန် မသေမီ ဒေါ်ကြည်ကြည်က နေ့စဉ် သွားရောက်ပြုစုပါသည်ဟု ထွက်ဆိုသွားသည်။

## ပြန်လှန်မေး

မစ္စစ်မေရီဝိန်၏ အကျိုးဆောင် ဦးကျော်မြင့်က ပြန်လှန်မေးမြန်း၍ ဗိုလ်မှူးကြီးဆော်လမွန်က ကျွန်တော်သည် ခရစ်ယာန်ဘာသာဝင်ဖြစ်၍၊ အင်္ဂလန်ဂိုဏ်းဝင်ဖြစ်ပါသည်။ ဦးထင်ဝိန်တွင် ခရစ်ယာန်ဘာသာအရ လက်ထပ်ထားသော မစ္စစ်မေရီဝိန်ရှိသည်ကို ကျွန်တော်သိပါသည်။ မစ္စစ်မေရီဝိန်နှင့်ရသော သားသမီးများအနက် ဂျိန်းဝိန်နှင့် သားသမီး၊ နှစ်ယောက်၊ သုံးယောက်ရှိသည်ကို သိပါသည်။

၁၉၅၁–၅၂ ခုနှစ် အထက်ပိုင်းက ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့ မော်လမြိုင်မှာ ဘယ်လိုနေကြတယ်ဆိုတာ မသိပါ။ ဦးထင်ဝိန်သည် မော်လမြိုင်တွင် ဘာသာရေးအားဖြင့် လူကြီးတစ်ယောက်ဖြစ်သည်ဆိုတာ ကျွန်တော်သိပါ

သည်။

## ပွဲဝင်မယား

မေး။ ။ မြန်မာလူမျိုးတို့ထဲတွင် ပွဲဝင်မယား မဟုတ်ပေမဲ့၊ အတူတူ ပေါင်းသင်းလာနေကြသော ယောကျ်ားနှင့် မိန်းမများလည်းတွေ့ဖူးသည် မဟုတ်လား။

ဖြေ။ ။ ပွဲဝင်တာတော့မသိပါ။ သို့သော် ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည် တို့ လူသိနတ်ကြားပေါင်းသင်းသွားလာ ဆက်ဆံနေတာကို ကျွန်တော် မျက်မြင် တွေ့ပါသည်။

ဦးထင်ဝိန်၏ အစ်ကိုများအစ်မများအနက် ဒေါ်ကြည်ကြည်၏မတ်တော် သူ ဦးထင်စန်တစ်ယောက်ထဲ ကျွန်တော်သိပါသည်။ ဦးထင်စန်ကို ကျွန်တော် စစ်မဖြစ်မီက သထုံမှာ သိခဲ့ပါသည်။ ဦးထင်ဝိန်၏ အစ်ကိုတစ်ယောက်ဖြစ်သော ဦးထင်ဝါကို နောက်ပိုင်းရန်ကုန်မှာသိခဲ့ပါသည်။ ဦးထင်စန်ကို သူ့အဖေက စွန့်ထားသည်ဆိုသည်ကို ကျွန်တော်မသိပါ။

ဒေါ်ကြည်ကြည်နှင့် ဦးထင်ဝိန်တို့ အချင်းများကြ၍ မော်လမြိုင်၌ ဖြန်ဖြေ ပေးသောအခါ ဦးထင်ဝိန်ကို မော်လမြိုင်မြို့ မစ်ရှင်လမ်းက အိမ်မှာ တွေ့ပါသည်။ ထိုအခါက မစ္စစ်မေရီဝိန်ကိုလည်း ကျွန်တော် တွေ့ခဲ့ပါသည်ဟု ဖြေသွားသည်။

## စီ–အက်(စ်)– ဘူရှာနန်ထွက်ချက်

တရားလိုပြသက်သေ စီ–အက်(စ်)–ဘူရှာနန်ကလည်း ''ကျွန်တော်သည် ကွယ်လွန်သူ ဦးထင်ဝိန်ကို လွန်ခဲ့သော ၁၉၃၇ ခုနှစ်ကစ၍ သိခဲ့ပါသည်။ ထိုစဉ်က ကျွန်တော်သည် ရန်ကုန်မြို့၌ သင်္ဘောကိုယ်စားလှယ် လုပ်ပါသည်။ မစ္စတာအယ်(လ်)ထင်ဝိန်သည်လည်း မော်လမြိုင်တွင် ကိုယ်စားလှယ်ဖြစ်ပါ သည်။ သူရန်ကုန်သို့လာတိုင်း ကျွန်တော်နှင့် လာတွေ့ပါသည်။ အလုပ်ကိစ္စ နှင့် ဖြစ်ပါသည်။ လွတ်လပ်ရေးရပြီး တစ်နှစ်,နှစ်နှစ်ခန့်အကြာတွင် ဦးထင်ဝိန်နှင့် ကျွန်တော် ရန်ကုန်တွင် တွေ့ပါသည်။

## ဇနီးအဖြစ်မိတ်ဆက်ပေး

သူ ရန်ကုန်တွင် နေထိုင်စဉ်ကလည်း သူနှင့် ကျွန်တော် တွေ့ရပါသည်။ ၁၉၆၀–၆၁ ခုနှစ်ခန့်က ထင်ပါသည်။ သူနှင့် ကျွန်တော် လွစ္စလမ်းဆိပ်ကမ်းတွင် တစ်ကြိမ်ဆုံပါသည်။ သူကားနှင့် လာပါသည်။ ထိုစဉ်က (ဒေါ်ကြည်ကြည်)

သည် ကားထဲတွင်ထိုင်နေပါသည်။ ဦးထင်ဝိန်က သူ့ကားရှိရာသို့ ကျွန်တော့်အား ခေါ်သွားပါသည်။ ကျွန်တော့်အား ကားထဲတွင် ထိုင်ခိုင်းပြီး ဒေါ်ကြည်ကြည်ကို သူ့ဇနီးအဖြစ်နှင့်မိတ်ဆက်ပေးပါသည်။ ဒီ့အရင်က ဒေါ်ကြည်ကြည်နှင့်ကျွန်တော် မသိခဲ့ဘူးပါ။ ထို့နောက် ကျွန်တော်တို့ အလုပ်ကိစ္စအကြောင်းပြောကြပါသည်။ ထိုစဉ်က ကားထဲတွင် ဦးထင်ဝိန်၊ ဒေါ်ကြည်ကြည်၊ ကျွန်တော်နှင့် ဒရိုင်ဘာလည်း ရှိပါသည်။ ထိုစဉ်က ဒေါ်ကြည်ကြည်နှင့် ကျွန်တော်သိခဲ့ပါသည်။

ထိုအခါက ၃၅ လမ်းတွင် အင်ဒိုနီးရှားသင်္ဘောကုမ္ပဏီတစ်ခု ရှိပါသည်။ ဦးထင်ဝိန်သည် ထိုကုမ္ပဏီသို့အလုပ်ကိစ္စနှင့်လာလေ့ရှိပါသည်။ ဤသို့လာသည့် အခါတိုင်း ကျွန်တော်နေထိုင်ရာ ကုမ္ပဏီ၏ အပေါ်ထပ်သို့ ဝင်ရောက်လေ့ ရှိပါသည်။ ထိုကုမ္ပဏီသို့ ဦးထင်ဝိန်လာစဉ်က ကားထဲတွင် ဒေါ်ကြည်ကြည် ပါလာသည်ကို ကျွန်တော်မြင်ပါသည်။

## အိမ်ရှင်မကဲ့သို့ဧည့်ခံ

ဦးထင်ဝိန်က သူ့အိမ်သို့အလည်လာရန် ကျွန်တော့်ဖိတ်ပြီး စပတ်လမ်း အိမ်လိပ်စာကို ပေးပါသည်။ ထိုအိမ်သို့ ကျွန်တော်ရောက်ဖူးပါသည်။ ကျွန်တော် စပတ်လမ်းအိမ်သို့ ရောက်စဉ်က ဦးထင်ဝိန်ရော၊ ဒေါ်ကြည်ကြည်ပါ တွေ့ပါ သည်။ ထိုအိမ်နှင့် ပတ်သက်၍ အပျောက်ငွေအတော်များများ ပေးခဲ့ရကြောင်း ဦးထင်ဝိန်က ကျွန်တော့်အားပြောပြဖူးပါသည်။ (ထိုမေးခွန်းကို တရားခံအကျိုး ဆောင်ကြီးက ကန့်ကွက်ခဲ့သည်။) အခန်းကို ခမ်းနားစွာခင်းကျင်းထားပါသည်။ ဒေါ်ကြည်ကြည်က ကျွန်တော့်အား အဖျော်ယမကာနှင့်ဧည့်ခံပါသည်။ ဒေါ်ကြည် ကြည်က ကျွန်တော့်အား အိမ်ရှင်မ တစ်ယောက်ကဲ့သို့ ဧည့်ခံခြင်းဖြစ်ပါသည်။ စပတ်လမ်းရှိသူတို့အိမ်သို့ ကျွန်တော်တစ်ကြိမ်နှစ်ကြိမ်ရောက်ဖူးသည်။ ဦးထင်ဝိန် သည် ကိစ္စတစ်ခုနှင့် ၃၅ လမ်းရှိသင်္ဘောကုမ္ပဏီသို့လာရင်း ကျွန်တော့်အခန်းသို့ ဒေါ်ကြည်ကြည်ကို ခေါ်လာတာ ကျွန်တော်မှတ်မိပါသည်။ ထိုစဉ်က ကျွန်တော့် မိန်းမလည်း ရှိနေပါသည်။ သူတို့အား အဖျော်ယမကာဖြင့်ဧည့်ခံပါသည် စသည်ဖြင့် ထွက်ဆိုသွားသည်။

## ပြန်လှန်မေး

မစ္စစ်မေရီဝိန်၏ အကျိုးဆောင် ဦးကျော်မြင့်က ပြန်လှန်မေးမြန်းသဖြင့်

မစ္စတာစီအက်စ်ဘူရှာနန် ဖြေကြားရာတွင် ''ဦးထင်ဝိန်၏ မိသားစုထဲမှ တစ်ဦးတစ်ယောက်နှင့်မျှ ကျွန်တော်မသိပါ။ သူသည် ခရစ်ယာန်တစ်ယောက်ဟုတ်မဟုတ် ကျွန်တော်မသိပါ။ သူ့တွင် ခရစ်ယာန်ဘာသာအရ လက်ထပ်ထားသည့် မယားတစ်ယောက် မော်လမြိုင်တွင် ရှိကြောင်း ကျွန်တော်မသိပါ။ သူကလည်းမပြောပြပါ။ သူ့မိသားစုအကြောင်း ပြောရလောက်အောင် သူနှင့်ကျွန်တော်မရင်းနှီးပါ။ ကျွန်တော်တို့ အလုပ်ကိစ္စအကြောင်းလောက်သာ ပြောကြပါသည်။

ဆိပ်ကမ်းတွင် အမှတ်မထင်ဆုံကြခြင်း ဖြစ်ပါသည်။ ကျွန်တော်နှင့် ဦးထင်ဝိန်တို့ ၃၅ လမ်းရှိ သင်္ဘောကုမ္ပဏီ၌ ကိစ္စတစ်ခုနှင့် တွေ့ဆုံပါသည်။ ပထမကိစ္စနှင့် တွေ့ဆုံစဉ်က ကားထဲတွင် ဒေါ်ကြည်ကြည်ထိုင်နေပြီး ဒုတိယကိစ္စနှင့်တွေ့စဉ်က ကျွန်တော့်အခန်းထဲသို့ ဦးထင်ဝိန်နှင့်အတူ ဒေါ်ကြည်ကြည်ပါလိုက်လာပါသည်။

၃၅–လမ်းရှိ အင်ဒိုနီးရှားသင်္ဘောကုမ္ပဏီကို ' စင်ထရယ်လ်အိုဗာဆီးကုမ္ပဏီ(ဗမာပြည်) လီမိတက်ဟု အမည်ပေးထားပါသည်။ ဦးထင်ဝိန်သည် ကုမ္ပဏီသို့ သင်္ဘောနှင့် ပတ်သက်သည့် အလုပ်ကိစ္စနှင့် လာခြင်းဖြစ်ပါသည်။ ထိုကုမ္ပဏီနှင့် ပတ်သက်၍ အခြားစိတ်ဝင်စားစရာ သူ့တွင်ရှိ,မရှိ ကျွန်တော်မသိပါ။

ကျွန်တော်သည် ''စီ–အက်စ်–ဘူရှာနန်ကုမ္ပဏီ''အမည်ဖြင့် အလုပ်လုပ်ပါသည်။ ကျွန်တော့်ရုံးခန်းမှာအမှတ် ၁၇/၂၁၊ ၃၅လမ်းတွင်ဖြစ်ပြီးထိုအခန်းတွင်ပင် ကျွန်တော်နေထိုင်ပါသည်ဟု ထွက်ဆိုသွားသည်။

## အက်(စ်)လား ထွက်ချက်

တရားလိုပြသက်သေ အက်(စ်)လားက ဆက်လက်ထွက်ဆိုရာတွင် စတင်းဒတ်စတိုခန်းမှာ ၁၉၂/၁၉၄၊ ဗိုလ်အောင်ကျော်လမ်း (ယခင်စပတ်လမ်း) ရန်ကုန်တွင်ဖြစ်ပါသည်။ ထိုရုံးခန်းနှင့် ဒေါ်ကြည်ကြည်နေသည့် အခန်းမှာ ကပ်လျက်ဖြစ်ပါသည်။ ဒေါ်ကြည်ကြည်၏ အခန်းနံပါတ်မှာ (၆) ဖြစ်ပြီး၊ ကျွန်တော်၏ ရုံးခန်းနံပါတ်မှာ (၅) ဖြစ်ပါသည်။

၁၉၆၀ ခုနှစ်၊ ဧပြီလတွင် စတင်းဒတ်စတိုခန်းရုံးခန်းမှာ ထိုအခန်းတွင်ပင်ဖြစ်ပါသည်။ ကျွန်တော်သည် စတင်းဒတ်စတိုး၏ မန်နေဂျာလည်း ဖြစ်ပါသည်။ ကျွန်တော်သည် ၁၉၆၀ ခု၊ ဧပြီလတွင် ထိုစတိုး၌ အလုပ်ဝင်ပါသည်။

ကျွန်တော့် ရုံးခန်းအမှတ်– ၅၊ ၁၉၂ /၁၉၄ စပတ်လမ်းတွင်ရှိစဉ်က ဒေါ်ကြည်ကြည်နှင့် အန်ကယ်တို့သည်လည်း အခန်းအမှတ် ၆ တွင် နေထိုင်ကြပါသည်။ အခန်းနီးချင်းဖြစ်၍ ဦးထင်ဝိန်ကိုကျွန်တော်ကောင်းကောင်းသိပါသည်။ ဦးထင်ဝိန်အခန်းနှင့် ကျွန်တော့်အခန်းစင်္ကြံမှာ တစ်ခုတည်းဖြစ်၍ တစ်ခါတရံ ဦးထင်ဝိန်သည် ကျွန်တော်နှင့်အတူ စင်္ကြံတွင်လျှောက်လေ့ရှိပါသည်။ ဒေါ်ကြည်ကြည်လည်း စင်္ကြံတွင် ပန်းအိုးများရှိသည့်အတွက် လျှောက်လေ့ရှိပါသည်။

## ဒေါ်ကြည်ကြည်ကနှိပ်ပေး

ဦးထင်ဝိန်၏ အခန်းသို့ ကျွန်တော်အလည်ရောက်ဖူးပါသည်။ ထိုအခန်းတွင် ဒေါ်ကြည်ကြည်ကို တွေ့ပါသည်။ တစ်ကြိမ်တွင် ဦးထင်ဝိန်သည် အိပ်ယာထက်တွင်လှဲနေပါသည်။ နေမကောင်း၍ ထင်ပါသည်။ ဒေါ်ကြည်ကြည်က နှိပ်ပေးနေတာ တွေ့ရပါသည်။

ဒေဝါလီပွဲတော်တွင် ဧည့်သည်များကို ဖိတ်လေ့ရှိသည့်အတိုင်း ကျွန်တော်သည်လည်း ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့ကို ကျွန်တော့်အိမ်သို့ နှစ်တိုင်း ဖိတ်လေ့ရှိပါသည်။

ကျွန်တော်သည် ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့ အပြင်သို့ အတူထွက်တာကို မကြာခဏတွေ့ပါသည်။ ကျွန်တော်နှင့် လှေကားတွင်ဆုံသည့်အခါဆုံပြီး တစ်ခါတရံ သူတို့နှစ်ယောက်ကားနှင့် ထွက်သွားတာကို တွေ့ရပါသည်။

သူတို့နှစ်ယောက်၏ ဆက်ဆံရေးအခြေအနေကိုကြည့်၍ကျွန်တော်သည် သူတို့အား လင်မယားဟု ယူဆမိပါသည်။

ဦးဝိန်သည် မော်လမြိုင်တွင် နှစ်ရက်သုံးရက်ခန့်နေပြီး အခန်းအမှတ် ၆၊၁၉၂/၁၉၄၊ စပတ်လမ်းတွင် နှစ်ရက်သုံးရက်နေလေ့ရှိပါသည်... စသည်ဖြင့် ထွက်ဆိုသွားသည်။

## ပြန်လှန်မေး

ဦးကျော်မြင့်က ပြန်လှန်မေးမြန်းသဖြင့် မစ္စတာအက်စ်လားက ထွက်ဆိုရာတွင် တိုက်အမှတ် ၁၉၂ / ၁၉၄၊ အခန်းအမှတ် ၅ ကို ကျွန်တော်သည် ရုံးခန်းအဖြစ် သီးသန့်အသုံးပြုပါသည်။ ဒေဝါလီပွဲတော်တွင် ကုန်သည်များသည် မိတ်ဆွေအပေါင်းအသင်းများကို အလုပ်လုပ်ရာ ရုံးခန်းသို့ ဖိတ်လေ့ရှိပါသည်။

မေး။ ။ ကွယ်လွန်သူ ဦးထင်ဝိန်နှင့် တရားလိုတို့ကိုခင်ဗျား ရုံးခန်းနှင့် ကပ်လျက်ရှိသော အခန်းရှင်အဖြစ် ခင်ဗျားသိသလား။ သူတို့နှစ်ယောက်၏ အတူတကွ သွားလာနေထိုင်ရတာကိုကြည့်ပြီး လင်မယားအဖြစ် ခင်ဗျားသတ်မှတ်သလား။ ခင်ဗျားရဲ့ ထင်မြင်ချက် အတိုင်းသူတို့ဟာ အကြင်လင်မယားဖြစ်တယ်ဆိုတာ ဥပဒေအရ အသေအချာပြောနိုင်သလား။

ဖြေ။ ။ဘယ်ဥပဒေလဲ။ သူတို့ရဲ့ဆက်ဆံရေးနဲ့ အမူအယာအရ သူတို့ဟာ လင်မယားပဲ ဖြစ်တယ်။

မေး။ ။ ခင်ဗျား ဟင်ဒီမဟုတ်လား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ ခင်ဗျားမိန်းမ အိမ်တွင်းပုန်းလေ့ရှိသလား။

ဖြေ။ ။ ကျွန်တော်တို့လူမျိုးတွင် အိမ်တွင်းပုန်းသည့်အလေ့အထမရှိပါ။

မေး။ ။တရားဝင်လင်မယားမဟုတ်ဘဲမိန်းမတစ်ယောက်နှင့်ယောကျ်ား တစ်ယောက် ပွင့်ပွင့်လင်းလင်းအတူနေထိုင်တာ ဘယ်လူမျိုးမှာ တွေ့ဖူးသလဲ။

ဖြေ။ ။သက်ဆိုင်သူ ကာယကံရှင်နှစ်ဦး နှုတ်မှ တရားဝင် လင်မယား ဟုတ်မဟုတ်ပြောမှသာ သိနိုင်ပါမည်ဟု ဖြေကြားထွက်ဆိုသွားသည်။

## ဦးနေဝင်းထွက်ချက်

ဆက်လက်၍ တရားလိုပြသက်သေ မြန်မာပြည် မီးရထားအဖွဲ့၊ လက်ထောက်လုပ်ငန်း အင်စပက်တော် ဦးနေဝင်းက ''ကွယ်လွန်သူဦးထင်ဝိန်ကို ၁၉၅၀–၅၁ခုနှစ်လောက်ကစ၍သိခဲ့ပါသည်။တရားလိုဒေါ်ကြည်ကြည်ကိုလည်း ထိုအချိန်လောက်ကပင်စ၍ သိခဲ့ပါသည်။ သူတို့နှစ်ဦးသည် မီးရထား အင်ဂျင်နီယာဌာနတွင် ကန်ထရိုက်အလုပ်လုပ်ပါသည်။ ထိုအခါက ကျွန်တော်သည် နယ်ပိုင် အင်ဂျင်နီယာ၏ စာရေးဖြစ်ပါသည်။ ၎င်းတို့သည် ကန်ထရိုက်များ လက်မှတ်ထိုးရန်အတွက်နှင့် ငွေထုတ်သည့်အခါ အတိုင်းအထွာ စာအုပ်တွင် လက်မှတ်ထိုးရန်အတွက် လာကြပါသည်။ သူတို့သည် ကန်ထရိုက်များကို တစ်ဦးစီအမည်နှင့် ယူပါသည်။ သူတို့နှစ်ဦးအား အတူတွဲ၍ မီးရထားဌာနက ကန်ထရိုက်မပေးပါ။ မော်လမြိုင်တွင် ၎င်းတို့နှစ်ဦးနှင့် စ၍ သိပါသည်။ ၎င်းတို့နေသည့် မော်လမြိုင်၊ ဟောက်တင်လမ်းအိမ်သို့ ကျွန်တော်ရောက်ဖူးပါသည်။

## လင်မယားလိုနေတာတွေ့

ကျွန်တော်သည် အိမ်ထောင်ရှိသူတစ်ဦးဖြစ်ပါသည်။ သူတို့နှစ်ဦး နေပုံနေနည်းမှာ ကျွန်တော်တို့ လင်မယားနေသလို နေတာ တွေ့ပါသည်။ ၎င်းတို့သည် လင်မယားလိုနေကြပါသည်။ သူတို့မလာနိုင်သည့်အခါ ကျွန်တော်က တိုင်းထွာ စာအုပ်နှင့် (ဘီလ်) များပေါ်တွင် လက်မှတ်ထိုးရန်အတွက် ၎င်းတို့အိမ်သို့သွားပါသည်။

တစ်ခါက ဒေါ်ကြည်ကြည်၏ မွေးနေ့အတွက် ပန်းသေးခေါက်ဆွဲကျွေးသဖြင့် ဦးထင်ဝိန်က ကျွန်တော်တို့ကို လာဖိတ်ပါသည်။ ကျွန်တော်၏ အထက်အရာရှိ လက်ထောက်အင်ဂျင်နီယာ မစ္စတာနိုင်ဒူနှင့် ကျွန်တော် အတူသွားကြပါသည်။ ဦးထင်ဝိန်က သူ့မိန်းမ၏ မွေးနေ့အတွက် ပန်းသေးခေါက်ဆွဲစားကြွရန် လာဖိတ်သဖြင့် သွားခြင်းဖြစ်ပါသည်။ သူတို့အိမ်သို့အလုပ်နှင့်ပတ်သက်ပြီး၍သာ ကျွန်တော်သွားပါသည်။

## ဒေါ်ကြည်ကြည်ကိုခေါ်ပေး

၁၉၅၄ ခုနှစ်လောက်တွင် ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့သည် မော်လမြိုင်မှ ရန်ကုန်သို့ ပြောင်းပါသည်။ သူတို့သည် ပထမ ၄၂ လမ်းတွင် နေပြီးနောက် ယခု ဒေါ်ကြည်ကြည်နေသည့် စပတ်လမ်းသို့ ပြောင်းပါသည်။ ကျွန်တော်မကြာမကြာ ရောက်ပါသည်။ ရောက်သည့်အခါတိုင်း ဦးထင်ဝိန်နှင့် ကျွန်တော်တွေ့ပါသည်။ ကျွန်တော်ရောက်သည့်အခါတိုင်းသူတို့နှစ်ဦးလင်မယားလိုနေထိုင်ကြတာ တွေ့ရပါသည်။ သူတို့အိမ်တွင် ကျွန်တော်သူတို့နှစ်ဦးနှင့်အတူစားဖူးပါသည်။

ကျွန်တော်စိတ်ထင် ၁၉၅၄ ခုနှစ်လောက်က မော်လမြိုင်မြို့တွင် ဦးထင်ဝိန် ကျွန်တော့်အိမ်သို့လာဖူးပါသည်။ ဦးထင်ဝိန်က သူမကျန်းမမာ ဖြစ်နေသောကြောင့် ကျွန်တော့်ကိုခွင့်ယူပြီး ရန်ကုန်သွား၍ သူ့မိန်းမကိုခေါ်ပေးရန် ပြောပါသည်။ ကျွန်တော့်ကို အတော်ရင်းနှီးသဖြင့် အတွင်းလူအနေဖြင့် ဤသို့ခေါ်ခိုင်းခြင်းဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် ကိုယ့်အလုပ်ပစ်၍ ခွင့်ယူပြီး ရန်ကုန်သွားပြီး ဒေါ်ကြည်ကြည်ကို ခေါ်ပါသည်။ ကျွန်တော်က ဒေါ်ကြည်ကြည်ကို အကျိုးအကြောင်းပြောပြပြီး ပြန်လာပါသည်။ ဒေါ်ကြည်ကြည်သည် နောက်တစ်နေ့တွင် လေယာဉ်ပျံဖြင့် လိုက်လာပါသည်။

ရန်ကုန်မြို့ စပတ်လမ်းအိမ်သို့ သွားလည်သည့်အခါများက ကျွန်တော့်သားမယားလည်းပါဖူးပါသည်။ ကျွန်တော်တို့သည် ၎င်းတို့အိမ်၌ အိပ်ဖူးပါသည်ဟု ထွက်ဆိုလေသည်။

## ပြန်လှန်မေးခွန်း

မစ္စစ်မေရီဝိန်၏ အကျိုးဆောင်ဦးကျော်မြင့်က ပြန်လှန်မေးမြန်းသဖြင့် သက်သေဦးနေဝင်းက အောက်ပါအတိုင်းဖြေကြားထွက်ဆိုသည်။

မီးရထားဌာန၌ ကန်ထရိုက်တာများကို အတန်းအစားခွဲပါသည်။ ဒေါ်ကြည်ကြည်က ဒုတိယတန်း ဖြစ်ပါသည်။ ဦးထင်ဝိန်သည် အသေးအဖွဲတန်းဖြစ်ပါသည်။

မေး။ ။ စာရေးကြီးတစ်ဦးအနေနှင့် ကန်ထရိုက်တာများသည် ရုံးသို့လက်မှတ်လာ၍ မထိုးနိုင်သည့်အခါများ၌ ၎င်းတို့အိမ်သို့လိုက်သွားပြီး လက်မှတ်ထိုးစေရန်အတွက် ဆောင်ရွက်ပေးဖို့ တာဝန်ရှိပါသလား။

ဖြေ။ ။ မရှိပါ။

လက်မှတ်လာထိုးရန်အတွက် ကျွန်တော်တို့မော်လမြိုင်ရုံးသို့ လာရန်ဖြစ်ပါသည်။ သူတို့ မော်လမြိုင်တွင်နေပါသည်။ လုပ်ငန်းပြေလည်စေရန်အတွက် သူတို့ အိမ်သို့ လက်မှတ်သွားထိုးစေပါသည်။

## အခြားမိန်းမတစ်ယောက်ရှိ

မော်လမြိုင်မြို့တွင် ဦးထင်ဝိန်သည် ဒေါ်ကြည်ကြည်အပြင် အခြားမိန်းမတစ်ယောက်ရှိပါသည်။ မြင်ဖူးပါသည်။ သို့သော်မသိပါ။ ခရစ်ယာန်ဟုတ်မဟုတ် ကျွန်တော်မသိပါ။ ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့နေသည့်ဟောက်တင်လမ်းမှာ ကျားတံတားလမ်းမဟုတ်ပါ။ ကျားတံတားလမ်းမှာအခြားလမ်းဖြစ်ပါသည်။ မော်လမြိုင်တွင် မစ်ရှင်လမ်းရှိပါသည်။ ထိုလမ်းတွင် ဦးထင်ဝိန်နေသည့် အိမ်ရှိပါသည်။ ထိုအိမ်တွင် ဦးထင်ဝိန်သည် အခြားမိန်းမနှင့်နေမနေ ကျွန်တော်မသိပါ။ ဦးထင်ဝိန်၏ အခြားမိန်းမကို ဦးထင်ဝိန်၏ သားမစ္စတာချာလီဝန်၏ အိမ်သို့သွားစဉ်က မြင်ဖူးပါသည်။

ဦးထင်ဝိန်သည် သင်္ဘောကိုယ်စားလှယ်လုပ်ငန်းရှိသည်ကို ကျွန်တော်သိပါသည်။ အဲဒီလုပ်ငန်း၏ရုံးမှာ မော်လမြိုင်တွင် ရှိပါသည်။ ဦးထင်ဝိန်နှင့်

ကျွန်တော်အဆက်အသွယ်ရှိသည့်အခါက ဟောက်တင်လမ်းအိမ်တွင်လည်း တွေ့ဖူးပါသည်။ မစ်ရှင်လမ်းအိမ် မှာလည်း တွေ့ဖူးပါသည်။ ၁၉၅၄ ခုနှစ် ဒေါ်ကြည်ကြည်ကို အခေါ်ခိုင်းသည့်အခါက မစ်ရှင်လမ်းအိမ်တွင် ဦးထင်ဝိန်က ကျွန်တော့်ကို တွေ့ပါသည်။

ကျွန်တော်၏ အထက်အရာရှိ လက်ထောက်အင်ဂျင်နီယာ မစ္စတာနိုင်ဒူး သည် သေဆုံးသွားပါပြီ။ ဒေါ်ကြည်ကြည်၏ မွေးနေ့တွင် ပန်းသေးခေါက်ဆွဲစား ဖိတ်သည့်အခါက မစ္စတာနိုင်ဒူးကိုလည်းဖိတ်ပါသည်။ ကျွန်တော့်ကိုလည်း ဖိတ်ပါသည်။ နိုင်ဒူးဆိုသည်မှာ ကုလားလူမျိုးဖြစ်ပါသည်။ ဟိန္ဒူအမည် ဟုတ်မဟုတ် ကျွန်တော်မသိပါ။ ပန်းသေးဆိုသည်မှာ တရုတ်မူဆလင် လူမျိုး ဟု ကျွန်တော်သိပါသည်။

## အတွင်းလူ

မေး။ ။ ခင်ဗျားကို အတွင်းလူအနေနှင့် ဒေါ်ကြည်ကြည်ကို ခေါ်ခိုင်း တယ်လို့ ထွက်သွားသည်။ အတွင်းလူဆိုတာ ဘာဆိုလိုလဲ။

ဖြေ။ ။ ကျွန်တော့် အဖေများနှင့် ဦးထင်ဝိန်သိခဲ့ပါသည်။ ငယ်ငယ် ကတည်းက တစ်ရပ်တည်းတွင် ကျွန်တော်နေလာခဲ့ပါသည်။ ၎င်း၏ လက်ပေါ် တွင် ကျွန်တော်ကြီးလာခဲ့ပါသည်။ ပြောမနာဆိုမနာ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော့်မှ အတွင်းလူလို့ ထွက်ဆိုခဲ့ပါသည်။

မေး။ ။ဦးထင်ဝိန်ကို ၁၉၅၀ ခုနှစ် ၅၁ ခုနှစ်လောက်ကစ၍ သိသည် လို့ ထွက်ဆိုထားသည်။ အဲဒါမှန်သလား။

ဖြေ။ ။ မမှန်ပါ။ ငယ်ငယ်ကတည်းက စသိပါသည်။ ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့ နှစ်ဦး အတူတူ ၁၉၅၀ခုနှစ် ၅၁ခုနှစ်လောက်က စသိသည်လို့ ကျွန်တော်ဆိုလိုခြင်းဖြစ်ပါသည်။ ၁၉၅၀–၅၁ ခုနှစ်အရင်က ဒေါ်ကြည်ကြည်ကို မသိခင်က ဦးထင်ဝိန်အိမ်သို့ ကျွန်တော်တစ်ခေါက်မှ မရောက်ဘူးပါ။ ဘယ်အိမ် ကိုမှ မရောက်ဖူးပါ။

ဦးထင်ဝိန်၏ လက်ပေါ်တွင် ကျွန်တော်မကြီးလာပါ။ မျက်စေ့အောက် တွင် ကြီးလာသည်ဟု ဆိုလိုပါသည်။ ဒေါ်ကြည်ကြည်နှင့် ဦးထင်ဝိန်တို့ တွဲပြီးမှ ဦးထင်ဝိန်၏ အခြားမိန်းမကို ကျွန်တော်မြင်ဖူးပါသည်။

## မြင်ဖူးသည်ဆိုတာ

မေး။ ။ဦးထင်ဝိန်၏ အခြားမိန်းမကို မစ္စတာချာလီဝိန်၏ အိမ်သို့သွားသည့်အခါက မြင်ဖူးသည်ဆိုတာ ဘာကိုဆိုလိုပါသလဲ။

ဖြေ။ ။ထိုမိန်းမက မစ္စတာချာလီအိမ်သို့အသွားလမ်းတွင် ကျွန်တော်တွေ့သည်လို့ ဆိုလိုခြင်းဖြစ်ပါသည်။ ထိုမိန်းမမှာ မစ္စတာချာလီဝိန်၏ အမေဖြစ်ကြောင်းကို လူတစ်ယောက်၏ ပြောကြားချက်အရ ကျွန်တော်သိခဲ့ရပါသည်။ အဲဒီမိန်းမကို ဒီ့အရင်က ကျွန်တော်မတွေ့ဘူးပါ။ နောက်ပိုင်းတော့ တွေ့ဖူးပါသည်။ မစ္စတာချာလီဝိန်အပြင် ဦးထင်ဝိန်၏သာ ယခုရုံးခန်းအတွင်းရှိ မစ္စတာဂျိန်း(စ်)ဝိန်ကိုလည်း ကျွန်တော်သိပါသည်။ ဦးထင်ဝိန် အခြားသားသမီးများကို ကျွန်တော်မသိပါ။

ဦးထင်ဝိန်သည် မော်လမြိုင်မြို့၌ မစ်ရှင်လမ်းမှ အိမ်တစ်လုံး၊ မြူနီစပါယ်လမ်းကအိမ်တစ်လုံးနှင့် ၎င်းနေသည့် အိမ်တစ်လုံးပိုင်ကြောင်း ကျွန်တော်သိပါသည်။ ထိုသုံးလုံးစလုံးမှာ လမ်းကြီး၊ အိမ်ကောင်းများ ဖြစ်ပါသည်။ ဟောက်တင်လမ်းမှာ လမ်းမကြီးမဟုတ်ပါ။ ဟောက်တင်လမ်းမှ ဦထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့နေသည့်အိမ်မှာနှစ်ထပ်အိမ်ဖြစ်ပါသည်။ထိုအိမ်အပေါ်ထပ်မှာ သူတို့နေကြပါသည်။

ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့သည် ဘယ်နှစ်က မော်လမြိုင်မှ ရန်ကုန်သို့ ပြောင်းလာသည်ဆိုတာ ကျွန်တော်မသိပါ။ သို့သော် ၁၉၅၄ ခုနှစ်က သူတို့ကို ရန်ကုန်အိမ်မှာ ကျွန်တော်လာတွေ့ဖူးပါသည်။ မော်လမြိုင်–ရေး ရထားလမ်းဖောက်စဉ်က ကျွန်တော်တို့လုပ်ငန်းနှင့်ပါသွားပါသည်။ ရေးဘက်ကို ပါသွားပါသည်။ ၁၉၅၃ ခုနှစ်၊ ၅၄ ခုနှစ်ကဖြစ်ပါသည်။ ထိုမီးရထားလမ်းမှာ စစ်မဖြစ်ခင်ကတည်းက ရှိပါသည်။ လမ်းဟောင်းကို ပြန်လည်ပြုပြင်ခြင်း ဖြစ်ပါသည်။

## ဟုတ်ပါသည်

မေး။ ။ ၁၉၅၄ ခုနှစ်ကလည်း ဦးထင်ဝိန်က ဒေါ်ကြည်ကြည်ကို အခေါ်ခိုင်းသည့်အတွက် ခင်ဗျားအခွင့်ယူရသည်လို့ဆိုသည်။ ဘာအကြောင်းပြပြီး အခွင့်ယူပါသလဲ။

ဖြေ။ ။ ကိုယ်ရေးကိုယ်တာအတွက်ဆိုပြီး ခွင့်တောင်းပါသည်။

မေး။ ။ ဦးထင်ဝိန်၏ မိန်းမသွားခေါ်ရန်အတွက်ဆိုပြီး ခွင့်တောင်းရင်

မရဘူးမဟုတ်လား။ ဒါကြောင့် ကိုယ်ရေးကိုယ်တာအတွက်ဆိုပြီး တောင်းသည် မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါသည်။ ဦးထင်ဝိန်မှာ ကျွန်တော့်အဖေ၏ သူငယ်ချင်း ဖြစ်သဖြင့် ဒေါ်ကြည်ကြည်ကို သွားခေါ်ပေးရခြင်းမှာ ကိုယ်ရေးကိုယ်တာကိစ္စ ဆိုလိုပါသည်။

မေး။ ။ ခင်ဗျားကိုယ်တိုင်ကိစ္စတော့မဟုတ်ဘူး။

ဖြေ။ ။ ကျွန်တော့်အဖေ၏ သူငယ်ချင်းကိစ္စဖြစ်သဖြင့် ကျွန်တော့်ကိစ္စ မဟုတ်သော်လည်း ဆောင်ရွက်ပေးရပါသည်ဟုဖြေသည်။

တရားလို ဒေါ်ကြည်ကြည်၏ အကျိုးဆောင် ဒေါက်တာဘဟန်က ရှင်းလင်းမေးမြန်းသဖြင့် သက်သေဦးနေဝင်းက "ဟောက်တင်လမ်းဘက်သို့ ကျွန်တော်ငယ်ငယ်ကတည်းက သွားဖူးလာဘူးပါသည်။ ကျွန်တော့်နေတော့ မရမ်းကုန်းအရပ်မှာ နေပါသည်။ ဟောက်တင်လမ်းနှင့် ကျားတံတားလမ်းတို့မှာ တစ်လမ်းနှင့် တစ်လမ်း ဖြတ်ကြပါသည်" ဟု ဖြေသွားသည်။

ထို့ပြင်တရားလိုပြသက်သေများဖြစ်ကြသော မော်လမြိုင်မြို့နေ ဆရာဝန် ဆွန်ဒါရမ်း၊ ကျောင်းဆရာဦးဘအေး နှင့် ဆရာဝန်စံလင်းတို့အား မော်လမြိုင်မြို့ ခရိုင်တရားသူကြီး ကော်မရှင်နာရှေ့၌ စစ်ဆေးခဲ့လေသည်။ တရားလို တရားခံ နှစ်ဖက်အကျိုးဆောင်ကြီးများက မေးခွန်းများရေးပေး၍ သက်ဆိုင်ရာတရားရုံးမှ တစ်ဆင့် မော်လမြိုင်မြို့တွင် ကော်မရှင်နာအဖွဲ့နှင့် စစ်ဆေးခဲ့ခြင်းဖြစ်သည်။

## ဆရာဝန်ဆွန်ဒါရမ်းထွက်ချက်

ဆရာဝန်ဆွန်ဒါရမ်းက မေးခွန်းများဖြေကြားထွက်ဆိုရာတွင် သေသူ ဦးထင်ဝိန်ကို လွန်ခဲ့သည့်အနှစ်၃၀လောက်မှစ၍ သိရှိခဲ့ပါသည်။ ဒေါ်ကြည်ကြည် ကို မသိပါ။ လွန်ခဲ့သည့် ဆယ်ရက်ခန့်က ကျွန်တော့်အိမ်သို့လာ၍ မိမိကိုယ် ကိုမိမိ ဒေါ်ကြည်ကြည်ဖြစ်ကြောင်း လာရောက်နှုတ်ဆက်ပါသည်။ မိမိသည် ကွယ်လွန်သူ ဦးထင်ဝိန်၏ ဇနီးဖြစ်ကြောင်းပြောပါသည်။ ဒေါ်ကြည်ကြည် ကျွန်တော်၏ဆေးတိုက်သို့ ဆေးကုသရန်လာသည်ကို ကျွန်တော်မမှတ်မိပါ။ မည်သည့်အခါက မည်သူခေါ်ဆောင်လာသည်ကို မမှတ်မိပါ။ ဒေါ်ကြည်ကြည် အတွက် ဆေးကုခစရိတ်ကို မည်သူက ပေးသည်ကိုလည်း အမှတ်မရှိပါ။

## မည်သို့တော်စပ်သည်မသိ

သေသူဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့သည် မည်ကဲ့သို့တော်စပ်သည်။ ဆက်ဆံကြသည်များကို မသိပါ။ ဂါးဒီးယန်းသတင်းစာတွင် ဦးထင်ဝိန်အနိစ္စ ရောက်ကြောင်းသတင်းဖတ်ရှုရပါသည်။ အမှုတွဲပါကြေးနန်းစာ (ဓာတ်ပုံ) ပေးမိသည်ထင်ပါသည်။ ကျွန်တော်၏ မိတ်ဆွေသေဆုံးသည့်အတွက် ဝမ်းနည်း ကြောင်း အသိအမှတ်ဖြင့် ပို့ခြင်းဖြစ်ပါသည်. . .စသည်ဖြင့် ပါရှိသည်။

## ပြန်လှန်မေး

တရားခံအကျိုးဆောင်၏ ပြန်လှန်မေးခွန်းများကို သက်သေ ဆွန်ဒါရမ်း က ကျွန်တော်ဦးထင်ဝိန်ကို ခင်မင်ရင်းနှီးစွာသိရှိခဲ့ပါသည်။ ၎င်းသည် ခရစ်ယာန် ဘာသာ ကိုးကွယ်ကြောင်းသိရှိပါသည်။ မစ္စစ်မေရီဝိန်ကိုလည်း ခရစ်ယာန် ဘာသာထုံးစံအရ လက်ထက်ကြောင်းသိရှိပါသည်။ ကွယ်လွန်သူ ဦးထင်ဝိန်နှင့် မစ္စစ်မေရီဝိန်တို့ကို ကျွန်တော်မကြာခဏဆေးကုသပေးခဲ့ပါသည်။

သေသူဦးထင်ဝိန်နှင့် မစ္စစ်မေရီဝိန်တို့သည် အကြင်လင်မယား ဖြစ်ကြ သော်လည်း ဦးထင်ဝိန်သည် အခြားမိန်းမများနှင့် ဆက်ဆံနေသည်တို့ကို အနည်း ငယ်သိပါသည်။ အခြားမိန်းမများနှင့် ဆက်ဆံသကဲ့သို့ ဒေါ်ကြည်ကြည် လည်းတစ်ဦးအနေနှင့် ပါဝင်ကြောင်းကို မသိပါ။ သေသူဦးထင်ဝိန်နှင့် မစ္စစ် မေရီဝိန်တို့သည် မော်လမြိုင်မြို့အောက်လမ်းမကြီး မစ်ရှင်လမ်းထောင့်ရှိအိမ်တွင် နေထိုင်ခဲ့ကြောင်းသိရှိရပါသည်ဟု ဖြေသည်။

## ဦးဘအေးထွက်ချက်

ဆက်လက်၍ ခရစ်ယာန်ကျောင်းဆရာ ဦးဘအေးက ‘‘ လွန်ခဲ့သော ၁၉၆၄ ခုနှစ်မှစ၍ ကွယ်လွန်သူ ဦးထင်ဝိန်ကို သိနေပါသည်။ ဒေါ်ကြည်ကြည်ကို ၁၉၄၈ ခုနှစ်မှစ၍ ကျွန်တော်သိခဲ့ပါသည်။ ၁၉၄၈ ခုနှစ် သို့မဟုတ် ၁၉၄၉ ခုနှစ်တွင် ဒေါ်ကြည်ကြည်နှင့်တကွ သူ၏ သားသမီးများ မော်လမြိုင်မြို့၊ ဟောက်တင်လမ်း၊ အမှတ် ၁၇ သို့ ပြောင်းလာသည်ကို ကျွန်တော်မှတ်မိပါသည်။ ထိုအချိန်က ဟောက်တင်လမ်း၊ အမှတ်၁၇ နေအိမ်အောက်ထပ်တွင် ကျွန်တော် နေပါသည်။

## ဦးထင်ဝိန် ဘာမျှမဖြစ်

ထိုအခါက မော်လမြိုင်မြို့အောက်လမ်းမကြီးနှင့် မစ်ရှင်လမ်းထောင့်က အိမ်မှာ ဦးထင်ဝိန်ကို ကျွန်တော်တွေ့ပါသည်။ ဦးထင်ဝိန်သည် ၎င်းအိမ်၌ပင် နေထိုင်ပါသည်။ ကျွန်တော်သည် ဒေါ်ကြည်ကြည်နေသော အပေါ်ထပ်ကို သွားလေ့မရှိပါ။ သို့သော် အပူထပ်၌ ပူအိုက်သောအခါ ဒေါ်ကြည်ကြည်သည် အောက်ထပ်လေှကားရင်းသို့လာ၍ ထိုင်တတ်ပါသည်။ ဦးထင်ဝိန် နေ့လည် နေ့ခင်းလာသည်ကိုတွေ့ဖူးပါသည်။ ထို့အပြင် ဒေါ်ကြည်ကြည်၏ ကန်ထရိုက် အလုပ်တွင် ကူညီသည်ကိုလည်း သိပါသည်။ ဟောက်တင်လမ်းနေအိမ်တွင် ဒေါ်ကြည်ကြည်နှစ်နှစ်ခန့် နေထိုင်ခဲ့ပါသည်။ ဒေါ်ကြည်ကြည် ထွက်သွား ပြီးနောက် ဦးထင်ဝိန်ဘာမျှ မဖြစ်ပါ။ နောက်နောင်တွင် ဒေါ်ကြည်ကြည်နှင့် ဦးထင်ဝိန်တို့ မည်သို့ဆက်ဆံသည်ကို ကျွန်တော် မသိပါဟုထွက်ဆိုသည်။

## ပြန်လှန်မေး

တရားခံအကျိုးဆောင်၏ ပြန်လှန်မေးခွန်းများကို ဦးဘအေးက ဖြေရာ တွင် "ဦးထင်ဝိန်သည် ခရစ်ယာန်ဘာသာဝင်တစ်ယောက်ဖြစ်ပြီး မေရီဝိန်ကို ၁၉၄၈ ခုနှစ် မတိုင်မီကပင် ခရစ်ယာန်ဘာသာထုံးစံအရ လက်ထပ်ထားသည်ကို သိပါသည်။ မော်လမြိုင်မြို့ အောက်လမ်းမနှင့် မစ်ရှင်လမ်းထောင့်ရှိအိမ်တွင် ဦးထင်ဝိန်နှင့် မစ္စစ်မေရီဝိန်တို့ အတူတူနေသည်ကို ကျွန်တော်သိပါသည်။ မော်လမြိုင်မြို့၊ ဟောက်တင်လမ်း၊ အမှတ် (၁၇) အောက်ထပ်၏ အိမ်လခမှာ ၂၅ ကျပ်ဖြစ်ပါသည်။ ဒေါ်ကြည်ကြည်နှင့် နေသော ကလေးများ၏ အဖေ မည်သူဆိုသည်ကို ကျွန်တော်မသိပါ။ ဒေါ်ကြည်ကြည်နေသော အခန်းမှာ သူ၏ ဖခင်လည်းနေပါသည်။ ဒေါ်ကြည်ကြည်ဖခင်ဆုံးတော့ ဦးထင်ဝိန် မသာပို့ မလိုက်သည်ကို ကျွန်တော်သိပါသည်" ဟုပါရှိသည်။

## ရှင်းလင်းမေး

ဒေါ်ကြည်ကြည်၏ အကျိုးဆောင်ဒေါက်တာ ဘဟန်က ရှင်းလင်းမေး မြန်း၍ ဦးဘအေးက "ဒေါ်ကြည်ကြည်၏ ဖခင်သေဆုံးစဉ်က ဦးထင်ဝိန်သည် ဒူးနာနေပါသည်" ဖြေသည်။

## ဒေါက်တာစံလင်းထွက်ချက်

ထို့နောက်ဒေါက်တာစံလင်းက ''လွန်ခဲ့သော ၁၄ နှစ်ခန့်လောက်က စ၍ အယ်ထင်ဝိန်ကိုသိပါသည်။ ဒေါ်ကြည်ကြည်ကိုလည်း ၁၄ နှစ်ခန့်လောက်ကပင်စ၍သိပါသည်။ ဆေးသွားထိုးသည့်အခါက စပြီးသိပါသည်။ ၁၉၄၉ ခုနှစ်က ညတစ်ညမှာ အယ်ထင်ဝိန်လာခေါ်သည်ကို မှတ်မိပါသည်။ ကျွန်တော်လိုက်သွားသည့်အိမ်မှာကျားတံတားရပ်တွင်ဖြစ်ပြီး အိမ်နံပါတ်နှင့် လမ်းအမည်ကို မမှတ်မိပါ။ သူလာ၍ခေါ်စဉ်က မိန်းမတစ်ယောက်ကလေးရှောသည့်ကိစ္စဖြစ်ပြီး ထိုမိန်းမမှာ အားနည်းနေသည်ကိုတွေ့ရပါသည်။ သတိရသည် မရသည်ကို မမှတ်မိပါ။ မည်မျှကြာသည်ကိုလည်း မမှတ်မိပါ။ ကျွန်တော်ပြန်စဉ်ကို သူသတိရသည် မရသည်ကိုလည်း မမှတ်မိပါ။ ကျွန်တော်သည် သူမအားဆက်၍ ကုနေပါသည်။ မည်၍မည်မျှကြာသည်ကို မမှတ်မိပါ။ ဒေါ်ကြည်ကြည်နေသောအိမ်တွင်ကလေးများရှိသည် မရှိသည်ကို မသိပါ။ ကလေးများ၏အဖေအမည်ကိုလည်းမသိပါ'' ဟုထွက်ဆိုသည်။

ထိုတရားလိုပြသက်သေ ဒေါက်တာစံလင်းအား တရားခံများ အကျိုးဆောင် ဦးကျော်မြင့်က ပြန်လှန်မေးခွန်းများ မေးမြန်းခြင်းမရှိပေ။

ဒေါ်ကြည်ကြည်သည် မယားမဟုတ်၊ လုံးဝအမွေဆက်ခံခွင့်မရှိသော တော်ပြောင်အဆင့် (mistress) မျှသာဖြစ်ပါသည်။

***(မစ္စစ်မေရီဝိန်)***

## ဒေါ်မေရီထွက်ချက်

ထို့နောက် မော်လမြိုင်မြို့၊ မစ်ရှင်လမ်း၊ အမှတ် ၄ နေ ဒေါ်မေရီအား ဆက်လက်စစ်ဆေးသည်။ သူ၏အကျိုးဆောင် ဝတ်လုံတော်ရကြီးဦးကျော်မြင့်၏ မေးမြန်းချက်များကို ဒေါ်မေရီက သစ္စာပြုပြီး အောက်ပါအတိုင်း ဖြေကြားထွက်ဆိုသည်။

ကွယ်လွန်သူ ဦးထင်ဝိန်နှင့် ကျွန်မသည် ၁၉၂၃– ခုနှစ်က ခရစ်ယာန်ဘာသာအရ လက်ထပ်ခဲ့ကြပါသည်။ ထိုအခါက လက်ထပ် လက်မှတ်ရခဲ့ပါသည်။ ယခုထိုလက်မှတ်၏ ဓာတ်ပုံမိတ္တူကို တင်ပြပါသည်။ (မှတ်ချက်။ ။ ထိုဓာတ်ပုံမိတ္တူကို သက်သေခံအဖြစ်ဖြင့် မှတ်သားသည်။ ထင်ရှားစွာပြသည့်အခါတွင် သက်သေခံအဖြစ်ဖြင့် လက်ခံမည်။

ကျွန်မသည် အင်္ဂလိပ်လိုလည်း စာမရေးတတ် မဖတ်တတ်ပါ။ မြန်မာလိုလည်း မရေးတတ်မဖတ်တတ်ပါ။ သက်သေခံ လက်ထပ်လက်မှတ်ပေါ်တွင် "Mary de costa" ဟု အင်္ဂလိပ်လိုရေးထားသည့် စာလုံးများကို ကျွန်မ၏ယောကျ်ားက ကျွန်မလက်ကို ကိုင်၍ ရေးပေးသည့်စာလုံးများဖြစ်ပါသည်။

ဦးထင်ဝိန်သည် သေသည်အထိ ခရစ်ယာန်ဘာသာပဲ ကိုးကွယ်ခဲ့ပါသည်။ ရန်ကုန်မှာသေပြီး ခရစ်ယာန်သင်္ချိုင်းတွင် မြှုပ်ခဲ့ပါသည်။

## အင်းစိန်၌လက်ထပ်

ကျွန်မတို့သည်အင်းစိန်၌လက်ထပ်ကြပါသည်။ စစ်မဖြစ်ခင်ကကျွန်မ၏ယောကျ်ားသည် ဖူးကားကုမ္ပဏီတွင်အလုပ်လုပ်ပါသည်။ စစ်မဖြစ်ခင်ကလေးက မော်လမြိုင်ရောက်ပါသည်။ စစ်ဖြစ်ပြီးတော့လည်း မော်လမြိုင်၌ပင် ဆက်လက်နေထိုင်ခဲ့ပါသည်။ မော်လမြိုင်ကို ရောက်သည့်အခါက ပထမအမှတ် ၃၃၆ အောက်လမ်းမတော်တွင် နေပါသည်။ တဝင်းထဲမှာပဲ နောက်ထပ်အိမ်တစ်လုံးရှိပါသေးသည်။ မစ်ရှင်လမ်း၊ အမှတ် ၄ နေအိမ်ဖြစ်ပါသည်။

ဦးထင်ဝိန်နှင့် ရသည့် သားသမီးများအနက် အောက်ဖော်ပြပါ သားသမီးများ ယခုအထိရှိပါသည်။ ၎င်းတို့မှာ (၁)ဂျိန်း(စ်)ဝိန်၊ (၂)ဒေစီဝိန်၊ (၃)ဟယ်ရီဝိန်၊ (၄)အမ်မာဝိန်၊ (၅)ဝင်နီဝိန်နှင့် (၆)ချား(စ်)ဝိန်တို့ ဖြစ်ကြပါသည်။ မော်လမြိုင်မှာ နေစဉ်အခါက ကျွန်မတို့သားအမိတစ်စုသည် အမှတ် ၃၃၆၊ အောက်လမ်းမတော်အိမ်တွင်နေကြပါသည်။

## အခြားဘယ်အိမ်မှမနေ

စစ်ပြီးသည့်နောက်ပိုင်းတွင် ဦးထင်ဝိန်က သင်္ဘောကိုယ်စားလှယ်အလုပ်လုပ်ပါသည်။ မီးရထားဌာနတွင်လည်း ကန်ထရိုက် အလုပ်လုပ်ပါသည်။ သစ်တောတွင်း လုပ်ငန်းကိုလည်း လုပ်ပါသည်။ ဦးထင်ဝိန်၏ အလုပ်တိုက်ခန်းမှာ ကျွန်မတို့နေသည့် အိမ်အောက်ထပ်တွင်ရှိခဲ့ပါသည်။ အလုပ်ကိစ္စနှင့်ပတ်သက်၍ ဦးထင်ဝိန်သည် ရန်ကုန်သို့သွားလေ့ရှိပါသည်။ သို့သော် ဦးထင်ဝိန်သည် မော်လမြိုင်တွင် အမြဲနေခဲ့ပါသည်။ ဦးထင်ဝိန်သည် ရန်ကုန်သွားသည့်အခါများ၌ ၄–၅–၆–ရက်၊ အများဆုံး တစ်ပတ်နေလေ့ရှိပါသည်။

ဦးထင်ဝိန် ရန်ကုန်ကို သွားသည့်အခါများက တစ်ခါတစ်လေ ကျွန်မပါ

ပါပါသည်။ ထိုသို့ ကျွန်မပါသွားသည့်အခါများ၌ အင်းယားလမ်း၊ အမှတ် ၇၄(အီး)တွင် တည်းပါသည်။ ထိုအိမ်၌ပင်အိပ်ပါသည်။ ထိုအိမ်တွင် ဂျိန်း(စ်)ဝိန် နေပါသည်။ ဦးထင်ဝိန်သည် မော်လမြိုင်တွင်ရှိသည့်အခါများက ကျွန်မနေသည့် အိမ်မှလွဲ၍ အခြားဘယ်အိမ်မှာမှ မနေဘူးပါ။ မအိပ်ဘူးပါ။

## မိတ်ဆွေနှင့်ဆွေမျိုးများ

ရန်ကုန်တွင် ကျွန်မတို့နှင့် ရင်းနှီးသည့်မိတ်ဆွေများမှာ (၁)ကွယ်လွန်သူ ဦးဘိုးစနှင့် ၎င်း၏ဇနီး၊ ဦးဘိုးစ၏ဇနီး မြန်မာအမည်ကို ကျွန်မ မမှတ်မိပါ။ ကျွန်မက သူ့ကို မစ္စစ်ဘိုးစဟုခေါ်လေ့ရှိပါသည်။ (၂)ဒေါ်အုံးခင် (မစ္စစ်ဘသော်) နှင့် (၃) မစ္စစ်မောင်မောင်ထွန်း (မြန်မာအမည်သတိမရပါ) တို့ဖြစ်ပါသည်။ ယခု ကျွန်မပြောသွားသည့် မိတ်ဆွေများသည် ကျွန်မ ရန်ကုန်ပါလာသည့် အခေါက်များက အင်းယားလမ်း၊ အမှတ် ၇၄ (အီး) အိမ်သို့ လာလည်လေ့ရှိကြပါသည်။

ရန်ကုန်သို့ ကျွန်မပါလာသည့်အခေါက်များက ဝင်ထွက်သွားလည်သည့် ဆွေမျိုးများမှာ (၁) ဦးထင်ဝိန်၏ အစ်ကိုအရင်း မစ္စတာအယ်(လ်)ထင်ဝါ နှင့် ၎င်း၏ဇနီး၊ (၂) ဦးထင်ဝိန်၏ ညီတစ်ဝမ်းကွဲတော်သူ ဦးထင်တိန်နှင့် ၎င်း၏ ဇနီး (ကွယ်လွန်သူ) နှင့် (၃) ဦးထင်ဝိန်၏အစ်ကို ကွယ်လွန်သူ ဦးထင်စိန်နှင့် ၎င်း၏ ဇနီး ဒေါ်သောင်းတင်တို့ဖြစ်ပါသည်။ ကျန်တာတွေ သတိမရပါ။

## ရန်ကုန်မှာ သွားကုမယ်ပြော

ဦးထင်ဝိန်မသေခင်က ယခုကျွန်မနေသည့်အိမ်အပေါ်ထပ်တွင် သွေးအန်ပါသည်။ မော်လမြိုင်မှ ဆရာဝန်များနှင့်ကုပါသည်။ မော်လမြိုင်မှာ ကုလို့မရဘူး၊ ရန်ကုန်မှာ သွားကုမယ်၊ စိတ်မပူပါနှင့် ဦးထင်ဝိန်ကပြောပြီး ရန်ကုန်သွားပါသည်။ ကျွန်မကိုယ်တိုင်ကလည်း နေမကောင်းနေ၍ ဦးထင်ဝိန်နှင့်အတူ ရန်ကုန်သို့ လိုက်မသွားနိုင်ခဲ့ပါ။ ထိုအခါက ကျွန်မဓာတ်လျှော့နေပါသည်။ ဦးထင်ဝိန် ရန်ကုန်သွားပြီး နှစ်ရက်အကြာမှာ ကျွန်မလည်းရန်ကုန်လိုက်လာပါသည်။ ကျွန်မအက်(စ်)ဒီဆေးရုံ(အမေရိကန်ဆေးရုံ)သို့နေ့စဉ်ရောက်ပါသည်။ ဦးထင်ဝိန် သေဆုံးသည့်အခါက ၎င်း၏ သားအကြီး ဂျိန်း(စ်)ဝိန်က အသုဘကိစ္စအားလုံး တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။

## တစ်ဦးတည်းသောမယား

ဦးထင်ဝိန်သည် အသက်ရှင်စဉ်အခါက ဝယ်သည့်အိမ်များ၏ စာချုပ်စာတမ်းများကို ကျွန်မအားအပ်ပါသည်။ ကျွန်မလက်ထဲမှာရှိပါသည်။ ရန်ကုန်မြို့တွင် သာသနာ့ရိပ်သာလမ်းမှ အိမ်တစ်လုံးနှင့် မော်လမြိုင်မြို့တွင် ယခုကျွန်မနေသည့်အိမ်ကို ဦးထင်ဝိန်ကကျွန်မအမည်ဖြင့်ဝယ်ပေးပါသည်။ ကျွန်မမှာ ဦးထင်ဝိန်၏ တစ်ဦးတည်းသောမယားဖြစ်ပါသည်။ ဒေါ်ကြည်ကြည်၏ စွပ်စွဲချက်အားလုံးကို ကျွန်မငြင်းပါသည်။

## ပြန်လှန်မေး

တရားလိုဒေါ်ကြည်ကြည်၏အကျိုးဆောင် ဒေါက်တာဘဟန်ကပြန်လှန်မေးမြန်းသဖြင့်ဒေါ်မေရီက အောက်ပါအတိုင်း ဖြေကြားထွက်ဆိုသည်။

မော်လမြိုင်တွင် ဝင်းတစ်ခုတည်း၌ အိမ်နှစ်လုံးရှိပါသည်။ မော်လမြိုင်မြို့၊ အောက်လမ်းမတော်လမ်း၊ အမှတ် ၃၃၆ အိမ်ကို အစက ဦးထင်ဝိန်၏ မိဘများက ပိုင်ပါသည်။ ကျွန်မတို့လက်ထပ်ပြီးနောက် ထိုအိမ်တွင်အတူနေကြပါသည်။ ဦးထင်ဝိန်၏မိဘများက ထိုအိမ်ကိုဦးထင်ဝိန်အားပေးပါသည်။ဦးထင်ဝိန်၏ အဖေမှာ အကောင်းဖြစ်ပါသည်။ အမှတ် ၃၃၆၊ အောက်လမ်းမတော်အိမ်တွင် ဦးထင်ဝိန်နှင့် ရကတည်းကစ၍ နေပါသည်။ ထိုအိမ်နှင့် တဝင်းတည်းရှိသည့် မစ်ရှင်လမ်း၊ အမှတ်(၄)အိမ်ကို လွန်ခဲ့သော ၈ နှစ်လောက်က ဝယ်ပါသည်။

၁၉၅၁ ခုနှစ်လောက်က သေဆုံးသွားသည့်ကျွန်မ၏ သမီး မေဝိန်းသည် ရန်ကုန်တွင် နေပါသည်။ ရန်ကုန်၌ မေဝိန်းအိမ်တွင် ကျွန်မနေဖူးပါသည်။ ကျွန်မ၏ သားသမီးများပါ ပါလာပါသည်။ အဲဒီအခါက ဦးထင်ဝိန်သည် မော်လမြိုင်၌သာ ကျန်နေပါသည်။

မေး။ ။ အဲဒီလို မေဝိန်းအိမ်ပြောင်းလာတာဟာ ဦးထင်ဝိန်နဲ့ စကားများလို့ ပြောင်းလာတာမဟုတ်လား။

ဖြေ။ ။ မဟုတ်ပါ။ သားသမီးတွေပိုက်ဆံကိုကျွန်မသိမ်းထားပါသည်။ ဦးထင်ဝိန်က တောင်းပါသည်။ သားသမီးတွေကို မတိုင်ပင်ဘဲ မပေးနိုင်ဟုပြောပြီး ရန်ကုန်သို့ ကျွန်မခဏထွက်လာပါသည်။ အဲဒီအခါက ကလေးအချို့တို့သည် မော်လမြိုင်တွင် စာသင်ပြီး ကျန်ခဲ့ပါသည်။

မေး။ ။ အဲဒီအခါ ဂျိန်း(စ်)ဝိန် ဘယ်မှာလဲ။

ဖြေ။ ။ရန်ကုန်မှာ ရှိပါသည်။ မီးရထားဌာနတွင် အလုပ်လုပ် နေပါသည်။ အင်းယားလမ်းအမှတ် ၇၄ အီးတွင် နေပါသည်။

မေး။ ။ မေဝိန်းအိမ်မှ မော်လမြိုင်သို့ ပြန်တယ်မဟုတ်လား။ ဘာဖြစ်လို့ပြန်သလဲ။

ဖြေ။ ။ ဟုတ်ပါသည်။ ကလေးတွေရှိလို့ ပြန်ပါသည်။ အဲဒီအခါက ဦးထင်ဝိန်သည် ရန်ကုန်မှာ လိပ်ခေါင်းလာကုပါသည်။ လာကုပြီး ငါနေကောင်းပြီ၊ မော်လမြိုင်ကလေးတွေဆီ ပြန်လာပါလို့ ပြောပါသည်။

မေး။ ။ အဲဒီတုန်းက ခင်ဗျားတစ်ယောက်တည်း ပြန်သလား။

ဖြေ။ ။ ဦးထင်ဝိန်နှင့် အတူပြန်ပါသည်။

မေး။ ။အောက်လမ်းမတော်၊ အမှတ် ၃၃၆ မော်လမြိုင်သို့ ပြန်သည်မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါသည်။

မေး။ ။ အဲဒီအခါက အဲဒီအိမ်ရဲ့အပေါ်ထပ်မှ ခင်ဗျားနေသလား။

ဖြေ။ ။ဟုတ်ပါသည်။

မေး။ ။အောက်ထပ်မှာ ဦးထင်ဝိန်နေတယ်မဟုတ်လား။

ဖြေ။ ။ မနေပါ၊ အပေါ်ထပ်မှာနေပါသည်။ အော့ဖစ်ကိုလည်း အပေါ်ထပ်ရွှေ့ပါသည်။

မေး။ ။ မေဝိန်းအိမ်သို့ ရန်ကုန်တွင် ခင်ဗျားလာနေသည့်အကြောင်းမှာ ခင်ဗျားယောကျ်ားသည် တရားလို ဒေါ်ကြည်ကြည်နှင့် ပေါင်းနေလို့ ခင်ဗျားက စိတ်ဆိုးပြီး ရန်ကုန်ထွက်လာတာ မဟုတ်လား။

ဖြေ။ ။ မဟုတ်ပါ။

မေး။ ။ခင်ဗျားယောကျ်ား တရားလို ဒေါ်ကြည်ကြည်နှင့် ပေါင်းနေတာ ဘယ်တုန်းကမှ မသိဘူးလား။

ဖြေ။ ။မသိပါ။

မေး။ ။ခင်ဗျာယောကျ်ား ဒေါ်ကြည်ကြည်နှင့် ပေါင်းသင်းနေတယ်ဆိုပြီး မော်လမြိုင်တွင်ရှိသော အသင်းထောက်လူကြီးတွေကို ခင်ဗျား တိုင်ဖူးတယ်မဟုတ်လား။

ဖြေ။ ။ ကျွန်မ မတိုင်ဘူးပါ။

မေး။ ။ ဂျိန်း(စ်)ဝိန်ကော တိုင်ဖူးတယ်မဟုတ်လား။

ဖြေ။ ။ ကျွန်မ မသိပါ။

မေး။ ။ ခင်ဗျားရန်ကုန်က ပြန်လာတော့ ခင်ဗျားကို ပြန်လက်ခံရန် အသင်းထောက်လူကြီးတွေက ပြောတယ်မဟုတ်လား။

ဖြေ။ ။ မပြောပါ။

မေး။ ။ရန်ကုန်က ပြန်လာပြီး မစ်ရှင်လမ်း၊ အမှတ်၄ အိမ်ကို ဝယ်တယ်မဟုတ်လား။

ဖြေ။ ။ ဝယ်ပါသည်။

မေး။ ။ ဝယ်ပြီး အဲဒီအိမ်မှာ ဦးထင်ဝိန်နေတယ်မဟုတ်လား။

ဖြေ။ ။ အပေါ်ထပ်မှာ သူနေပါသည်။ အောက်ထပ်မှာ အခြားသူတွေ ရှိပါသည်။

မေး။ ။ ဗိုလ်မှူးကြီးဆော်လမွန်ကို သိတယ်မဟုတ်လား။

ဖြေ။ ။ နာမည်သာ ကြားဖူးပါသည်။ လူကို မသိပါ။

မေး။ ။ ဦးထင်ဝိန် မစ်ရှင်လမ်း၊ အမှတ် ၄ အိမ်တွင်နေသည့်အခါက ဗိုလ်မှူးကြီးဆော်လမွန်နဲ့ ဒေါ်ကြည်ကြည်တို့ လာကြတယ်မဟုတ်လား။

ဖြေ။ ။ ကျွန်မ မသိပါ။ မမြင်ပါ။

မေး။ ။ အဲဒီအခါက ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်နေမကောင်းလို့ အဲဒီအိမ်မှာ တစ်ပတ်သွားနေတယ် မဟုတ်လား။

ဖြေ။ ။ ကျွန်မ မသိပါ။ ဒေါ်ကြည်ကြည် လာနေသွားတယ်ဆိုလျှင် ကျွန်မ တွေ့ရမှာပေါ့။

မေး။ ။ ခင်ဗျားတို့ ရန်ကုန်တွင် မေဝိန်းနှင့် အတူလာနေစဉ်အခါက ဂျိန်း(စ်)ဝိန်က သူ့အဖေကို ဒေါ်ကြည်ကြည်နှင့် ယူသည့်အတွက် ဘယ်တော့မှ အဖေ မတော်တော့ဘူးဟု စာရေးတယ်မဟုတ်လား။

ဖြေ။ ။ ကျွန်မ မသိပါ။

မေး။ ။ အဲဒီအခါက ခင်ဗျားယောကျ်ားက ဒေါ်ကြည်ကြည်နဲ့ ယူလို့ ခင်ဗျားသားသမီးတွေက စိတ်ဆိုးပြီး 'ဝိန်း' ဆိုတဲ့ အမည်ကိုပယ်ပြီး မြန်မာ အမည်တွေယူကြတယ် မဟုတ်လား။

ဖြေ။ ။ မဟုတ်ပါ။

မေး။ ။ ဤအမှုတွင် ဂျိန်း(စ်)ဝိန်က အားလုံးဆောင်ရွက် နေတယ် မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါသည်။ သူက သားအကြီးဆုံးဖြစ်ပါသည်။

မေး။ ။ ဦးထင်ဝိန်ထားခဲ့သည့် ပစ္စည်းအကြောင်းတွေ ခင်ဗျား ဘာမှ မသိဘူး။ ဂျိန်း(စ်)ဝိန်ပဲ စီမံဆောင်ရွက်နေတယ်မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါသည်။

မေး။ ။ ဦးထင်ဝိန် မသေခင်က သွေးအန်တယ်၊ ရန်ကုန် အက်(စ်)ဒီအေ ဆေးရုံသို့ လေယာဉ်ပျံနဲ့ လာတယ်။ လေယာဉ်ပျံကွင်းကို ခင်ဗျား လိုက်ပို့ တယ်မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါသည်။

မေး။ ။ ၂–ရက် ၃–ရက်အကြာတွင် ခင်ဗျားရန်ကုန်ကို လိုက်လာတယ် မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါသည်။

မေး။ ။ လိုက်လာပြီး အက်(စ်)ဒီ–အေ ဆေးရုံကို ခင်ဗျား သွားတယ် မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါသည်။

မေး။ ။ အဲဒီအခါက ဦးထင်ဝိန်ကို ဒေါ်ကြည်ကြည်ပြုစုနေတာ တွေ့ တယ်မဟုတ်လား။

ဖြေ။ ။ ဦးထင်ဝိန်အနားမှာ ထိုင်နေပါသည်။

မေး။ ။ အဲဒီအခါက ဦးထင်ဝိန်သည် လူမှန်းမသိဘူး မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါသည်။

မေး။ ။ သေသည်အထိ စကားမပြောနိုင်ဘူး မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါသည်။

မေး။ ။ အဲဒီအခါက ဦးထင်ဝိန် ဆေးကုခအားလုံး ဒေါ်ကြည်ကြည် က ပေးတယ်မဟုတ်လား။

ဖြေ။ ။ မဟုတ်ပါ။ ဂျိန်း(စ်)ဝိန်နှင့် ကျွန်မ ပေးပါသည်။ ဆေးရုံက ဘီ(လ်)ပေး၍ ကျွန်မပေးပါသည်။ ပြေစာများ ဂျိန်း(စ်)ဝိန်တွင် ရှိပါလိမ့်မယ်။ ဆေးရုံခ ဘယ်လောက်ဆိုတာမသိပါ။

မေး။ ။ ဒေါ်ကြည်ကြည်က ဆေးရုံခပေးတာ ခင်ဗျားမသိဘူးလား။

ဖြေ။ ။ မသိပါ။

မေး။ ။ ဦးထင်ဝိန်နှင့် အတူ ရန်ကုန်ကို ဘယ်နှစ်ခေါက်လာဖူးသလဲ။

ဖြေ။ ။ မမှတ်မိပါ။ ခဏခဏ လာပါသည်။

မေး။ ။ ခင်ဗျားက ခင်ဗျားမှာ ဦးထင်ဝိန်၏ တစ်ဦးတည်းသော မယားဟု ပြောသည်။ ခရစ်ယာန်မှာ မိန်းမတစ်ယောက်တည်း ထားရမည်ဟု ခင်ဗျားယုံကြည်လို့ ဒီလိုပြောတာမဟုတ်လား။

ဖြေ။ ။ အခြားမိန်းမ ကျွန်မ,မတွေ့ဘူးပါ။ ကျွန်မသာသူ၏ မိန်းမ တစ်ယောက်တည်း ဖြစ်တယ်ဆိုတာ ကျွန်မသိပါသည်။

မေး။ ။ ဒေါ်ကြည်ကြည်ကို တစ်ခါမျှ မတွေ့ဖူးဘူးလား။

ဖြေ။ ။ ဆေးရုံမှာ တစ်ခါပဲတွေ့ဖူးပါသည်။ ဒီ့အရင်ကလည်း မတွေ့ ဘူးပါ။ နောက်လည်း မတွေ့ဘူးပါ။ ရုံးမှာသာ တွေ့ပါသည်။

မေး။ ။ ဦးထင်ဝိန်သေတော့ သတင်းစာထဲမှာ ကြော်ငြာများ ထည့် တယ်မဟုတ်လား။

ဖြေ။ ။ ကျွန်မ,မသိပါ။ ဂျိန်း(စ်)ဝိန်နှင့် ဦးထင်ဝါ (ဦးထင်ဝိန်၏ အစ်ကို ) တို့ လုပ်ကြပါသည် ... စသည်ဖြင့် ဖြေသွားသည်။

## မစ္စတာအယ်(လ်)ထင်ဝါထွက်ချက်

ဒေါ်မေရီ၏ အကျိုးဆောင် ဝတ်လုံတော်ရကြီး ဦးကျော်မြင့်က မေးမြန်း သဖြင့်၊ တရားခံပြသက်သေ မစ္စတာအယ်(လ်)ထင်ဝါက သစ္စာပြုပြီး ထွက်ဆို ရာတွင် ကျွန်တော်သည် ကွယ်လွန်သူ မစ္စတာအယ်(လ်)ထင်ဝိန်၏ အစ်ကို ဖြစ်ပါသည်။ အသက်အပိုင်းအခြားအလိုက် ကျွန်တော့်ညီအစ်ကိုမောင်နှမများမှာ ၁–ဒေါ်စု (ကွယ်လွန်)၊ ၂–ဒေါ်ဖြူထွား (ကွယ်လွန်)၊ ၃– ဒေါက်တာအယ်လ် ထင်ပို (ကွယ်လွန်)၊ ၄–မစ္စတာအယ်လ်ထင်တိုက် (စတီးဘရားသားမှ အငြိမ်း စားယူထားသူ)၊ ၅၊ ကျွန်တော်၊ ၆–ဒေါက်တာမေစု(ကွယ်လွန်)၊ ၇–မစ္စတာ အယ်လ်ထင်စန်(ကွယ်လွန်)၊ ၈–မစ္စတာအယ်လ်ထင်စိန်(ကွယ်လွန်) နှင့် ၉– ကွယ်လွန်သူ အယ်လ်ထင်ဝိန် မိသားစုထဲတွင် အငယ်ဆုံးတို့ ဖြစ်ပါသည်။

မစ္စတာအယ်လ်ထင်တိန် ယနေ့ရုံးတွင် သက်သေခံသွားသူမှာ ကျွန်တော် နှင့် ညီအစ်ကို ဝမ်းကွဲတော်ပါသည်။

တရားခံအကျိုးဆောင် ဦးကျော်မြင့်နှင့် ကျွန်တော်စတင်သိကျွမ်းသည်မှာ ၁၉၂၀ ခုနှစ်က လန်ဒန်တွင် ဖြစ်ပါသည်။ ထိုစဉ်က ကျွန်တော်သည် ဘုရင့် လေတပ်မတော်တွင် အရာရှိတစ်ဦး အဖြစ်အမှုထမ်းနေပါသည်။ ဦးကျော်မြင့်၏

အစ်ကိုကြီး ကွယ်လွန်သူ ဦးတင်ထွဋ်နှင့် ကျွန်တော်သည် ဦးကျော်မြင့် အင်္ဂလန်သို့ မရောက်မီကပင် ရောက်နှင့် နေပါသည်။

ဒေါ်ကြည်ကြည်အား ရုံးတော်တွင်ညွှန်ပြပြီး သူ့ကိုကျွန်တော်ယခင်ကပင် မြင်ဖူးပါသည်။ ကွယ်လွန်သူ ကျွန်တော့်ညီ ဦးထင်ဝိန်ကို အမေရိကန်ဆေးရုံတွင် သွားကြည့်စဉ်က သူ့ကိုပထမအကြိမ်တွေ့ဖူးခြင်းဖြစ်ပါသည်။ ထိုစဉ်ကဦးထင်ဝိန် မှာ ခုတင်ပေါ်တွင် သေအံ့မူးမူးဖြစ်ပါသည်။ ကျွန်တော်နှင့် ညီအစ်ကိုဝမ်းကွဲတော် သူ မစ္စတာအယ်လ်ထင်တိန်လည်း ရှိနေပါသည်။

## ဆေးရုံ သွားကြည့်

မစ္စတာအယ်လ်ထင်တိန်က ကျွန်တော့်ညီအယ်လ်ထင်ဝိန် နေမကောင်း၍ ဆေးရုံတက်နေကြောင်း ကျွန်တော့်ကို ပြောပါသည်။ ကျွန်တော့်ညီကို ဆေးရုံတွင် သွားရောက်ကြည့်ရှုစဉ်က မစ္စတာအယ်လ်ထင်တိန်ဆေးရုံတွင် ရှိနေပါသည်။ ကျွန်တော်တို့ နှစ်ယောက် ဆေးရုံသို့အတူလာတာ ဟုတ်မဟုတ်၊ ကျွန်တော် မမှတ်မိတော့ပါ။ ကျွန်တော့်ညီ အယ်လ်ထင်တိန်သည် ကျွန်တော်သူ့ခုတင်ဘေး တွင် ရှိစဉ်၊ စကားပြောနိုင်သည့် အခြေအနေတွင်ရှိပါသည်။ ကျွန်တော်နှင့် ပဲစကားပြောပါသည်။

သည့်အရင်က ကျွန်တော့်ညီ အယ်လ်ထင်ဝိန်နှင့် ကျွန်တော် လပေါင်း အတော်ကြာမတွေ့ခဲ့ပါ။ ထိုစဉ်က ကျွန်တော်သည် ယခုလိပ်စာတွင် နေထိုင် ပါသည်။ ကျွန်တော့်ညီ အယ်လ်ထင်ဝိန်၏ အမြဲတမ်းနေရပ်မှာ မော်လမြိုင် ဖြစ်ပါသည်။ သို့သော် သူသည်ရန်ကုန်နှင့် မော်လမြိုင်ကို ကူးချီသန်းချီ လုပ်နေ လေ့ရှိပါသည်။

ကျွန်တော့်ညီ အယ်လ်ထင်ဝိန်၏ တရားဝင်ထိမ်းမြားထားသည့် မယား မစ္စစ်မေရီဝိန်ကိုကျွန်တော်သိပါသည်။ သူ၏အမြဲတန်းနေရပ်လိပ်စာမှာ မော်လမြိုင် ဖြစ်ပါသည်။

## ဟိုမိန်းမအတွက် ထားခဲ့

ကျွန်တော့်ညီ မစ္စတာအယ်လ်ထင်ဝိန် ဆေးရုံတွင်သွားကြည့်စဉ်က အသံ တိုးတိုးဖြင့် စကားပြောနိုင်ပါသည်။ သို့သော် မပီသပါ။ သူကပဲ စကားစပြောပြီး သူကြည့်ရသည်မှာ ကျွန်တော်နှင့် တွေ့ရသည့်အတွက် ဝမ်းသာပုံရပါသည်။

သူကသေတမ်းစာတစ်စောင် ရေးသားကြောင်း ပြောပါသည်။ ကျွန်တော်တို့ မိသားစု စကားပြောရာတွင်၊ အင်္ဂလိပ်လိုရော၊ ဗမာလိုပါ ပြောကြပါသည်။ သို့သော် အင်္ဂလိပ်လို အပြောများပါသည်။ ထိုစဉ်က ကျွန်တော်တို့ နှစ်ယောက် စကားပြောကြရာတွင် ဗမာလိုပြောတာထက် အင်္ဂလိပ်လိုပြောတာများပါသည်။ သူက သေတမ်းစာထဲတွင် သူပိုင်ပစ္စည်းကို အညီအမျှနှစ်ပုံပုံထားကြောင်း ပြောပါသည်။ ပထမတစ်ပုံကို ဘုရားကျောင်းသို့ လှူလိုကြောင်း၊ သူ့ဘဝ သက်တမ်းတစ်လျှောက်တွင် ဘုရားကျောင်းကိစ္စနှင့် ပတ်သက်၍ ဘာမျှ မလုပ်ခဲ့ ဘူးသေးကြောင်းပြောပါသည်။ သူက ဒုတိယအပုံကို သူ့မိန်းမနှင့် သားသမီးများ ကို ပေးလိုကြောင်း၊ သူတို့သည် သူ၏မိသားစုအရင်းအချာများဖြစ်ကြောင်း ပြောပါသည်။ သူက သူ့မိသားစုအတွက် ထားရစ်ခဲ့သည့် အမွေပစ္စည်းများကို ကျွန်တော်က ခွဲဝေပေးစေလိုကြောင်းပြောပါသည်။ ကျွန်တော့်ကို သေတမ်းစာ မပြပါ။ သေတမ်းစာဘယ်မှာရှိကြောင်း သူ မပြောပါ။ ထို့နောက် သူကအင်္ဂလိပ်လို ''ဟိုမိန်းမအတွက်တော့ ပစ္စည်းအလုံအလောက်ထားခဲ့ကြောင်း ပြောပါသည်။

## ဒေါ်ကြည်ကြည်ရှိနေ

ထို့နောက် သူရှေ့ဆက် ဘာတွေပြောတယ်ဆိုတာ ကျွန်တော်မမှတ်မိတော့ ပါ။ ကျွန်တော့်ညီ နှင့် ကျွန်တော်စကားပြောနေစဉ် သူ့စကားကို ဂရုစိုက် နားထောင်နေသဖြင့် အခန်းထဲတွင် မစ္စတာအယ်လ်ထင်တိန် ရှိနေမနေ ကျွန်တော် အသေအချာမပြောနိုင်ပါ။ အယ်လ်ထင်ဝိန်သည် များသောအားဖြင့်အခန်းထဲတွင် ရှိတတ်ပါသည်။ ဝင်ချည်ထွက်ချည်သွားလာကောင်းသွားလာနေမည်။ ကျွန်တော် တို့ ညီအစ်ကိုစကားပြောနေသည်မှာ ၁၀–မိနစ်ခန့် ကြာမည်ထင်ပါသည်။ စကားပြောနေစဉ်က ဒေါ်ကြည်ကြည်သည်အခန်းထဲတွင်ရှိနေပါသည်။ ထိုစဉ်က ဆေးရုံတွင် မစ္စစ်မေရီဝိန်ကိုသော်၎င်း၊ သူ၏သားသမီးများကိုသော်၎င်းမတွေ့ပါ။ ကျွန်တော့်ညီ ဆေးရုံတက်နေကြောင်းသူတို့ မသိပါ။ ဆေးရုံမှ မစ္စတာအယ်လ် ထင်တိန်နှင့် ကျွန်တော်အတူ ပြန်မပြန်မမှတ်မိတော့ပါ။ ယခု မစ္စတာထင်တိန် ဘယ်မှာနေသည်ဆိုတာ ကျွန်တော်သိပါသည်။ မစ္စတာအယ်လ်ထင်တိန်သည် ထိုစဉ်က အင်းယားတွင် အိမ်တစ်လုံးဆောက်ပြီး ထိုအိမ်တွင်ပင်နေပါသည်။ ကျွန်တော့်ညီ ဆေးရုံတက်နေစဉ်က အယ်လ်ထင်တိန်သည် ထိုအိမ်တွင်ပင် နေထိုင်သည်ဟု ကျွန်တော်ယူဆပါသည်။ သည်နောက်ကျွန်တော်သည်ဆေးရုံ

သို့ နေ့စဉ်ရောက်လေ့ရှိပါသည်။ ကျွန်တော့်အား သေတမ်းစာအကြောင်း နောက်ထပ် ဘာမျှမပြောတော့ပါ။

## မစ္စစ်မေရီဝိန်ရောက်လာ

ကျွန်တော်ပထမဆုံးအကြိမ် ကျွန်တော့်ညီကိုဆေးရုံတွင်သွားကြည့်စဉ်က မစ္စစ်မေရီဝိန်သည် မော်လမြိုင်တွင် ရှိနေပါသည်။ နှစ်ရက်သုံးရက်ခန့်အကြာ မစ္စစ်မေရီဝိန် ရန်ကုန်သို့ရောက်လာပါသည်။ သူ၏ သားသမီးများအနက် ဝင်နီသည် ထိုစဉ်က ရန်ကုန်တွင် ရှိနေပါသည်။ သို့သော် သူတစ်ယောက်တည်း နေထိုင်ပါသည်။ ဂျိန်း(စ်)ဝိန်သည်လည်း ရန်ကုန်တွင် ရှိနေပါသည်။ သူယခု နေထိုင်သည်မှာ အင်းယားလမ်းက အိမ်တွင်ပင်ဖြစ်ပါသည်။ ဝင်နီဝိန်လည်း ထိုအိမ်တွင်ပင်နေထိုင်ပါသည်။ ထိုစဉ်က အခြားကလေးများ ရန်ကုန်တွင်ရှိမရှိ မမှတ်မိပါ။

## ပသျှူးခေါင်းဖြတ်ထုံးစံနှင့် သင်္ဂြိုဟ်

မစ္စစ်မေရီဝန်နှင့် ဝင်နီတို့ကို ကျွန်တော် ဆေးရုံသို့ ခေါ်သွားပါသည်။ ကျွန်တော်နှင့် ဆေးရုံတွင် သေတမ်းစာကိစ္စပြောအပြီး တစ်ပတ်ခန့်အကြာတွင် ကျွန်တော့်ညီ ဆုံးပါသည်။ သေတမ်းစာအကြောင်းပြောပြီးသည့်နောက် အထက်တွင် ကျွန်တော်ထွက်ဆိုခဲ့သည့်အတိုင်းကျွန်တော့်ညီသည် ကျွန်တော့်အားနောက်ထပ်ဘာမျှမပြောတော့ပါ။ အဘယ်ကြောင့်ဆိုသော်သူသည် မျောနေသောကြောင့် ဖြစ်ပါသည်။

ကြံတောသုသာန်တစ်ဖက်ရှိ နာနတ်တော ခရစ်ယာန်သင်းချိုင်းတွင် ကျွန်တော့်ညီကို သင်္ဂြိုဟ်ခဲ့ပါသည်။

ကျွန်တော်သည် ပသျှူးခေါင်းဖြတ်အသင်းဝင်တစ်ယောက် ဖြစ်ပါသည်။ ကျွန်တော်၏ညီ မစ္စတာအယ်လ်ထင်ဝိန်သည်လည်း ပသျှူးခေါင်းဖြတ် အသင်းဝင်တစ်ယောက်ဖြစ်ပါသည်။ ဦးထင်ဝိန်အား သင်္ဂြိုဟ်ရာတွင် ပသျှူးခေါင်းဖြတ်ထုံးစံအတိုင်း သင်္ဂြိုဟ်ပါသည်။

ကျွန်တော်အသုဘပို့ခဲ့ပါသည်။ အသုဘတွင် မစ္စစ်မေရီဝိန်ကို တွေ့ပါသည်။ ဒေါ်ကြည်ကြည်လာမလာ ကျွန်တော်မသိပါ။ ဂျိမ်းစ်နှင့်ဝင်နီတို့လည်း အသုဘတွင်ရှိနေသည်ကိုကျွန်တော်မှတ်မိပါသည်။ သို့သော်ဟယ်ရီဝိန်လာမလာ အသေအချာမသိပါ။

## စပတ်လမ်းအိမ်ရောက်

အသုဘရက်အတွင်း ကျွန်တော်သည် စပတ်လမ်းအိမ်သို့ သွားရောက်ခဲ့ပါသည်။ ကျွန်တော်အိမ်မသိသည့်အတွက် မစ္စတာအယ်လ်ထင်တိန်က ကျွန်တော့်ကို လိုက်ပို့ပါသည်။ မြေညီထပ်တွင် မဟုတ်ပါ။ အပေါ်ထပ်အထိ မစ္စတာထင်တိန်လိုက်လာမလာ ကျွန်တော်မမှတ်မိပါ။ အခန်းတံခါးဝတွင် ကျွန်တော့်ညီ၏ အမည်ကဒ်ပြားချိတ်ဆွဲထားမထား ကျွန်တော်မမှတ်မိပါ။ ဒေါ်ကြည်ကြည်နှင့်ကျွန်တော်တွေ့ပါသည်။ ဂျိန်းစ်ဝိန်ကဒေါ်ကြည်ကြည်ထံတွင် ကျွန်တော့်ညီ၏ သော့တွဲနှင့် စာရွက်စာတမ်းများရှိနေကြောင်း ကျွန်တော့်ကို ပြောပါသည်။ ဂျိမ်းစ်ကသူ့ဖခင်၏သဘော်ကိုယ်စားလှယ်လုပ်ငန်းနှင့် ပတ်သက်၍ ရှင်းလိုကြောင်းပြောပါသည်။

သက်သေကအလိုအလျောက်ထွက်ဆိုသည်မှာ ''ကျွန်တော့်ညီသေဆုံးစဉ်အချိန်က မစ္စတာအယ်လထင်တိန်သည် အေဒီလမ်းတွင် နေထိုင်သည်ကို ကျွန်တော် ယခုအမှတ်ရပါသည်။

## သော့တွဲနှင့်စာရွက်စာတမ်းများ

ကျွန်တော်သည်ဒေါ်ကြည်ကြည်နှင့်သူ့အခန်းမှာတွေ့ပါသည်။ ကျွန်တော်က သူ့ကိုဖော်ရွေစွာနှင့် ဖျောင်းဖျပါသည်။ ကျွန်တော်၏ အဓိကရည်ရွယ်ချက်မှာ ဂျိမ်းဝိန်အလိုရှိနေသည့် သော့တွဲနှင့် စာရွက်စာတမ်းများ သူ့ထံမှရရှိရေးပင်ဖြစ်ပါသည်။ သော့တွဲနှင့်စာရွက်စာတမ်းများအကြောင်း ဒေါ်ကြည်ကြည်ကို ကျွန်တော်မေးပါသည်။ သူကမပေးနိုင်ကြောင်းပြောပါသည်။ ကျွန်တော်တို့ ဗမာလိုပင်ပြောပါသည်။ သူကဒီအကြောင်းနှင့်ပတ်သက်၍သူဘာမျှမသိကြောင်း၊ အလွန်ဝမ်းနည်းကြောင်းပြောပါသည်။ ကျွန်တော် အချိန်ကြာကြာမနေသည့်အတွက် ကျွန်တော်တို့စကားဝိုင်း သည်မျှနှင့်ပဲအဆုံးသတ်ပါသည်။ ဒီအကြောင်း ဂျိမ်းစ်ဝိန်ကို ပြန်ပြောပါသည်။

ဒေါ်ကြည်ကြည်နှင့်ရုံးတော်သို့မလာမီတစ်ကြိမ်ထပ်တွေ့သည်ဟု ထင်ပါသည်။ သို့သော် ကျွန်တော်ကောင်းကောင်း အမှတ်မရပါ။

## ကျွန်မတို့ဘာမှမပါဘူး

ထို့နောက်သက်သေက အောက်ပါအတိုင်းအလိုအလျောက် ထွက်ဆို

သည်မှာ ''အထက်တွင် ထွက်ဆိုခဲ့သည့်အတိုင်း ကျွန်တော်နှင့် ကျွန်တော့်ညီ ဆေးရုံတွင်စကားပြေနေစဉ် ဒေါ်ကြည်ကြည်သည် ကျွန်တော့်ညီ၏ ခုတင်ဘေးသို့လာပြီး သေတမ်းစာနှင့် ပတ်သက်၍ သူသိသည့်အကြောင်း ကျွန်တော့်ကို ပြောပါသည်။ သေတမ်းစာတွင် သူ့အတွက် ဘာမျှမပါကြောင်းနှင့် သူကလည်း အမှုမထားကြောင်းပြောပါသည်။ သူကမြန်မာလိုပြောပြီး သူပြောသည့်အကြောင်း အချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်။

''ဤသေတမ်းစာအကြောင်းသိပါသည်။ ထိုအထဲမှာ ကျွန်မတို့ ဘာမှ မရှိဘူး၊ ကိစ္စမရှိဘူး'' စသဖြင့် ပါရှိပါသည်ဟု ... ထွက်ဆိုသွားလေသည်။

## ပြန်လှန်မေး

တရားလိုဒေါ်ကြည်ကြည်၏ အကျိုးဆောင်ဒေါက်တာဘဟန်ကပြန်လှန်မေးမြန်းသဖြင့် သက်သေအယ်(လ်)ထင်ဝါက အောက်ပါအတိုင်း ဖြေကြားထွက်ဆိုသည်။

မေး။ ။ ခင်ဗျားအသက် ၇၈ နှစ်ရှိပြီ ဆိုတာ ဟုတ်သလား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ အသက်အရွယ်ထောက်လာတာနဲ့ အမျှ ခင်ဗျားကိုယ်ခင်ဗျား မှတ်ဉာဏ်မကောင်းတော့ဘူးဆိုတာကိုရော သိသလား။

ဖြေ။ ။ သိပါတယ်။

မေး။ ။ တစ်ခါတစ်ရံ အဖြစ်အပျက်တွေ ရောထွေးမနေဘူးလား။

ဖြေ။ ။ တစ်ခါတစ်ရံမှ ဖြစ်တတ်ပါတယ်။

မေး။ ။ ခင်ဗျားဟာ ခရစ်ယာန်ဘာသာဝင်မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ ခရစ်ယာန်ဘာသာအရ ထိမ်းမြားခြင်းသည် ယောကျ်ားနှင့် မိန်းမတို့ တစ်သက်တာပေါင်းသင်းခြင်းပဲမဟုတ်လား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ ခရစ်ယာန်ဘာသာဝင်တစ်ယောက်အနေနှင့်ခရစ်ယာန်ဘာသာဝင် မဟုတ်သူတို့နှင့် လက်ထပ်နိုင်သလား။

ဖြေ။ ။လက်ထပ်နိုင်ပါတယ်။

မေး။ ။ မစ္စစ်မေရီဝိန်သည် ခင်ဗျားညီ၏ တရားဝင်မယားလို့ခင်ဗျား

ပြောတာ ခရစ်ယာန်ဘာသာအရ လက်ထပ်ထားခြင်းကို ဆိုလိုတာလား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ မြန်မာဗုဒ္ဓဘာသာဝင် တစ်ယောက်အနေနဲ့ မိန်းမတစ်ယောက်မက ယူနိုင်တယ်ဆိုတာ ခင်ဗျားသိသလား။

ဖြေ။ ။ သိပါတယ်။

မေး။ ။ ဟိန္ဒူနှင့် မွတ်ဆလင်တို့လည်း ဒီအတိုင်းပဲ မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ ဆေးရုံတွင် ခင်ဗျားညီက ခင်ဗျားကို သေတမ်းစာအကြောင်း ပြောစဉ်က သူသေခါနီးပြီ တကယ်ပဲ ဟုတ်သလား။

ဖြေ။ ။ တစ်ပတ်အကြာမှာ သူဆုံးပါတယ်။

မေး။ ။ ဒါပေမယ့် သူ့ရဲ့ နောက်ဆုံးအခြေအနေကို သူသိတယ် မဟုတ်လား။

ဖြေ။ ။ သိပါတယ်။

မေး။ ။ ခင်ဗျားညီက ခင်ဗျားကို စကားပြောနေစဉ် သူ့ကို သွေးသွင်းထားရတယ် မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ ခင်ဗျားညီ ဆေးရုံမှာရှိနေစဉ်အခါက ခင်ဗျားညီ သွေးနှစ်ကြိမ် အန်တယ်မဟုတ်လား။

ဖြေ။ ။ မဟုတ်ပါ။

မေး။ ။ ခင်ဗျားညီက သူ့မိန်းမမေရီနှင့်သားသမီးများ သူ့ကိုလာမကြည့်သည့် အကြောင်း ခင်ဗျားကို ပြောသလား။

ဖြေ။ ။ မပြောပါ။

မေး။ ။ ခင်ဗျားနှင့် စကားပြောသည့်အထဲတွင် သူ့မိန်းမအကြောင်း မပါဘူးလား။

ဖြေ။ ။ သူက သူတို့ဟာ ကျွန်တော့်မိန်းမနဲ့ သားသမီးတွေဖြစ်တဲ့ အတွက် သူတို့ဖို့ ကျွန်တော့်ပစ္စည်းတစ်ဝက်ထားခဲ့တယ်လို့ ပြောပါတယ်။

မေး။ ။ သူက ခင်ဗျားကို အင်္ဂလိပ်လိုပြောလိုက် ဗမာလိုပြောလိုက်နှင့် ပြောတယ်မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါတယ်။ သို့သော်များသောအားဖြင့် အင်္ဂလိပ်လို

ပြောပါတယ်။

မေး။ ။ဦးထင်ဝိန်က သူသည်ယခုနောက်ဆုံးအချိန်ရောက်ပြီ သေရမှာပဲ။ ကျွန်တော့်ကို လူဆိုးလို့ဆိုကြမယ်။ ဆိုးတုန်းကဆိုးတာပဲ၊ သို့သော် ကျွန်တော့်ကို ဒီမိန်းမမှတစ်ပါး ကျွန်တော့်ကို ဘယ်သူမှ ကြည့်မဲ့လူမရှိဘူး၊ မေရီနှင့် သားသမီးတစ်ယောက်မှ ကျွန်တော့်ကို လာမကြည့်ဘူး၊ ထို့ပြင် ဝင်နီက ကျွန်တော့်အပေါ် အိမ်စေမယ်ငွေကို ခိုးပြေးသည်ဆို၍ ဂါတ်ကိုတိုင်ဖူးတယ်။ ဂျင်မီကလည်း ကျွန်တော့်ထံ အဖေအမှတ်မှ စွန့်ပယ်လိုက်ကြောင်း စာရေးသည်ဆိုတာကို သူဗမာလို ပြောတယ်မဟုတ်လား။

ဖြေ။ ။ မပြောပါ။ အင်္ဂလိပ်လိုလည်း မပြောပါ။

မေး။ ။ ဒီလိုပြောပြီးတဲ့နောက် ခင်ဗျားညီက ဒေါသထွက်လာပြီး သွေးနှစ်ကြိမ်အန်တယ်လို့ ဒေါ်ကြည်ကြည်က ပြောတယ်၊ သွေးအန်ပြီးတဲ့နောက် သူစကား နောက်ထပ်မပြောနိုင်တော့ဘူး ဆိုတာ ဟုတ်သလား။

ဖြေ။ ။ မဟုတ်ပါ။

မေး။ ။ ကွယ်လွန်သူ ခင်ဗျားညီ ဦးထင်စန်ဟာ ဒေါ်ကြည်ကြည်၏ ညီမ မထားရီနှင့် အိမ်ထောင်ပြုတယ်မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ ခင်ဗျားမထားရီကို သိသလား။

ဖြေ။ ။ သူနှင့် ကျွန်တော်မသိပါ။ သို့သော် သူ့ကိုတွေ့ဖူးပါသည်။

မေး။ ။ ခင်ဗျားတို့အိမ်ကို လာလည်ဖူးတယ်မဟုတ်လား။ ခင်ဗျားမိန်းမက သူ့ကိုသိတယ်မဟုတ်လား။

ဖြေ။ ။ သူကျွန်တော့်အိမ် အလည်လာဖူး၊ မလာဖူးကျွန်တော်မသိပါ။ ကျွန်တော့်မိန်းမ သူနှင့်သိမသိကိုလည်း ကျွန်တော်မသိပါ။

မေး။ ။ ကွယ်လွန်သူ ခင်ဗျားညီဦးထင်ဝိန်မသေမီကဒေါ်ကြည်ကြည်နဲ့ ဦးထင်ဝိန်တို့ လင်မယားအဖြစ် အတူနေထိုင်ကြတယ်ဆိုတာ ခင်ဗျား သိတယ်မဟုတ်လား။

ဖြေ။ ။ ကျွန်တော်ကြားဖူးပါသည်။

မေး။ ။ သူမသေမီက ဘယ်အချိန်လောက်ကလဲ။

ဖြေ။ ။ အချိန်အတော်ကြာက ဖြစ်ပါသည်။

မေး။ ။ ခင်ဗျားကို ခင်ဗျားနဲ့ ညီအစ်ကိုတော်သူ ဦးထင်တိန်က

ဒေါ်ကြည်ကြည်နဲ့ ဦးထင်ဝိန်တို့ စပတ်လမ်းအိမ်မှာအတူနေထိုင်ကြောင်း ပြောတယ်မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ခင်ဗျားညီဆေးရုံရောက်နေတဲ့အကြောင်းပြောတာလဲဦးထင်တိန် ပဲမဟုတ်လား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ ဦးထင်တိန်ကခင်ဗျားညီဆေးရုံတက်နေကြောင်းကို ဒေါ်ကြည် ကြည်က သူထံ တယ်လီဖုန်းဆက်တဲ့အကြောင်း ပြောတယ်မဟုတ်လား။

ဖြေ။ ။ ပြောပါတယ်။

မေး။ ။ တစ်ခါ ဦးထင်တိန်ကပဲ တရားလိုနဲ့ ခင်ဗျားညီတို့ အတူ နေထိုင်စရာ စပတ်လမ်းအိမ်သို့ ခင်ဗျားခေါ်သွားတယ် မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါတယ်။ သူသေပြီးတဲ့နောက်မှပါ။

မေး။ ။ ခင်ဗျားနဲ့ ဒေါ်ကြည်ကြည်တို့ စပတ်လမ်းအိမ်တွင် စကား ပြောစဉ်က ဦးထင်တိန်ရှိနေသလား။

ဖြေ။ ။ ကျွန်တော်မှတ်ဉာဏ်မကောင်းသည့်အတွက် ကျွန်တော်အသေ အချာ မပြောနိုင်ပါ။

မေး။ ။ ခင်ဗျားညီ ဦးထင်ဝိန်နှင့် ဆေးရုံတွင် ခင်ဗျားတို့ ပြောခဲ့သည့် သေတမ်းစာအကြောင်းနှင့် ပတ်သက်ပြီး တစ်စုံတစ်ယောက်ကို ခင်ဗျားပြန်ပြော ပြသေးသလား။

ဖြေ။ ။ ကျွန်တော့်မိန်းမကို ပြောပြမိပါတယ်။ ကျွန်တော်ပြောမိသူ အချို့ကို မမှတ်မိတော့ပါ။

မေး။ ။ခင်ဗျားမိန်းမကို ဆေးရုံကပြန်တဲ့နေ့မှာပဲ ပြောပြပြီး၊ ကျန်တဲ့ လူတွေကို ရက်အနည်းငယ်ကြာမှ ခင်ဗျားပြောတယ်မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ ခင်ဗျားညီ ဆေးရုံမှာ ပြောတာနဲ့ ပတ်သက်လို့ ရုံးတော်ကို သက်သေခံဖို့ မလာရောက်မီ တစ်စုံတစ်ယောက်နဲ့ ဆွေးနွေးခဲ့သေးသလား။

ဖြေ။ ။ ကျွန်တော့်ညီနဲ့ ကျွန်တော်တို့ပြောကြတဲ့အကြောင်းအရာကို လျှို့ဝှက်ရမည့် ကိစ္စလို့ မယူမှတ်သည့်အတွက် ကျွန်တော့်ညီအကြောင်း စုံစမ်း မေးမြန်းသူများကို ကျွန်တော်ဆွေးနွေးပြခဲ့ပါတယ်။

မေး။ ။ ဘယ်သူတွေလဲဆိုတာ ခင်ဗျားမှတ်မိလား။

ဖြေ။ ။ မမှတ်မိပါဟုဖြေသွားသည်။

## မစ္စတာအယ်(လ်)ထင်ဝိန်ထွက်ချက်

တရားခံပြသက်သေ မစ္စတာအယ်(လ်)ထင်ဝိန်က သစ္စာပြုပြီး ဆက်လက်ထွက်ဆိုရာတွင် ကျွန်တော်သည် ကွယ်လွန်သူဦးထင်ဝိန်နှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်ပါသည်။ သူနှင့် ကျွန်တော်မှာ အသက်မတိမ်းမယိမ်းဖြစ်ပါသည်။ ကျွန်တော်တို့နှစ်ယောက် အတူကြီးပြင်းခဲ့ကြပါသည်။ အိမ်ထောင်ကျပြီးသည့်နောက် သူနှင့် ကျွန်တော် ကွဲသွားပါသည်။

ဦးထင်ဝိန်သည် သစ်ကုမ္ပဏီတစ်ခုတွင် သစ်တောအရာရှိအဖြစ် စတင်လုပ်ကိုင်ပါသည်။ ထိုကုမ္ပဏီ၏ အမည်မှာ ဖော်ကာကုမ္ပဏီလား၊ မဂ္ဂရီကာကုမ္ပဏီလားဆိုတာ ကျွန်တော်အသေအချာမပြောနိုင်ပါ။

ဦးထင်ဝိန် မစ္စစ်မေရီဝိန်နှင့် အိမ်ထောင်ကျပြီး သားသမီးများထွန်းကားပါသည်။ ကျွန်တော်လည်း အိမ်ထောင်ကျပြီး သားသမီးများရရှိပါသည်။ မိသားစုနှစ်ခုမှ ကလေးများသည်လည်း ရင်းရင်းနှီးနှီး ရှိကြပါသည်။

ဦးထင်ဝိန်သည် သစ်ကုမ္ပဏီတွင် နှစ်အတော်ကြာ အလုပ်လုပ်ပြီးနောက် အငြိမ်းစားယူပါသည်။ ထို့နောက် မော်လမြိုင်တွင် သူ့ကိုယ်ပိုင်သင်္ဘောကိုယ်စားလှယ်လုပ်ငန်းကိုတည်ထောင်လုပ်ကိုင်ပါသည်။ သင်္ဘောကိုယ်စားလှယ်လုပ်ငန်းနှင့် ပတ်သက်၍ သူရန်ကုန်သို့ မကြာခဏလာပါသည်။ ထိုသို့ ရန်ကုန်သို့ရောက်သည့်အခါတိုင်း သူနှင့် ကျွန်တော်လမ်းတွင်ဆုံကြပါသည်။ ရပ်ပြီးစကားပြောရလောက်သည့်အကြောင်းမရှိသဖြင့် စကားမပြောဖြစ်ကြပါ။

## ဦးထင်ဝိန်ဖုန်းဆက်ခေါ်

သူ မသေမီသုံးလေးလအလိုက ဦးထင်ဝိန်သည်ကျွန်တော့်ထံတယ်လီဖုန်းဆက်ပါသည်။ သူက ကျွန်တော့်ကို သူ့ထံလာ၍ သူနှင့်စကားစမြည်ပြောရန်ဖိတ်ခေါ်ပါသည်။ ရန်ကုန်ရှိစပတ်လမ်းအိမ်သို့ဖြစ်ပါသည်။ ကျွန်တော်သွားတွေ့ပါသည်။

ကျွန်တော်နှင့် ဦးထင်ဝိန်တွေ့စဉ်က ဒေါ်ကြည်ကြည်လည်းရှိနေပါသည်။ သူတို့အိမ်တွင် နာရီဝက်ခန့်ကြာပါသည်။ သူက ကျွန်တော်တို့ ကလေးဘဝက အကြောင်းများ ပြောကြပါသည်။

## မြာစွဲသူ

ဒေါ်ကြည်ကြည်နှင့် ပတ်သက်၍ ဘာမျှမပြောပါ။ သူလုပ်သမျှကျွန်တော် သိပြီးဖြစ်မည်ဟု ယူဆပုံရပါသည်။ ကျွန်တော်သည် ဦးထင်ဝိန်ကို မြာစွဲသူ တစ်ယောက်အဖြစ်သိထားပါသည်။ ဒေါ်ကြည်ကြည်နှင့် ကျွန်တော့်ကို ဦးထင်ဝိန်က မိတ်ဆက်မပေးပါ။ ထိုစဉ်က ကျွန်တော်နှင့်သူ စကားပြောရာတွင် အင်္ဂလိပ်လိုပြောတာများပါသည်။ ဦးထင်ဝိန်၏ ထံသို့ ကျွန်တော်အလည် အပတ်သွားရာတွင် အခြားကိစ္စအထွေအထူးမရှိပါ။ သူမသေမီ သူနှင့်ကျွန်တော် နောက်ထပ်မတွေ့ပါ။

သုံးလခန့်အကြာတွင် ဒေါ်ကြည်ကြည်ထံမှ ဦးထင်ဝိန် ရန်ကုန်တွင် ရှိနေသည့်အကြောင်း အမေရိကန်ဆေးရုံတွင် ဆေးကုသမှုခံယူနေကြောင်းနှင့် ဆေးရုံတွင် ဦးထင်ဝိန်နှင့် သွားတွေ့ရန် လယ်လီဖုန်းနှင့်အကြောင်းကြားပါသည်။ ကျွန်တော်သည် နောက်တစ်နေ့ နေ့လည်စာစားချိန်တွင် အမေရိကန်ဆေးရုံသို့ ကျွန်တော်တစ်ယောက်ထဲ သွားပါသည်။

ဆေးရုံတွင် ဦးထင်ဝိန်နှင့် ၄၅ မိနစ်ကြာနေပါသည်။ ဒေါ်ကြည်ကြည် လည်း အခန်းထဲတွင် ရှိနေပါသည်။ ကျွန်တော်နှင့် ဦးထင်ဝိန်စကားပြောရာတွင် ဒေါ်ကြည်ကြည်ဝင်မပြောပါ။ ကျွန်တော်တို့ အင်္ဂလိပ်လို ပြောပါသည်။ ဦးထင်ဝိန် က ကျွန်တော့်ကို ဆေးရုံသို့ နောက်ထပ်လာရန်မှာပါသည်။

## သေတမ်းစာအကြောင်းပြော

နောက်တစ်နေ့တွင် ဦးထင်ဝိန်ဆေးရုံတက်ရသည့်အကြောင်း ဦးထင်ဝိန် ၏ အစ်ကို ဦးထင်ဝါထံသို့ အကြောင်းကြားပါသည်။ ထိုနေ့တွင်ပင် ကျွန်တော် ဆေးရုံသို့သွားပါသည်။ ကျွန်တော်နှင့်အတူ ဦးထင်ဝါလည်းပါ ပါသည်။ ကျွန်တော်တို့သုံးယောက် စကားပြောကြပါသည်။ သို့သော် သူတို့ညီအစ်ကို နှစ်ယောက် ပြောတာများပါသည်။ ဦးထင်ဝိန်က သေတမ်းစာတစ်စောင် ရေးထားကြောင်း ကျွန်တော်တို့ကို ပြောပြပါသည်။ သေတမ်းစာထဲတွင် ဘုရား ကျောင်းသို့ အချို့လှူပြီး ကျန်တာကို သူ့မိန်းမနှင့်သားသမီးများကို ပေးထား ကြောင်း ပြောပါသည်။

သေတမ်းစာတွင် မပါသည့် ပစ္စည်းအချို့အဝက်ကို ဒေါ်ကြည်ကြည် အတွက် စီစဉ်ထားပြီးဖြစ်၍ သူ့အနေဖြင့် ကျေနပ်သင့်သည်ထင်ကြောင်း

ပြောပါသည်။ ကျွန်တော်သိသလောက် ဦးထင်ဝါနှင့် ကျွန်တော်သည် ဦးထင်ဝိန်နှင့် နောက်ဆုံးစကားပြောခဲ့ကြသူများ ဖြစ်ပါသည်။ ဒီနောက် ဦးထင်ဝိန်သည် မျောနေပါသည်။ မျောနေစဉ် အချိန်တွင်လည်း ဆေးရုံသို့ ကျွန်တော် သွားကြည့်ခဲ့ပါသည်။ သူ့အခြေအနေမှာ တဖြည်းဖြည်းဆိုးလာပါသည်။

ဦးထင်ဝိန်က စပတ်လမ်းရှိ သူ၏အိမ်သို့လာရန် တယ်လီဖုန်းဖြင့် ခေါ်စဉ်က သူ့အိမ်နံပါတ်နှင့် သူ့အခန်းတံခါးတွင် လုပ်ငန်းအမည်ကတ်ပြားရှိကြောင်း ပြောပါသည်။ ထိုအခန်းမှာသူ၏ရုံးခန်းနှင့်အိမ်အဖြစ်အသုံးပြုသည်ဟု ကျွန်တော် ယူဆပါသည်။

## ဦးထင်ဝါကို ခေါ်သွား

ဦးထင်ဝိန်သေပြီးနောက် စပတ်လမ်းအိမ်သို့ ဦးထင်ဝါနှင့်အတူ သွားရောက်ခဲ့ပါသည်။ ဦးထင်ဝါက ဦးထင်ဝိန်၏ စာရွက်စာတမ်းအချို့နှင့် သော့တွဲ ထိုအိမ်တွင် ကျန်မကျန်သိလို၍ဖြစ်ပါသည်။ ထို့ကြောင့် ဦးထင်ဝါကို ကျွန်တော် ထိုအိမ်သို့ ခေါ်သွားရခြင်းဖြစ်ပါသည်။ ကျွန်တော်တို့ နှစ်ယောက်စလုံး အိမ်ထဲသို့ ဝင်ရောက်ခဲ့ကြပါသည်။ ဒေါ်ကြည်ကြည်နှင့် တွေ့ပါသည်။ ဦးထင်ဝါက ဒေါ်ကြည်ကြည်အား သော့တွဲသို့မဟုတ်စာရွက်စာတမ်းများကို တောင်းပါသည်။ ဒေါ်ကြည်ကြည်က ဦးထင်ဝါကို သော့တွဲသော်လည်းကောင်း၊ စာရွက်စာတမ်းများကို သော်လည်းကောင်း ပေးမပေးကျွန်တော်မမှတ်မိတော့ပါ။ ထိုနေ့မှစ၍ ယခုရုံးတော်သို့ ရောက်သည့်တိုင် ဒေါ်ကြည်ကြည်နှင့် ကျွန်တော် နောက်ထပ် မတွေ့ပါ။ သို့ရာတွင် မြို့ထဲ၌ ဒေါ်ကြည်ကြည်ကို အဝေးမှ မကြာမကြာတွေ့ဖူးပါသည်။

## ဒေါ်ထားရီကို တွေ့

ဦးထင်စန်ကို ကျွန်တော်သိပါသည်။ သူနှင့် ကျွန်တော် ညီအစ်ကိုဝမ်းကွဲတော်ပါသည်။ သူသည် ဦးထင်ဝိန်၏ အစ်ကို ဖြစ်ပါသည်။ ယခု ဦးထင်စန် သေပါပြီ။ သူနှင့် ကျွန်တော်ညီအစ်ကို ဝမ်းကွဲတော်စပ်သည့်အတွက် ရင်းနှီးပါသည်။ ဦးထင်ဝိန်မသေမီ သုံးနှစ်ခန့်က သူဆုံးပါသည်။ သူသည် ၃၉လမ်းတွင် နေထိုင်ပါသည်။ သူ၏ အိမ်သို့ ကျွန်တော်တစ်ကြိမ်ရောက်ဖူးပါသည်။ ဦးထင်စန်နှင့်အတူ လိုက်သွားခြင်းဖြစ်ပါသည်။ ဦးထင်စန်အိမ်တွင် သူ့မိန်းမ ဒေါ်ထားရီကို တွေ့ပါသည်။

## ကျွန်တော် မမှတ်မိပါ

မေး။ ။ခင်ဗျားဦးထင်စန်အိမ်ကိုရောက်တုံးက ဦးထင်စန်၊ ဦးထင်စန်မိန်းမ ဒေါ်ထားရီ၊ ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့ကို ခင်ဗျားတွေ့တယ်ဆိုရင် ငြင်းမလား။

ဖြေ။ ။ ကျွန်တော် မမှတ်မိပါ။

မေး။ ။ ခင်ဗျားကို ဦးထင်စန်က သူ့မိန်းမနှင့် ဒေါ်ကြည်ကြည်ကို ဦးထင်ဝိန် မိန်းမအဖြစ်နဲ့ မိတ်ဆက်ပေးတယ်လို့ဆိုရင် ခင်ဗျားငြင်းမလား။

ဖြေ။ ။ ကျွန်တော်မမှတ်မိတော့ပါ။

မေး။ ။ဒေါ်ထားရီနှင့်ဒေါ်ကြည်ကြည်သည် ညီအစ်မ ဖြစ်တယ်ဆိုတာ ခင်ဗျားသိတယ်ဆိုရင် ငြင်းမလား။

ဖြေ။ ။ ကျွန်တော့်ကို ပြောပြပါတယ်။

မေး။ ။ ဘယ်သူ ပြောသလဲ။

ဖြေ။ ။ ဦးထင်စန် ထင်ပါတယ်။

မေး။။ ခင်ဗျားနဲ့ ဦးထင်ဝိန်တို့ နှစ်ယောက်ရဲ့ ဆက်ဆံရေးဟာ သူသေသည်အထိ ရှည်ကြာခဲ့တယ်မဟုတ်လား။

ဖြေ။ ။ ပိုရင်လဲ ပိုမယ်။ လျော့ရင်လဲ လျော့မယ်။

မေး။ ။ ဦးထင်ဝိန် ၃၉လမ်းမှာ နေထိုင်တယ်ဆိုတာ ခင်ဗျားသိသလား။

ဖြေ။ ။ ကျွန်တော်မသိပါ။

မေး။ ။ ဦးထင်ဝိန်မသေမီ သုံးလေးလက သူနှင့်စကားလာပြောရန် ခင်ဗျားကို တယ်လီဖုန်းဆက်စဉ်က သူဘယ်မှာနေသလဲ။

ဖြေ။ ။ သူနှင့် တွေ့နိုင်မယ့် လိပ်စာတစ်ခု ပေးပါတယ်။

မေး။ ။ ဘယ် လိပ်စာလဲ။

ဖြေ။ ။စပတ်လမ်းက နံပါတ်တစ်ခုကိုပြောပါတယ်။ ယခု ကျွန်တော် မမှတ်မိတော့ပါ။ သူက သူ့အခန်းတံခါးတွင် လုပ်ငန်းအမည်ကတ်ပြား ချိတ်ဆွဲထားတာ တွေ့မည့်အကြောင်းပြောပါတယ်ဟု ထွက်ဆိုသည်။

## ပြန်လှန်မေး

ဒေါ်ကြည်ကြည်၏ အကျိုးဆောင် ဦးမောင်မောင် (၆) က ပြန်လှန်မေးမြန်းသဖြင့် တရားခံပြသက်သေ မစ္စတာအယ်(လ်)ထင်တိန်က ဖြေသည်။

အမေးနှင့် အဖြေမှာ အောက်ပါအတိုင်းဖြစ်သည်။

မေး။ ။ ကဒ်ပြားကို တွေ့သလား။

ဖြေ။ ။ တွေ့ပါတယ်။ ကဒ်ပြားပေါ်တွင် သူ့အမည်နှင့် သဘော်ာ ကိုယ်စားလှယ်လုပ်ငန်းကို ရေးထားပါသည်။

မေး။ ။ "အယ်(လ်)အိပ်(ချ်)ဝိန် ဒေါ်ကြည်ကြည်" လို့ ရေးထားတဲ့ သစ်သားဆိုင်းဘုတ်တစ်ခုကို ခင်ဗျားတွေ့သလား။

## အိပ်ခန်းထဲမှာတွေ့

ဖြေ။ ။ မတွေ့မိဘူးထင်ပါသည်။ သူက ကျွန်တော့်ကို သူ့လုပ်ငန်း ကဒ်ပြားကို ကြည့်ဖို့ ပြောတဲ့အတွက် လုပ်ငန်းကဒ်ပြားကိုသာ ကျွန်တော်သတိ ထားကြည့်မိပါတယ်။

မေး။ ။ အဲဒီရောက်တော့ ခင်ဗျားဘယ်သူနဲ့ တွေ့သလဲ။

ဖြေ။ ။ ဦးထင်ဝိန်နဲ့ ဒေါ်ကြည်ကြည်တို့ကို တွေ့ပါတယ်။

မေး။ ။ အဲဒီအချိန်မှာ ခင်ဗျား ဦးထင်ဝိန်ကိုအိပ်ယာထဲမှာ နေမကောင်း နေတာ တွေ့ရတယ်မဟုတ်လား။

ဖြေ။ ။ သူ့အိပ်ခန်းထဲမှာ တွေ့ပါတယ်။ သူ့ခုတင်ပေါ်မှာ ထိုင်နေ ပါတယ်။

မေး။ ။ ဒေါ်ကြည်ကြည်လဲ အိပ်ခန်းထဲတွင် ရှိနေတယ်မဟုတ်လား။

ဖြေ။ ။ ရှိပါတယ်။

မေး။ ။ ခင်ဗျားစပတ်လမ်းကို သွားတော့ အခန်းကို ခက်ခက်ခဲခဲ မရှာ ရဘူး မဟုတ်လား။

ဖြေ။ ။ မှန်ပါတယ်။

## ဆန့်ကျင်ဘက်လိင်ကို နှစ်သက်

မေး။ ။ စာမျက်နှာ ၂ တွင် ခင်ဗျားက ဦးထင်ဝိန်က "သူလုပ်သမျှ ကျွန်တော်သိသည်" ဟု ယူဆကောင်း ယူဆခဲ့မယ်လို့ဆိုတယ်။ "သူလုပ်သမျှ ဆိုတာက ဘာကိုဆိုလိုတာလဲ"

ဖြေ။ ။ ကျွန်တော် အထက်တွင်ပြောခဲ့သလိုပဲ ဦးထင်ဝိန်က အပျော် အပါးလိုက်စားသူတစ်ယောက်ဖြစ်တယ်။ ဆန့်ကျင်ဘက်လိင်ကို နှစ်သက်တယ်။

သူ့ကို ဆန့်ကျင်ဘက်လိင်နဲ့ အတူတွေ့ရတော့ ကျွန်တော့်အနေနဲ့ အံ့သြခြင်း မဖြစ်မိဘူး။ ဒေါ်ကြည်ကြည်နဲ့သူ အတူနေမနေ ကျွန်တော်မသိဘူး။

မေး။ ။ သူနဲ့ အရှုပ်အရှင်းဖြစ်ခဲ့ဖူးတဲ့ အခြားမိန်းမတစ်စုံတစ်ယောက်ကို ခင်ဗျားသိသလား။

ဖြေ။ ။ ဒီပြဿနာနဲ့ပတ်သက်လို့ သူ့မှာ ရေတွက်လို့ မရအောင် ရှိပါတယ်။ သို့သော် အမျိုးသမီးတစ်ဦးတစ်ယောက်ရဲ့ အမည်ကို မပြောပြတတ်ပါ။

မေး။ ။ သူ့မှာ အလားတူပြဿနာမျိုး ဘယ်လောက်ရှိတယ်ဆိုတာ ခင်ဗျားသိသလား။

ဖြေ။ ။ ကျွန်တော် မပြောနိုင်ပါ။

မေး။ ။ ဒေါ်ကြည်ကြည်ကို ဦးထင်ဝိန်အိမ်မှာတွေ့ရတော့ သူတို့ အဲဒီအိမ်မှာ အတူတကွ နေထိုင်ကြတယ်ဆိုတာ ခင်ဗျားသိသလား။

ဖြေ။ ။ ကျွန်တော် မသိပါ။

မေး။ ။ ယူကော ယူဆသလား။

ဖြေ။ ။ ကျွန်တော် မသိပါ။

## ဒေါ်မေစု သေတမ်းစာ

မေး။ ။ ဦးထင်ဝိန်၏အစ်မ ဒေါက်တာဒေါ်မေစုကို ခင်ဗျားသိသလား။

ဖြေ။ ။ သိပါတယ်။

မေး။ ။ သူအခု သေပြီဟုတ်လား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ ဒေါ်မေစုရဲ့ သေတမ်းစာနဲ့ ပတ်သက်လို့ ဆွေးနွေးဖို့ ဦးထင်ဝိန်ကို ခင်ဗျားခေါ်ဖူးသလား။

ဖြေ။ ။ မခေါ်ဖူးပါ။ ကျွန်တော်က သေတမ်းစာအတည်ပြုသူဖြစ်၍ အခြား မည်သူတစ်စုံတစ်ယောက်နှင့်မျှ ဆွေးနွေးရန် မလိုအပ်ပါ။

မေး။ ။ ဒေါ်မေစု သေဆုံးပြီးနောက် ဒေါ်မေစုကျန်ခဲ့တဲ့ လက်ဝတ်လက်စားများကို ဒေါ်ကြည်ကြည်အတွက်ဝယ်ပေးရန် ဦးထင်ဝိန်ကို ခင်ဗျား ပြောဖူးသလား။

ဖြေ။ ။ မပြောဘူးပါ။

မေး။ ။ စပတ်လမ်းသို့ ခင်ဗျားသွားလည်ပြီး သုံးလေးလခန့်အကြာမှာ

ဒေါ်ကြည်ကြည် ခင်ဗျားဆီ တယ်လီဖုန်းဆက်တော့ သူ့ကိုယ်သူ ဘယ်သူပါလို့ ပြောသလဲ။

ဖြေ။ ။ မကြည်ကြည်အနေနှင့် ဆက်ပါသည်။

မေး။ ။ ခင်ဗျားနှင့်တယ်လီဖုန်းပြောတော့ ခင်ဗျားကို ရင်းရင်းနှီးနှီးသိတဲ့ လူတစ်ယောက်လို့ ပြောတယ်မဟုတ်လား။

ဖြေ။ ။ ဒီလိုပဲ ထင်ပါတယ်။

မေး။ ။ ခင်ဗျားအမေရိကန်ဆေးရုံကိုသွားတော့ ဦးထင်ဝိန်က သူ့မိန်းမ နဲ့ ကလေးတွေ သူ့အပေါ်မကောင်းတဲ့အကြောင်း မတိုင်ဘူးလား။

ဖြေ။ ။ ကျွန်တော်မမှတ်မိပါ။

မေး။ ။ နောက်တစ်နေ့ ဦးထင်ဝိန်ဆီကို ဦးထင်ဝါနဲ့အတူသွားတော့ ဦးထင်ဝိန်က သူ့မိန်းမနဲ့ သူ့ကလေးတွေက သူနဲ့ပတ်သက်လို့ ဂရုမစိုက်ဘဲ ပစ်ထားတဲ့အကြောင်း တိုင်တယ်ဆိုရင် ခင်ဗျားငြင်းမလား။

ဖြေ။ ။ ကျွန်တော် မမှတ်မိပါ။ သူ၏ သေတမ်းစာနဲ့ ပတ်သက်လို့ သူ့ညီကို ပြောရန် သောကမအေး ဖြစ်နေပါတယ်။

မေး။ ။ ဦးထင်ဝိန်ကသူ့သေတမ်းစာနဲ့ပတ်သက်လို့ဦးထင်ဝါကိုတိုးတိုး တိတ်တိတ်ပြောတော့ ခင်ဗျားအခန်းအပြင်ဘက်မှာ လမ်းလျှောက်နေတယ်ဆိုရင် ငြင်းမလား။

ဖြေ။ ။ ငြင်းပါတယ်။ သူ ကျွန်တော်တို့ နှစ်ယောက်လုံးပြောတာပါ။

မေး။ ။ သေတမ်းစာနဲ့ ပတ်သက်လို့ ပြောနေစဉ် သူ့မိန်းမနဲ့ ကလေး များအကြောင်းတိုင်နေစဉ်မှာပဲ ဦးထင်ဝိန် သွေးအန်ပြီး ပက်လက်လန်လဲကျ သွားတယ်မဟုတ်လား။

ဖြေ။ ။ မဟုတ်ပါ။ ဒေါ်ကြည်ကြည် အတွက် တစ်သိန်း။

မေး။ ။ ဦးထင်ဝိန်က ဒေါ်ကြည်ကြည်အတွက် ဘာကြောင့် အစီအမံ လုပ်ရတာလဲ။

ဖြေ။ ။ သဘောထားပြည့်ဝတဲ့ လူတစ်ယောက်ဖြစ်လို့ပါပဲ။

မေး။ ။ ဒေါ်ကြည်ကြည်အတွက် ဘယ်ပုံဘယ်၍ ဘယ်မျှပေးမယ်လို့ ခင်ဗျားသိသလား။

ဖြေ။ ။ တစ်သိန်းလို့ ဦးထင်ဝိန်က ပြောပါတယ်။

မေး။ ။ အဲဒီ တစ်သိန်းဟာ ငွေလား... ပစ္စည်းလား။

ဖြေ။ ။ ဒါတော့ ကျွန်တော် မသိပါ။

မေး။ ။ ဦးထင်ဝိန်သေပြီး ဘယ်နှစ်ရက်လောက် အကြာမှာ ဒေါ်ကြည်ကြည်အိမ်ကို ဦးထင်ဝါနဲ့ ခင်ဗျား သွားသလဲ။

ဖြေ။ ။ တစ်ရက်နှစ်ရက် အတွင်းမှာပါ။

မေး။ ။ ခင်ဗျားနဲ့ ဦးထင်ဝါတို့က ဒေါ်ကြည်ကြည်ကို နှစ်သိမ့်စကားများ ပြောခဲ့ကြသေးလား။

ဖြေ။ ။ ကျွန်တော်မပြောပါ။ ဦးထင်ဝါ ပြောပါတယ်။

မေး။ ။ ခင်ဗျားဟာ ခရစ်ယာန်တစ်ယောက် မဟုတ်လား။ ခင်ဗျားတို့ ဘာသာအရ ခရစ်ယာန်တစ်ယောက်ဟာ မိန်းမတစ်ယောက်သာ ယူခွင့်ရှိပြီး ထိုအိမ်ထောင်တည်မြဲနေစဉ်အတွင်း၊ နောက်ထပ် မိန်းမ,မယူနိုင်ဘူး မဟုတ်လား။

ဖြေ။ ။ ကျွန်တော်သိပါတယ်။

မေး။ ။ ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့ဟာ အကြင်လင်မယားအဖြစ် နေထိုင်တဲ့အကြောင်း ခင်ဗျားသိတယ်ဆိုရင် ငြင်းမလား။

ဖြေ။ ။ ကျွန်တော် မသိပါဟု ဖြေသည်။

## ဒေါ်ခင်လေး ထွက်ဆိုချက်

ဆက်လက်၍ တရားခံပြသက်သေ အင်းယားလမ်း၊ အမှတ် ၇၄ နေ ဒေါ်ခင်လေးက အစစ်ဆေးခံသည်။ မစ္စစ်မေရီဝိန်၏ အကျိုးဆောင် ဦးကျော်မြင့်၏ မေးမြန်းချက်များကို အောက်ပါအတိုင်းထွက်ဆိုသည်။

ကျွန်မသည် မြန်မာအမျိုးသားဘဏ်ကိုတည်ထောင်သွားသည့်ကွယ်လွန်သူ ဦးဘိုးစံ၏ ဇနီးဖြစ်ပါသည်။ ဤအမှုနှင့် ပတ်သက်သည့် ကွယ်လွန်သူ ဦးထင်ဝိန်ကို ငယ်ငယ်ကတည်းက သိပါသည်။ မော်လမြိုင်မှာစသိခြင်းဖြစ်ပါသည်။ သူ၏အစ်မဒေါက်တာဒေါ်မေစုကိုလည်းကိုယ်တိုင်သိပါသည်။ မော်လမြိုင် မော်တလိန်းကျောင်းမှာ ကျောင်းနေဘက်ဖြစ်ပါသည်။ ဦးထင်ဝိန်၏ ဇနီး မစ္စစ်မေရီဝိန်နှင့် သားသမီးများကိုလည်း သိပါသည်။ အင်းယားလမ်းမှာ ဦးထင်ဝိန်၏အိမ် ရှိပါသည်။ အမှတ် ၇၄ အီး ဖြစ်ပါသည်။ ကျွန်မတို့ အိမ်နှင့် မျက်စောင်းထိုးလောက်တွင် ရှိပါသည်။

## မစ္စစ်မေရီဝိန်မှ လွဲ၍

ကျွန်မတို့အိမ်ကို ဦးထင်ဝိန်တစ်ယောက်တည်း လာလည်လေ့ရှိပါသည်။ သူ့မိန်းမနှင့်လည်း လာလည်တတ်ပါသည်။ ကလေးများနှင့်လည်း လာလည်တတ်ပါသည်။ ဦးထင်ဝိန်သည် မော်လမြိုင်၌ အနေများပါသည်။ မစ္စမေရီဝိန်မှလွဲ၍ ဦးထင်ဝိန်နှင့်ပတ်သက်သည့် အခြားအမျိုးသမီးများ မသိဘူးပါ။ ကြားလည်းမကြားဘူးပါ၊ ဦးထင်ဝိန်နှင့် ရန်ကုန်မှာရော၊ မော်လမြိုင်မှာရော ရင်းရင်းနှီးနှီး ဆက်ဆံခဲ့ဖူးပါသည်။ မော်လမြိုင်မှ သူတို့အိမ်ကိုလည်းရောက်ဖူးပါသည်။ ဦးထင်ဝိန်သည် အိမ်သို့လာပြီး ဦးဘိုစနှင့် ပရှူးခေါင်းဖြတ် အသင်းကိစ္စများနှင့် ပတ်သက်၍ စကားပြောတာလည်း တွေ့ပါသည်ဟု ထွက်ဆိုသည်။

## ပြန်လှန်မေး

တရားလို ဒေါ်ကြည်ကြည်၏ အကျိုးဆောင် ဦးမောင်မောင် (၆) က ပြန်လှန်မေးမြန်းသဖြင့် ဒေါ်ခင်လေးက ဖြေဆိုသည်မှာ ကျွန်မ မော်လမြိုင်မှာ ကြီးပါသည်။ မော်လမြိုင်တွင် အသက် ၂၀ လောက်အထိ နေခဲ့ဖူးပါသည်။ လွန်ခဲ့သော ၄၅ နှစ်ကျော်က နေခဲ့ဖူးပါသည်။ ၁၉၂၄ ခုနှစ်က ဦးဘိုစနှင့် အိမ်ထောင်ကျပါသည်။ ဦးဘိုစမှာ အစိုးရအမှုထမ်းတစ်ဦး ဖြစ်ခဲ့ဖူးပါသည်။ မြို့တစ်မြို့သို့ အမှုထမ်းတိုင်း ကျွန်မလိုက်ပါသွားပါသည်။ ၁၉၃၀–ခုနှစ်က မော်လမြိုင်မြို့တွင် ဦးဘိုစ အခွန်ဝန်အဖြစ်နှင့်အမှုထမ်းရပါသည်။ ကျွန်မ လိုက်ပါသွားပါသည်။ ၁၉၃၁–ခုနှစ် ဧပြီလမှ မေလအထိ မော်လမြိုင်မှာ နေရပါသည်။ ဦးဘိုစသည် နောက်ထပ်မော်လမြိုင်သို့ မပြောင်းရတော့ပါ။ အိမ်ထောင်ကျပြီးမှ အဲဒီတစ်နှစ်ကျော်ကျော်ဟာ မော်လမြိုင်မှာ အကြာဆုံး နေခြင်းဖြစ်ပါသည်။ ၁၉၅၄– ခုနှစ်က မော်လမြိုင်သို့ သင်္ကြန်အတွင်း အလည်ရောက်ပါသည်။

## အတွင်းရေး မတိုင်ပင်ဘူး

ဦးထင်ဝိန်နှင့် တွေ့သည့်အခါ စကားပြောကြ၊ တွေ့ကြ၊ မြင်ကြ၊ ဒီလောက်ပဲဖြစ်ပါတယ်။ ဦးထင်ဝိန်သည် သူ၏အတွင်းရေးကိစ္စများ ကျွန်မနှင့် ရင်းရင်းနှီးနှီး မတိုင်ပင်ဘူးပါ။ ဦးထင်ဝိန်သည် ဘယ်မှာတည်းသည်၊ ဘယ်သွားသည်၊ ဘယ်လာသည်ကို ကျွန်မအနေနှင့် တိတိကျကျ မသိပါ။ ဦးထင်ဝိန်နှင့်

မစ္စစ်မေရီဝိန်တို့ ဘယ်တုန်းက လက်ထပ်သည်ဆိုတာ ကျွန်မ မသိပါ၊ ဦးထင်ဝိန် ရန်ကုန်သို့ တစ်နှစ်လျှင် ဘယ်နှစ်ခါလာသည်ဆိုတာ တိတိကျကျ ကျွန်မ,မသိပါ၊ ဦးထင်ဝိန်မှာ နောက်ထပ်ဇနီးတစ်ယောက်ရှိသည်ဆိုတာလည်း ကျွန်မ မပြော နိုင်ပါ၊ မရှိဘူးဆိုတာလည်း မပြောနိုင်ပါ၊ ကျွန်မ မသိပါ။

ရန်ကုန်မြို့ အင်းယားလမ်း၊ အမှတ် ၇၄ အီးတွင် ဂျင်မီဝိန်နှင့် သူ့နှမ လေးများ အမြဲနေပါသည်။ သူတို့ အမေလည်း တစ်ခါတလေ လာနေပါသည်။ တစ်ခါတစ်ခါလာနေလျှင် ဘယ်လောက်ကြာကြာနေတယ်ဆိုတာ ကျွန်မ မသိပါ။ ဦးထင်ဝိန်လည်း အဲဒီအိမ်ကို ဘယ်နှစ်ခေါက်လာတယ်။ ဘယ်လောက် ကြာကြာနေတယ်ဆိုတာ ကျွန်မ မသိပါ။

*(မှတ်ချက်။ ဒေါ်ကြည်ကြည်ကို သူ၏အကျိုးဆောင်ရှေ့နေကြီး ဦးမောင်မောင် (ဖ)က ရုံးခန်းတွင် လက်သို့းထိုးပြသည်။)*

ဒေါ်ကြည်ကြည်ကို ကျွန်မမမြင်ဘူးပါ။ ကျွန်မသည် မြန်မာအမျိုးသား ဘဏ်တွင် ဦးဘိုးစနှင့်အတူ ငါးနှစ်လောက်အလုပ်လုပ်ခဲ့ပါသည်။ ကျွန်မသည် အိမ်များကို လျှောက်လည်သည့် အလေ့အထမရှိပါ။ သူများအကြောင်းတွေ ကိုလည်း ဂရုစိုက်ပြီး နားမထောင်ပါဟု ဖြေသည်။

## ရှင်းလင်းမေး

မစ္စစ်မေရီဝိန်၏ အကျိုးဆောင်ဦးကျော်မြင့်က ပြန်လည်ရှင်းလင်းမေးမြန်း သဖြင့် ဒေါ်ခင်လေးက ဦးဘိုစသည် အစိုးရအမှုထမ်းအဖြစ်နှင့် ရန်ကုန်မှာလည်း အမှုထမ်းခဲ့ဖူးပါသည်။ အငြိမ်းစားယူပြီးတော့လည်း ရန်ကုန်မှာ အမြဲနေပါသည်။ စစ်မဖြစ်ခင်ကတည်းက ရန်ကုန်မှာအမြဲနေပါသည်။ ရန်ကုန်မှာ အမြဲနေပြီး သည့်နောက်လည်း ဦးထင်ဝိန်နှင့် အရင်လိုပဲ ဆက်ဆံပါသည်ဟု ဖြေသွားသည်။

## ဝီလျံဂျိန်းဂရေးထွက်ချက်

တရားခံပြသက်သေဝီလျံဂျိန်းဂရေးက သစ္စာပြုပြီး ထွက်ဆိုအစစ်ခံရာ တွင် ကျွန်တော်သည် သင်္ဘောကိုယ်စားလှယ်လုပ်ငန်းကို နှစ်ပေါင်းများစွာ လုပ်ကိုင်ခဲ့ပါသည်။ အစိုးရသိမ်းပိုက်သည်အထိ ထိုလုပ်ငန်းကို လုပ်ကိုင်ပါသည်။

ကျွန်တော်သည် အယ်(လ်)ထင်ဝိန်နှင့် မိသားစုကိုသိပါသည်။ ဦးထင်ဝိန် ၏ ဖခင်ကိုလည်းသိပါသည်။ အလုပ်ကိစ္စနှင့်ပတ်သက်၍ သူ၏ ရုံးခန်းရှိရာ

စပတ်လမ်းသို့ ရောက်ဖူးပါသည်။ မော်လမြိုင်ရှိ သူ၏အိမ်တွင် ကျွန်တော် မကြာခဏ တည်းဖူးပါသည်။ မစ္စတာထင်ဝိန်သည် ရန်ကုန်တွင် အိမ်တစ်အိမ် ရှိပါသည်။ ထိုအိမ်မှာ ၇၄ (င)အင်းယားလမ်းတွင် ဖြစ်ပါသည်။ ထိုအိမ်သို့လည်း ကျွန်တော် မကြာခဏရောက်ဖူးပါသည်။

ကျွန်တော်သည် ဘီဂန်းဒတ်လမ်းသို့ ပြောင်းရွှေ့မနေထိုင်မီ ၄၂ လမ်းတွင် နေထိုင်ပါသည်။ ဘီဂန်းဒတ်လမ်းတွင် ၁၀နှစ်ကျော် နေထိုင်ခဲ့ဖူးပါသည်။ မစ္စတာထင်ဝန်သည် ၄၂–လမ်းရှိ ကျွန်တော့်အိမ်သို့ အလည်လာဖူးပါသည်။ ဘီဂန်းဒတ်အိမ်သို့လည်း လာဖူးပါသည်။

## ချက်လက်မှတ်လဲရန်လာ

ဒေါ်ကြည်ကြည်ကို တစ်ကြိမ်နှစ်ကြိမ်တွေ့ဖူးပါသည်။ သူက ဦးထင်ဝိန် လက်မှတ်ရေးထိုးထားသော ငွေ ၁၀၀၀ိ/ကျပ်တန် ချက်လက်မှတ်ကို လဲလှယ်ပေးရန်အတွက် သူတစ်ယောက်တည်းလာပါသည်။ ဒုတိယတစ်ကြိမ် လာစဉ်ကလည်း ချက်လက်မှတ်လဲပေးရန်ပင်ဖြစ်ပါသည်။ ကျွန်တော်၏ ဘီဂန်းဒတ်လမ်း နေအိမ်သို့လာတာ ဖြစ်ပါသည်။ ဘီဂန်ဒတ်လမ်းရှိ ကျွန်တော်၏နေအိမ်မှာ နှစ်ထပ်တိုက် အဆောက်အဦးဖြစ်ပါသည်။ ကျွန်တော်သည် အပေါ်ထပ်တွင် နေထိုင်၍ အောက်ထပ်ကို ကျွန်တော့်ရုံးခန်းအဖြစ် အသုံးပြုပါသည်။

## ဘာမျှမပြောဘူးပါ

ဒေါ်သန်းသည် ကျွန်တော့်ဇနီး ဖြစ်ပါသည်။ ဒေါ်ကြည်ကြည်သည် ကျွန်တော့်အိမ်သို့လာရာတွင် ရုံးခန်းလည်းဝင်သည်။ ကျွန်တော်သည် ဒေါ်ကြည်ကြည်ကို မစ္စတာထင်ဝိန်နှင့်အတူ မတွေ့ဖူးပါ။ ဒေါ်ကြည်ကြည်နှင့် ပတ်သက်၍ မစ္စတာထင်ဝိန်က ကျွန်တော့်ကို ဘာမျှမပြောဘူးပါ။ ကျွန်တော်နှင့် ဦးထင်ဝိန်တို့ လူမှုရေးကိစ္စများနှင့် ဆုံလေ့ရှိပါသည်။ သူ၏မိန်းမ မစ္စစ်မေရီဝိန်ကိုလည်း ခေါ်လေ့ရှိပါသည်။ ဒေါ်ကြည်ကြည် ကျွန်တော့်ရုံးခန်းသို့ လာစဉ်က ကျွန်တော့်မိန်းမနှင့်မတွေ့ပါ။ ကျွန်တော်သည် မစ္စတာထင်ဝိန်ကို သူနောက်ဆုံး အကြိမ် နာမကျန်းဖြစ်စဉ်က ဆေးရုံ၌ သွားတွေ့ပါသည်။ ဆေးရုံတွင် မစ္စစ်ဝိန်နှင့် သားသမီးအချို့ကို တွေ့ပါသည်ဟု ထွက်ဆိုသွားသည်။

## ပြန်လှန်မေး

ဒေါ်ကြည်ကြည် အကျိုးဆောင် ဦးမောင်မောင် (၆) က ပြန်လှန်မေးမြန်းသဖြင့် သက်သေ ဝီလျံဂျိန်းဂရေးက ဖြေရာတွင်...

ကျွန်တော်၏ သဘောၤကိုယ်စားလှယ်လုပ်ငန်းများမှာ ရန်ကုန်/မော်လမြိုင်နှင့် ပုသိမ်တို့တွင် ရှိပါသည်။ ကျွန်တော်သည် ရန်ကုန်တွင် အနေများပါသည်။ ၁၉၄၇–ခုနှစ်နောက်ပိုင်း ကျွန်တော်သည် မော်လမြိုင်သို့ လေးငါးကြိမ်ခန့် အလည်ရောက်ခဲ့ပါသည်။ မော်လမြိုင်သို့ သွားသည့်နေ့ရက်ကို ကျွန်တော် ယခု မပြောနိုင်ပါ။

မေး။ ။ ဦးထင်ဝိန်၏ အစ်ကို ဦးထင်စန်ကို ခင်ဗျားသိသလား။

ဖြေ။ ။ သူတို့ ညီအစ်ကိုလေးငါးယောက်ကို ကျွန်တော်သိပါတယ်။ တစ်ယောက်မှာ သစ်တောအရာရှိ၊ တစ်ယောက်မှာ ဆရာဝန်ဖြစ်ပါတယ်။ ကျန်နှစ်ယောက်သုံးယောက် ဘာလုပ်တယ်ဆိုတာတော့ ကျွန်တော် မသိပါ။

မေး။ ။ (အထက်ပါ မေးခွန်းကိုပင် ထပ်မေးသည်။)

ဖြေ။ ။ သိပါတယ်။

မေး။ ။ ဦးထင်စန် ၃၉ လမ်းမှာနေတာ ခင်ဗျားသိသလား။

ဖြေ။ ။ မသိပါ။

မေး။ ။ ဦးထင်ဝိန်က သူညီတစ်ယောက် ၃၉ လမ်းမှာနေကြောင်း ခင်ဗျားကို ပြောခဲ့ဖူးသလား။

ဖြေ။ ။ မပြောဘူးပါ။

## ဓားလွယ်ခုတ်တွင်နေ

မေး။ ။ ဦးထင်ဝိန် ၄၂ လမ်းမှာ နေထိုင်တယ်ဆိုတဲ့အကြောင်း ခင်ဗျားကြားဖူးသလား။

ဖြေ။ ။ ထိုလမ်းမှာ အတည်တကျ နေထိုင်သလား၊ မနေသလား။ ကျွန်တော်မသိပါ။ အိမ်ရှေ့တွင် သူ့ဂျစ်ကားရပ်ထားတာကိုတော့ ကျွန်တော် တွေ့ဖူးပါတယ်။

မေး။ ။ သူဘယ်အိမ်မှာနေတယ်ဆိုတာ ခင်ဗျားသိသလား။

ဖြေ။ ။ ကျွန်တော့်အိမ်နှင့် ဓားလွယ်ခုတ်တွင်နေပါတယ်။ သူနေတဲ့အိမ်မှာ ၃ ထပ် သို့မဟုတ် ၄ ထပ်တိုက်ဖြစ်ပါတယ်။ ကျွန်တော့်အိမ်နံပါတ်မှာ အမှတ် ၁၁၆ ဖြစ်ပါတယ်ဟု ဖြေသည်။

## ရှင်းလင်းမေး

တရားခံအကျိုးဆောင် ဦးကျော်မြင့်က ရှင်းလင်းရန် မေးမြန်း၍ သက်သေဝီလျံဂျိန်းဂရေးက အောက်ပါအတိုင်းဖြေကြား ထွက်ဆိုပါသည်။

မေး။ ။ဦးထင်ဝိန် အိမ်အမှတ် ၁၃၃ တွင် နေထိုင်နေထိုင်တယ်ဆိုတာ ခင်ဗျားသိသလား။

ဖြေ။ ။ ကျွန်တော် မသိပါ။

မေး။ ။ သူ ဘယ်အထပ်မှာနေသလဲ။

ဖြေ။ ။ ကျွန်တော် မသိပါ။

မေး။ ။ ၄၂ လမ်းရှိ သူ့အိမ်သို့ ခင်ဗျားတစ်ခါမှ မရောက်ဖူးဘူးလား။

ဖြေ။ ။ မရောက်ဖူးပါ။

မေး။ ။ သူ ဘယ်လိုနေထိုင်တယ်ဆိုတာရော ခင်ဗျားမသိဘူးလား။

ဖြေ။ ။ မသိပါ

မေး။ ။ ဘီဂန်းဒတ်လမ်းကို ခင်ဗျားဘယ်နှစ်ခုနှစ်မှာပြောင်းသွားသလဲ။

ဖြေ။ ။ လွန်ခဲ့တဲ့ ၁၀ နှစ်လောက်ကဆိုတော့ ၁၉၅၆–၅၇ ခုနှစ်လောက်ဟု ထင်ပါတယ်။

မေး။ ။ ၁၉၅၆–ခုနှစ်မှ သူသေဆုံးတဲ့ အချိန်အတွင်း ဦးထင်ဝိန်နှင့် ခင်ဗျား ဘယ်နှစ်ကြိမ် တွေ့ခဲ့ဖူးသလဲ။

ဖြေ။ ။ နံနက်တိုင်းဆိုသလို ကျွန်တော်တို့ နှစ်ယောက် မီးရထားအပန်းဖြေရိပ်သာသွားပြီး ဘီယာတစ်လုံးစီ သောက်ပါတယ်။ သူ ရန်ကုန်ရောက်တဲ့အခါတိုင်း ဖြစ်ပါတယ်။

မေး။ ။ သူ ရန်ကုန်ရောက်တဲ့ နှစ်နဲ့ရက်ကို ရုံးတော်ကို ခင်ဗျားပြောပြနိုင်မလား။

ဖြေ။ ။ ကျွန်တော်မပြောနိုင်ပါဟုဖြေသည်။

တရားလို အကျိုးဆောင် ဦးမောင်မောင် (၆)က ထိုသက်သေကိုပင်ပြန်လှန်မေးမြန်း၍ သက်သေက အောက်ပါအတိုင်းဖြေသည်။

## အတွင်းလူမဟုတ်ပါ

မေး။ ။ ဦးထင်ဝိန်နဲ့ ခင်ဗျား အကြောင်းအမျိုးမျိုးနဲ့ တွေ့ဖူးတယ်ဆိုတော့ ခင်ဗျားနဲ့သူ ဘယ်လောက်ကြာကြာတွေ့သလဲ။

ဖြေ။ ။ ကျွန်တော်တို့ ဆွေးနွေးတဲ့ အကြောင်းအရာပေါ်မူတည်ပြီး နာရီဝက် တစ်နာရီခန့်ကြာမယ်ထင်ပါတယ်။

မေး။ ။ ဒီလိုဆိုရင် ဦးထင်ဝိန်က ကျန်တဲ့အချိန်တွေကို ဘယ်လို ကုန်ဆုံးစေတယ်ဆိုတာ ခင်ဗျားမသိဘူးပေါ့။

ဖြေ။ ။ ကျွန်တော်မသိပါ။

မေး။ ။ ခင်ဗျားဟာ သူ့ရဲ့ အတွင်းလူလို့ ဆိုမလား။

ဖြေ။ ။ မဆိုနိုင်ပါ။

မေး။ ။ ဒေါ်ကြည်ကြည်က ချက်လက်မှတ် လဲဖို့ ခင်ဗျားရုံးခန်းကို လာစဉ်က ခင်ဗျား သူ့ကို သိလို့လား။

ဖြေ။ ။ မစ္စတာဝိန်ရဲ့ လက်မှတ်ကိုမြင်တော့ ကျွန်တော် ချက်လက်မှတ် ကို ငွေလဲပေးလိုက်ပါတယ်။

မေး။ ။ မစ္စတာဝိန်ရဲ့လက်မှတ်ကို ခင်ဗျားမှတ်မိသလား။

ဖြေ။ ။ မှတ်မိပါတယ်။

မေး။ ။ ဒေါ်ကြည်ကြည်ကို ဘယ်သူဘယ်ဝါဖြစ်ကြောင်း ခင်ဗျား မေးခဲ့သလား။

ဖြေ။ ။ မမေးပါ။

မေး။ ။ နောက်ထပ်ဘယ်လောက်အကြာမှာ သူလာသလဲ။

ဖြေ။ ။ ပထမအခေါက်လာပြီး သုံးလေးလခန့်အကြာမှာ လာပါတယ်။

မေး။ ။ အဲဒီတော့ ခင်ဗျားသူ့ကို မှတ်မိသလား။

ဖြေ။ ။ မှတ်မိပါတယ်။

မေး။ ။ ဘာမှ မမေးမမြန်းဘဲ ချက်လက်မှတ်ကို ငွေလဲပေးလိုက်တယ် ပေါ့။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ မော်လမြိုင်ကအိမ်ဆိုတာ ဘယ်အိမ်ကို ခင်ဗျားပြောတာလဲ။

ဖြေ။ ။ အောက်လမ်းမကြီးနဲ့ မစ်ရှင်လမ်းထောင့်က အိမ်ကိုပါ။ အဲဒီ အိမ်ကို မစ္စတာဝိန်ရဲ့ဖခင် ပိုင်ပါတယ်။

မေး။ ။ သူ့အဖေ အကောင်းကို ခင်ဗျားသိလား။

ဖြေ။ ။ သိပါတယ်။ သူ စတီးဘရားသားမှာ အနှစ် ၆၀ ကျော်လုပ် ခဲ့ဖူးပါတယ်။

မေး။ ။ သူ့ကို ဦးမောင်လို့လဲ ခေါ်သလား။

ဖြေ။ ။ သူ့ကို အကောင်းအနေနှင့်ပဲ သိပါတယ်။

မေး။ ။ ဒေါ်သန်းသည် ခင်ဖျား၏ ဇနီးမဟုတ်လား။ ခင်ဖျားနှင့် အတူ နေသလား။

ဖြေ။ ။ ဟုတ်ပါတယ်။ သူလဲ သက်သေတစ်ယောက် ဖြစ်ပါတယ်။

## မော်လမြိုင်ဆေးပေါ့လိပ်

မေး။ ။ သူ ဆေးလိပ်သောက်တတ်သလား။

ဖြေ။ ။ သူ သောက်လေ့ရှိပါသည်။ ယခု မသောက်တော့ပါ။

မေး။ ။ သူ မော်လမြိုင်က ဆေးပေါ့လိပ်ခုံပိုင်ရှင် မပုနှင့် သိသလား။

ဖြေ။ ။ ကျွန်တော် မသိပါ။

မေး။ ။ မပုဆေးလိပ်ခုံမှ ဆေးပေါ့လိပ်များကို ဦးချစ်ဝိန်က ခင်ဖျား မိန်းမဆီကို ခင်ဖျားကတစ်ဆင့် ပို့ပေးရတယ်။ မဟုတ်လား။

ဖြေ။ ။ ဦးချစ်ဝိန်က ကျွန်တော့်ကို မော်လမြိုင်ဆေးလိပ်ဖက်ဖြူများ ပေးပါတယ်။ ဘယ်ဆေးလိပ်ခုံက လိပ်တယ်ဆိုတာတော့ ကျွန်တော်မသိပါ။

မေး။ ။ ဒေါ်ကြည်ကြည်က ထိုဆေးလိပ်များကို ခင်ဖျားမိန်းမအတွက် မစ္စတာဝိန်၏ ခိုင်းစေချက်အရ ဝယ်ပို့ရတယ်ဆိုရင် ခင်ဖျားငြင်းမလား။

ဖြေ။ ။ ကျွန်တော်မသိပါ။ သူ ဆေးပေါ့လိပ်များကို ဘယ်ကရတယ်၊ ဘယ်ပုံရတယ်ဆိုတာ ကျွန်တော်မသိပါ။

မေး။ ။ မစ္စတာဝိန်နှင့် လူမှုရေးကိစ္စများမှာတွေ့တယ်လို့ ခင်ဖျား ထွက်ဆိုထားတယ် ကျွန်တော်မသိပါ။

ဖြေ။ ။ သူ့သမီး မင်္ဂလာဆောင်မှာ တစ်ကြိမ်တွေ့ပါတယ်။ ဝင်နီ၏ မင်္ဂလာဆောင်ပါ။ နှစ်အတော်ကြာက ခရစ်ယာန်ဘုရားရှိခိုးကျောင်းတွင်တစ်ကြိမ် တွေ့ပါတယ်။

မေး။ ။ မစ္စတာဝိန်က အလှူရှင်လား။

ဖြေ။ ။ ဟုတ်ပါတယ်။ မစ္စစ်ဝိန်က အလှူအမပါ။

မေး။ ။ နောက် ဘယ်မှာ တွေ့သေးသလဲ။

ဖြေ။ ။ တခြားနေရာအချို့မှာ တွေ့ပါသည်။ ယခု ကျွန်တော်မမှတ်မိ တော့ပါ ဟုဖြေသည်။

## ဒေါ်သန်းထွက်ချက်

တရားခံပြသက်သေ ဗိုလ်တထောင်ဘုရားလမ်း၊ အမှတ် ၉၁နေဒေါ်သန်း က ဦးကျော်မြင့်၏ မေးမြန်းချက်များကို ထွက်ဆိုအစစ်ခံရာတွင် ''ကျွန်မသည် မစ္စတာဂရေး၏ ဇနီးဖြစ်ပါသည်။ ကွယ်လွန်သူဦးထင်ဝိန်ကို လွန်ခဲ့သော အနှစ်၄၀ လောက်ကစ၍ သိခဲ့ပါသည်။ ကျွန်မ ရန်ကုန်မှာနေတာ အနှစ် ၃၀ လောက်ရှိပါသည်။ ဦးထင်ဝိန်ကို မော်လမြိုင်ကတည်းကစ၍ သိခဲ့ပါသည်။ ဦးထင်ဝိန်၏ဇနီးမှာ မစ္စစ်မေရီဝိန်ဖြစ်ပါသည်။ ဦးထင်ဝိန်နှင့် မစ္စစ်မေရီဝိန်တို့က တစ်ယောက်နှင့် တစ်ယောက် တစ်အိမ်နှင့် တစ်အိမ် အကူးအသန်းရှိပါသည်။ ဦးထင်ဝိန်သည် မော်လမြိုင်ရောက်သည့်အခါတိုင်း ကျွန်မတို့အိမ်ကို လာပါသည်။ မစ္စစ်မေရီဝိန်လည်းလာပါသည်။ ပွဲတိုင်တို့၊ အခမ်းအနားတို့ သွားဖူးပါသည်။ မစ္စစ်မေရီဝိန်နှင့် တွေ့ပါသည်။ *(မှတ်ချက်။။ တရားလိုဒေါ်ကြည်ကြည်ကို ရုံးခန်းတွင်း၌ ရှေ့နေကြီး က လက်ညှိုးထိုးပြပြီး သိမသိမေးမြန်းသည်။)* သူ့ကို ကျွန်မ ,မတွေ့ဘူးပါ'' ဟု ထွက်ဆိုသွားသည်။

## ပြန်လှန်မေးခွန်း

ဒေါ်ကြည်ကြည်၏ အကျိုးဆောင် ဦးမောင်မောင်(၆)က ပြန်လှန်မေးမြန်းသဖြင့် ဒေါ်သန်းက ''မော်လမြိုင်မှာ အမြဲမနေခဲ့ဘူးပါ။ ကျွန်မယောကျ်ား သွားသည့်အခါ ကျွန်မလိုက်သွားဖူးပါသည်။ အလည်အပတ်ပဲ ကျွန်မသွားပါသည်။ ခဏခဏ ရောက်ဖူးပါသည်။ ခုနှစ်,လ မပြောနိုင်ပါ။ ခန့်မှန်းခြေ ၁၀ ခေါက်၊ ၁၅ ခေါက်မက ရောက်ဖူးပါသည်။ အနှစ် ၄၀ အတွင်းမှာ ဖြစ်ပါသည်။ လွန်ခဲ့သည့်လက တစ်ခေါက်ရောက်ပါသေးသည်။ စစ်ပြီးခေတ် နောက်ပိုင်းတွင် ဦးထင်ဝိန်မသေခင် မော်လမြိုင်သို့ ကျွန်မ,မရောက်ပါ။ စစ်ပြီးနောက်ပိုင်းတွင် ဦးထင်ဝိန်သည် မော်လမြိုင်တွင် ဘယ်မှာနေသည်ဆိုတာ ကျွန်မ မသိပါ။ ရန်ကုန်မြို့ ၄၂ လမ်းမှာလည်း နေဖူးပါသည်။ အိမ်နံပါတ် ၁၁၆ ဖြစ်ပါသည်။ စစ်ပြီးကာစ သုံးနှစ်လောက်နေဖူးပါသည်။

## ၄၂ လမ်းအိမ်ကို မလာဘူးပါ

မေး။ ။ ၁၉၅၁–ခုနှစ်၊ ၅၂ ခုနှစ်လောက်ကလား။

ဖြေ။ ။ ဒီလောက်ပဲ ဖြစ်ပါလိမ့်မယ်။

မေး။ ။ ဦးထင်ဝိန်လည်း ၄၂ လမ်းထဲမှာပဲ နေသွားသေးတယ် မဟုတ်လား။

ဖြေ။ ။ ကျွန်မတို့ ရှိတုန်းကတော့ မနေပါ။

မေး။ ။ ၄၂ လမ်းထဲမှာ ဦးထင်ဝိန်နေခဲ့တယ်ဆိုတာ တစ်ခါမှ မကြားဖူးဘူးလား။

ဖြေ။ ။ ကျွန်မကတော့ မသိပါ။

မေး။ ။ ဦးထင်ဝိန်လာဖူးတယ်ဆိုတာ ဘီဂန်းဒတ်လမ်းအိမ် ရောက်မှလား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ ၄၂ လမ်းအိမ်ကို တစ်ခါမှ လာမလည်ဘူးလား။

ဖြေ။ ။ မလာပါ။

မေး။ ။ ဘီးဂန်းဒတ်လမ်းကို သူဘယ်နှစ်ခါလောက်လာသလဲ။

ဖြေ။ ။ မော်လမြိုင်ကလာတိုင်း လာပါတယ်။ ၁၀ ခေါက် ၁၅ ခေါက်လောက် ရှိပါတယ်။

မေး။ ။ နှစ် ,လ အပိုင်းအခြားနှင့် ပြောနိုင်သလား။

ဖြေ။ ။ မပြောနိုင်ပါ။

မေး။ ။ ဦးထင်ဝိန်လာတဲ့ အခါ ဘယ်မှာတည်းတယ်ဆိုတာ ခင်ဗျား အတိအကျ ပြောနိုင်သလား။

ဖြေ။ ။ သူ့သမီးအိမ်မှာ တည်းပါတယ်။ တတ်တတ်အပ်အပ်တော့ မပြောနိုင်ပါ။

မေး။ ။ လာတဲ့အခါခင်ဗျားတို့အိမ်မှာဘယ်လောက်ကြာကြာနေသလဲ။

ဖြေ။ ။ ခဏပဲလာပါတယ်။ သူ့အလုပ်ကိစ္စနှင့် လာပြောပြီး နာရီပိုင်းလောက်ပဲ နေပါတယ်။

## ဒေါ်ကြည်ကြည်နဲ့ မိတ်ဆက်မပေးဘူးပါ

မေး။ ။ တခြားအချိန်တွေမှာ ဦးထင်ဝိန်ဘယ်သွားတယ်၊ ဘယ်လာတယ် ပြောနိုင်သလား။

ဖြေ။ ။ ကျွန်မ မသိပါ။

မေး။ ။ သူ၏ အတွင်းရေးကိစ္စတိုင်ပင်ဖူးသလား။

ဖြေ။ ။ ကျွန်မတို့ မသိပါ။

မေး။ ။ ဒေါ်သန်းမှာ သော်မဆင်လမ်းနှင့် ဘီဂန်းဒတ်လမ်းထောင့်မှာ ဓာတ်ဆီဆိုင်တစ်ဆိုင် ရှိတယ်မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ အဲဒီဆိုင်ကို ဒေါ်သန်းကိုယ်တိုင် အုပ်ချုပ်သလား။

ဖြေ။ ။ ကိုယ်စားလှယ်နှင့် ထားပါတယ်။

မေး။ ။ တစ်ခါမှ ဆိုင်မှာမထိုင်ဘူးလား။

ဖြေ။ ။ မထိုင်ဘူးပါ။

မေး။ ။ ဘယ်နှစ်နှစ်လောက် ဒီဓာတ်ဆီဆိုင်ကို ပိုင်ခဲ့ဖူးသလဲ။

ဖြေ။ ။ ငါးနှစ် ခြောက်နှစ်လောက် ပိုင်ခဲ့ဖူးပါတယ်။

မေး။ ။ ခင်ဗျားတို့နေတဲ့အိမ်နဲ့ ဘယ်လောက်ဝေးသလဲ။

ဖြေ။ ။ ကပ်နေပါတယ်။

မေး။ ။ အဲဒီငါးနှစ်ခြောက်နှစ် အတွင်းမှာ ဓာတ်ဆီဆိုင်မှာ ဆယ်မိနစ်လောက် တစ်ခါမှမထိုင်ဘူးလား။

ဖြေ။ ။ မထိုင်ဘူးပါ။

မေး။ ။ ဦးထင်ဝိန် အဲဒီဆိုင်မှာ ဓာတ်ဆီထည့်မထည့် သိသလား။

ဖြေ။ ။ မသိပါ၊ ကျွန်မက အပေါ်မှာ နေပါတယ်။

မေး။ ။ ဦးထင်ဝိန် အဲဒီဓာတ်ဆီဆိုင်မှာ မော်တော်ကား ဓာတ်ဆီ လာထည့်တုန်းက ဒေါ်ကြည်ကြည်ကို ခင်ဗျားနဲ့ မိတ်ဆက်ပေးဖူးတယ် မဟုတ်လား။

ဖြေ။ ။ မိတ်ဆက်မပေးဘူးပါ။ တစ်ခါမှ မမြင်ဘူးပါ။

မေး။ ။ ဆေးလိပ်သောက်တတ်သလား။

ဖြေ။။ အရင်ကသောက်တတ်ပါသည်။ ဖြတ်ထားတာ လေးနှစ်ရှိပါပြီ။

## စီးကရက်ပဲသောက်

မေး။ ။ မစ္စတာဂရေး မော်လမြိုင်သွားသည့်အခါ၊ ဦးထင်ဝိန်က မပု ဆေးလိပ်ဝယ်ပြီး ပေးဖူးတယ်မဟုတ်လား။

ဖြေ။ ။ မပေးဘူးပါ။ ဆေးပေါ့လိပ်မသောက်ပါ။ စီးကရက်ပဲသောက်ပါတယ်။

မေး။ ။ ဘာ ဆေးပေါ့လိပ်မှ မဝယ်ပေးဖူးဘူးလား။

ဖြေ။ ။ မဝယ်ပေးဘူးပါ။

မေး။ ။ မပု,လိပ်တဲ့ ပြောင်းဖူးဖက် ဆေးလိပ်ကလေးတွေ ပို့ပေးတယ်ဆိုတာ မဟုတ်ဘူးလား။

ဖြေ။ ။ မဟုတ်ပါ။

မေး။ ။ ဦးထင်ဝိန်ဆုံးကာနီး ဆေးရုံတက်တော့ ဆေးရုံကို ဒေါ်သန်းရောက်သလား။

ဖြေ။ ။ တစ်ခါမှမရောက်ပါ၊ ကျွန်မ နေမကောင်းနေလို့ပါ။

မေး။ ။ အသုဘပို့ လိုက်သေးလား။

ဖြေ။ ။ ပို့ပါတယ်။

မေး။ ။ သတင်းစာထဲမှာကော အသုဘကြော်ငြာတွေ တွေ့ခဲ့သေးသလား။

ဖြေ။ ။ ဂရုစိုက်၍ မဖတ်မိပါ။

မေး။ ။ မစွစ်မေရီဝိန်တို့ ဂျင်မီဝိန်တို့ သားသမီးတစ်စုနဲ့ ကောင်းကောင်းခင်တယ်မဟုတ်လား။

ဖြေ။ ။ ခင်ပါတယ် ဟု ဖြေသွားသည်။

## ဒေါ်ခင်ခင်ထွက်ချက်

ဆက်လက်၍တရားခံပြသက်သေ ကမ္ဘာအေးဘုရားလမ်း၊ အမှတ်၃၉ နေ ဒေါ်ခင်ခင်က ထွက်ဆိုအစစ်ခံရာတွင် ''ကျွန်မသည် ကွယ်လွန်သူ ဝတ်လုံတော်ရ ဦးမောင်မောင်ထွန်း၏ ဇနီးဖြစ်ပါသည်။ အရင်က မော်လမြိုင်မြို့တွင် အကြာကြီး နေခဲ့ဖူးပါသည်။ ကွယ်လွန်သူ ဦးထင်ဝိန်ကို ရင်းရင်းနှီးနှီး သိခဲ့ဖူးပါသည်။ မော်လမြိုင်တွင် မကြာမကြာ တွေ့ရပါသည်။ သူ့မိန်းမ မစွစ်မေရီဝိန်ကိုလည်းသိပါသည်။ သားသမီးတွေကိုလည်း သိပါသည်။

## အခြားမိန်းမရှိတယ်လို့ မသိ

၁၉၄၈–ခုနှစ်လောက်က ရန်ကုန်သို့ ကျွန်မပြောင်းလာပါသည်။ ဒီနောက် ဦးထင်ဝိန်နှင့် မတွေ့ပါ။ သူ့မိန်းမနှင့် သားသမီးတွေကိုတော့ သိပါသည်။

သူ့မိန်းမဆိုတာ မစ္စစ်မေရီဝိန်ဖြစ်ပါသည်။ မစ္စစ်မေရီဝိန်နှင့် သားသမီးများက အိမ်ကို ဝင်ထွက်နေကြပါသည်။ မစ္စစ်မေရီဝိန်ကလွဲလို့ ဦးထင်ဝိန်မှာ အခြားမိန်းမရှိတယ်လို့ သိလည်းမသိပါ၊ ကြားလည်းမကြားဘူးပါ။ ဦးထင်ဝိန်မှာ အင်းယားလမ်းတွင် အိမ်ရှိပါသည်။ နံပါတ် မမှတ်မိပါ။ တစ်ခါရောက်ဖူးတယ်လို့ ထင်ပါသည်။ မမှတ်မိပါ ဟု ထွက်ဆိုသည်။

## ပြန်လှန်မေးခွန်း

ဒေါ်ကြည်ကြည်၏ အကျိုးဆောင်ဦးမောင်မောင်(၆) က ပြန်လှန်မေးမြန်းသဖြင့် ဒေါ်ခင်ခင်က မော်လမြိုင်မြို့မှာ ၁၉၂၁ ခုနှစ်မှ ၁၉၄၈–၄၉ ခုနှစ်လောက်အထိ နေခဲ့ပါသည်။

မေး။ ။ ဦးထင်ဝိန်မှာ အိမ်ထောင်ဘယ်နှစ်ခု ရှိတယ်ဆိုတာသိသလား။

ဖြေ။ ။ မစ္စစ်မေရီဝိန်က တစ်ယောက်ပဲ သိပါတယ်။

မေး။ ။ မစ္စစ်မေရီဝိန်အပြင် အရင်က အိမ်ထောင်ရှိခဲ့ဖူးတယ်ဆိုတာ သိသလား။

ဖြေ။ ။ မသိပါ။

မေး။ ။ မစ္စစ်မေရီဝိန်နှင့် သားသမီးများကို ခင်ခင်မင်မင် ရင်းရင်းနှီးနှီး ရှိပြီး ယခုလည်းခင်ခင်မင်မင် ရင်းရင်းနှီးနှီးရှိနေသေးတယ်မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါတယ်။ ယခုလည်း သူတို့လာပါတယ်။

မေး။ ။ ဦးထင်ဝိန်နှင့် မစ္စစ်မေရီဝိန်တို့ရဲ့အိမ်ထောင်ရေးပြဿနာ ဘယ်လို ရှိတယ်ဆိုတာ တိတိကျကျ သိသလား။

ဖြေ။ ။ မသိပါ။

မေး။ ။ ၁၉၄၈ ခုနှစ်နောက်ပိုင်းတွင် ဦးထင်ဝိန်သည် နောက်ထပ် အိမ်ထောင်ပြုမပြု တိတိကျကျ သိသလား။

ဖြေ။ ။ မသိပါ။

မေး။ ။ ၁၉၄၈ ခုနှစ်နောက်ပိုင်းတွင် ဦးထင်ဝိန်၏ အတွင်းရေးကိစ္စ သိသလား။

ဖြေ။ ။ မသိပါဟု ဖြေသည်။

## ဒေါ်အုန်းခင်ထွက်ချက်

ထို့နောက် တရားခံပြသက်သေ ကံဘဲ့၊ ပတ်ကလိန်းလမ်း၊ အမှတ် ၄၂ (အေ)နေ ဒေါ်အုန်းခင်က ထွက်ဆိုရာတွင် ကျွန်မသည် ကွယ်လွန်သူ အရေးပိုင် ဦးဘသော်၏ ဇနီးဖြစ်ပါသည်။ ကွယ်လွန်သူ ဦးထင်ဝိန်ကို မော်လမြိုင်မှာထဲက စသိခဲ့ပါသည်။ ကျွန်မ ငယ်ငယ်ကတည်းက မော်လမြိုင်တွင် အဖေနှင့် နေဖူးပါသည်။ အဲဒီအခါကတည်းကစပြီး ဦးထင်ဝိန်ကို သိခဲ့ပါသည်။ ကြီးလာတော့ လည်း အစိုးရအမှုထမ်းတစ်ဦး၏ ဇနီးအဖြစ်နှင့် မော်လမြိုင်တွင် နေဖူးပါသည်။ စသိကတည်းက ဦးထင်ဝိန်နှင့် ရင်းရင်းနှီးနှီးသိခဲ့ဖူးပါသည်။ သူ့မိန်းမ မစွစ်မေရီ ဝိန်နှင့်သားသမီးများကိုလည်း သိခဲ့ပါသည်။ စစ်ပြီးတော့ ကျွန်မ ရန်ကုန်မှာ နေပါသည်။ ရန်ကုန်မှာနေတော့လည်း ဦးထင်ဝိန်သည်သူ့မိန်းမ မေရီဝိန်နှင့်အတူ ကျွန်မထံလာပါသည်။ ဦးထင်ဝိန်မှာ မစွစ်မေရီဝိန်ကလွဲလို့ အခြား မိန်းမရှိတယ် လို့ မသိလည်းမသိပါ။ ကြားလည်းမကြားဘူးပါ။ ဦးထင်ဝိန်သေခါနီးဆေးရုံ တက်လို့ ကျွန်မရောက်ပါသည်'' ဟု ပါရှိသည်။

## ပြန်လှန်မေး

ဒေါ်ကြည်ကြည်၏ အကျိုးဆောင်ဦးမောင်မောင်(ဖ)က ပြန်လှန်မေးမြန်းသဖြင့် သက်သေ ဒေါ်အုန်းခင်က ဦးထင်ဝိန်နှင့် ကျွန်မမှာ အသက် ရွယ်တူ လောက်ရှိပါသည်။ ဆွေမျိုးတော်ပါသည်။ မော်လမြိုင်မြို့မှာ ကလေးဘဝတုံးက ၄–၅ နှစ်လောက် နေခဲ့ပါသည်။ အိမ်ထောင်ကျပြီးနောက် ၄– နှစ်လောက် နေဖူးပါသည်။ ဦးထင်ဝိန်၏ သားသမီးများမှာ ကျွန်မ၏ တူများ တူမများ တော်ပါသည်။ ခင်ခင်မင်မင် ရင်းရင်းနှီးနှီးရှိပါသည်။

## ဒေါ်မေရီတစ်ယောက်ပဲသိ

မေး။ ။ ဦးထင်ဝိန်မှာ အိမ်ထောင်ဘယ်နှစ်ဆက်ရှိတယ်ဆိုတာ သိသလား။

ဖြေ။ ။ မစွစ်မေရီဝိန်တစ်ယောက်ပဲ သိပါတယ်။

မေး။ ။ မစွစ်မေရီဝိန်နှင့် အိမ်ထောင်မကျခင်က တရုတ်အမျိုးသမီး အီဖွားဆိုသူနှင့် အိမ်ထောင်ကျတယ်ဆိုတာ သိသလား။

ဖြေ။ ။ မမှတ်မိပါ။

မေး။ ။ ဦးထင်ဝိန်နဲ့ အပေါ်ရံကပဲ ဆက်ဆံဖူးတယ် မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ ဦးထင်ဝိန်၏ အိမ်ထောင်ရေးကိစ္စကို တိတိကျကျ သိပါသလား။

ဖြေ။ ။ မသိပါ။

မေး။ ။ အဒေါ်တို့အိမ်ကို ဘယ်နှစ်ခေါက်လောက် ရောက်ဖူးသလဲ။

ဖြေ။ ။ မမှတ်မိပါ။

မေး။ ။ စစ်ပြီးခေတ်မှာ ဦးထင်ဝိန်နောက်ထပ်မိန်းမယူတယ်၊ မယူတယ်ဆိုတာ သိသလား။

ဖြေ။ ။ မသိပါ။

မေး။ ။ ဦးထင်ဝိန်ဆုံးတော့မှ ဆေးရုံရောက်သလား။

ဖြေ။ ။ ရောက်တော့ ဆုံးနေပြီထင်ပါတယ်။ မမှတ်မိပါ။

မေး။ ။ မဆုံးခင်က ဦးထင်ဝိန် အခြားအမျိုးသမီးတစ်ဦးနှင့် ပေါင်းသင်းနေတယ်ဆိုတာ သိသလား။

ဖြေ။ ။ မသိပါ။

မေး။ ။ မသိတာက စုံစမ်းခြင်းလည်းမရှိ၊ မေးမြန်းခြင်းလည်းမရှိလို့ မဟုတ်လား။

ဖြေ။ ။ မမေးပါ၊ မစုံစမ်းပါဟု ထွက်ဆိုသွားသည်။

## ဦးဘလှိုင်ထွက်ချက်

ဆက်လက်၍တရားခံပြသက်သေ မော်လမြိုင်မြို့ ရတနာလမ်း၊ အမှတ် ၁၁ နေ ဦးဘလှိုင်က ထွက်ဆိုရာတွင် ''ကျွန်တော်သည် မော်လမြိုင်မြို့ရှိ မြန်မာခရစ်ယာန်အသင်း၏ အသင်းအုပ်ဆရာကြီးဖြစ်ပြီး ဘိလပ်ပြန် ဝတ်လုံတော်ရတစ်ဦးလည်းဖြစ်ပါသည်။ ကွယ်လွန်သူ ဦးထင်ဝိန်ကို ရင်းရင်းနှီးနှီး သိခဲ့ဖူးပါသည်။ ဦးထင်ဝိန်သည် သေသည်အထိ ထိုဘုရားရှိခိုးကျောင်းတွင် ကိုးကွယ်သည့် အသင်းဝင်တစ်ဦးဖြစ်ပါသည်''

## သေတမ်းစာမှာ လက်မှတ်ထိုး

ဦးထင်ဝိန်သည် မသေခင်က သေတမ်းစာရေးခဲ့ပါသည်။ ကျွန်တော်ပဲ စီစဉ်ပေးပါသည်။ သက်သေခံတင်ပြထားသော သေတမ်းစာ ဖြစ်ပါသည်။

သက်သေခံသေတမ်းစာပေါ်တွင် သေတမ်းစာရေးသူအဖြစ်ဖြင့် ဦးထင်ဝိန် လက်မှတ်ထိုးထားပါသည်။ ကျွန်တော့်ရှေ့မှာ လက်မှတ်ထိုးပါသည်။ သက်သေအဖြစ်ဖြင့် ထိုးထားသည့် လက်မှတ်မှာ ကျွန်တော်၏ လက်မှတ်ဖြစ်ပါသည်။

ဦးထင်ဝိန်၏ မိန်းမ မစ္စစ်မေရီဝိန်နှင့်သားသမီးများကို ကျွန်တော်သိပါသည်။ မစ္စစ်မေရီဝိန်မှအပ အခြားပေါင်းသင်းနေသည့် မိန်းမရှိတယ်လို့ ကြားဖူးပါသည်။ မော်လမြိုင်မှာ ရှိတယ်လို့တော့ ကျွန်တော်မသိပါ၊ မကြားဘူးပါ။ ထိုကဲ့သို့ ရှိတယ်ကြားလို့ ကြားသည့်မိန်းမကို ဘယ်လိုပေါင်းသင်းတယ်ဆိုတာ ကျွန်တော်မသိပါ။

မေး။ ။ သေတမ်းစာထဲမှာ Wife လို့ ပါပါသည်။ အဲဒါ ဘယ်သူ့ကို ရည်စူးပြီး ရေးထားပါသလဲ။

ဖြေ။ ။ မစ္စစ်မေရီဝိန်ကို ရည်စူးပြီး ရေးထားခြင်းဖြစ်သည်ဟုဖြေသည်။

## ပြန်လှန်မေး

ဒေါ်ကြည်ကြည်၏ အကျိုးဆောင်ဦးမောင်မောင်(၆) က ပြန်လှန်မေးမြန်းသဖြင့် သက်သေ ဦးဘလှိုင်က “အသင်းအုပ်ဆရာနှင့် အသင်းသားအနေနှင့် ဦးထင်ဝိန်ကို ဆက်ဆံခဲ့ပါသည်”။

မေး။ ။ ဦးထင်ဝိန်ရဲ့ အိမ်ထောင်ရေးကိစ္စများကို သိပါသလား။

ဖြေ။ ။ မစ္စစ်မေရီဝိန်နှင့် သူ့သားသမီးတွေကိုပဲ သိပါတယ်။

မေး။ ။ မစ္စစ်မေရီဝိန် အရင်က ဦးထင်ဝိန်မှာ အိမ်ထောင်ရှိတယ်ဆိုတာ သိသလား။

ဖြေ။ ။ မသိပါ။

မေး။ ။ အခုန ဦးပြောတယ်။ ဦးထင်ဝိန်မှာ အခြားမိန်းမရှိတယ်လို့ ကြားတယ်လို့ပြောတယ်။ အဲဒါ ဘယ်တုန်းက ကြားဖူးတာလဲ။

ဖြေ။ ။ အခုကနေ လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကြားဖူးပါတယ်။

မေး။ ။ ဦးထင်ဝိန်ဟာ သေတဲ့အထိ အဲဒီနောက်မိန်းမနဲ့ နေခဲ့တယ်ဆိုတာ သိသလား။

ဖြေ။ ။ မသိပါ။

မေး။ ။ မစ္စစ်မေရီဝိန်နဲ့ ဦးထင်ဝိန်တို့မှာ နောက်ထပ် အိမ်ထောင်ပြုတဲ့အတွက် မသင့်မမြတ်ဖြစ်တယ်ဆိုတာ သိသလား။

ဖြေ။ ။ မသိပါ။

မေး။ ။ ဦးထင်ဝိန် ရန်ကုန်ရောက်တဲ့အခါ ဘယ်မှာနေတယ်၊ ဘယ်လိုနေတယ်ဆိုတာ သိလား။

ဖြေ။ ။ မသိပါ။

## သူ့လက်မှတ်ကိုမြင်

မေး။ ။ သေတမ်းစာကို ဘယ်သူလက်နှိပ်စက်နဲ့ ရိုက်သလဲ။

ဖြေ။ ။ ကျွန်တော့်အထင်တော့ ဦးထင်ဝိန်ပဲ ရိုက်ပါတယ်။

မေး။ ။ အဲဒီသေတမ်းစာကို ဘယ်မှာ လက်မှတ်ထိုးပါသလဲ။

ဖြေ။ ။ သူ့အိမ်မှာပဲ လက်မှတ်ထိုးကြပါတယ်။

မေး။ ။ အဲဒီအိမ်ကို ဦးတစ်ယောက်တည်းသွားသလား။

ဖြေ။ ။ အသင်းထောက်တစ်ယောက်က လာခေါ်လို့ အဲဒီ အသင်းထောက်နဲ့ လိုက်သွားပါတယ်။ နောက် အဲဒီအသင်းထောက်ပြန်သွားပါတယ်။

မေး။ ။ ဦးနဲ့ ဦးထင်ဝိန် နှစ်ယောက်တည်းပဲ ရှိသလား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ ဦးထင်ဝိန်က ဖတ်ပြသလား။

ဖြေ။ ။ ကျွန်တော့်ကို ဖတ်ဖို့ ပေးပါတယ်။

မေး။ ။ ဖတ်ကြည့်သည့်အခါမှာ သူလက်မှတ်ထိုးပြီးသားလား။

ဖြေ။ ။ အဲဒါ ကျွန်တော်မမှတ်မိပါ။

မေး။ ။ ဦးကို လက်မှတ်ထိုးဖို့ ပြောသလား။

ဖြေ။။ ကျွန်တော်လက်မှတ်ထိုးမယ်လုပ်တော့ သူ့လက်မှတ်ကို မြင်ပါတယ်။ ကျွန်တော်လက်မှတ် ထိုးလိုက်ပါတယ်။

မေး။ ။ ဦး လက်မှတ်ထိုးပြီး ပြန်လာသလား။

ဖြေ။ ။ ပြန်လာပါတယ်။

မေး။ ။ အခြား သက်သေတစ်ယောက်က ဘယ်အချိန်က လက်မှတ်ထိုးတယ်ဆိုတာ သိသလား။

ဖြေ။ ။ မသိပါ။

မေး။ ။ ဦးလက်မှတ်ထိုးတော့ အခြားသက်သေ တစ်ယောက်ရဲ့ လက်မှတ်ရှိသလား။

ဖြေ။ ။ မရှိသေးပါဟု ဖြေသည်။

## ကိုမြင့်ကြည်ထွက်ချက်

ထို့နောက်တရားခံပြသက်သေ အမျိုးသားမှတ်ပုံတင်ဌာနမှ မှတ်ပုံတင်စာရေး ကိုမြင့်ကြည်က "သမ္မာန်စာရလို့လာပါသည်။ ဦးထင်ဝိန်၏ မှတ်ပုံတင်လက်မှတ် လက်ခံများ ရန်ကုန်တွင်မရှိပါ။ မော်လမြိုင်မှာရှိပါသည်။ မော်လမြိုင်မှာလည်း ရုံးက ဆင့်မှ ရပါမည်။ မိတ္တူတောင်းလို့မရပါ" ဟု ထွက်ဆိုသည်။

## ပြန်လှန်မေး

တရားလို အကျိုးဆောင် ဦးမောင်မောင်(၆)က ပြန်လှန်မေးမြန်းသဖြင့် ကိုမြင့်ကြည်က "ကျွန်တော်သည် အမျိုးသားမှတ်ပုံတင်ဌာန၊ ပုံစံထိန်းသိမ်းရေးဌာနက ဖြစ်ပါသည်။ ရန်ကုန်တိုင်းနှင့် ကချင်ပြည်နယ်တွင်တာဝန်ယူပါသည်။ သမ္မာန်စာရ၍ ဦးထင်ဝိန်၏ အမျိုးသားမှတ်ပုံတင်လက်မှတ် လက်ခံရှိ မရှိ လိုက်ရှာပါသည်။ ဦးထင်ဝိန်၏ အမည်နှင့် မရှာပါ။ မှတ်ပုံတင်အမှတ် အေဂျီ ၁၈၅၄၈၁ ကို ရှာပါသည်။ အမျိုးသားမှတ်ပုံတင် အမှတ် စီ ၀၂၉၉၀၉ ကို မရှာပါ" ဟုဖြေသည်။

## ဦးတင်ရှိန်ထွက်ချက်

ဆက်လက်၍ တရားခံပြသက်သေ မော်လမြိုင်မြို့ အမျိုးသားမှတ်ပုံတင်ဌာနမှ စစ်ဆေးရေးအရာရှိ ဦးတင်ရှိန်က ထွက်ဆိုအစစ်ခံရာတွင် ဦးထင်ဝိန်ဆိုသူ၏ အမျိုးသားမှတ်ပုံတင် နံပါတ် အေဂျီ ၁၈၅၄၈၁ ပါလာပါသည်။ ထိုနံပါတ်နှင့် ထုတ်ပေးထားသည့် သက်သေခံကဒ်ပြား နံပါတ်မှာ အေဂျီ ၁၂၃၉၁၇ ဖြစ်ပါသည်။ ဓာတ်ပုံပေါ်မှာ ထိုနံပါတ်ရှိပါသည်။ ထိုမှတ်ပုံတင်ကဒ်ပြားကို ရုံးတွင် မထားရစ်နိုင်ပါ။ မိတ္တူလည်းကူး၍ မပေးနိုင်ပါ။ (မှတ်ချက်– ဒေါ်မေရီဝိန် ရှေ့နေကြီးက သက်သေ၏ သဘောတူချက်အရ ထိုကဒ်ပြားကို ဓာတ်ပုံမိတ္တူကူးပြီး တင်မည်ဟုပြောကြောင်း မှတ်သားထားသည်။) ထိုသက်သေခံကဒ်ပြားတွင် ဦးထင်ဝိန်နှင့် ပတ်သက်သောအကြောင်းအရာများ ရေးသားဖော်ပြထားပါသည်။

## ပြန်လှန်မေး

ဒေါ်ကြည်ကြည်၏ အကျိုးဆောင် ဦးမောင်မောင် (၆)က ပြန်လှန်မေးမြန်းသဖြင့် သက်သေဦးတင်ရှိန်က ယခုတင်ပြသည့် အမျိုးသားမှတ်ပုံတင်

သက်သေခံကဒ်ပြားမှာ ကျွန်တော့်ရုံးတွင်ရှိသည့် လက်ခံဖြစ်ပါသည်။ မှတ်ပုံတင်ပြုလုပ်သည့် လူကိုလည်း ဤအတိုင်း သက်သေခံကဒ်ပြားတစ်ခု ထုတ်ပေးပါသည်။ ဤမှတ်ပုံတင် သက်သေခံကပ်ပြားတွင် ပါရှိသူသည် သေဆုံးကြောင်း ကျွန်တော်တို့ရုံးကို အကြောင်းမကြားခဲ့ပါ။ ထုတ်ပေးထားသော ကဒ်ပြားကို မည်သူမျှ လာ၍ မအပ်သေးပါ။ ထုံးစံအတိုင်းဆိုလျှင် အနီးဆုံး မှတ်ပုံတင်ရုံးတွင်အပ်ရပါမည်။ ကပ်ပြားပေါ်တွင် ဦးထင်ဝိန်ဟု ထိုးထားခြင်းမှာ ကျွန်တော့်ရှေ့တွင် မထိုးပါ။ ကျွန်တော်တို့ရုံးက စာရင်းကောက်သည့် စာရေးနှင့် စာရင်းကောက်သူကြီး လက်မှတ်ထိုးရပါသည်။

## နှစ်နေရာ မတင်ရ

ကျွန်တော်တို့ ဥပဒေအရ လူတစ်ဦးသည် တစ်နေရာမှာပင် မှတ်ပုံတင်ရပါမည်။ တစ်ခါတင်ပြီးလျှင် နောက်တစ်ခါ တစ်နေရာမှာ ထပ်တင်လို့ မရပါ။ နှစ်နေရာမှာမတင်ရဟု တစ်နေရာတည်းမှာတင်ရမည်ဟု အရင်က ကျွန်တော်တို့ ကြေညာခဲ့ဖူးပါသည်။ သူတို့ သဘောမပေါက်ရင်တော့ ကျွန်တော်မသိပါ။ ဦးထင်ဝိန်သည် မော်လမြိုင်မှာ အမြဲနေမနေ ကျွန်တော့်အနေနှင့် မသိပါ။ မော်လမြိုင်ကို ၁၉၆၅–ခုနှစ်မှ ကျွန်တော်ရောက်ပါသည်ဟု ဖြေကြားထွက်ဆိုသည်။

## ရှင်းလင်းမေး

ဒေါ်မေရီဝိန်၏ အကျိုးဆောင် ဦးကျော်မြင့်က ရှင်းလင်းရန် မေးမြန်း၍ ဦးတင်ရှိန်က ယခုကျွန်တော်ယူလာသည့် ကဒ်ပြားကျောဘက်တွင် ဦးထင်ဝိန်က သူ့ရှေ့မှာ လက်မှတ်ထိုးသည်ဟု စာရင်းကောက်စာရေးနှင့် သက်သေခံသူတို့က လက်မှတ်ထိုးထားပါသည်။ ဝန်ခံချက် ရှိပါသည်။ (မှတ်ချက်– သက်သေခံကဒ်ပြားကို စစ်ဆေးပြီး သက်သေအားပြန်ပေးလိုက်သည်။) ကျွန်တော် ယခုယူလာသည့် သက်သေခံကပ်ပြားကို ၁–၄–၅၇ ရက်နေ့တွင် လုပ်ပါသည်ဟု ဖြေသည်။

## မစ္စတာဂျိန်း(စ်)ဝိန်ထွက်ချက်

တရားခံမစ္စစ်မေရီဝိန်တို့၏ အကျိုးဆောင် ဦးကျော်မြင့်က မေးမြန်းသဖြင့် တရားခံမစ္စတာဂျိန်းဝိန်က အောက်ပါအတိုင်း ထွက်ဆိုအစစ်ခံသည်။

ယခုအမှုတွင် ကျွန်တော်သည် ၂ တရားခံဖြစ်ပြီး ၁ တရားခံ မစ္စစ်မေရီဝိန်၏ ကိုယ်စားလှယ်လည်းဖြစ်ပါသည်။ (၃) တရားခံ ဝင်နီဝိန်၊ (၅) တရားခံ ချားလ်စ်ဝိန်၊ (၆) တရားခံ မစ္စစ်အမ်မာအင်ဒရူး၊ (၇) တရားခံ မစ္စစ်ဒေစီဒီကောလ်တို့၏ ကိုယ်စားလှယ်လည်းဖြစ်ပါသည်။ ၅ တရားခံ ချားလ်စ်ဝိန်သည် လွန်ခဲ့သည့် နှစ်နှစ်ခန့်က ထိန်းသိမ်းခံနေရပါသည်။ သူဘယ်မှာရှိနေသည်ကို ကျွန်တော် မသိပါ။ ၆ နှင့် ၇ တရားခံတို့မှာ မြန်မာပြည်တွင်မရှိပါ။

အသက်ထင်ရှားရှိနေသည့်သားသမီးများထဲတွင် ကျွန်တော်သည် အကြီးဆုံးဖြစ်ပြီး ကွယ်လွန်သူ မစ္စတာအယ်လ်ထင်ဝိန်နှင့် မစ္စစ်မေရီဝိန်တို့၏ သားကြီးလည်းဖြစ်ပါသည်။

ကျွန်တော့်ဖခင်မသေမီက ကျွန်တော်၏ဖခင်တွင် သင်္ဘောကိုယ်စားလှယ်လုပ်ငန်း မော်လမြိုင်၌ ရှိပါသည်။ သူမသေမီက ရန်ကုန်သို့ လာလေ့ရှိပါသည်။ ကျွန်တော့်အမေနှင့် ရန်ကုန်သို့ လာစဉ်က ကျွန်တော်နှင့်အတူ ၇၄(င)၊ အင်းယားလမ်း၊ ရန်ကုန်တွင် နေလေ့ရှိပါသည်။

## အလည်မသွားဘူးပါ

တယ်လီဖုန်းလမ်းညွှန်စာအုပ်ထဲတွင် ကျွန်တော့်အဖေ၏ စပတ်လမ်းလိပ်စာကို ကျွန်တော်တွေ့ပါသည်။ ကျွန်တော် ထိုအိမ်သို့ အလည်မသွားဖူးပါ။ သက်သေခံစာအုပ်တွင် ရိုက်နှိပ်ထားသည့် တယ်လီဖုန်းနံပါတ်ကို ခြစ်ပစ်ထားပြီး ယင်းနံပါတ်အစား အခြားနံပါတ်တစ်ခုကို လက်နှိပ်စက်ဖြင့် ပြန်ရိုက်ထားပါသည်။ လက်နှိပ်စက်နှင့်ရိုက်ထားသည့်နံပါတ်မှာ စပတ်လမ်းနံပါတ်ဖြစ်ပါသည်။ သက်သေခံစာမျက်နှာ၃၆၆ သက်သေခံ တယ်လီဖုန်းလမ်းညွှန်တွင် ဖြစ်ပါသည်။ ခြစ်ထားသည့် နံပါတ်မှာ ၁၁၄၇၉ ဖြစ်ပြီး အဆိုပါတယ်လီဖုန်းလမ်းညွှန်စာအုပ်စာမျက်နှာ ၁၀၃ တွင် ဖြစ်ပါသည်။ ထိုတယ်လီဖုန်းနံပါတ်မှာ စင်ထရယ်လ်အိုဗာဆီးကုမ္ပဏီ ဗမာပြည်လီမိတက်ဖြစ်ပါသည်။ ထိုကုမ္ပဏီ၏ ရုံးခန်းမှာ အမှတ် ၂၁-၃၅ လမ်းရန်ကုန်မြို့တွင်ဖြစ်ပါသည်။ ကျွန်တော်၏ဖခင်သည် ထိုကုမ္ပဏီ၏ အမှုဆောင်ဒါရိုက်တာလူကြီးတစ်ဦးဖြစ်ပါသည်။ ထိုကုမ္ပဏီမှာ အင်ဒိုနီးရှားကုမ္ပဏီဖြစ်ပါသည်။ ကျွန်တော်၏ ဖခင်သေဆုံးပြီး မကြာမီမှာပင် အင်ဒိုနီးရှားအစိုးရက ထိုကုမ္ပဏီကို သိမ်းယူသွားပါသည်။

မော်လမြိုင်မြို့ရှိ သင်္ဘောကိုယ်စားလှယ်လုပ်ငန်း၏ အမည်မှာ

"ဝိန်နှင့်သားများ" ဖြစ်ပါသည်။ ကျွန်တော့် ဖခင်တစ်ဦးတည်းပိုင် ဖြစ်ပါသည်။ ချားလ်စ်ဝိန်က ထိုလုပ်ငန်းကို ကျွန်တော့်ဖခင်၏လက်ထောက်အဖြစ် ကူညီပါသည်။

သဘော်ကိုယ်စားလှယ်လုပ်ငန်းနှင့် ပတ်သက်၍ ကျွန်တော့်ဖခင် ရန်ကုန်ကိုလာရန် လိုအပ်ပါသည်။ သဘော်ကုမ္ပဏီ အသီးသီးမှာ မန်နေဂျာများနှင့် တွေ့ဆုံရန်နှင့် ငွေတောင်းခံရန်ဖြစ်ပါသည်။

ကျွန်တော့်ဖခင်၏ အမြတ်တော်ကြေးကို မော်လမြိုင်တွင် စည်းကြပ်ပါသည်။ သူသေဆုံးပြီးသည်အထိ မော်လမြိုင်တွင်ပင် ဆောင်ရပါသည်။

## ဦးဝိန်ဟု မသိ

ကျွန်တော့်ဖခင်ကို "အယ်လ်အိပ်ချ်ဝိန်(သို့)ဦးထင်ဝိန်" ဟု လူသိများပါသည်။ သူ့ကို ဦီဝိန်အနေဖြင့် မသိကြပါ။ ကျွန်တော့်ဖခင်၏ အစ်ကိုများ၏ အမည်ရှေ့တွင် "ထင်"ဆိုသည့်အမည်ရှိပါသည်။ ရှေ့ဆုံးတွင်ရှိသည့် "အယ်လ်" မှာ မိသားစုအမည် "လာအို"ဖြစ်ပါသည်။ ကျွန်တော့်ဖခင်မှာ တရုတ်လူမျိုးမှ ဆင်းသက်လာသူဖြစ်ပါသည်။ ကျွန်တော့်ဖခင်၏အစ်ကိုတို့၏ အမည်မှာ "အယ်လ်ထင်ဝါ၊ အယ်လ်ထင်ပို၊ အယ်လ်ထင်တိုက်၊ အယ်လ်ထင်ဝိန်" ဟူ၍ ဖြစ်ပါသည်။ အယ်လ်ထင်လျောင်နှင့် အယ်လ်ထင်စီတို့မှာ ကျွန်တော့်ဖခင်နှင့် ညီအစ်ကိုဝမ်းကွဲတော်စပ်ကြပါသည်။ သူတို့ကို ဦးလျောင်နှင့် ဦးစီ စသည်ဖြင့် မသိကြပါ။

ကျွန်တော်သည် ဒေါ်ကြည်ကြည်ကို သူ့ယောက်ျား ဦးငွေဇင်နှင့်အတူ မော်လမြိုင်တွင် ပထမဆုံးအကြိမ်တွေ့ဖူးပါသည်။ အမေရိကန်ဆေးရုံတွင် နောက်တစ်ကြိမ်ထပ်တွေ့ပါသည်။ ဒီကြားထဲ သူနှင့် မတွေ့ခဲ့ပါ။

## ဖခင်၏မိန်းမ မဟုတ်

ထိုအမှုတွင် စစ်ဆေးနေစဉ်အတွင်း ရန်ကုန်တွင် ပြုလုပ်သည့် ကျွန်တော့်ဖခင်၏ အမျိုးသားမှတ်ပုံတင်ကဒ်ပြားကို တွေ့ပါသည်။ မော်လမြိုင်တွင် ပြုလုပ်သည့် အမျိုးသားမှတ်ပုံတင်ကဒ်ပြားကိုလည်း ကျွန်တော်တွေ့ပါသည်။

အမှုအတောအတွင်း ဒေါ်ကြည်ကြည်တင်ပြသည့် ကျွန်တော့်ဖခင်၏ ၁၉၆၁ ခုနှစ် ဒိုင်ယာရီကို ကျွန်တော်တွေ့ပါသည်။ ကျွန်တော့် ဖခင် ၁၉၅၈–

၅၉ နှင့် ၆၀ ခုနှစ် ဒိုင်ယာရီများကို ကျွန်တော်တင်ပြခြင်း ဖြစ်ပါသည်။ ဒိုင်ယာရီ ၄ ခုစလုံးတွင် ပါရှိသောလက်ရေးများမှာ ကျွန်တော့်ဖခင်၏ လက်ရေး ဖြစ်ပါသည်။

ဒေါ်ကြည်ကြည်သည် ကျွန်တော့်ဖခင်၏ မိန်းမ မဟုတ်ပါ။ ကျွန်တော့် ကိုယ်စားနှင့် ကျနတရားခံများ၏ ကိုယ်စား ငြင်းဆိုပါသည်ဟု ထွက်ဆိုသည်။

## ပြန်လှန်မေး

တရားလိုအကျိုးဆောင် ဦးမောင်မောင် (၆)က ပြန်လှန်မေးမြန်းသဖြင့် အမှတ် ၂ တရားခံ မစ္စတာဂျိန်း(စ်)ဝိန်က ဖြေကြားရာတွင် ကျွန်တော့်ဖခင်ဆေးရုံခ များကို ရှင်းတာ ကျွန်တော်ကိုယ်တိုင်မတွေ့ဘူးပါ။ အတိအကျလည်း မပြော နိုင်ပါ။ ဖြတ်ပိုင်းများအရနှင့် ဖြတ်ပိုင်းများပေါ်ရှိ ရက်စွဲများအရ ကျွန်တော့်ဖခင်က ဆေးရုံခ ပေးသည်ဟု ကျွန်တော်ပြောခြင်းဖြစ်ပါသည်။ ထိုစဉ်က သူသတိရှိနေ ပါသေးသည်။ ကျွန်တော့်ဖခင်အနီးတွင် ကျွန်တော်မရှိပါ။ ကျွန်တော် ဖခင်အနီး တွင် ဒေါ်ကြည်ကြည် ရှိ,မရှိ ကျွန်တော်မသိပါ။

ဒေါ်ကြည်ကြည်နှင့်ကျွန်တော် ပထမဆုံးအကြိမ် စတင်သိကျွမ်းသည်မှာ သူ့ယောက်ျား အသက်ထင်ရှားရှိစဉ်က မော်လမြိုင်မြို့တွင်ဖြစ်ပါသည်။ ဒေါ်ကြည် ကြည်၏ယောက်ျားက ကျွန်တော့်ကို သူ့သားအကြီး အပြင်းအထန် ဖျားနေ ကြောင်းလာပြောပါသည်။ ဒေါ်ကြည်ကြည်ကို လာခေါ်ခြင်းဖြစ်ပါသည်။ သူသည် ဒေါ်ကြည်ကြည်ကို မော်လမြိုင်တွင် ရှာပါသည်။ ဒေါ်ကြည်ကြည်နှင့် သူ့ယောက်ျားဈေးကြီးတွင် တွေ့ပါသည်။ ထိုစဉ်က ကျွန်တော်သည် ဒေါ်ကြည် ကြည်၏ ယောက်ျားနှင့် အတူပါပါသည်။ နောက်တစ်ကြိမ် ဒေါ်ကြည်ကြည် နှင့် တွေ့သည်မှာ အမေရိကန်ဆေးရုံတွင် ဖြစ်ပါသည်။

ကျွန်တော်သည် မိုင်းလုပ်ငန်းလုပ်ပါသည်။ မကြာမီ ကျွန်တော်သည် မီးရထားဌာနနှင့် ကန်ထရိုက်လုပ်ငန်းလုပ်ပါသည်။ ကျွန်တော့်အဖေသည်လည်း မီးရထားတွင် ကန်ထရိုက်လုပ်ငန်းလုပ်ပါသည်။ ဒေါ်ကြည်ကြည်လည်း အလား တူပင်ဖြစ်ပါသည်။ မီးရထားရုံးတွင် ဒေါ်ကြည်ကြည်ကို ကျွန်တော်မကြာခဏ တွေ့ရပါသည်။

သို့သော် သူနှင့် ကျွန်တော် တစ်ခါမှ မဆုံမိကြပါ။

## ခေါ်မည်ဆိုလျှင်ဖြစ်နိုင်

ကျွန်တော့်ဖခင်တွင် မြန်မာမိတ်ဆွေ အမြောက်အများ ရှိကောင်း ရှိပါမည်။ ထိုမြန်မာမိတ်ဆွေများက သူ့ကို မည်သို့ခေါ်သည်ကို ကျွန်တော်မသိပါ။ ဦးဝိန်လို့ခေါ်မည်လျှင်လည်း ဖြစ်နိုင်ပါသည်။ ကျွန်တော့်အဖိုးအမည်မှာ လိုတက်ကောင်းဖြစ်ပါသည်။ သူ့ကို ဦးကောင်းအဖြစ် သိ,မသိ ကျွန်တော်မသိပါ။

ရန်ကုန်တွင် ကျွန်တော့်ဖခင်၌ တယ်လီဖုန်းရှိပါသည်။ နံပါတ်မှာ ၁၆၅၆၈၊ အခန်းအမှတ် ၆–၁၉၄၊ ဗိုလ်အောင်ကျော်လမ်းဖြစ်ပါသည်။ သူ့အမည်နှင့် ရန်ကုန်တွင် အခြားတယ်လီဖုန်း မရှိပါ။ ထိုနံပါတ်သို့ ကျွန်တော်ဖုန်းဆက်လေ့ မရှိပါ။

ကျွန်တော်လွှစ္စလမ်းမှ ဦးမောင်မောင်တင့်နှင့် ဦးမောင်မောင်ဆင့် တို့ကို သိပါသည်။ ကျွန်တော့်ဖခင်နှင့် တွေ့လိုသောအခါ စာရေးပြီး လူလွှတ်ခေါ်လေ့ရှိသည် ဆိုသည်မှာ မဟုတ်ပါ။

မေး။ ။ ခင်ဗျားအဖေမဆုံးမီ ငါးနှစ်၊ ခြောက်နှစ်ခန့်က ခင်ဗျားအဖေနှင့် အမေ ဆက်ဆံရေး အဆင်ပြေကြရဲ့လား။

ဖြေ။ ။ ကျွန်တော့်အဖေဟာ မော်လမြိုင်မှာ ကျွန်တော့်အမေနှင့် နေထိုင်ရာက ရန်ကုန်ရှိ အမေရိကန်ဆေးရုံသို့ တက်ရောက်ရန်လာခြင်း ဖြစ်ပါတယ်။

မေး။ ။ သူတစ်ယောက်ထဲ ဘယ်လိုလာနိုင်မှာလဲ။

ဖြေ။ ။ သူတစ်ယောက်ထဲ လာတာမဟုတ်ပါ။ ကျွန်တော့်အမေက ကျွန်တော့်တူမ ယောက်ျားကို အဖော်ထည့်လိုက်ပါသည်။

မေး။ ။ ခင်ဗျားအဖေဟာ လေဆိပ်ကနေ ဆေးရုံကိုတက်ဖို့အတွက် ဒေါ်ကြည်ကြည်နဲ့ ဆက်သွယ်ပြီး လူနာတင်ကား စီစဉ်တယ်ဆိုရင် ငြင်းမလား။

ဖြေ။ ။ ကျွန်တော် မသိပါ။

မေး။ ။ ခင်ဗျားတို့ အထဲက တစ်ယောက်ယောက် လေဆိပ်မှာ ခင်ဗျားအဖေကို သွားတွေ့သေးလား။

ဖြေ။ ။ မတွေ့ပါ။

မေး။ ။ ခင်ဗျားအဖေရောက်လာတာ၊ ဆေးရုံတက်တာ ဦးထင်ဝါပြောမှ ခင်ဗျားတို့ သိတာမဟုတ်လား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ ခင်ဗျားအဖေနဲ့ ခင်ဗျား ဆေးရုံမှာတွေ့စဉ်က သူ သတိရှိသေး

သလား။

ဖြေ။ ။ မရှိတော့ပါ။

## မိတ်ဆွေလို့ယူဆ

မေး။ ။ ဒေါ်ကြည်ကြည်ကို ဆေးရုံမှာ ခင်ဗျားတွေ့သလား။

ဖြေ။ ။ တွေ့ပါတယ်။

မေး။ ။ အဲဒီအချိန်မှာ ဒေါ်ကြည်ကြည်နဲ့ ခင်ဗျားအဖေ ဆက်ဆံရေး အခြေအနေ ဘယ်လိုရှိတယ်ဆိုတာ ခင်ဗျားသိတယ်မဟုတ်လား။

ဖြေ။ ။ မသိပါ။

မေး။ ။ ဒေါ်ကြည်ကြည်ကို ခင်ဗျားဘယ်လို ယူဆသလဲ။

ဖြေ။ ။ ကျွန်တော့်အဖေရဲ့ အသိမိတ်ဆွေလို့ ယူဆပါတယ်။

မေး။ ။ ခင်ဗျားအဖေနဲ့ ဒေါ်ကြည်ကြည်တို့ အတွင်းကျကျ ဆက်ဆံနေတာကို ခင်ဗျားသိတယ်မဟုတ်လား။

ဖြေ။ ။ မသိပါ။

မေး။ ။ ဆေးရုံကို ပထမတစ်ခေါက်သွားစဉ်က ခင်ဗျားတစ်ယောက်တည်းလား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ ခင်ဗျားအမေ ဆေးရုံလာစဉ်က ခင်ဗျားပါသလား။

ဖြေ။ ။ ပါပါတယ်။

မေး။ ။ ခင်ဗျားအမေနဲ့ မသန်းဆိုသည့်မိန်းမ ပါလာသေးသလား။

ဖြေ။ ။ ကျွန်တော်နှင့် လာစဉ်က မပါပါ။

မေး။ ။ ခင်ဗျားအမေနဲ့အတူ မသန်းပါလာပြီး မသန်းက ခင်ဗျားအမေကို အခန်းထဲဝင်ခွင့်ပြုဖို့ ဒေါ်ကြည်ကြည်ကို ခွင့်သွားတောင်းတယ်ဆိုရင် ခင်ဗျားငြင်းမလား။

ဖြေ။ ။ ငြင်းပါတယ်။

မေး။ ။ သက်သေခံအမျိုးသားမှတ်ပုံတင်ကဒ်ပြားပေါ်တွင် ရေးထိုးထားသော လက်မှတ်မှာ ခင်ဗျားအဖေ၏ လက်မှတ်လား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ ခင်ဗျားအဖေ မသေမီက ရန်ကုန်ကိုလာတဲ့အခါ အမှတ်

၁၉၄၄၊ စပတ်လမ်းအိမ်မှာ နေတယ်ဆိုတာ ခင်ဗျားသိတယ်မဟုတ်လား။

ဖြေ။ ။ ကျွန်တော်မသိပါ။

မေး။ ။ ချာလီဝိန်သည် ခင်ဗျားညီလား။

ဖြေ။ ။ ဟုတ်ပါတယ်။ ကျွန်တော့်ညီ အငယ်ဆုံးပါ။

မေး။ ။ သက်သေခံအမှတ်ပေါ်မှလက်ရေးသည် ခင်ဗျားညီ လက်ရေးလား။

ဖြေ။ ။ ဟုတ်ပါတယ်။

## မချေပခဲ့ပါ

မေး။ ။ ခင်ဗျားညီ ခင်ဗျားအဖေကို ၁၉၄၄၊ စပတ်လမ်းမှာ သွားတွေ့ရာ ခင်ဗျားသိတယ် မဟုတ်လား။

ဖြေ။ ။ မသိပါ။

မေး။ ။ ခင်ဗျားအဖေကွယ်လွန်ကြောင်း နာရေးကြော်ငြာများကို ခင်ဗျားနဲ့ ဒေါ်ကြည်ကြည်တို့ သတင်းစာထဲထည့်တယ် မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ ဒေါ်ကြည်ကြည်ထည့်တဲ့နာရေးကြော်ငြာကို ခင်ဗျားတွေ့သလား။

ဖြေ။ ။ တွေ့ပါတယ်။ နောက်ကျနေ၍ နာရေးကြော်ငြာထည့်တဲ့ ကော်လံမှာ မပါဘဲ အခြားနေရာတွင် ပါပါတယ်။ ကျွန်တော့်ဖခင် မနက် ၆ နာရီမှာ ဆုံးပါတယ်။

မေး။ ။ ထိုကြော်ငြာတွင် ဒေါ်ကြည်ကြည်က၊ အယ်(လ်)အိပ်(ချ်)ဝိန်၏ ဇနီးဟု အခိုင်အမာဆိုထားတယ် မဟုတ်လား။

ဖြေ။ ။ ကြော်ငြာအရ ဟုတ်ပါတယ်။

မေး။ ။ ဒီကြော်ငြာနဲ့ ပတ်သက်လို့ ခင်ဗျား ချေပခဲ့သေးသလား။

ဖြေ။ ။ မချေပပါ။

မေး။ ။ ခင်ဗျားတို့ မိသားစုထဲကကော တစ်စုံတစ်ယောက်က ချေပခဲ့သေးသလား။

ဖြေ။ ။ မချေပခဲ့ပါ။

မေး။ ။ သက်သေခံ ကြော်ငြာနှစ်ခုဟာ ခင်ဗျား အမေရဲ့ ကျေးဇူးတင်

ရှိကြောင်းကြော်ငြာနဲ့ ဒေါ်ကြည်ကြည်ရဲ့ ကျေးဇူးတင်ရှိကြောင်း ကြော်ငြာ မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ ခင်ဗျားနှင့် ခင်ဗျားတို့ မိသားစုအားလုံး ဒီကြော်ငြာကို ဖတ်ရတယ် မဟုတ်လား။

ဖြေ။ ။ ဖတ်ရပါတယ်။

မေး။ ။ အဲဒီအချိန်က ဒီကြော်ငြာနဲ့ ပတ်သက်လို့ ခင်ဗျား ဘာများ ပြန်ချေပခဲ့သေးသလဲ။

ဖြေ။ ။ ဘာမှ မချေပခဲ့ပါ။

မေး။ ။ နောက်သက်သေခံကြော်ငြာကို သတင်းစာထဲမှာ တွေ့သလား။

ဖြေ။ ။ တွေ့ပါတယ်။

မေး။ ။ ထိုကြော်ငြာတွင် တရားလိုက သူ့ကိုယ်သူ အယ်(လ်)အိပ်ချ်ဝိန်သည် သူမ၏ ယောက်ျားပါဟု အတိအလင်းဆိုထားတယ် မဟုတ်လား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ ခင်ဗျားသော်ငင်း၊ ခင်ဗျားတို့ မိသားစုထဲက တစ်ယောက်ယောက်ကသော်လည်းကောင်း ဘာများချေပခဲ့သေးသလဲ။

ဖြေ။ ။ မချေပခဲ့ပါ။

## အနိုင်အမာ ယူဆပါတယ်

မေး။ ။ မော်လမြိုင်က ဒေါက်တာစွန်ဒရမ်ကို ခင်ဗျားသိပါသလား။

ဖြေ။ ။ သိပါတယ်။ သူခု မရှိတော့ပါ၊ သေဆုံးပါပြီ။

မေး။ ။ ဒေါက်တာစွန်ဒရမ်ဟာ ခင်ဗျားအဖေရဲ့ အရင်းနှီးဆုံး မိတ်ဆွေမဟုတ်လား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ ဗိုလ်မှူးကြီးဆော်လမွန်ကို သိသလား။

ဖြေ။ ။ သိပါတယ်။

မေး။ ။ ဗိုလ်မှူးကြီးဆော်လမွန်နဲ့ ခင်ဗျားသော်လည်းကောင်း၊ ခင်ဗျားအမေသော်လည်းကောင်း ရန်ညှိုးရန်စရှိသလား။

ဖြေ။ ။ မရှိပါ။

မေး။ ။ ဗိုလ်မှူးကြီးဆော်လမွန်ဟာ လူကောင်းတစ်ယောက်မဟုတ်လား။

ဖြေ။ ။ ဒီလိုပဲ ယူဆပါတယ်။

မေး။ ။ ခင်ဗျားအဖေရဲ့ သေတမ်းစာ၊ သက်သေခံသေတမ်းစာမှာ ခင်ဗျားအဖေက "ကျွန်ုပ်၏ဇနီးနှင့် သားသမီးများ"လို့သုံးထားတယ်။ "ကျွန်ုပ်၏ဇနီး"ဆိုတာ ခင်ဗျားအမေကို ရည်ညွှန်းတယ်လို့ မှတ်ယူသလား။

ဖြေ။ ။ အခိုင်အမာ ယူဆပါတယ်။

မေး။ ။ခင်ဗျားဘာကြောင့် ဒီလိုယူဆသလဲ။

ဖြေ။ ။ ကျွန်တော့်အဖေတွင် ကျွန်တော့်အမေက လွဲပြီး အခြားမည်သူတစ်ဦးတစ်ယောက်မျှ ရည်ရွယ်စရာမရှိပါ။

မေး။ ။ ခင်ဗျားအဖေက ခင်ဗျားအမေကို ခရစ်ယာန်ဘာသာအရ လက်ထပ်တာလည်းတစ်ကြောင်းအပါအဝင်မဟုတ်လား။

ဖြေ။ ။ဟုတ်ပါတယ်။

မေး။ ။ ခင်ဗျားအဖေက ခင်ဗျားအမေနာမည်ကို ဘာကြောင့် မဖော်ပြတယ်ဆိုတာ ခင်ဗျားသိသလား။

ဖြေ။ ။ ကျွန်တော်မသိပါ။ သားသမီးတွေအမည်ကိုလည်းမဖော်ပြပါ။

မေး။ ။ ဦးထင်တိန်၏ ထွက်ချက်အရ ခင်ဗျားဖခင်ဟာ မြာစွဲသူမဟုတ်လား။ ခင်ဗျားအဖေ တခြားမိန်းမ တစ်စုံတစ်ယောက်နဲ့ ပေါင်းသင်းနေမနေ ခင်ဗျားသိသလား။

ဖြေ။ ။ မသိပါ။

မေး။ ။ အယ်လ်ထင်စိန် အမည်နှင့် ဦးလေးတစ်ယောက်ရှိသလား။

ဖြေ။ ။ ရှိပါတယ်။

မေး။ ။ သူ့မိန်းမ မအထားကို သိသလား။

ဖြေ။ ။ တွေ့ဖူးပါတယ်။ မသိပါ။

မေး။ ။ မအထားဟာဒေါ်ကြည်ကြည်ရဲ့ညီမဆိုတာခင်ဗျားသိသလား။

ဖြေ။ ။ သိပါတယ်။

မေး။ ။ သက်သေခံစာရွက်တွေပါသော လက်ရေးမှာ ခင်ဗျားအဖေရဲ့ လက်ရေးလား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ နောက်သက်သေခံစာရွက်ပေါ်တွင်ပါသော လက်ရေးမှာလည်း ခင်ဗျားအဖေရဲ့ လက်ရေးပဲလား။

ဖြေ။ ။ ဟုတ်ပါတယ်။

မေး။ ။ ခင်ဗျားအဖေက ဒေါ်ကြည်ကြည်နဲ့ ပေါင်းသင်းတဲ့အတွက် ခင်ဗျားက သူ့ကို ဖခင်အဖြစ်က ပစ်ပယ်ကြောင်း ရေးတယ်ဆိုလျှင် ခင်ဗျား ငြင်းမလား။

ဖြေ။ ။ မဟုတ်ပါ။ ကျွန်တော့်အဖေကို ကျွန်တော်ရိုသေပါတယ်ဟု ဖြေသည်။

## ရှင်းလင်းမေး

တရားခံ အကျိုးဆောင် ဦးကျော်မြင့်က ရှင်းလင်းရန်မေးမြန်း၍ အမှတ် ၂ တရားခံ ဂျိန်း(စ်)ဝိန်က ဖြေရာတွင် သက်သေခံဓာတ်ပုံမှာ ကျွန်တော့် ဖခင်၏ဓာတ်ပုံဖြစ်ပါသည်။ ဓာတ်ပုံ၏ကျောဘက်ရှိ "ထင်ဝိန်" ဟု မြန်မာလို ရေးထိုးထားသည်။ လက်မှတ်မှာ ကျွန်တော့်ဖခင်၏ မြန်မာလိုရေးထားသော လက်မှတ်ဖြစ်ပါသည်။ သက်သေခံ အမျိုးသားမှတ်ပုံတင်ကဒ်ပြားတွင် လက်မပုံစံ နှိပ်ထားပြီး လက်မှတ်ရေးထိုးမထားပါ။ ကျွန်တော်၏ဖခင် လက်မှတ်ရေးထိုး ရာတွင် အယ်လ်အိပ်ချ်ဝိန်သော်လည်းကောင်း၊ အဲလ်ထင်ဝိန် ဟူ၍သော် လည်းကောင်း၊ လက်မှတ်ရေးထိုးပါသည်။ "ဦးဝိန်"ဟူ၍ လက်မှတ်ရေးထိုးတာ တစ်ခါမျှမမြင်ဘူးပါ။ တစ်စုံတစ်ယောက်ကမျှ ဦးဝိန်ဟု ခေါ်သည်ကို ကျွန်တော် မကြားဘူးပါ။

ကျွန်တော့်ဖခင် နောက်ဆုံးအခေါက် မော်လမြိုင်မှ ရန်ကုန်သို့ သွားစဉ်က ခရီးဆောင်သေတ္တာကို လက်တွင်ဆွဲသွားပါသည်။ ကျွန်တော်သည် ဒေါ်ကြည် ကြည်ထံမှ သဘော်ကုန်တင်ကုန်ချလုပ်ငန်းနှင့် ပတ်သက်သည့် ငွေတောင်းခံ လွှာများမှလွဲ၍ အခြားမည်သည့်ပစ္စည်းမျှ မရရှိခဲ့ပါဟုပါရှိသည်။

ရုံးတော်သို့ ခွင့်တောင်းပြီး ဦးမောင်မောင် (ဖ) က မေးမြန်းသဖြင့် ဂျိန်းဝိန်က အောက်ပါအတိုင်း ဖြေသည်။

မေး။ ။ ကုန်တင်ကုန်ချလုပ်ငန်းနဲ့ ပတ်သက်တဲ့ ငွေတောင်းခံလွှာ တွေကို ဒေါ်ကြည်ကြည်ဆီက တိုက်ရိုက်ရတာလား။

ဖြေ။ ။ မဟုတ်ပါ။ ကျွန်တော့်တူမ၏ယောကျ်ားမှတစ်ဆင့်ရပါတယ်။

မေး။ ။ သူ့အမည်ကို သိသလား။

ဖြေ။ ။ သူ့အမည်ကို ကျွန်တော်မမှတ်မိတော့ပါ။ သို့သော် ကျွန်တော်ဖခင် ရန်ကုန်သို့ နောက်ဆုံးအခေါက်သွားစဉ်က အဖော်အဖြစ်လိုက်ပါသွားသော သူငယ်ပင်ဖြစ်ပါတယ်... စသဖြင့် ဖြေကြားထွက်ဆိုသွားလေသည်။

# (၄)

# အမိန့်ဒီဂရီများနှင့်နှစ်ဖက်အယူခံလွှာ

[၄]

## အမိန့်ဒီဂရီများနှင့် နှစ်ဖက်အယူခံလွှာ

### တရားမရုံးကောက်ချက်

အထက်ပါအတိုင်း ဒေါ်ကြည်ကြည်ဘက်မှ တင်ပြသောအဆိုလွှာနှင့် မစ္စစ်မေရီဝိန်တို့ဘက်မှတင်ပြသော အချေလွှာများပေါ်တွင် မူတည်၍ ရန်ကုန်မြို့တရားမရုံးတော်က အောက်ပါအတိုင်း ငြင်းချက်ခုနှစ်ချက်ထုတ်ခဲ့လေသည်။

### ငြင်းချက် ခုနှစ်ချက်

၁။ ။ခရစ်ယာန်ဘာသာဝင် မြန်မာအမျိုးသား ကွယ်လွန်သူဦးထင်ဝိန်သည် ပထမတရားခံ မစ္စစ်မေရီဝိန်နှင့် လက်ထပ်ထားသူတစ်ဦးဖြစ်သည်။ ထို့ကြောင့် မြန်မာဗုဒ္ဓဘာသာဖြစ်သူ တရားလိုဒေါ်ကြည်ကြည်နှင့် ပေါင်းသင်းနေထိုင်ခဲ့ခြင်းသည် ဥပဒေအရ အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့သည်ဟု ဆိုနိုင်သလား။

၂။ ။ ဦးထင်ဝိန် ကျန်ရစ်ခဲ့သည့်အမွေပစ္စည်းများကို ဆက်ခံထိုက်ခွင့်နှင့် စပ်လျဉ်း၍ ဥပဒေက မည်သို့ဆိုထားသနည်း။

၃။ ။ကွယ်လွန်သူဦးထင်ဝိန်ချုပ်ဆိုခဲ့သည့် ၁၉၆ဝ ခုနှစ် ဒီဇင်ဘာ ၃–ရက်နေ့စွဲပါ သေတမ်းစာသည် ဥပဒေအရ ပျက်ပြယ်ပါသလား။

၄(က)။ ။ ကွယ်လွန်သူဦးထင်ဝိန်နှင့် တရားလို ဒေါ်ကြည်ကြည်တို့ သည် အတူနေ အတူစား လင်မယားအဖြစ်နှင့် နှစ်ဦးသဘောတူ ပွင့်ပွင့်လင်းလင်း နေခဲ့ကြသည်။ ဤကဲ့သို့ နေထိုင်ပြုမူကြရုံဖြင့် ဥပဒေအရ တရားဝင် ထိမ်းမြား သည့် လင်မယားအရာမြောက်ပါသလား။

၄(ခ)။ ။ အကယ်၍ လင်မယားအရာမြောက်ခဲ့လျှင် တရားလို သည်ကွယ်လွန်သူ ဦးထင်ဝိန်၏ပစ္စည်းများကို အမွေဆက်ခံထိုက်သည့် မယား အရာ မြောက်ပါသလား။

၅။ ။ ကွယ်လွန်သူဦးထင်ဝိန်၏အမွေပစ္စည်းများကို ဆက်ခံထိုက်ခွင့် ရှိသူမှာ မည်သူနည်း။ ၎င်းတို့၏ ရသင့်ရထိုက်သည့် ဝေစုမှာ ဘယ်မျှနည်း။

၆။ ။ ကွယ်လွန်သူ ဦးထင်ဝိန်ကျန်ရစ်ခဲ့သည့် အမွေပစ္စည်းများတွင် မည်သည့်ပစ္စည်းများ ပါဝင်ပါသနည်း။

၇။ ။ တရားလိုအတွက် မည်သည့်ခံစားခွင့်ကို ပေးမည်နည်း။

## စစ်ဆေးကြားနာ

ထိုသို့ ကောက်ချက်များ ထုတ်နုတ်ပြီးနောက် တရားမရုံးတော်က အမှုကို စတင်စစ်ဆေးကြားနာလေသည်။ တရားမမှုဆိုသည်မှာ အင်မတန် သိမ်မွေ့နူးညံ့သည်။ ကိုင်တွယ်ရခက်သည်။ ရာဇဝတ်မှုများကို စစ်ဆေးရသလို လည်း မမြန်။ ကြာလည်းကြာတတ်သည်။ ထို့ကြောင့် တရားမရုံး တရားသူကြီး သည် နစ်ဖက်တရားမျှမှုရှိစေရန် သတိအစဉ်ထား၍ အမှုကို ကြားနာစစ်ဆေး လေသည်။

ဒေါ်ကြည်ကြည်၊ မစ္စစ်မေရီဝိန်နှင့် ၎င်းတို့တင်ပြသော နှစ်ဖက်သက်သေ များကို စစ်ဆေးပြီးစီးသောအခါ ဒေါ်ကြည်ကြည် အကျိုးဆောင် ဦးမောင်မောင် (၆)နှင့် မစ္စစ်မေရီဝိန်တို့၏ အကျိုးဆောင် ဦးကျော်မြင့်တို့က ရုံးတော်သို့ အပြန် အလှန် လျှောက်လဲချက်ပေးကြသည်။ ရုံးတော်က နှစ်ဖက်သက်သေထွက်ချက် များနှင့် လျှောက်လဲချက်များကို အချိန်ယူ ဝေဖန်သုံးသပ်ပြီးနောက် အောက် ပါအတိုင်း စီရင်ချက်ချမှတ်ခဲ့လေသည်။

''ဦးထင်ဝိန်နှင့် တရားလိုဒေါ်ကြည်ကြည်တို့သည် တစ်အိမ်တည်း

အတူနေ အတူပေါင်းသင်းစပ်ယှက်ခဲ့ကြောင်း သက်သေ အထောက်အထား များအရ ထင်ရှားနေသဖြင့် စဉ်းစားရန်အချက်မှာ ထိုကဲ့သို့ အတူနေထိုင် ပေါင်းသင်းစပ်ယှက်မှုမှာ ပွင့်ပွင့်လင်းလင်းလူသိရှင်ကြားဖြစ်၍ မြန်မာဗုဒ္ဓဘာသာ ဥပဒေအရ လင်မယား'' ဟု ဆိုနိုင်မဆိုနိုင်သာဖြစ်သည်။

## လင်မယားအရာမြောက်

ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့၏ ပေါင်းသင်းပြုမူနေထိုင်ကြပုံမှာ ဗိုလ်မှူးကြီး ဆော်လမွန်လို ခင်မင်ရင်းနှီးသည့် ပုဂ္ဂိုလ်တစ်ဦး၊ အလုပ်အကိုင်နှင့် ပတ်သက်၍ ဆက်သွယ်နေသည့် မစ္စတာဖြူကာနင်၊ အိမ်နီးနားချင်း ဖြစ်သူ မစ္စတာလားနှင့် အိမ်တွင် စားသောက်နေသည့် ဦးနေဝင်းတို့က သူတို့သည် အကြင်လင်မယားဖြစ်သည်ဟု ထင်မြင်ယူဆ လက်ခံလောက်သည့် ပြုမှုမျိုး ဖြစ်သည်ဟု ဆိုကြသဖြင့် ဦးထင်ဝိန်နှင့် တရားလိုတို့ ပေါင်းသင်းနေထိုင် စပ်ယှက်မှုမှာ မြန်မာဗုဒ္ဓဘာသာဥပဒေအရ လင်မယားအရာသို့ မြောက်ခဲ့သည်ဟု ကျွန်ုပ်လက်ခံပါသည်။

မစ္စစ်မေရီဝိန်က မိမိအပြင် ဦးထင်ဝိန်တွင် အခြားမယားမရှိ၊ ဒေါ်ကြည် ကြည်မှာ ဦးထင်ဝိန်၏ မယားမဟုတ်ဟုဆိုပြီး ဦးထင်ဝိန်နှင့် မစ္စစ်မေရီဝိန်တို့ အသိမိတ်ဆွေများကိုသက်သေတင်ပြထားကြောင်းတွေ့ရသည်။ ဒေါ်ကြည်ကြည် အနေနှင့် သူသည် ဦးထင်ဝိန်နှင့် တစ်အိမ်တည်း အတူနေအတူထိုင် ပေါင်းသင်း စပ်ယှက်ခဲ့ပြီး ပွင့်ပွင့်လင်းလင်း ထင်ထင်ရှားရှား လင်မယားအဖြစ်နေခဲ့ကြောင်း တင်ပြထားသည့် အထောက်အထားများကို ချေပနိုင်ခြင်းမရှိချေ။

## နောက်မယားမယူနိုင်

ဤအမှုနှင့် ပတ်သက်၍ မစ္စစ်မေရီဝိန်တို့ဘက်မှ အကျိုးဆောင်ကြီး ဦးကျော်မြင့်က တင်ပြဆွေးနွေးသွားသည့် အချက်တစ်ချက်ရှိသည်။ ထိုအချက်မှာ မြန်မာဗုဒ္ဓဘာသာ ဥပဒေအရ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက် တို့သည် အကြင်လင်မယားဘဝသို့မြောက်ရန်အတွက်မူ တစ်အိမ်တည်း နေထိုင် စားသောက် ပေါင်းသင်းဆက်ဆံရုံနှင့် မလုံလောက်၊ အစကတည်းက နှစ်ဦး သဘောတူ လင်မယားအဖြစ်ဖြင့် ပေါင်းဖက်နေထိုင်ရန် ရည်မှန်းချက်ရှိရမည်။ ဦးထင်ဝိန်သည် ခရစ်ယာန်ဖြစ်သဖြင့် ခရစ်ယာန်ဘာသာ ဓလေ့ထုံးစံအရ

မယားကြီး အသက်ရှင်နေစဉ် နောက်မယားမယူနိုင်။ ယူလျှင် ရာဇဝတ်ကိုဓ ပုဒ်မ(၄၉၆)အရ အပြစ်ပေးခြင်းခံရမည်။ ထို့ကြောင့် မစ္စစ်မေရီဝိန် အသက်ရှင် နေစဉ်အတောအတွင်း ဒေါ်ကြည်ကြည်ကို မယားအဖြစ်ဖြင့် ပေါင်းသင်းနေ ထိုင်ရန် ရည်ရွယ်ချက်မရှိသည့်အတွက် တရားလိုနှင့် ဦးထင်ဝိန်၏ ပေါင်းသင်း ဆက်စပ်မှုသည် မြန်မာဗုဒ္ဓဘာသာ ဥပဒေအရ လင်မယားဘဝသို့ မရောက်နိုင်ဟု တင်ပြသည်။

## ပိတ်ဆို့သည့်သဘောရောက်နိုင်

၁၉၅၄-ခုနှစ် ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေ ဆက်ခံမှု အက်ဥပဒေပုဒ်မ(၄)က အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်။

''အခြားတည်ဆဲဥပဒေများတွင်သော်လည်းကောင်း၊ တရားဥပဒေကဲ့သို့ အာဏာရှိသောဓလေ့ထုံးစံများတွင်သော်လည်းကောင်း၊ မည်သို့ပင်ဆန့်ကျင်လျက် ရှိစေကာမူ ဤအက်ဥပဒေပြဋ္ဌာန်းချက်များသည် ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ထိုမိန်းမ၊ ဗုဒ္ဓဘာသာမဟုတ်သော လင်ယောကျ်ားတိုင်းအပေါ်၌ အာဏာ သက်ရောက်ရမည်။''

အကျိုးဆောင်ကြီး တင်ပြချက်ကိုလက်ခံလျှင် အထက်ဖော်ပြပါ ဥပဒေ ပြဋ္ဌာန်းချက်များကို ပိတ်ဆို့သည့်သဘောသို့သက်ရောက်သွားနိုင်သည်။ ထို့ကြောင့် ၎င်း၏ တင်ပြချက်ကို လက်မခံနိုင်ချေ။

## ငြင်းချက်ကိုဖြေဆို

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအမှုတွင် ကောက်နုတ် ထားသည့် ငြင်းချက်များကို အောက်ပါအတိုင်းဖြေဆိုရပေမည်။

## ကောက်ချက်အမှတ်(၁)

ခရစ်ယာန်မြန်မာအမျိုးသားဖြစ်သည့် ကွယ်လွန်သူ ဦးထင်ဝိန်သည် ပထမ တရားခံနှင့် လက်ထပ်ထားသူတစ်ဦးဖြစ်သော်လည်း မြန်မာဗုဒ္ဓဘာသာ အမျိုးသမီးဖြစ်သူ တရားလိုနှင့် ဥပဒေအရ အကြင်လင်မယားအဖြစ် ထိမ်းမြား ခဲ့သည်ဟု ဆိုနိုင်သည်။

## ကောက်ချက်အမှတ်(၂)

၁၉၅၄–ခုနှစ် မြန်မာဗုဒ္ဓဘာသာ အမျိုးသမီးများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေ ပုဒ်မ(၂၆)အရ ဦးထင်ဝိန် ကျန်ရစ်ခဲ့သည့် အမွေပစ္စည်းများကို ဗုဒ္ဓဘာသာ ဓမ္မသတ်အရ ဆုံးဖြတ်ရမည်။

## ကောက်ချက်အမှတ် (၃)

ကောက်ချက်အမှတ် (၂)၏ အဖြေကြောင့် ဦးထင်ဝိန်ချုပ်ဆိုခဲ့သည့် ၃–၁၂–၆၀ နေ့စွဲပါ သေတမ်းစာမှာ ပျက်ပြယ်သည်။

## ကောက်ချက်အမှတ် (၄) (က)

ဦးထင်ဝိန်နှင့် တရားလိုတို့သည် အတူနေ အတူစား အကြင်လင်မယား အဖြစ်ဖြင့် နှစ်ဦးသဘောတူ ပွင့်ပွင့်လင်းလင်းနေခဲ့ကြသည်။

ထိုကဲ့သို့ ပေါင်းဘက်နေထိုင်ပြုမူကြပုံသည် ဗုဒ္ဓဘာသာ ဓမ္မသတ်အရ လင်မယားအရာမြောက်ခဲ့သည့် ပေါင်းဖက်နေထိုင် ပြုမူကြပုံမျိုးဖြစ်သည့်အတွက် တရားဝင်ထိမ်းမြားခဲ့ကြသည်ဟု ဆိုရပေမည်။

## ကောက်ချက်အမှတ် (၄) (ခ)

တရားလိုသည် ဦးထင်ဝိန်၏ ကျန်ရစ်ပစ္စည်းများကို အမွေဆက်ခံထိုက်သည့် မယားအရာသို့ မြောက်သည်ဟုဆိုရပေမည်။

## ကောက်ချက်အမှတ်(၅)

ကွယ်လွန်သူ ဦးထင်ဝိန် ကျန်ရစ်ခဲ့သည့် အမွေပစ္စည်းများကို ဆက်ခံထိုက်ခွင့်ရှိသူများမှာ ၁ တရားခံနှင့် တရားလိုတို့ဖြစ်သည်။ အဆိုလွှာနှင့် ပူးတွဲတင်ပြသည့် ဇယား(က)တွင် ပါရှိသည့် ပစ္စည်းများအနက် အမှတ်(၁) မှ (၅)နှင့် (၉)မှ (၁၆)တို့တွင် တရာလိုနှင့် တရားခံအမှတ်(၁)တို့သည် တစ်ဝက်စီ ရသင့်သည်။ အမှတ် (၆) (၇) (၈) တို့တွင် တရားလိုက သုံးပုံတစ်ပုံ နှင့် (၁) က သုံးပုံ နှစ်ပုံရသင့်သည်။

## ကောက်ချက်အမှတ်(၆)

ဦးထင်ဝိန်ကျန်ရစ်ခဲ့သည့် ပစ္စည်းများမှာ အဆိုလွှာနှင့်ပူးတွဲ၍ တင်ပြထားသည့် ဇယား(က)တွင် ပါရှိသည့် ပစ္စည်းများဖြစ်သည်။

အထက်ပါကောက်ချက်များ၏အဖြေများပေါ်တွင်မူတည်၍ ဤအမှုတွင် အောက်ပါအတိုင်း ဒီဂရီချပေးလိုက်သည်။

၁။ ။၃-၉-၆၀ ရက်နေ့က ဦးထင်ဝိန်ပြုလုပ်သည့် သေတမ်းစာသည် ပျက်ပြယ်သည်။

၂။ ။ဦးထင်ဝိန်ကျန်ရစ်ခဲ့သည့် အမွေပစ္စည်းများနှင့်ပတ်သက်၍ အမွေခွဲဝေရန် ပဏာမ ဒီဂရီချမှတ်လိုက်သည်။

၃။ ။ယင်းပစ္စည်းများနှင့် ပတ်သက်၍ စာရင်းယူရန်။

၄။ ။အဆိုလွှာနှင့် ပူးတွဲတင်သည့် ဇယား(က)တွင်ပါရှိသည့်ပစ္စည်းများ အနက် အမှတ်စဉ်(၁) မှ (၅) နှင့် (၉) မှ (၁၆) တို့တွင် တရားလိုက တစ်ဝက် ပိုင်ဆိုင်ကြောင်း။

၅။ ။ယင်းပစ္စည်းများနှင့် ပတ်သက်၍ စာရင်းကောက်ယူရန် နှစ်ဖက်တရားပြိုင်များနှင့် ညှိနှိုင်း၍ ရုံးက ကော်မရှင်နာ ခန့်ပေးရန်။

၆။ ။အမှုအတွက် စရိတ်များကို အမွေဆိုင်ပစ္စည်းထဲမှ ကျခံရမည်။

စသည့်ဖြင့် အမှုတွင် ကောက်နုတ်ထားသည့် ငြင်းချက်များကို ဖြေဆိုပြီး ၃၀-၁၁-၆၇ နေ့တွင် ရန်ကုန်မြို့ တရားမရုံးတရားသူကြီးချုပ် ဦးမြင့်ထွန်းက ဒီဂရီချပေးလိုက်သည်။

## မကျေနပ်အယူခံတင်

ယင်းသို့ အမွေခွဲပေးရန် ချမှတ်သည့်စီရင်ချက်နှင့်ဒီဂရီကို မစ္စစ်မေရီဝိန်နှင့် မိသားစုတို့က မကျေနပ်သဖြင့် ရန်ကုန်မြို့၊ နိုင်ငံတော်တရားချုပ်သို့ အယူခံလွှာ တင်သွင်းခဲ့လေသည်။

ထိုအယူခံလွှာတွင် မူလတရားမရုံးတရားသူကြီးသည် ဒေါ်ကြည်ကြည်အား ဦးထင်ဝိန်၏ တရားဝင်ဇနီးဖြစ်ကြောင်း အဆုံးအဖြတ်ပြုခဲ့ခြင်းသည် သက်သေခံချက်များအရသော်လည်းကောင်း၊ ဥပဒေအရသော်လည်းကောင်း မှားယွင်းနေပါသည်။ ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့သည် လင်မယားအဖြစ် ပွင့်ပွင့်လင်းလင်း နေထိုင်ကြသည်ဆိုသောအချက်နှင့် ပတ်သက်၍ ခိုင်လုံသည့်

သက်သေအထောက်အထားမရှိပါ။ တစ်ခုတည်းသော ထိရောက်သည့် သက်သေခံထွက်ချက်မှာ ဦးထင်ဝိန်သည် ရန်ကုန်မြို့သို့လာတိုင်း ဒေါ်ကြည်ကြည်နှင့် အတူတကွ နေထိုင်သည်ဆိုသော အချက်သာဖြစ်ပါသည်။ ဦးထင်ဝိန်သည် ဒေါ်ကြည်ကြည်အား လင်မယားအဖြစ် အတူတကွ ပေါင်းသင်းနေထိုင်ရန် ရည်ရွယ်ချက်မရှိခဲ့သည့်အချက်ကို မူလရုံးတရားသူကြီးသည် လျစ်လျူရှုခဲ့ပါသည်။

## မယားငယ် သို့မဟုတ်

ကွယ်လွန်သူ တရားဝင်လက်ထပ်ထားသော မယား မစ္စစ်မေရီဝိန်ရှိနေပြီး ဒေါ်ကြည်ကြည်သည် မယားကြီးမသိဘဲ လာရောက်လည်ပတ်သည့် ဦးထင်ဝိန်လက်ခံခဲ့ခြင်းဖြစ်ပါသည်။ မူလရုံးတရားသူကြီးက ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်၏ အမြှောင်မယား သို့မဟုတ် မယားငယ်ဖြစ်သည်ဆိုသည့်အချက်ကို မှန်ကန်စွာ မကိုင်စွဲခဲ့ပါ။ ဒေါ်ကြည်ကြည်အား ဦးထင်ဝိန်၏ ဇနီးအဖြစ်ဦးထင်ဝိန်၏ ဆွေမျိုးများနှင့် မိတ်ဆွေများက မည်သည့်အခါကမျှ အသိအမှတ်မပြုခဲ့ပါ။ ဒေါ်ကြည်ကြည်အား ဦးထင်ဝိန်၏ မယားငယ်တစ်ယောက်အဖြစ် ဦးထင်ဝိန်၏ ဆွေမျိုးမိတ်သင်္ဂဟများက ၎င်းတို့၏အိမ်တွင် လက်ခံဆက်ဆံခြင်းမရှိခဲ့ပါ။ ကွယ်လွန်သူဦးထင်ဝိန်၏မိသားစုနှင့် မိတ်ဆွေသင်္ဂဟများက ဒေါ်ကြည်ကြည်ကို မသိကြောင်း ဦးထင်ဝိန်ကဒေါ်ကြည်ကြည်ကို ၎င်း၏ဇနီးအဖြစ်မည်သည့်အခါမျှ ရှေ့တန်းမတင်ခဲ့ဆိုသည့် မစ္စစ်မေရီဝိန်တို့ဘက်မှ တင်ပြသော သက်သေများ၏ ထွက်ချက်များကို မူလရုံးတရားသူကြီးသည် လက်ခံစဉ်းစားခြင်းမရှိခဲ့ပါ။

## ဥပဒေအရလွဲမှား

ဦးထင်ဝိန်ပိုင် ကျန်ရစ်ခဲ့သည့် ပစ္စည်းများနှင့်ပတ်သက်၍ စုံစမ်းစစ်ဆေးမှုပြုလုပ်ရန် အမိန့်ချခဲ့သည်မှာလည်း မှားယွင်းပါသည်။ မူလရုံးတရားသူကြီးသည် တရားလို၏ဆိုလွှာနှင့် ပူးတွဲတင်ပြထားသောပစ္စည်းများသည် ဦးထင်ဝိန်ကျန်ရစ်ခဲ့သော ပစ္စည်းများဖြစ်သည်ဟု လွဲမှားစွာမှတ်ယူခဲ့ပါသည်။ မူလရုံးတရားသူကြီးသည် အတူတကွ ပေါင်းသင်းနေထိုင်မှုတစ်ခုတည်းအပေါ်၌မူတည်၍ ဒေါ်ကြည်ကြည်နှင့် ဦးထင်ဝိန်တို့သည် တရားဝင်မယားဖြစ်သည်ဟု ဆုံးဖြတ်ခဲ့ခြင်းမှာ မှားယွင်းပါသည်။ ပစ္စည်းများနှင့်ပတ်သက်၍ သက်သေခံအထောက်အထားလုံးဝ

မရှိခဲ့ဘဲ အဆုံးအဖြတ် ပေးခဲ့ခြင်းမှာလည်း မှားယွင်းပါသည်။ သေဆုံးသူ ဦးထင်ဝိန် ကျန်ရစ်ခဲ့သည့် ပစ္စည်းများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရန် အမိန့်မပေးဘဲ ပဏာမဒီဂရီချမှတ်ခဲ့ခြင်းသည် ဥပဒေအရ လွဲမှားနေပါသည်ဟူ၍ တင်သွင်းခဲ့လေသည်။

## လျှောက်လဲချက်ပေး

ထို့နောက်နိုင်ငံတော်တရားရုံးချုပ် တရားသူကြီးဦးစိန်သင်း ထိုင်သောရုံးက နှစ်ဖက်အကျိုးဆောင်များ လျှောက်လဲချက်များကို ကြားနာလေသည်။ အယူခံ တရားလိုများ (မစ္စစ်မေရီဝိန်)တို့အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေကြီး ဦးကျော်မြင့်နှင့် အယူခံ တရားခံ (ဒေါ်ကြည်ကြည်)အတွက် လိုက်ပါဆောင်ရွက်သော ရှေ့နေကြီးဦးမောင်မောင်(၆) တို့က လျှောက်လဲချက်ပေးကြလေသည်။

## သေတမ်းစာတွင် မပါ

ရှေ့နေကြီး ဦးကျော်မြင့်က "ဦးထင်ဝိန်သည် ဒေါ်ကြည်ကြည်နှင့် ပေါင်းသင်းဆက်ဆံလာခဲ့ရာ၌ ဒေါ်ကြည်ကြည်အား တရားဝင်ဇနီးတစ်ဦးအဖြစ်သို့ ရောက်ရှိရန် မည်သည့်အခါကမျှ ရည်ရွယ်ချက်မရှိခဲ့ပါ။ မြန်မာဗုဒ္ဓဘာသာ ဓလေ့ထုံးစံတွင် ထိမ်းမြားမှုအတွက် အသိအမှတ်ပြုသည့် အခမ်းအနားဟူ၍မရှိ။ နှစ်ဦးသဘောတူ လင်မယားအဖြစ် ပေါင်းသင်းရန်ဆန္ဒဖြင့်အတူတကွလင်မယား အဖြစ် ပေါင်းသင်းနေထိုင်ခြင်းသာလျှင် ပဓာနအချက်ဖြစ်သည်ကို လက်ခံပါသည်။ သို့ရာတွင် လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ရန်ဆန္ဒမှာ နှစ်ဦးစလုံးတွင် ရှိရမည်ဖြစ်ရာ၊ ဤအမှု၌ ဦးထင်ဝိန်တွင် ယင်းကဲ့သို့သောဆန္ဒမျိုးမရှိကြောင်း ပေါ်လွင်ပါသည်။ ဦးထင်ဝိန်သည် ကွယ်လွန်အနိစ္စမရောက်မီ သေတမ်းစာတစ်စောင်ကို ပြုလုပ်သွားခဲ့ပါသည်။ ထိုသေတမ်းစာတွင် ဒေါ်ကြည်ကြည်နှင့် ပတ်သက်၍ တစ်စုံတစ်ရာဖော်ပြထားခြင်းမရှိပါ။ မိမိပိုင်ဆိုင်သည့်ပစ္စည်းများကို မည်ကဲ့သို့ ခွဲဝေရန်သေတမ်းစာ၌ ညွှန်ကြားခြင်းများ ပြုလုပ်ခဲ့ပါသည်။ ထိုအချက်ကို ထောက်ဆခြင်းအားဖြင့် ဦးထင်ဝိန်သည် ဒေါ်ကြည်ကြည်အား မိမိ၏တရားဝင်ဇနီးတစ်ဦးအဖြစ်မှတ်ယူခြင်း မပြုခဲ့ကြောင်း ထင်ရှားပါသည်။

## လင်မယားအပြုအမူမဟုတ်

ထို့ပြင် ဒေါ်ကြည်ကြည်၏ အစစ်ခံချက်၌ ဦးထင်ဝိန်သည် မိမိအား မော်တော်ကားတစ်စီးကို ရောင်းချခဲ့ပါသည်ဟု ထွက်ဆိုဖော်ပြပါသည်။ ထိုအပြုအမူသည် တရားဝင်အကြင်လင်မယားနှစ်ဦး၏ ပြုမူပုံမျိုးမဟုတ်ကြောင်း ထင်ရှားပါသည်။ တဖန် ဦးထင်ဝိန်သည် ပစ္စည်းဥစ္စာတော်အတန်ကြွယ်ဝသူဖြစ်သော်လည်း ဒေါ်ကြည်ကြည်အား ပထမတွင် မော်လမြိုင်မြို့၌ အိမ်ခန်းကလေးတစ်ခုတွင် ငှားရမ်းနေထိုင်စေခဲ့ပါသည်။ ဦးထင်ဝိန်၏ ဆွေမျိုးများနှင့်လည်းကောင်း၊ အလွန်ရင်းနှီးသည့် ဂုဏ်သရေရှိ မိတ်ဆွေ ဆွေမျိုးများနှင့်လည်းကောင်း၊ ဒေါ်ကြည်ကြည်အား မိတ်ဆက်ပေးခြင်းမပြုခဲ့ပါ။ ထို့ကြောင့် ဦးထင်ဝိန်သည် ဒေါ်ကြည်ကြည်နှင့် ပေါင်းသင်းစပ်ယှက်ခဲ့ရာ၌ တရားဝင်အကြင်လင်မယားဖြစ်စေရန် ဆန္ဒဖြင့် ပေါင်းသင်းခဲ့ကြောင်း မထင်ရှားပါ... စသည်ဖြင့် လျှောက်လဲသည်။

## ထင်ရှားသည့် သက်သေခံချက်

ဒေါ်ကြည်ကြည်အတွက် လိုက်ပါဆောင်ရွက်သည့် ရှေ့နေကြီး ဦးမောင်မောင်(၆)က "ဤအမှု၌ ဒေါ်ကြည်ကြည်နှင့် ဦးထင်ဝိန်တို့သည် လင်မယားအဖြစ်အတူတကွ နေထိုင်ခဲ့ကြောင်း အလွန်ထင်ရှားသည့် သက်သေခံချက်များ ရှိပါသည်။ ထိုသို့ လင်မယားအဖြစ် အတော်အတန်ကြာမြင့်စွာ နေထိုင်လာခဲ့ကြောင်းထင်ရှားသဖြင့် ၎င်းတို့သည် အကြင်လင်မယားအဖြစ်ပေါင်းသင်းဆက်ဆံနေသည့် ဆန္ဒဖြင့် ပေါင်းသင်းခဲ့သည်ဟု ယူဆသင့်ပါသည်။ ဦးထင်ဝိန်သေဆုံးစဉ်က ဒေါ်ကြည်ကြည်သည် သတင်းစာများထဲ၌ ဦးထင်ဝိန်၏ အယားအဖြစ် ကြော်ငြာခဲ့သည်ကို မစ္စစ်မေရီဝိန်တို့က ကန့်ကွက်ခြင်း မပြုလုပ်ခဲ့ပါ။ ထို့ကြောင့် ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်၏ မယားကြီးအဆင့်အတန်းနှင့် ညီမျှသော မယားတစ်ဦးဖြစ်သည်ဟု ယူဆသင့်ပါသည်"စသည်ဖြင့် စီရင်ထုံးအများအပြားကို ကိုးကား၍ တင်ပြသွားလေသည်။

## အယူခံရုံးဆုံးဖြတ်ချက်

ထို့နောက် နိုင်ငံတော် တရားရုံးချုပ်တရားသူကြီးက အမှုနှင့်စပ်လျဉ်း၍ အောက်ပါအတိုင်းဝေဖန်သုံးသပ်ပြီး စီရင်ချက်ချမှတ်ခဲ့လေသည်။

ဗုဒ္ဓဘာသာအရ ဓမ္မသတ်အရ ယောကျ်ားတစ်ဦးသည် မိန်းမတစ်ဦးထက် ပို၍ယူနိုင်သည်။ တစ်ဦးထက်ပိုသော မိန်းမများကို မယားကြီး မယားငယ်ဟူ၍ အသိအမှတ်ပြုကြသည်။ ရှေးဟောင်းဓမ္မသတ်များ၌ မယားကြီး တော်ပြောင်၊ ကျွန်မိန်းမ အစရှိသဖြင့် မယားအမျိုးအစားခွဲခြားထားသည်ကို တွေ့ရှိရသော်လည်း ယခုခေတ်တွင်မူ လင်ယောကျ်ား၏ အမွေကို ဆက်ခံနိုင်သည့်မယားကြီး၊ မယားငယ် နှစ်ဦးသာလျှင် အသိအမှတ်ပြုကြသည်။ တစ်ယောက်တည်းသော မိန်းမသည် ယောကျ်ားတစ်ယောက်နှင့် ဆက်သွယ်ရာ၌ မယားဖြစ်ကြောင်း ထင်ရှားလျှင် ထိုမိန်းမသည် မယားကြီးဖြစ်သည်မှာ ယုံမှားဖွယ်ရာမရှိချေ။ ယောကျ်ားတစ်ဦးတွင် မိန်းမတစ်ယောက်ထက်ပို၍နေလျှင်ကား ထိုမယားများ၏ အဆင့်အတန်းကို ခွဲခြားရန်လိုလေသည်။ အဘယ်ကြောင့်ဆိုသော် မယားကြီး မယားငယ်ခွဲခြားသည့် ကိစ္စများမှာ အမွေဆက်ခံရေးတွင် များစွာအရေးကြီးလှပေသည်။

## ဒုတိယမယားသည် မယားငယ်

မောင်သာဒွန်းနှင့် မသိန်းရင် (၃) အမှုစီရင်ထုံး၌ မြန်မာဗုဒ္ဓဘာသာ ယောကျ်ားတစ်ယောက်သည် မယားကြီးရှိလျက်နှင့် မယားကြီး မသိအောင် အခြားတစ်နေရာ၌ မယားတစ်ယောက်ထားသည်။ ထိုဒုတိယ မယားကမူ မယားကြီးရှိမှန်းသိသည်။ ဒုတိယမယားသည် လင်ဖြစ်သူ စီးပွားရေး၌ ဝင်ရောက်ကူညီဆောင်ရွက်ခြင်းမရှိ။ ၎င်းပြင် လင်ဖြစ်သူက ဒုတိယမယားအား မယားကြီးနှင့် တန်းတူအထင်အရှား အသိအမှတ်ပြုခြင်းမခံရ။ ယင်းကဲ့သို့ အခြေအနေမျိုး၌ ဒုတိယမယားသည် မယားငယ်ပင်ဖြစ်ပေသည်ဟု အဆုံးအဖြတ်ပြုခဲ့သည်။ ထိုအမှုပေါ်ပေါက်သည့် ဖြစ်ရပ်များမှာ ယခု ကျွန်ုပ်ရှေ့ရှိ အမှု၌ ရရှိသည့် အချက်အလက်များနှင့် များစွာကိုက်ညီနေသည်ကို တွေ့ရသည်။

## တန်းတူအခွင့်အရေး မပေးခဲ့

ယခုအမှု၌ ဒေါ်ကြည်ကြည်သည် ထိုအချက်နှင့် ပတ်သက်၍ သက်သေခံအထောက်အထားပြသနိုင်ခြင်း မရှိချေ။ ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်၌ မယားကြီးရှိမှန်းသိလျက်နှင့် ပေါင်းသင်းလာခဲ့သူဖြစ်သည်။ ဦးထင်ဝိန်၏ ပထမ,မယားဖြစ်သူ မစွစ်မေရီဝိန်ကမူ ဒေါ်ကြည်ကြည်ကို မသိပါဟု အစစ်ခံထားသည်။ ဦးထင်ဝိန်သည် ပစ္စည်းဥစ္စာကုံလုံ ကြွယ်ဝသူဖြစ်သည်။ မော်လမြိုင်

တွင် မိမိ၏ မယားကြီးအား အိမ်ကြီးတစ်လုံးနှင့် ခမ်းနားစွာ ထားခဲ့သည်။ ဦးထင်ဝိန်သည် ရန်ကုန်၌ အိမ်ပိုင်များရှိသော်လည်း ဒေါ်ကြည်ကြည်အား မိမိပိုင်ဆိုင်သည့် မည်သည့်အိမ်ကိုမျှ ပေးခဲ့ခြင်းမရှိချေ။ မိမိအလုပ် လုပ်ကိုင်နေသည့် အခန်းတွင်သာလျှင် မိမိနှင့် အတူနေထိုင်စေခဲ့သည်။ ဦးထင်ဝိန် ရေးသွားသည့် သေတမ်းစာ၌လည်း ဒေါ်ကြည်ကြည်အတွက် ထည့်သွင်းစဉ်းစားခဲ့ခြင်းမရှိချေ။ သို့ဖြစ်လေရာ ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်၏ မယားဖြစ်သည်ဟု ယူဆနိုင်စေကာမူ ဦးထင်ဝိန်သည် မယားနှစ်ယောက်စလုံးအား အညီအမျှ တန်းတူ အခွင့်အရေးမပေးကြောင်း ပေါ်လွင်နေသည်။

## ဦးထင်ဝိန်၏ မယားငယ်

ဦးထင်ဝိန်သည် အသက်အရွယ်ကြီးမြင့်လာပြီးသည့် နောက်ပိုင်း၌ မိမိ၏ညီအစ်ကို အရင်းအခြာများနှင့်ပင် အဆက်အသွယ်မရှိတော့ကြောင်း ထင်ရှားလေသည်။ သို့ဖြစ်လေရာ ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်၏ ပထမဇနီးအဆင့်အတန်းကို မမှီသည့် မယားတစ်ဦးဖြစ်စေကာမူ တိတ်တိတ်ပုန်း အမြှောင်မယားတစ်ဦးမျှသာ ဖြစ်ရမည်ဟူ၍ကား မည်သည့် နည်းနှင့်မျှ ယူဆနိုင်မည်မဟုတ်ချေ။ ဗိုလ်အောင်ကျော်လမ်းရှိအိမ်တွင် နေထိုင်စဉ်က အိမ်ထောင်စုစာရင်းတွင် ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့ နာမည်များ ယှဉ်တွဲလျက် ပါဝင်နေကြသည်။ ဦးထင်ဝိန်သည် ရန်ကုန်မြို့တွင် အမြဲတစေနေထိုင်ခြင်းမရှိသော်လည်း ရန်ကုန်သို့ရောက်သည့်အခါတွင် မိမိ၏ အမြဲနေရပ်လိပ်စာမှာ ဗိုလ်အောင်ကျော်လမ်း၊ အိမ်အမှတ် ၁၉၄၊ အခန်းအမှတ်(၆) ဖြစ်သည်။ ထိုအိမ်တွင် ဒေါ်ကြည်ကြည်နှင့် အတူတကွ နေထိုင်ရာမှ ဆေးရုံတက်ရောက်ပြီး သေဆုံးခဲ့ရခြင်းဖြစ်သည်။ ထိုအကြောင်းများကြောင့် ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်နှင့် အတူတကွနေထိုင်ခဲ့သည့် ဦးထင်ဝိန်၏မယားငယ်ဖြစ်သည်ဟု အဆုံးအဖြတ်ပြုရမည်ဖြစ်သည်။

## အမွေဆက်ခံနိုင်

ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်နှင့်အတူတကွ နေထိုင်လာခဲ့သည့် မယားငယ်တစ်ဦးဖြစ်ရာ ဗုဒ္ဓဘာသာဓမ္မသတ်၏ ပြဋ္ဌာန်းချက်များအရ ၎င်းသည် ဦးထင်ဝိန်၏ အမွေကို ဆက်ခံနိုင်သူတစ်ယောက်ဖြစ်သည်။ သို့ရာတွင် ၎င်းဝေစု

မှာ မည်မျှဖြစ်သည်ကို ဆင်ခြင်သုံးသပ်ရန်လိုသည်။ မသန်းရင်နှင့် မောင်သာဒွန်း (၆) အမှုစီရင်ထုံး၌ မယားငယ်သည် လင်နှင့်အတူ နေထိုင်ပါက လင်၏ ပစ္စည်းစုတွင် ၅– ပုံ ၂– ပုံရပြီး၊ မယားကြီးက ၅–ပုံ ၃–ပုံ ရရှိကြောင်းပြဆို ထားသည်။ မသန်းနှင့် မကြင်(၇)အမှုစီရင်ထုံးတွင် အထက်ဖော်ပြပါ မသိန်းရင် အမှုစီရင်ထုံး၌ပါရှိသည့် သုံးသပ်ချက်များကို ထောက်ခံထားသည်။

## ပျက်ပြယ်

ထို့ကြောင့် ယခု ကျွန်ုပ်ရှေ့ရှိ အမှုတွင် ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန် ကျန်ရစ်ခဲ့သည့် ပစ္စည်းများအနက် ၅–ပုံ ၂–ပုံ ရရှိထိုက်ပြီး မယားကြီး မစ္စစ်မေရီဝိန်က ၅–ပုံ ၃–ပုံ ရရှိထိုက်သည်ဟု ဆုံးဖြတ်လိုက်သည်။ မူလရုံး တရားသူကြီးသည် ပဏာမဒီဂရီချမှတ်ပေးခဲ့ရာ၌ အမွေပစ္စည်းများနှင့် ပတ်သက် ၍ အဆုံးအဖြတ်ပေးခဲ့ရာ ထိုဆုံးဖြတ်ချက်များသည် အထောက်အထားခိုင်လုံခြင်း မရှိသောကြောင့် ပျက်ပြယ်လေသည်။ ဤအမှုမျိုး၌ ယခုအခြေအနေတွင် အမွေပုံပစ္စည်းများနှင့်ပတ်သက်ပြီး စုံစမ်းစစ်ဆေးခြင်းများပြုလုပ်ရန် ညွှန်ကြား၍ ပဏာမဒီဂရီချမှတ်ပေးရန်သာ ဖြစ်သည်။

## ဒေါ်ကြည်ကြည် ဝေစု

ထို့ကြောင့် မူလရုံးတရားသူကြီး ချမှတ်သည့် စီရင်ချက်နှင့် ဒီဂရီ ပယ်ဖျက်လိုက်သည်။ ထိုအစား တရားလိုဒေါ်ကြည်ကြည်၏ ဝေစုသည် ၅– ပုံ ၂–ပုံ ဖြစ်သည်ဟု ဆုံးဖြတ်ပြီး ဦးထင်ဝိန်ကျန်ရစ်ခဲ့သည့် ပစ္စည်းများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်းများပြုလုပ်၍ စာရင်းယူရန် ညွှန်ကြားချက်နှင့် ပဏာမ ဒီဂရီချမှတ်ပေးလိုက်သည်။ မူလရုံးအမှုတွင် စရိတ်များကို အမွေပုံ ပစ္စည်းများထဲမှ ကျခံရမည်။ ဤအယူခံမှုနှင့်ပတ်သက်၍ တရားစရိတ် သတ်မှတ် ခြင်း မပြုလုပ်ပေ။

## အခွင့်ထူးအယူခံ

အထက်ပါအတိုင်း နိုင်ငံတော်တရားရုံးချုပ်တရားသူကြီး ဦးစိန်သင်းက ၁၉၈၆–ခုနှစ်၊ မေလ ၂၅ ရက်နေ့တွင် စီရင်ချက်ချမှတ် ဆုံးဖြတ်ခဲ့လေသည်။ ယင်းဆုံးဖြတ်ချက်ကို ဒေါ်ကြည်ကြည်ကလည်းကောင်း၊ မစ္စစ်မေရီဝိန်က

လည်းကောင်း၊ မကျေနပ်၍ အခွင့်ထူးခံကာ တရားရုံးချုပ်သို့ ဆက်လက်အယူခံ တက်ကြလေသည်။

## မစွစ်မေရီဝိန်ထက် မနိမ့်ကျ

ဒေါ်ကြည်ကြည်၏ အယူခံလွှာတွင် "အယူခံတရားသူကြီးက ကွယ်လွန်သူ ဦးထင်ဝိန်သည် ဒေါ်ကြည်ကြည်နှင့် အကြင်လင်မယားအဖြစ် အတူနေထိုင်စဉ်က ဒေါ်ကြည်ကြည်အား မစွစ်မေရီဝိန်နှင့် တန်းတူ တရားဝင်မယား တစ်ယောက်အရာတွင်ထားရန် ရည်ရွယ်ခဲ့ကြောင်းအထောက်အထားမတွေ့ရပါ။ ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်၏ မယားငယ် ဖြစ်၍ ဦးထင်ဝိန်ပိုင် ပစ္စည်းများအနက် ၅–ပုံ ၂–ပုံသာ ခံစားခွင့် ပြုသင့်သည်ဟု မှားယွင်းစွာ အမိန့်ချခဲ့ပါသည်။ ဒေါ်ကြည်ကြည်သည် မစွစ်မေရီဝိန်ထက် မနိမ့်ကျသော အခြေအနေတွင် ရှိကြောင်း လုံလောက်သော သက်သေခံ အထောက်အထားများ ထွက်ချက်များ ရှိခဲ့ပါသည်။

### လေးစားအားထားခဲ့

ကွယ်လွန်သူ ဦးထင်ဝိန်သည် ဒေါ်ကြည်ကြည်ကို မစွစ်မေရီဝိန် ထက် ပိုမို၍ အလေးထားခဲ့ကြောင်း သက်သေခံထွက်ချက်များရှိပါသည်။ ထို့ပြင် ဦးထင်ဝိန် မကျန်းမာစဉ်က ဒေါ်ကြည်ကြည်သည် ဂရုတစိုက်ပြုစုခဲ့သည့်အတွက် ဒေါ်ကြည်ကြည်အပေါ် လေးစားအားထားခဲ့ပါသည်။ ဦးထင်ဝိန် နောက်ဆုံး မကျန်းမာစဉ်က မော်လမြိုင်မှ ရန်ကုန်ရှိ ဒေါ်ကြည်ကြည်ထံ အပြေးအလွှား လာရောက်၍ ဒေါ်ကြည်ကြည်၏ ပြုစုယုယမှုနှင့် ဆေးဝါးကုသခံယူခဲ့သည် မှာ မငြင်းသာသောအချက်ဖြစ်ပါသည်။ ထိုစဉ်က မစွစ်မေရီဝိန်နှင့် သားသမီး များက ဦးထင်ဝိန်၏ ကျန်းမာရေးအခြေအနေနှင့် ပတ်သက်၍ လုံးဝလျစ်လျူ ရှုထားခဲ့ပါသည်။ ယင်းအချက်အရ ဦးထင်ဝိန်က ဒေါ်ကြည်ကြည်အပေါ် သဘောထားကို ရှင်းရှင်းလင်းလင်း သိမြင်နိုင်ပါသည်။

## ရည်ရွယ်ကြောင်း သက်သေခံ

ကွယ်လွန်သူ ဦးထင်ဝိန်သည် သူ၏ အမြဲတန်း နေရပ်လိပ်စာ အမှတ် ၁၉၄၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့ဟု ဖော်ပြသုံးစွဲခဲ့ခြင်း၊ အိမ်ထောင်

ဦးစီးအဖြစ် ဒေါ်ကြည်ကြည်နှင့် အတူ အိမ်ထောင်စုစာရင်းတွင် ထည့်သွင်းထားခြင်း စသည့်အချက်များကို အယူခံတရားသူကြီးသည် ထောက်ရှုဆင်ခြင်သုံးသပ်သင့်ပါသည်။ အောက်ဖော်ပြပါ အချက်အလက်များကို ထောက်ချင့်ခြင်းဖြင့် ကွယ်လွန်သူ ဦးထင်ဝိန်သည် ဒေါ်ကြည်ကြည်အပေါ် တရားဝင်မယားတစ်ယောက်အရာထားရန် ရည်ရွယ်ကြောင်း တွေ့ရမည်ဖြစ်ပါသည်။

(၁)။ ။ ဦးထင်ဝိန်သည် ၎င်းအမြဲတန်း ကိုင်ဆောင်သည့် အမျိုးသားမှတ်ပုံတင်ကဒ်ပြားတွင် အမှတ် ၁၉၄၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်ဟုအမြဲတန်းနေရပ်လိပ်စာကို ဖော်ပြထားခြင်း။

(၂)။ ။ အိမ်ထောင်စုစာရင်းတွင် အမှတ် ၁၉၄၊ ဗိုလ်အောင်ကျော်လမ်းရန်ကုန်မြို့၏ အိမ်ထောင်ဦးစီးအဖြစ် ဖော်ပြထားပြီး ဒေါ်ကြည်ကြည်ကို ၎င်း၏ဇနီးအဖြစ် ဖော်ပြထားခြင်း။

(၃)။ ။ တယ်လီဖုန်းလမ်းညွှန်စာအုပ်တွင် ဦးထင်ဝိန်က အမှတ် ၁၉၄၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့ဟု လိပ်စာပေးထားခြင်း။

(၄)။ ။ဦးထင်ဝိန်၏ မိသားစုက ဦးထင်ဝိန်သည် အမှတ် ၁၉၄၊ ဗိုလ်အောင်ကျော်လမ်း၊ ရန်ကုန်မြို့တွင် အိမ်ထောင်တစ်ခုထည့်ထားကြောင်း သိရှိခြင်း၊ ဦးထင်ဝိန်၏သား ချာလီဝိန် ရေးသားခဲ့သော စာလည်းရှိနေခြင်း။

(၅)။ ။ ကွယ်လွန်သူဦးထင်ဝိန်က သူ၏ ဆွေမျိုးမိသင်္ဂဟများ၊ အိမ်နီးနားခြင်းများနှင့် ဒေါ်ကြည်ကြည်ကို ဇနီးအဖြစ် မိတ်ဆက်ပေးခြင်း။

စသည့် ဦးထင်ဝိန်၏ ပြုမူလုပ်ဆောင်ချက်များကိုကြည့်လျှင် ဒေါ်ကြည်ကြည်အပေါ် မည်သို့သဘောထားသည်ကို သိနိုင်ပါသည်။

## လွဲမှားခဲ့

အယူခံတရားသူကြီးသည် ၁၉၅၄-ခုနှစ် ဗုဒ္ဓဘာသာဝင် မိန်းမများအထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေ၊ အထူးသဖြင့် ဥပဒေအပိုဒ် ၄ နှင့် ၂၀ တို့ကို အဓိပ္ပာယ်ဖွင့်ဆိုရာ၌ များစွာလွဲမှားခဲ့ပါသည်။ ယင်းဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် အမျိုးသားနှင့် ပေါင်းဖက်နေထိုင်ကြသည့် ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးများဘက်မှ ရပ်တည်၍ အထူးအခွင့်အရေးပေးရန် ရည်ရွယ်ပါသည်။ ယင်းဥပဒေ၏ ကန့်သတ်ချက်အရ လင်မယားအရာ မြောက်သည့် ပေါင်းဖက်နေထိုင်ခြင်းဖြစ်ကြောင်း သက်သေပြရန်သာလိုပါသည်။

## အထူးဥပဒေက မရည်ရွယ်

ဒေါ်ကြည်ကြည်နှင့် ဦးထင်ဝိန်တို့သည် ၁၉၄၈–ခုနှစ်မှစ၍ မော်လမြိုင်မြို့တွင် အကြင်လင်မယားအဖြစ် စတင်ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ ယင်းသို့ပေါင်းသင်းနေထိုင်စဉ်မှစ၍ ဦးထင်ဝိန်က ဒေါ်ကြည်ကြည်အား အတည်တကျ ပေါင်းသင်းရန် ရည်ရွယ်ချက်ရှိကြောင်း ပေါ်လွင်အောင် သက်သေပြရမည်ဟု အယူခံရုံးတရားသူကြီးကဆိုခြင်းမှာ ဒေါ်ကြည်ကြည်အပေါ်တွင် ဝန်ပိစေပါသည်။ အထူးဥပဒေက ဒေါ်ကြည်ကြည်ပေါ်တွင် ဝန်ပိစေရန် မရည်ရွယ်ခဲ့ပါ။

## အခွင့်အရေး တစ်ရပ်ပေးခဲ့

အယူခံတရားသူကြီးသည် ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေက ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားများနှင့် ထိမ်းမြားသော ဗုဒ္ဓဘာသာဝင်မိန်းမများကို အထူးအခွင့်အရေးတစ်ရပ်ပေးရန် ရည်ရွယ်ခဲ့သည် ဆိုသောအချက်ကို အလေးမထားခဲ့ပါ။ ယင်းဥပဒေ၏ မူလအခြေခံရည်ရွယ်ချက်ကို ဗုဒ္ဓဘာသာဝင်မဟုတ်သည့်အမျိုးသားနှင့် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်သည့် ဗုဒ္ဓဘာသာဝင် မြန်မာအမျိုးသမီးသည် အကယ်၍ မယားငယ်ဖြစ်စေကာမူ ၎င်းတို့၏ အကြင်လင်မယားအဖြစ် အတူတကွ နေထိုင်မှုရှုမြင်သုံးသပ်ရာတွင် ဗုဒ္ဓဘာသာမြန်မာလူမျိုးချည်းကဲ့သို့ ရှုမြင်ရမည်။ ၎င်းတို့၏ ဆက်ဆံရေးကိုလည်း လင်မယားအဖြစ် အတူနေထိုင်သည့် အချိန်မှစ၍ ထိမ်းမြားခဲ့သည်ဟု မှတ်ယူနိုင်သည်။ ဤသည်မှာလည်း ဗုဒ္ဓဘာသာအမျိုးသမီးနှင့် ထိမ်းမြားသော ဗုဒ္ဓဘာသာဝင်မဟုတ်သည့် အမျိုးသားအား တာဝန်မှရှောင်လွှဲ၍ မရနိုင်စေရန် အထူးဥပဒေရည်ရွယ်သည်မှာ ထင်ရှားပါသည်။ အထူးဥပဒေက မြန်မာဗုဒ္ဓဘာသာဝင် အမျိုးသမီးများအား သိမ်ငယ်နိမ့်ကျစေရန် မရည်ရွယ်ပါ။

## တန်းတူခံစားခွင့်ရှိ

ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်၏ တရားဝင်မယားတစ်ယောက်ဖြစ်ပြီးမစွစ်မေရီဝိန်ထက် မနိမ့်ကျသော အခြေအနေတွင်ရှိပါသည်။ မစ္စစ်မေရီဝိန်နှင့်တန်းတူရည်တူခံစားခွင့်ရှိပါသည်။ အယူခံရုံးတရားသူကြီးက ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်၏ မယားငယ်သာဖြစ်၍ ဦးထင်ဝိန်ပိုင် ပစ္စည်းများအနက်မှ

၅–ပုံ ၂–ပုံ သာ ခံစားခွင့်ပြုကြောင်း အမိန့်ချခဲ့ခြင်းမှာ မှားယွင်းပါသည်။ ထို့ကြောင့် အယူခံရုံးတရားသူကြီး၏ အမိန့်ကို ပယ်ဖျက်သင့်ပါသည်။ စသဖြင့် ဖော်ပြခဲ့လေသည်။

## အမြှောင်မယား

မစ္စစ်မေရီဝိန်ကလည်း မိန်းမတစ်ယောက်သည် ယောကျ်ားတစ်ဦးအား မခြားမိန်းမတစ်ယောက်၏ တရားဝင်လင်ယောကျ်ားမှန်း သိလျက်နှင့် ထိုယောကျ်ားနှင့် အတူတကွ ပေါင်းသင်းနေထိုင်လျှင် အမြှောင်မယားဟု မှတ်ယူရမည်ဖြစ်ပါသည်။ ယင်းသို့ အမြှောင်မယားအဖြစ် မှတ်ယူရမည်ဆိုသည့် အချက်ကို အယူခံတရားရုံး တရားသူကြီးက ကိုင်စွဲခြင်းမပြုခဲ့သဖြင့် ဥပဒေအရ မှားယွင်းချွတ်ချော်နေပါသည်။ ဒေါ်ကြည်ကြည်နှင့် ဦးထင်ဝိန်တို့သည် မည်သို့ပင် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ကြသည်ဟု ဆိုစေကာမူ သဘောတူညီချက် တစ်စုံတစ်ရာမရှိခဲ့လျှင် တရားဝင်သော လက်ထပ်ခြင်း ဖြစ်သည်ဟု မဆိုနိုင်ပါ။

## ရုံးနှစ်ရုံးအမိန့် ပယ်ဖျက်သင့်

ကွယ်လွန်သူ ဦးထင်ဝိန်သည် ဒေါ်ကြည်ကြည်အား ဆက်ဆံရာတွင် မယားတစ်ယောက်အရာထား၍ မဆက်ဆံခဲ့သည်မှာ ယုံမှားသံသယ ဖြစ်စရာမရှိ ရှင်းလင်းလှပါသည်။ ဒေါ်ကြည်ကြည်သည် တရားဝင်မယား တစ်ယောက်ဖြစ်ကြောင်း ခိုင်လုံသော သက်သေအထောက်အထားများလည်း မပြနိုင်ခဲ့ပါ။ ဒေါ်ကြည်ကြည်သည်အမွေဆက်ခံပိုင်ခွင့်ရှိသူမဟုတ်ဘဲမိမိ၏လက်ရှိအခြေအနေနှင့်ပင် ကျေနပ်သင့်သူ တစ်ဦးဖြစ်ကြောင်း တရားသူကြီးသည် ဆုံးဖြတ်ရမည့် အစား လွဲမှားစွာဆုံးဖြတ်ခဲ့ပါသည်။ ဒေါ်ကြည်ကြည်သည် မယားငယ် တစ်ယောက်မဟုတ်ဘဲ အပျော်မယားသာ ဖြစ်သည်ဆိုသည့်အချက်ကို မကိုင်စွဲခဲ့သဖြင့် အယူခံရုံး တရားသူကြီး၏ ဆုံးဖြတ်ချက်မှာ မှားယွင်းနေပါသည်။ ထို့ကြောင့် မူလတရားမ တရားရုံးနှင့် နိုင်ငံတရားရုံးချုပ် အယူခံရုံးတို့၏ အမိန့်ကိုရုံးစရိတ်နှင့်တကွ ပယ်ဖျက်သင့်ပါသည်'' ဟု အယူခံလွှာတွင် ဖော်ပြထားသည်။

## စုံညီခုံဖြင့် ကြားနာ

ထို့နောက် တရားချုပ်က ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေကို အများပြည်သူများ သိကျွမ်းခြင်း၊ သုံးစွဲခြင်း၊ ယင်းအက်ဥပဒေနှင့်ပတ်သက်၍ စီရင်ထုံးပြုထားခြင်း နည်းပါးသေးသည်ဖြစ်၍ စုံညီခုံဖြင့် နိုင်ငံတော်ရှေ့နေချုပ်နှင့် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေကျမ်းပြု ပါရဂူဒေါက်တာအေးမောင်တို့အား ရုံးသဟာယအဖြစ် ဖိတ်ကြားပြီးနောက် အခွင့်ထူးအယူခံများကို ကြားနာခဲ့လေသည်။ နှစ်ဖက်အပြိုင်တင်သော အယူခံများတွင် ပြဿနာများ ထပ်တူဖြစ်ကြ၍ တပေါင်းတည်း ကြားနာခဲ့လေသည်။

ဒေါ်ကြည်ကြည်၏ ရှေ့နေကြီး ဦးမောင်မောင် (၆)၊ မစ္စစ်မေရီဝိန်၏ ရှေ့နေကြီး ဦးကျော်မြင့်၊ ရှေ့နေကြီးဒေါက်တာအေးမောင် နှင့် လက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်းတို့က အကျယ်တဝင့် ကျမ်းကိုးဖြင့် အသီးသီး တင်ပြကြလေသည်။ ထို့နောက် နိုင်ငံတော်တရားရုံးချုပ်၊ တရားသူကြီး ဒေါက်တာမောင်မောင်၊ တရားသူကြီး ဦးကျော်ဖေဦး နှင့် တရားသူကြီး ဦးသက်ဖေ တို့ ပါဝင်သော ခုံရုံးက အောက်ပါအတိုင်း စီရင်ချက်ချမှတ်ခဲ့လေသည်။

## မယားငယ် ပယ်ဖျက်

အထောက်အထားများအရ၊ ဒေါ်ကြည်ကြည်သည် ၁၉၅၄–ခုနှစ် အက်ဥပဒေအရ ဦးထင်ဝိန်၏ တရားဝင်မယားအဖြစ်သို့ ရောက်ရှိခဲ့ပြီးသည်ဟု မူလရုံးနှင့် ပထမ အယူခံရုံးတို့က တစ်သဘောတည်းတွေ့ရှိခဲ့သည်။ ကျွန်ုပ်တို့က လည်း ထိုသို့ပင် မြင်တွေ့ဆုံးဖြတ်သည်။ ထို့ကြောင့် ပထမ အယူခံရုံးက လွဲချော်၍ ဒေါ်ကြည်ကြည်သည်“မယားငယ်”ဖြစ်သည်ဟု ဆုံးဖြတ်ထားခြင်းကို ပယ်ဖျက်ရပေမည်။

## ထက်ဝက်နှင့် သုံးပုံတစ်ပုံရ

အခွင့်ထူးခံ အယူခံများအနက် မစ္စစ်မေရီဝိန်၏ အယူခံကိုပယ်သည်။ ဒေါ်ကြည်ကြည်၏ အယူခံကို စရိတ်နှင့်တကွခွင့်ပြု၍ ပထမ အယူခံရုံး၏ ဆုံးဖြတ်စီရင်ချက်ကို ပယ်ဖျက်သည်။ ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်၏ တရားဝင်မယားအဖြစ် ၎င်းကျန်ရစ်သော အမွေပုံမှ မစ္စစ်မေရီဝိန် နှင့် ခွဲဝေရပိုင် ခွင့်ရှိသည်။ မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ဒေါ်ကြည်ကြည်၏ ဝေစုသည်

ဦးထင်ဝိန်နှင့် ပေါင်းသင်းစဉ်ကရရှိခဲ့သော လက်ထက်ပွားပစ္စည်းများမှ ထက်ဝက် မပေါင်းသင်းမီ မစ္စစ်မေရီဝိန်နှင့် ဦးထင်ဝိန်တို့၏ လက်ထက်ပွားပစ္စည်းမှ သုံးပုံ တစ်ပုံတို့ ဖြစ်သည်။

## စာရင်း ရှင်းလင်းစုံစမ်းဦး

မူလတရားရုံးက မည်သည့်ပစ္စည်းတို့သည် ဦးထင်ဝိန်မယားနှင့် ပေါင်းသင်းစဉ်ကရသောလက်ထက်ပွားပစ္စည်းဖြစ်သည်။ မည်သည့် ပစ္စည်းသည် မေရီဝိန် တစ်ဦးတည်းနှင့် ပေါင်းသင်းစဉ်ကရသော လက်ထပ်ပွားဖြစ်သည်ဟု ပဏာမ ဒီဂရီတွင် ဆုံးဖြတ်ခြင်းသည် မှားယွင်းသည်ဖြစ်၍ ယင်းဆုံးဖြတ်ချက်ကို ပယ်ဖျက်သည်။ ယင်းသို့ဆုံးဖြတ်နိုင်ရန် လိုအပ်သလို စာရင်းရှင်းလင်း စုံစမ်း ရဦးမည် ဖြစ်ပါသည်။ ဤရုံးရှေ့နေခ ၁၇ဝ / အယူခံနှစ်မှုကို တစ်ပေါင်းတည်း ကြားနာသဖြင့် စရိတ်တစ်ရပ်သာ ခွင့်ပြုသည်။ ရုံးအဆင့်ဆင့် တရားစရိတ်တို့ကို အမွေပုံမှ ထုတ်ယူနိုင်သည်။

ရုံးသဟာယအဖြစ်လိုက်ပါဆောင်ရွက်ကာ ရုံးအားကူညီကြသော ရှေ့နေ ကြီး ဒေါက်တာအေးမောင်နှင့် လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း တို့အား အထူးကျေးဇူးဥပကာယ တင်ရှိကြောင်းမှတ်တမ်းတင်သည်... စသဖြင့် ဆော်ပြကာ ၁၉၇၁–ခုနှစ် ဇွန်လ ၁၅–ရက်နေ့တွင် စီရင်ချက်ချမှတ်ဆုံးဖြတ်ခဲ့လေ သည်။

# (၅)
# တရားရုံး   အဆင့်ဆင့်၏
# စီရင်ချက်   အပြည့်အစုံ

**[၅]**

**တရားရုံးအဆင့်ဆင့်၏**

**စီရင်ချက် အပြည့်အစုံ**

## တရားမရုံးစီရင်ချက်

ရန်ကုန်မြို့၊ တရားမရုံးတော်။
၁၉၆၇–ခုနှစ်၊ နိုဝင်ဘာလ ၃၀–ရက်နေ့။
၁၉၆၂–ခုနှစ်၊ တရားမကြီးမှုအမှတ်၊ ၅၄၅၊
ဒေါ်ကြည်ကြည် နှင့် မစ္စစ်မေရီဝိန်ပါ–၉။
တရားလိုအတွက်၊ ဦးမောင်မောင်
တရားခံအတွက် ဦးကျော်မြင့်၊ ဦးသန်းအောင်

### စီရင်ချက်

ဤအမှုမှာ ၁၉၅၄–ခု၊ မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံသည့် အက်ဥပဒေကို အခြေပြု၍ စွဲသည့်အမှုဆိုလျှင် မမှားချေ။ မြန်မာဗုဒ္ဓဘာသာ အမျိုးသမီးတစ်ဦးဖြစ်သူ တရားလိုက သူသည်

ကွယ်လွန်သူ ခရစ်ယာန်ဘာသာကိုးကွယ်သည့်မြန်မာအမျိုးသား ဦးထင်ဝိန်ဆိုသူ၏ ဇနီးတစ်ယောက်ဖြစ်သဖြင့် ထိုဦးထင်ဝိန်ကျန်ရစ်ခဲ့သည့် အမွေပစ္စည်းများကို ဦးထင်ဝိန်၏ ပထမ,မယား၊ မြန်မာခရစ်ယာန်အမျိုးသမီး ၁–တရားခံနှင့် ညီတူညီမျှတစ်ဝက်ဆီ ရထိုက်ကြောင်း စွဲဆိုသည့်အမှုဖြစ်သည်။

အဆိုလွှာတွင် တရားလိုက သူသည် ၁၉၄၈–ခုနှစ်ကစ၍ ကွယ်လွန်သူ ဦးထင်ဝိန်နှင့် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ်ကွက်၊ ဟောက်တင်လမ်း၊ အိမ်အမှတ် ၁၇ တွင် ပထမဦးစွာ နှစ်ဦးသဘောတူ ပွင့်ပွင့်လင်းလင်း အတူနေထိုင်စားသောက်ပြီး လင်မယားအဖြစ်ဖြင့် ပေါင်းသင်းနေခဲ့သည်။ ထိုအချိန်ကစ၍ ဥပဒေအရ ဦးထင်ဝိန်နှင့်အကြင်လင်မယားဖြစ်ခဲ့ကြသည်။ ဤကဲ့သို့ စာ–၁၂ တရားလိုနှင့် ဦးထင်ဝိန်အကြင်လင်မယား မဖြစ်မီက ဦးထင်ဝိန်တွင် မယားကြီးရှိသည်။ ၁–တရားခံဖြစ်ပြီး တရားခံ၊ (၂)(၃)(၄)(၅)(၆)တို့မှာ ထိုမယားကြီးနှင့် ဦးထင်ဝိန်တို့ ရသည့် ကလေးများဖြစ်သည်။ တရားလိုနှင့် ကွယ်လွန်သူ ဦးထင်ဝိန်တို့သည် လင်မယားအဖြစ်ဖြင့် ၁၉၄၈– ခုနှစ် မော်လမြိုင်မြို့၌စ၍ အတူနေအတူစား ပေါင်းသင်းစပ်ယှက်ခဲ့ပြီးနောက် ရန်ကုန်မြို့သို့ပြောင်းလာပြီး နှစ်နေရာသုံးနေရာတွင် နေထိုင်ကြသည်။ နောက်ဆုံး ဗိုလ်အောင်ကျော်လမ်း၊ အိမ်နံပါတ်(၁၉၄)၊ အခန်းနံပါတ် (၆) တွင် အတူနေထိုင်ခဲ့သည်။ ၁၉၆၁–ခုနှစ် ဇွန်လ(၅)ရက်နေ့က ဦးထင်ဝိန်ကို ရန်ကုန်မြို့ ဗိုလ်အောင်ကျော်လမ်း၊ အဆောက်အဦအမှတ်(၁၉၄)၊ အခန်းအမှတ် (၆) မှ နေပြီး ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ အမေရိကန်ဆေးရုံသို့တင်၍ ရောဂါကုသရပါသည်။ ထိုဆေးရုံတွင်နေ့ရောညပါ တရားလိုကိုယ်တိုင် ဦးထင်ဝိန်ကို ပြုစုခဲ့ပြီး၊ ၁၉၆၁ ခုနှစ်၊ ဇွန်လ (၁၆) ရက်နေ့တွင်ဦးထင်ဝိန် အနိစ္စရောက်သွားပါသည်။ ဦးထင်ဝိန်အနိစ္စရောက်သည့်အခါက အဆိုနှင့် ပူးတွဲတင်ပြထားသည့် ဇယား(၁)တွင် ဖော်ပြထားသော ပစ္စည်းများကျန်ရစ်ခဲ့သည်။ မော်လမြိုင်မြို့ မစ်ရှင်လမ်း၊ အိမ်အမှတ် (၄) နှင့် မုဒုံလမ်းရှိ ခြံမြေကွက်တစ်ကွက်မှလွဲ၍ အခြားပစ္စည်းတို့မှာ တရားလိုနှင့် ဦးထင်ဝိန်တို့ ပေါင်းသင်းနေသည့်အခါ တိုးပွားဖြစ်ထွန်းသည့် ပစ္စည်း(လက်ထပ်ပွားဖြစ်သည်)။ ထို့အပြင် ၁၉၆၀–ခုနှစ် စက်တင်ဘာလ (၃) ရက်နေ့တွင် ဦးထင်ဝိန်က သေတမ်းစာတစ်စောင် ရေးခဲ့သည်ဟု သိရှိရသည်။ ထိုသေတမ်းစာမှာ ဥပဒေအချက်အလက်များနှင့် မကိုက်ညီသဖြင့် ပျက်ပြယ်သည်။ တရားလိုသည် မြန်မာဗုဒ္ဓဘာသာအမျိုးသမီးတစ်ဦးဖြစ်သဖြင့် ၁၉၄၈–

ခုနစ်မှစ၍ ကွယ်လွန်သူ ဦးထင်ဝိန်နှင့် ပွင့်ပွင့်လင်းလင်း အတူနေထိုင်စားသောက်လာပြီး လူသိရှင်ကြား လင်မယားအဖြစ်ဖြင့် ပေါင်းသင်းဆက်ဆံလာသည့်အတွက် ဦးထင်ဝိန်၏မယားတစ်ယောက်အနေနှင့် ဦးထင်ဝိန်ကျန်ရစ်ခဲ့သည့် အမွေပစ္စည်းများကို မြန်မာဗုဒ္ဓဘာသာဥပဒေအရ ခွဲဝေရမည် အစရှိသည်ဖြင့် အဆိုပြုထားသည်။

တရားခံအမှတ်(၁) (၂) (၃) (၅) (၆) (၇) တို့က စုပေါင်း၍ ချေလွှာတစ်စောင်တင်သည်။ ထိုတရားခံတို့က အဆိုလွှာတွင် ပါရှိသည့် တရားလို၏အဆိုပြုချက်များကိုငြင်းဆိုသည်။ တရားလိုသည် ကွယ်လွန်သူဦးထင်ဝိန်၏မယားမဟုတ်ဟုငြင်းသည်။ ထိုကဲ့သို့ငြင်းသည့်အပြင် တရားလိုသည် ကွယ်လွန်သူ ဦးထင်ဝိန်၏ အမွေများကို ဆက်ခံနိုင်သည့် မယားတစ်ယောက်အဖြစ်သို့ မမြောက်ခဲ့ (စာ–၃) ဟုလည်း ထုချေသေးသည်။ ထို့ပြင် အချင်းဖြစ်ပစ္စည်းများမှာ တရားလိုနှင့် ကွယ်လွန်သူဦးထင်ဝိန်တို့ လက်ထပ်ပွားပစ္စည်းများမဟုတ်ဟုလည်း ငြင်းသေးသည်။

တရားခံအမှတ် (၄)က ချေလွှာသီးသန့်တင်သော်လည်း ထိုချေလွှာအရ တရားခံ ၁–၂–၃–၅–၆–၇ တို့တင်သည့် ချေလွှာကို ထောက်ခံသည်။ အတည်ပြုသည်ဟု ဆိုထားကြောင်း တွေ့ရသည်။

တရားလိုအမှတ်(၈)အနေဖြင့် သီးသန့်ချေလွှာတစ်စောင်တင်သည်။ ကွယ်လွန်သူ ဦးထင်ဝိန်က (၁)တရားခံကို လက်ထပ်ပြီးတရားခံအမှတ် (၂)မှ (၇)တို့ကို မွေးကြောင်း အမေရိကန်ဆေးရုံတွင် ဦးထင်ဝိန်ကွယ်လွန်အနိစ္စ ရောက်ကြောင်း အစရှိသည့် အချက်များမှလွဲ၍ အဆိုလွှာတွင်ပါရှိသည့် အခြားစွပ်စွဲချက်များကို ဘာမျှ မသိဟုဆိုသည်။ ကွယ်လွန်သူဦးထင်ဝိန်ပြုလုပ်သည့် သေတမ်းစာမှာလည်း ဥပဒေနှင့်ကိုက်ညီသဖြင့် အတည်ဖြစ်သည်ဟုဆိုသေးသည်။ တရားခံအမှတ်(၈)မှာ ကွယ်လွန်သူ ဦးထင်ဝိန်ပြုလုပ်သည့် သေတမ်းစာအရ ခန့်အပ်ထားသည့် အမွေထိန်းဖြစ်သည်။

တရားခံအမှတ် ၉ မှာ မော်လမြိုင်ရှိ မြန်မာယေရှုဂိုဏ်း ဘုရားရှိခိုးကျောင်းဖြစ်သည်။ ကွယ်လွန်သူဦးထင်ဝိန်၏ သေတမ်းစာအရ ၎င်းကျန်ရစ်ခဲ့သည့် ပစ္စည်းများတစ်ဝက်ကို ထိုဘုရားရှိခိုးကျောင်းကို လှူဒါန်းခဲ့သည့်အတွက် ထိုဘုရားရှိခိုးကျောင်းမှ တရားပြိုင်တစ်ဦးအဖြစ် ဤအမှုတွင် ထည့်သွင်းစွဲဆိုခြင်းခံရသည်။ တရားခံအမှတ်(၉)၏ ချေပလွှာမှာလည်း တရားခံအမှတ်(၈) ၏

ချေလွှာအတိုင်းပင်ဖြစ်ကြောင်း တွေ့ရသည်။

အဆိုအချေများပေါ်မူတည်၍ အောက်ပါငြင်းဆိုချက်ကို ထုတ်သည်။

1. Could there by in law a valid marriage between plaintiff a Burmese Buddhist lady and late L. Htin Wain a Christian, who was already married ro defendant No. 1 ?

2. What is the law relating to the successing to the estate of L. Htin Wain ?

3. Is the will executed by the late L. Htin Wain of the 3 rd December 1960 null and void in law ?

4. (a) Did the plaintiff and the late L. Htin Wain live and eat together as man wife only and by mutual consent and did they thus become in law married couple ?

(b) if so, did she attain the status of a wife to inherit a share of his estate ?

5. Who are the heirs of the deceased L. Htin Wain and what are their estate ?

6. What properties does the estate of deceased L. Htin Wain Comprised ?

7. To what relief is the plaintiff entitled ?

ဤအမှုတွင် အဓိကအချက်အနေနှင့် ဆုံးဖြတ်ရန်မှာ တရားလို ဒေါ်ကြည်ကြည်သည် ကွယ်လွန်သူ ဦးထင်ဝိန်၏ တရားဝင်မယား ဟုတ်မဟုတ် ဟူသော အချက်ဖြစ်သည်။ ဒေါ်ကြည်ကြည်သည် မြန်မာဗုဒ္ဓဘာသာ အမျိုးသမီးတစ်ဦး ဖြစ်ကြောင်း၊ ဦးထင်ဝိန်၏ ပထမ မယားမှာ မြန်မာခရစ်ယာန် အမျိုးသမီးတစ်ဦး ဖြစ်သူ ပထမ တရားခံ ဖြစ်ကြောင်းတို့ကို အငြင်းပွားချက်မရှိ။ ကွယ်လွန်သူ ဦးထင်ဝိန်သည် ခရစ်ယာန်မြန်မာအမျိုးသားတစ်ဦးဖြစ်ပြီး ခရစ်ယာန်ဘာသာအရ လက်ထပ်ထားသည့် မယားကြီးရှိလင့်ကစား၊ တရားလိုက သူသည် ဦးထင်ဝိန်၏ မယားဖြစ်ခဲ့သည်ဟု အဆိုပြုခြင်းမှာ ၁၉၅၄–ခုနှစ် မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ၏ အထူးထိမ်းမြားမှုနှင့် စွပ်စွဲခြင်းဖြစ်သည်။ ထိုအက်ဥပဒေ ပုဒ်မ ၂၀ ကို အခြေခံပြီး အမှီသဟဲပြုပြီးစွပ်စွဲခြင်းဖြစ်သည်။ ထိုအက်ဥပဒေ ပုဒ်မ ၂၀ ကို အောက်ပါအတိုင်းပြဋ္ဌာန်းထားကြောင်း တွေ့ရသည်။

"ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင် မိန်းမတစ်ဦးတို့ ပေါင်းဖက်နေထိုင်မှုပြုကြပုံသည် အကယ်၍ ထိုနှစ်ဦးစလုံး ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်းဖြစ်ခဲ့သော်၊ ဗုဒ္ဓဘာသာဝင် ဓမ္မသတ်အရ

လင်မယားအရာမြောက်၍ ပေါင်းဖက်နေထိုင်ပြုမူကြပုံမျိုးဖြစ်လျှင် ထိုသူတို့သည် ထိုသို့ ပေါင်းဖက်စကပင် ထိမ်းမြားခဲ့သည့် မှတ်ယူရမည့်ပြင် ထိုသူတို့သည် ဤအက်ဥပဒေအရ ထိမ်းမြားခဲ့ကြသည်ဟုလည်း မှတ်ယူရမည်။''

ထို့ကြောင့် တရားလိုနှင့် ကွယ်လွန်သူဦးထင်ဝိန်တို့၏ ပေါင်းဖက်နေထိုင် ပြုမူကြပုံသည် ဗုဒ္ဓဘာသာဓမ္မသတ်အရ လင်မယားအရာမြောက်မည့် ပေါင်းဖက် နေထိုင်ပြုမူကြပုံမျိုး ဖြစ်မဖြစ် စိစစ်ရန်လိုပေလိမ့်မည်။ ဤနေရာတွင် ဗုဒ္ဓဘာသာ ဓမ္မသတ်အရ အကြင်မိန်းမတစ်ဦးနှင့် ယောကျ်ားတစ်ဦးတို့သည် လင်မယား ဟုတ်မဟုတ်၊ အိမ်ထောင်ဖြစ်မဖြစ်ဟူသော အချက်နှင့် စပ်လျဉ်း၍ စီရင်ထုံး အချို့တို့နှင့် ဥပဒေသုတေသီတို့၏ ရေးသားချက်များကို တင်ပြရန် လိုအပ်ပေ လိမ့်မည်ဟု ယူဆပါသည်။

ဗုဒ္ဓဘာသာဓမ္မသတ်အရ လင်မယားအရာမြောက်ရန် မည်သည့် အခမ်း အနားပြုလုပ်ရမည်ဟုမရှိ။ ထင်ထင်ရှားရှား လင်မယားဟုသိအောင် နေထိုင်လျှင် လင်မယားအရာမြောက်လေသည်။ ထိုအတွက် လူသိ လူမြင် ပေါင်းသင်းနေ ထိုင်လျှင် လင်မယားဟု အသိအမှတ် ပြုအပ်သည်။ လင်မယားဟု အသိအမှတ် မပြုမီ ဤကဲ့သို့သော အသိအမှတ်ပြုနိုင်သောအကြောင်းများရှိရမည်။

လင်မယား အထင်အရှားမဖြစ်မီ ရပ်ရွာနှင့် အိမ်နီးပါးချင်း အတော် များများနှင့် အိမ်နီးပါးချင်း အတော်အများအပြားရှိရမည်။ ၎င်းပြင်လည်း အထင်အရှားဆိုသည်မှာ ၎င်းရပ်ရွာဒေသ ထုံးစံအတိုင်း တရားဥပဒေ အသိ အမှတ်ပြုသော လင်မယားအရာမြောက်အောင် ထင်ရှားစေရမည်ဟု **မပန်းဒီနှင့် မခင် (၁)** တို့အမှုတွင် ဆုံးဖြတ်လျက်ရှိသည်။

မြန်မာဗုဒ္ဓဘာသာ ဓလေ့ထုံးတမ်းတွင်ထိမ်းမြားလက်ထပ်မှုတစ်ခု တရားဝင် ဖြစ်ရေးအတွက် အသိအမှတ်ပြုထားသည့် အခမ်းအနားမရှိကြောင်း ဆွေမျိုးမိတ်ဆွေ အပေါင်းအသင်းတို့အား ကျွေးမွေးဧည့်ခံသည့် အခမ်းအနားများ လုပ်လေ့ ရှိကြသော်လည်း မည်သည့်အခမ်းအနားမျှ မလုပ်ဘဲ ယောကျ်ားနှင့် မိန်းမတို့ နှစ်ဦးသဘောတူချက်ဖြင့် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေ ထိုင်သူများလည်း ရှိကြသေးသည်။ ထိုသူများအဖို့ ထိမ်းမြားမှုနှင့် ပတ်သက်သော ပြဿနာများ ပေါ်ပေါက်သည့်အခါ ၎င်းတို့၏ နေထိုင်ပေါင်းသင်းဆက်ဆံမှု အပေါ် အခြေပြု၍ အဆုံးအဖြတ်ပေးရသည်ဟု ဦးမြစိန်၊ မြန်မာဗုဒ္ဓဘာသာ တရားဥပဒေစာအုပ် (၁၉၉၆)ခုနှစ်ထုတ်၊ စာမျက်နှာ (၃၄) တွင် ဖော်ပြရေးသား

ထားကြောင်း တွေ့ရသည်။

လင်မယားအဖြစ်ပေါင်းသင်းနေထိုင်မှု ဆိုသည်မှာ တရားဝင်လင်မယား အဖြစ် အထင်အရှားပေါင်းသင်းဆက်ဆံမှုကို ဆိုလိုပေသည်။ တိတ်တဆိတ် ပေါင်းသင်းနေထိုင်မှုမှာ ယောကျ်ားတစ်ယောက်နှင့် "တိတ်တိတ်ပုန်း မယား တို့၏ ဆက်ဆံမှုများနှင့်မတူ ခြားနားလှပေသည်။ လင်နှင့် မယားတို့၏ ပေါင်းသင်းမှုမှာ ရပ်ရွာမှ အတင်းအဖျင်း ပြောခြင်းမခံရဘဲနှင့် ဇနီးမောင်နှံအဖြစ် အသိအမှတ်ပြု၍ဆက်ဆံကြောင်းထင်ရှားစေရမည်ဟု**မောင်မောင်နှင့်မစိန်ကြည်** (၂) တို့တွင် ဆုံးဖြတ်ပေးထားကြောင်း တွေ့ရပါသည်။"

အကြင်လင်မယားအဖြစ် နှစ်ဦးသဘောတူ အတည်တကျနေနိုင်ရန် ရည်ရွယ်ချက်မရှိဘဲ ထွက်ပြေးပြီး စပ်ယှက်မှုပြုရုံမျှနှင့် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်မှုမမြောက်၍ထိမ်းမြားမှုမတည်မြဲဟု **မငယ်နှင့်မောင်ဘိုးရင်** (၃)တို့တွင် ရေးထားကြောင်းတွေ့ရသည်။

လင်မယားအဖြစ် ပေါင်းသင်းနေထိုင်မှုဆိုရာတွင် အပျော်မယား သို့မဟုတ် တိတ်တိတ်ပုန်းမယားနှင့် ဆက်ဆံပြီး စပ်ယှက်မှုမျိုးနှင့်အတူ ခြားနား စေရန်အတွက် အကြင်လင်မယားအဖြစ် ဆက်ဆံမှုမှာ လူသိရှင်ကြား အထင် အရှား ဖြစ်ရန်လိုပေသည်ဟု (မောင်မောင်နှင့် မစိန်ကြည် (၂) အထက်တွင် ပြဌာန်းထားကြောင်း တွေ့ရပါသည်။)

ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်တို့သည် တရားဝင် လင်မယား ဟုတ်မဟုတ်ဆိုသည့်အချက်ကို ၎င်းတို့၏အပြုအမူနှင့် ကျော်ဇော သတင်းကို အခြေပြု၍ ဆုံးဖြတ်ရသည်ဟု **မိမယ်နှင့်မိရွှေ**(၄)တို့တွင် ဆုံးဖြတ် ချက်ရှိသည်။

အပြုအမူနှင့် ကျော်ဇောသတင်းကို အခြေပြုလိုလျှင် အောက်ပါအချက် များကို စိစစ်ရန်လိုအပ်ပေသည်ဟု ဦးမေအောင်ရေး "ဗုဒ္ဓဘာသာတရားဥပဒေနှင့် ဦးအေးမောင်" (စ–၆) မြန်မာဗုဒ္ဓဘာသာ တရားဥပဒေ စာမျက်နှာ (၃၅– တို့၌ ပြဆိုထားသည်ကို တွေ့ရပါသည်။)

၁။ ယောကျ်ားဖြစ်စေ၊ မိန်းမဖြစ်စေ၊ တစ်ဦးဦး သို့မဟုတ် နှစ်ဦးစလုံး ၎င်းတို့ လင်မယား ဟုတ်မဟုတ်ဆိုသည့်အချက် ဖွင့်ဟပြောဆိုဖူးသလား။

၂။ ၎င်းတို့ အတူနေသလား။

၃။ တစ်ဦးနှင့် တစ်ဦးသော်လည်းကောင်း၊ အခြားသူများအား သာမန်

လင်မယားတို့ကဲ့သို့ ပြုလုပ်ဆက်ဆံသလား။

၄။ ၎င်းတို့သည် ဆွေမျိုးများ မိတ်ဆွေများထံသို့ အတူတကွ သွားလာလည်ပတ်သလား။

၅။ ၎င်းတို့သည် ဇရပ်ကျောင်းကန်ဘုရားများသို့ အတူသွားလာသလား။ အလှူဒါန အတူပြုသလား။

၆။ ယောကျ်ားအားလည်းကောင်း၊ မိန်းမအားလည်းကောင်း တစ်ဖက်မှ ဆွေမျိုးများက အလှူဒါန အတူပြုသလား။

၇။ မိန်းမနှင့် ၎င်း၏ မိဘများနှင့် အဆင့်အတန်း အကျင့်စာရိတ္တ။

၈။ ၎င်းတို့၏ ဆက်ဆံမှုမှာ တရားဥပဒေနှင့် ဆန့်ကျင်ပြီး တိတ်တိတ်ပုန်း ဆက်ဆံသည်ဟု မိတ်ဆွေများက ထင်မှတ်စရာ အကြောင်းရှိပါသလား။

၉။ ပစ္စည်းအခန်းတွင် နှစ်ဦးအတူ ပူးတွဲဆက်ဆံသလား။

၁၀။ အကယ်၍ တစ်ယောက်သေဆုံးပြီးဖြစ်ပါက အသုဘကိစ္စ၌ ကျန်တစ်ယောက်၏ အပြုအမူ။

အထက်ပါအချက်များနှင့် အခြားပတ်ဝန်းကျင်အခြေအနေများ(အားလုံး မလိုသော်လည်း)ကို ထောက်ထား၍ ယောကျ်ားတစ်ယောက်နှင့် မိန်းမ တစ်ယောက်သည် လင်မယားဖြစ်သည် မဖြစ်သည်ဆိုသည့် ပြဿနာကို ဆုံးဖြတ်ရပေမည်။ **မအိနှင့်မောင်စံဘ** (၅)နှင့် ဦးမေအောင်၏ Leading Cases On B.L.P. 20 ကိုကြည့်ပါ။

ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်တို့သည် လင်မယား မဟုတ်ဘဲ အတူနေထိုင်လျှင် မသင့်လျော်ဟု ယူဆရမည်ဖြစ်ရာ အကယ်၍ အတူနေလျှင် ထိုအချက်မှာ အရေးကြီးလှပေသည်။ မလှိုင်နှင့် မရွှေမြ (၆)ကို ကြည့်ပါ။ သို့ရာတွင် သီးခြားနေထိုင်ကာမျှဖြင့် လင်မယားမဟုတ်ဟု မယူဆ နိုင်ကြောင်း မကြွယ်နှင့် မသီတာ (၇)စီရင်ထုံး၌ ပြဆိုသည်။ မြန်မာဗုဒ္ဓဘာသာ မိန်းမတစ်ယောက်နှင့် ယောကျ်ားတစ်ယောက်တို့သည် နှစ်ဦးသဘောတူ လင်မယားအဖြစ်နေထိုင်ခြင်းမဟုတ်ဆိုသည့် ပြဿနာကို တရားရုံးမှ ဆုံးဖြတ်ရ မည်ဆိုလျှင် ၎င်းတို့ အပြုအမူ သို့မဟုတ် ၎င်းတို့၏ မိတ်ဆွေများနှင့် အိမ်နီးနား ချင်းများက ၎င်းတို့အပေါ်ပြုမူဆက်ဆံပုံများကို မူတည်ဆုံးဖြတ်ရပေမည်။ သက်သေတစ်ယောက်က ထိုယောကျ်ားနှင့် မိန်းမသည် လင်မယားဖြစ်သည် ဆိုသည့်သာမန်ထွက်ချက်မျိုးသည် သက်သေထွက်ချက်မညီပေ။ (မောင်မောင်နှင့်

မစိန်ကြည် ၂) အထက်နှင့် ဦးထွန်းရင်နှင့်(မောင်ဘဟန်–၈)တို့ကို ကြည့်ပါ။

အထက်ဖော်ပြပါစီရင်ထုံးများ၏ အကျဉ်းချုပ်သဘောတရားမှာ ထင်ထင်ရှားရှား လူသိနတ်ကြား အတူတကွနေထိုင်ပေါင်းသင်းသည့် လင်မယားတို့၏ ပေါင်းသင်းမှုကိုသာ လင်မယားအဖြစ်ပေါင်းသင်းနေထိုင်မှုရှိသည်ဟု ဆိုခြင်းဖြစ်ပေသည်။ ထိမ်းမြားအခမ်းအနားမပြုလုပ်ဘဲ ပေါင်းသင်းဆက်ဆံသူများအဖို့ လင်မယား ဟုတ်မဟုတ် တူလှကြောင်း သိနိုင်ပေသည်။ ကျော်ဇောသတင်းအပေါ်၌ လုံးဝတည်နေလျှင် အမှုအခြေအနေ အချင်းအရာကို သတိထား၍ စိစစ်ရန် လိုပေလိမ့်မည်။

ဤအမှုတွင် တရားလိုဒေါ်ကြည်ကြည်နှင့် ကွယ်လွန်သူ ဦးထင်ဝိန်တို့မှာ ထိမ်းမြားမှု အခမ်းအနားပြုလုပ်ခဲ့ကြောင်း အထောက်အထားမရှိ။ လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံခြင်းမှာ ကျော်ဇောသတင်းပေါ်မှာ လုံးဝတည်နေလျက်ရှိသည်။ အကြောင်းကြောင့် အထက်ဖော်ပြပါ စီရင်ထုံးများကို စိတ်ဝယ်ထား၍ အမှုအခြေအနေ အချင်းအရာတို့ကို စိစစ်ပြီး ၎င်းတို့မှာ လင်မယား ဟုတ်မဟုတ် ဆုံးဖြတ်ရပေမည်။

တရားလို ဒေါ်ကြည်ကြည် ထွက်ဆိုချက်အရ သူ၏ ပထမ အိမ်ထောင် ဦးငွေဇင်နှင့် ကွယ်လွန်သူ ဦးထင်ဝိန်တို့မှာ သူငယ်ချင်းများဖြစ်ကြသည်။ ဦးငွေဇင် သထုံမြို့၌ အစိုးရအမှုထမ်းနေစဉ် ဦးထင်ဝိန်ကို စတွေ့ခဲ့သည်။ ဦးငွေဇင်သည် ၁၉၄၈ ခုနှစ်က သထုံမြို့၌အနိစ္စရောက်သွားခဲ့သည်။ ဦးငွေဇင် သေဆုံးပြီး (၆) လလောက်အကြာတွင် သထုံမြို့ကို သူပုန်များဝင်စီးသဖြင့် ဦးထင်ဝိန်က တရားလိုကို မော်လမြိုင်သို့ခေါ်ခဲ့သည်။ ၁၉၄၈–ခုနှစ် နိုဝင်ဘာလလောက်တွင် ဦးထင်ဝိန်ကတရားလို၏အဖေကို တရားလိုနှင့်အတည်တကျပေါင်းသင်းမည်ဟု ပြောပြီး အတူနေလာသည်။ ထိုအချိန်မှစ၍ လင်မယားအဖြစ်ဖြင့် အတူနေထိုင်စားသောက်ပေါင်းသင်းခဲ့သည်။ ထို့နောက်၁၉၅၀ပြည့်နှစ်လောက်တွင်မော်လမြိုင်မှ ရန်ကုန်သို့ ဦးထင်ဝိန်နှင့်အတူ ပြောင်းလာကြသည်။ ပထမ ရန်ကုန်မြို့(၃၉) လမ်း၊ အမှတ် (၂၀၆)တိုက်ခန်းတွင် အတူနေကြသည်။ ထို့နောက် ရန်ကုန်မြို့ (၄၂)လမ်း၊ အမှတ် (၁၄၄)တိုက်ခန်းသို့ ရွှေ့ပြောင်းသွားပြီး အတူနေကြသည်။ ထိုနေရာကနေ၍ နောက်ဆုံးယခု တရားလိုနေသည့် ဗိုလ်အောင်ကျော်လမ်း ၊ တိုက်အမှတ်(၁၉၄)၊ အခန်းနံပါတ် (၆)သို့ ပြောင်းလာကြသည်။ ဦးထင်ဝိန်သည် ရန်ကုန်မြို့သို့ မော်လမြိုင်မှ ပြောင်းလာပါသည်။ မော်လမြိုင်တွင် အလုပ်ရှိသည့်

အတွက် ရံဖန်ရံခါ မော်လမြိုင်သို့သွားလေ့ရှိသည်။

ထိုသို့ ပထမ မော်လမြိုင်၊ နောက် ရန်ကုန်တွင် လင်မယားအဖြစ်ဖြင့် ပွင့်ပွင့်လင်းလင်း ထင်ထင်ရှားရှား နေထိုင်ပေါင်းသင်းလာရာ တစ်နေ့ ဦးထင်ဝိန်သည် မော်လမြိုင်၌ သွေးအန်၍ အသဲအသန် နေမကောင်းဖြစ်နေသဖြင့် ရန်ကုန်သို့ လေယာဉ်ပျံနှင့် ပြန်လာမည်ဟု မော်လမြိုင်က တယ်လီဖုန်း အော်ပရေတာ အကြောင်းကြားသည့်အတွက် ဗိုလ်မှူးကြီးဆော်လမွန်၏ အကူအညီဖြင့် လူနာတင်ကားငှား၍ မင်္ဂလာဒုံလေဆိပ်သို့သွားကြိုသည်။ လေယာဉ်ပျံဆိုက်သည့်အခါ ဦးထင်ဝိန်သည် လမ်းလျှောက်နိုင်သဖြင့် စပတ်လမ်းအိမ်သို့ ခေါ်လာသည်။ အိမ်ရောက်သည့်အခါ သွေးဝမ်းသွားသဖြင့် အမေရိကန်ဆေးရုံသို့တင်ရသည်။ အမေရိကန်ဆေးရုံတွင် ဦးထင်ဝိန်ကို ကိုယ်ဖိရင်ဖိပြုစုခဲ့သော်လည်း ဆေးရုံမှာပဲ ဦးထင်ဝိန် အနိစ္စရောက်သွားသည်။ ဦးထင်ဝိန်အတွက် ရက်လည်ဆွမ်းကျွေးသေးသည်... အစရှိသဖြင့် တင်ပြသည်။

သထုံမြို့မှ မော်လမြိုင်သို့ ရွှေ့ပြောင်းနေထိုင်လာခဲ့ကြောင်း မော်လမြိုင်တွင် အပေါ်ထပ်အောက်ထပ်တစ်ထပ်တည်းနေသူ ဦးဘဇေကို သက်သေပြသည်။ မော်လမြိုင်သို့ရောက်ပြီးနောက် ကလေးလျော၍ ဦးထင်ဝိန်က ဆရာဝန်ခေါ်ပြီး ဆေးကုပေးသည့်အကြောင်း၊ မော်လမြိုင်မှ ဆရာဝန် ဦးစံလင်းကို သက်သေပြသည်။ ရန်ကုန်သို့ ရောက်လာပြီးနောက် ဦးထင်ဝိန်နှင့် လင်မယားအဖြစ်ဖြင့် အတူနေ၊ အတူစား၊ အတူသောက်၊ အတူလာ၊ အတူသွား ပွင့်ပွင့်လင်းလင်း လူသိနတ်ကြား လင်မယားအဖြစ် ပေါင်းသင်းနေကြောင်း ဗိုလ်မှူးကြီးဆော်လမွန်၊ မစ္စတာဖြူကာနင်၊ မစ္စတာလားလ်နှင့် ဦးနေဝင်းတို့ကို သက်သေများအဖြစ် တင်ပြသည်။

မော်လမြိုင်မှ ဦးဘဇေဆိုသူကို ကော်မရှင်နှင့်စစ်သည့်အခါ တရားလိုဒေါ်ကြည်ကြည်သည် ၁၉၄၈–ခုနှစ်လောက်က မော်လမြိုင်သို့ရောက်လာသည်။ သူနှင့် အပေါ်ထပ်အောက်ထပ်နေသည်။ ထိုအခါကတရားလိုဒေါ်ကြည်ကြည်၏ အဖေလည်းပါလာသည်။ တရားလိုဒေါ်ကြည်ကြည်၏အဖေသည် ထိုအိမ်မှာပင် သေဆုံးသွားသည်။ ၎င်းအပြင်ဦးထင်ဝိန်က ဒေါ်ကြည်ကြည်၏ ကန်ထရိုက်အလုပ်ကို ကူညီလုပ်ကိုင်ပေးကြောင်း၊ သို့ရာတွင် တရားလိုဒေါ်ကြည်ကြည်နှင့် ဦးထင်ဝိန်တို့သည် မည်ကဲ့သို့ ဆက်ဆံကြောင်း မသိဟုဆိုသည်။

မော်လမြိုင်မှ ဆရာဝန် ဦးစံလင်းကိုလည်း ကော်မရှင်ဖြင့် စစ်ခဲ့သည်။

၁၉၄၉– ၅၀ခုနှစ်အတွင်းက တစ်ည ဦးထင်ဝိန်လာခေါ်သဖြင့် လိုက်သွားရာ ကျားတံတားရပ်ကွက်အိမ်သို့ ရောက်သည့်အခါ ဒေါ်ကြည်ကြည်သည် ကလေး လျှော၍ အားနည်းနေသည်ကို တွေ့ရသည်။ ဆေးကုပေးပါသည်။ ထို့နောက် လည်း ဒေါ်ကြည်ကြည်ကို ဆက်လက်ဆေးကုပေးရသည်ဟု ထွက်ဆိုသည်။ ဒေါ်ကြည်ကြည်နှင့် ဦးထင်ဝိန်တို့၏ အပြုအမူအားဖြင့် သူတို့သည်ရင်းနှီးကြောင်း တွေ့ရသည်။ မည်၍မည်မျှ ရင်းနှီးသည်ကိုတော့ မသိဟုထွက်ဆိုသည်။

ဗိုလ်မှူးကြီးဆော်လမွန်က သူသည် ဒေါ်ကြည်ကြည်နှင့် ဦးထင်ဝိန်ကို ရင်းရင်းနှီးနှီး သိခဲ့သည်။ စစ်မဖြစ်ခင်ကတည်းက သထုံမှာ ဒေါ်ကြည်ကြည်၏ ဖခင်ကိုသိခဲ့သည်။ ၁၉၅၂–၅၃ ခုနှစ်လောက်ကစ၍ ရန်ကုန်မြို့ ၄၂ လမ်းရှိ အိမ်ခန်းတစ်ခန်း၊ ထို့နောက် ယခုစပတ်လမ်း အိမ်ခန်းတစ်ခန်းတို့တွင် ဒေါ်ကြည်ကြည်နှင့်ဦးထင်ဝိန်တို့သည် လင်မယားအဖြစ် လူသိနတ်ကြား ပေါင်းသင်းနေခဲ့သည်။ ထိုကဲ့သို့ ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့ ပေါင်းသင်း နေထိုင်ခဲ့စဉ်အခါက သူတို့အိမ်တွင် ခဏခဏ အလည်အပတ် လာဖူးသည်။ သူတို့၏အပြုအမူမှာ လင်မယားအဖြစ်ဖြင့် ရင်းရင်းနှီးနှီး နေထိုင်ကြသည့် အပြုအမူဖြစ်သည်။ ဒေါ်ကြည်ကြည်နှင့် ဦးထင်ဝိန်တို့ စုံတွဲကလည်း သူ့အိမ်ကို လာသည့်အခါ သူ့ဇနီးကပါ ဒေါ်ကြည်ကြည်နှင့် ဦးထင်ဝိန်တို့ကို ဧည့်ခံသည်။ ဦးထင်ဝိန်၏ ပထမ,မယား ၁–တရားခံ မစ္စစ်မေရီဝိန်နှင့် သားသမီးများကိုလည်း သိသည် အစရှိသဖြင့် ထွက်ဆိုသွားသည်။

မစ္စတာဗြူကာနင်ဆိုသူက သူသည် ဦးထင်ဝိန်နှင့် ၁၉၃၇– ခုနှစ်ကစ၍ သိခဲ့သည်။ အလုပ်ကိစ္စနှင့် ပတ်သက်၍ ရင်းရင်းနှီးနှီး သိခဲ့သည်။ ရန်ကုန်မြို့ ၃၇ လမ်းတွင် သူနေသည်။ ဦးထင်ဝိန်သည် တရားလို ဒေါ်ကြည်ကြည်ကို သူ့မိန်းမဟုဆိုပြီး မိတ်ဆက်ပေးဖူးသည်။ သူနေသည့် အခန်းအောက်ထပ်တွင်ရှိ အင်ဒိုနီးရှားသင်္ဘောကုမ္ပဏီသို့ အလုပ်ကိစ္စနှင့် ဦးထင်ဝိန်လာသည့် အခါများတွင် ဒေါ်ကြည်ကြည် တစ်ခါတလေ ပါလာပါသည်။ ပါလာသည့်အခါများ၌ ဒေါ်ကြည်ကြည် တစ်ခါတလေ ကားထဲတွင် ထိုင်စောင့်နေတာတွေ့ပါသည်။ ဒေါ်ကြည်ကြည်ကို ဦးထင်ဝိန်က သူ့အခန်းသို့ တစ်ခါခေါ်လာသည်။ သူနှင့် ဇနီးပါ ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့အား အဖျော်ယမကာများနှင့် ဧည့်ခံ လိုက်သည်။ ဦးထင်ဝိန်နေသည့် (စပတ်လမ်းရှိ)အိမ်သို့ သွားလည်ဖူးသည်။ ထိုအိမ်တွင် ဒေါ်ကြည်ကြည်ကိုလည်း တွေ့ရသည်။ ဒေါ်ကြည်ကြည်က အဖျော်

ယမကာများနှင့် ဧည့်ခံသည်။ အိမ်ရှင်မ အပြုအမူဟန်ဖြင့် နေထိုင်ကြောင်း တွေ့ရသည် ...အစရှိသဖြင့် ထွက်ဆိုသွားသည်။

မစ္စတာအယ်လ်လားဆိုသူမှာ ဒေါ်ကြည်ကြည်နေသည့် စပတ်လမ်း အိမ်ခန်းဘေးမှအခန်းတွင် အလုပ်တိုက်ရှိသူဖြစ်သည်။ မစ္စတာလားက ဒေါ်ကြည်ကြည်နှင့် ဦးထင်ဝိန်တို့ကို ရင်းရင်းနှီးနှီးသိခဲ့သည်။ အိမ်ဝင်ထွက်သွားလာနေသူတစ်ဦးဖြစ်သည်။ ၎င်း၏ရုံးခန်းဘေးရှိ အခန်းအမှတ် ၆ တွင် ဒေါ်ကြည်ကြည်နှင့် ဦးထင်ဝိန်တို့ ရင်းရင်းနှီးနှီး နေထိုင်ပေါင်းသင်းနေတာ တွေ့ရသည်။ ဒေဝါလီဘုရားပွဲတွင် ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့ကို သူ့အိမ်သို့ ဖိတ်၍ ကျွေးမွေးသည်။ လာကြသည်ဟု ဆိုသည်။ ဒေါ်ကြည်ကြည်နှင့် ဦးထင်ဝိန်တို့၏ အပြုအမူမှာ လင်မယားတို့၏ ပေါင်းသင်းနေထိုင်သည့်အပြုအမူမျိုးကို တွေ့မြင်ရသည်ဟု ထွက်ဆိုသွားသည်။ အပြန်အလှန် မေးခွန်းမေးသည့်အခါ အပြုအမူနှင့် နေထိုင်ခြင်းကိုကြည့်ခြင်းအားဖြင့် ဒေါ်ကြည်ကြည်နှင့်ဦးထင်ဝိန်တို့မှာ လင်မယားဟု ယူဆသည်ဟုထွက်ဆိုသည်။

ဦးနေဝင်းဆိုသူမှာ မီးရထားအဖွဲ့မှ အမှုထမ်းတစ်ဦးဖြစ်သည်။ ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့သည် မီးရထားအဖွဲ့တွင်မှတ်ပုံတင်ထားသည့် ကန်ထရိုက်တာများဖြစ်ကြသည်။ ဒေါ်ကြည်ကြည်နှင့် ဦးထင်ဝိန်တို့၏ နေထိုင်ပုံမှာ သူနှင့် သူ၏ ဇနီးနေသလို လင်မယားများ နေထိုင်ကြသလို နေထိုင်ကြကြောင်း တွေ့ရသည်။ ဒေါ်ကြည်ကြည်နှင့် ဦးထင်ဝိန်တို့နေသည့်အိမ်ကို မကြာမကြာ ရောက်သည်။ သူတို့သည် လင်မယားနေထိုင်ကြသလို နေကြတာတွေ့ရသည်။ သူတို့အိမ်တွင် ဝင်ထွက်စားသောက်နေသူတစ်ဦးဖြစ်သည်ဟု ထွက်ဆိုသည်။

မော်လမြိုင်မြို့ရှိ ဒေါက်တာကေဘီဆွန်ဒရာမာ ဆိုသူတစ်ဦးကို တရားလိုက ကော်မရှင်နှင့်စစ်ဆေးသည်။ ဦးထင်ဝိန် သေဆုံးပြီးနောက် ထို ဒေါက်တာဆွန်ဒရာမာက ဒေါ်ကြည်ကြည်ထံ ဝမ်းနည်းကြောင်း သံကြိုးစာတစ်စောင်ပို့ခဲ့သည်။ သက်သေခံအမှတ်(က)ဖြစ်သည်။ ထိုသံကြိုးစာနှင့်ပတ်သက်၍ ဒေါက်တာဆွန်ဒရာမာကို စစ်သည့်အခါ ဒေါ်ကြည်ကြည်ကို သူ မသိဟုဆိုသည်။ အပြန်အလှန် မေးခွန်းမေးသည့်အခါ ဦးထင်ဝိန်သည် မစ္စစ်မေရီဝိန်နှင့် အကြင်လင်မယားအဖြစ် ပေါင်းသင်းနေသော်လည်း တခြားမိန်းမများနှင့် ဆက်ဆံကြောင်းသိရသည်ဟု ထွက်ဆိုသည်။

၁ တရားခံ မစ္စစ်မေရီဝိန်၏ သက်သေထွက်ချက်များမှာ ၁၉၂၃–ခုနှစ်

တွင် ဦးထင်ဝိန်နှင့် ခရစ်ယာန်ဘာသာအရ လက်ထပ်ခဲ့သည်။ ဦးထင်ဝိန်နှင့် (၂)မှ (၇)တရားခံများကို မွေးဖွားခဲ့သည်။ ဦးထင်ဝိန်သည် မော်လမြိုင်မြို့၌ အမြဲနေသည်။ အလုပ်ရှိသည့်အခါ ရန်ကုန်ကိုလာသည်။ ရန်ကုန်လာသည့်အခါ တစ်ခါတလေ သူပါလာသည်။ ထိုကဲ့သို့ပါလာသည့်အခါများ၌ ရန်ကုန်မြို့၊ အင်းယားလမ်း၊ အိမ်အမှတ် ၇၄ (အီး)တွင် တည်းသည်။ ထိုအိမ်မှာ ၎င်း၏ သား (၂)တရားခံ ဂျိန်းဝိန်နေသည်။ ဦးထင်ဝိန်သည် မော်လမြိုင်တွင် သွေးအန်သဖြင့် မော်လမြိုင်ဆရာဝန်များဖြင့်ကုရာ ကုလို့မရဆိုသောကြောင့် ရန်ကုန်သို့ ဆေးကုရန်လာသည်။ သူနေမကောင်းနေ၍ ဦးထင်ဝိန်နှင့်အတူ လိုက်မလာနိုင်ခြင်းဖြစ်သည်။ နောက်၂ ရက် ၃ရက်အကြာတွင်လိုက်လာသည်။ ဒေါ်ကြည်ကြည်ကို မသိ၊ အမေရိကန်ဆေးရုံမှာသာ တစ်ခါတွေ့ဖူးသည်။ မိမိသာလျှင် ဦးထင်ဝိန်၏တစ်ဦးတည်းသောမယားဖြစ်သည်ဟု ထွက်ဆိုသည်။ ဦးထင်ဝိန်၏ အစ်ကို မစ္စတာအယ်လ်ထင်ဝါ၊ ဦးထင်ဝိန် ညီတစ်ဝမ်းကွဲ မစ္စတာအယ်လ်ထင်တိန်၊ ဒေါ်ခင်လေး၊ မစ္စတာဂရေး၊ ဒေါ်သန်း၊ ဒေါ်ခင်ခင်၊ ဒေါ်အုန်းခင်၊ ဦးဘလှိုင်တို့ကို (၁) တရားခံက သက်သေများအဖြစ် တင်ပြသည်။

မစ္စတာအယ်လ်ထင်တိန်၏ ထွက်ဆိုချက်မှာ တရားလိုကို အမေရိကန်ဆေးရုံတွင်တွေ့ဖူးသည်။ ဦးထင်ဝိန်မသေခင် အမေရိကန်ဆေးရုံသို့တင်ဆေးကုစဉ်အခါကတွေ့ဖူးသည်။ ဆေးရုံတွင် သွားကြည့်စဉ်အခါက ဦးထင်ဝိန်သည် အနည်းငယ်မျှသာ စကားပြောနိုင်တော့သည်။ သေတမ်းစာရေးခဲ့သည်။ ထိုသေတမ်းစာတွင် တစ်ဝက်ကိုဘုရားရှိခိုးကျောင်းသို့ လှူခဲ့သည်။ တစ်ဝက်ကို သူ့မိန်းမနှင့် ကလေးတွေအတွက်ပေးခဲ့သည်။ ထို့အပြင် ဦးထင်ဝိန်က ထိုမိန်းမအတွက် တော့ လုံလောက်စွာထားပြီးပြီဟု အင်္ဂလိပ်လိုပြောသည်။ ထိုမိန်းမဆိုသည်မှာ တရားလိုကိုဆိုလိုသည်။ ထိုအခါက တရားလိုသည် ဦးထင်ဝိန်ကိုပြုစုနေတာတွေ့သည်။ မစ္စစ်မေရီဝိန်နှင့် သူ့သားသမီးများကို မတွေ့ဟုပြောသည်။ ဦးထင်ဝိန်၏ အသုဘပြီးစီးပြီး ရက်အနည်းငယ်အတောအတွင်း ယခု စပတ်လမ်းရှိ တရားလိုနေသည့်အိမ်သို့သွားသည်။ ဒုတိယတရားခံ မစ္စတာဂျိန်းဝိန်၏ ပြောဆိုချက်အရ ဦးထင်ဝိန်ကျန်ရစ်ခဲ့သည့် သော့များ၊ စာရွက်စာတမ်းများကို တရားလိုထံမှ သွားတောင်းသည်ဟုပြောသည်။ အပြန်အလှန်မေးခွန်းထုတ်သည့်အခါဦးထင်ဝိန်သည် မသေခင် အတော်ကြာကြာကြီးကတည်းက တရားလိုနှင့် ယခုစပတ်လမ်းအိမ်ခန်းတွင် နေထိုင်စပ်ယှက်နေကြောင်း ဦးထင်ဝိန်က ပြောလို့သိရသည်။

ဦးထင်ဝိန် မသေခင် အတော်ကြာကတည်းက သိသည်ဟု ထွက်ဆိုသွားသည်။

ဦးထင်တိန်က သူသည် ဦးထင်ဝိန်နှင့် ငယ်ငယ်ကတည်းက ရင်းရင်းနှီးနှီး နေခဲ့သည်။ မိန်းမယူကြမှကွဲသွားကြသည်။ ဦးထင်ဝိန် မသေခင် သုံးလေးလ လောက်က ဦးထင်ဝိန်က တယ်လီဖုန်းနှင့် ခေါ်သဖြင့် ယခုစပတ်လမ်းရှိ အိပ်ခန်းသို့သွားသည်။ တရားလိုနှင့်တွေ့သည်။ ဦးထင်ဝိန်နှင့် ငယ်ငယ်ကအကြောင်းတွေ စကားပြောကြသည်။ အင်္ဂလိပ်လိုပြောကြသည်။ နောက်များမကြာမီ တရားလိုက တယ်လီဖုန်းဆက်သဖြင့် ဦးထင်ဝိန်ဆေးရုံတက်နေကြောင်း သိရသည်။ ဆေးရုံမှာ ဦးထင်ဝိန်အနားတွင် တရားလိုကိုတွေ့သည်။ သေတမ်းစာအကြောင်း ဦးထင်ဝိန်က ပြောပြသေးသည်ဟုဆိုသည်။ တချို့တစ်ဝက်ကို ဘုရားရှိခိုးကျောင်းသို့ လှူခဲ့သည်။ တချို့တစ်ဝက်ကို သူ့မိန်းမနှင့် ကလေးတွေကို ပေးခဲ့သည်။ တရားလိုအတွက်တော့ လုံလောက်စွာပေးပြီးဟု ပြောသေးသည်။ ဦးထင်ဝိန်သေပြီးနောက်ယခုစပတ်လမ်းရှိအိမ်ခန်းသို့ တရားလိုထံသွားသည်။ ဦးထင်ဝါနှင့် အတူသွားသည်။ စာရွက်စာတမ်းများနှင့်သော့ သွားတောင်းသည်ဟု ဆိုသည်။ အပြန်အလှန်မေးသည့်အခါ ဦးထင်ဝိန်၏ အစ်ကို ဦးထင်စန်၏ မိန်းမ ဒေါ်ထားရီနှင့် တရားလိုတို့မှာ ညီအစ်မဖြစ်ကြောင်းသိသည်။ တရားလိုကို ဦးထင်ဝိန်နှင့် အတူ စပတ်လမ်းအိမ်ခန်းတွင်တွေ့သည့်အတွက်တရားလိုနှင့် ဦးထင်ဝိန်တို့သည် ပေါင်းသင်းစပ်ယှက်နေသည်ဟု ယူဆသည်။

ဒေါ်ခင်လေး၊ ဒေါ်ခင်ခင်၊ ဒေါ်အုန်းခင်တို့က ဦးထင်ဝိန်နှင့် မစ္စစ်မေရီဝိန်တို့ကို ရင်းရင်းနှီးနှီးသိကြသည်။ တရားလို ဒေါ်ကြည်ကြည်ကို မသိဟု ထွက်ဆိုကြသည်။

မစ္စတာဂရေးဆိုသူက ဦးထင်ဝိန်နှင့် သူ၏ သားမယားတို့ကို ကောင်းမွန်စွာသိသည်။ ဒေါ်ကြည်ကြည်ကို မသိပါ။ ဒေါ်ကြည်ကြည်နှင့် ဦးထင်ဝိန်တို့ အတူသွားအတူလာကြတာ တစ်ခါမျှမတွေ့ဘူးကြောင်း ဦးထင်ဝိန်က တရားလို အကြောင်းကို တစ်ခါမျှ မပြောဆိုဖူးကြောင်း ထွက်ဆိုသည်။

မစ္စတာဂရေး၏ ဇနီး ဒေါ်သန်းက ဦးထင်ဝိန်နှင့် မစ္စစ်မေရီဝိန်တို့ကို ရင်းရင်းနှီးနှီးသိသည်။ တရားလိုကိုမတွေ့ဖူးဟုပြောပါသည်။ ဦးဘလှိုင်ဆိုသူမှာ ဦးထင်ဝိန်၏ သေတမ်းစာအရ ပစ္စည်းများတစ်ဝက်စီရရှိမည့် ဘုရားရှိခိုးကျောင်း လူကြီးတစ်ယောက်ဖြစ်သည်။ မစ္စစ်မေရီဝိန်အပြင် ဦးထင်ဝိန်သည် အခြားမိန်းမ

တစ်ဦးနှင့် ပေါင်းသင်းနေသည်ဟု ကြားဖူးကြောင်း ထွက်ဆိုသည်။ ထိုမိန်းမနှင့် ဘယ်လို ပေါင်းသင်းနေတယ်ဆိုတာကိုတော့ မသိဟုထွက်ဆိုသည်။

ဒုတိယတရားခံ မစ္စတာဂျိန်းဝိန်က သူသည် ရန်ကုန်မြို့ အင်းယားလမ်း၊ အမှတ် ၇၄(အီး)တွင် နေသည်။ သူ့အဖေဦးထင်ဝိန်သည် သူ့အမေ မစ္စစ်မေရီဝိန်နှင့်လာလျှင် သူ့အိမ်မှာတည်းသည်။ ဦးထင်ဝိန်သည် အလုပ်ကိစ္စနှင့် ရန်ကုန်သို့ ခဏခဏလာသည်။ တရားလိုကို ၎င်း၏ခင်ပွန်း ဦးဌေးဇင်နှင့် မော်လမြိုင်မှာ ပထမ တွေ့ဖူးသည်။ နောက် ဦးထင်ဝိန်သေခါနီး ဆေးရုံမှာတစ်ခါ ထပ်တွေ့ဖူးသည်။ တရားလိုသည် သူ့အဖေ ဦးထင်ဝိန် မိန်းမ မဟုတ်ဟု ငြင်းဆိုသည်။

(၁)တရားခံက တရားလိုကို သူမသိ၊ အမေရိကန်ဆေးရုံတွင် ပထမအကြိမ်နှင့် နောက်ဆုံးအကြိမ်တွေ့ဖူးသည်ဟု ထွက်ဆိုထားသည်။ (၂)တရားခံ မစ္စတာဂျိန်းဝိန်က တရားလို၏ ခင်ပွန်းဦးဌေးဇင်နှင့် အကြောင်းပြုပြီး မော်လမြိုင်တွင် တရားလိုနှင့် စတွေ့ခဲ့သည်။ မော်လမြိုင်မှာ တရားလိုနှင့် တွေ့ပြီးနောက်မတွေ့တော့ခြင်းသည် အမေရိကန်ဆေးရုံမှာ တစ်ခါထပ်တွေ့သည့်အထိ ဖြစ်သည်။ တရားလိုနှင့် ဦးထင်ဝိန်တို့သည် ရင်းရင်းနှီးနှီးပေါင်းသင်းစပ်ယှက်နေကြောင်း သူ,မသိဟုငြင်းဆိုသည်။ သူ,မသိဟုဆိုသော ငြင်းချက်ကို လက်မခံနိုင်ချေ။ သူ၏ထွက်ချက်အရရန်ကုန်လာသည့်အခေါက်များ၌သူ့အမေ(၁)တရားခံပါလျှင် အင်းယားလမ်းရှိ သူ၏ အိမ်၌တည်းသည်။ သူ၏ အမေမပါလျှင် ဘယ်မှာတည်းသည်၊ ဘယ်မှာနေသည်ကို မသိဟု ထွက်ဆိုထားခြင်း၊ တယ်လီဖုန်းစာအုပ်တွင် ဦးထင်ဝိန်၏လိပ်စာမှာ ၁၉၄၊ စပတ်လမ်း၊ အခန်းနံပါတ်(၆)ဟု ဖော်ပြထားကြောင်းတွေ့သည်ဟုလည်းဆိုသေး၏။ ဦးထင်ဝိန်သည် ရန်ကုန်သို့ အလုပ်ကိစ္စနှင့် မကြာခဏလာရသည်ဟုဆိုသေး၏။ ရန်ကုန်မြို့တွင် သူ့အဖေ ဘယ်မှာနေသည် ဘယ်လိုနေသည်ကို စုံစမ်း၍ မကြည့်ခြင်းမှာ ယုတ္တိမရှိချေ။ ထို့ပြင် တရားလိုက အိမ်ထောင်ဦးစီးအဖြစ် ဦးထင်ဝိန်အမည်ပါသည့် အိမ်နေလူဦးရေ စာရင်းသက်သေခံ အမှတ်(ခ)ကို တင်ပြထားသည်။ တရားခံများအနေနှင့် မော်လမြိုင်အိမ်တွင် အလားတူအိမ်နေလူဦးရေစာရင်းသက်သေခံကဒ်ပြားတင်ထားခြင်းမရှိ။ အဘယ်ကြောင့် မတင်ပြနိုင်ခြင်းကိုလည်း လုံလောက်သည့် သက်သေခံအထောက်အထားမတင်ပြချေ။ ထို့ကြောင့်ဦးထင်ဝိန်သည် ရန်ကုန်မြို့၌အတော်အနေများခဲ့သည်ဟု ဆိုရပေမည်။ ဤကဲ့သို့ရန်ကုန်မြို့၌အနေများလျက်နှင့် သူ၏ သားတရားခံ မစ္စတာဂျိန်းဝိန်က သူ့အဖေ ရန်ကုန်

တွင် ဘယ်မှာနေသည်ဘယ်လိုနေသည်ကို မသိဟု ဆိုသည်ကို လက်မခံနိုင်ချေ။

နောက်တစ်ချက်စဉ်းစားရန်ရှိသေးသည်။ နောက်ဆုံးတစ်ခေါက်ဦးထင်ဝိန် မော်လမြိုင်တွင် ရှိစဉ်အခါက အတော်အသဲအသန်ဖြစ်ပြီး မမာနေကြောင်း (၁)တရားခံအနေနှင့် ထွက်ဆိုထားကြောင်းတွေ့ရသည်။ ထိုကဲ့သို့ အသဲအသန် ဖြစ်နေသည့် လူတစ်ယောက်ရန်ကုန်တွင် ဆေးရုံတင်ရန် လာမည့်အကြောင်းကို (၁)တရားခံအနေနှင့် ရန်ကုန်မှာနေသည့်သားသမီးများကို အကြောင်းမကြား ခြင်းမှာ သံသယမကင်းဖွယ်ရှိသည်။ ဦးထင်ဝိန်နှင့် တူတစ်ယောက် အဖော်ပါ လာသည်ဟု (၂)တရားခံ မစ္စတာဂျိမ်းက ထွက်ဆိုသော်လည်း ထိုသူ၏အမည် ကို ဖော်ပြနိုင်ခြင်းမရှိ။ အသဲအသန်မမာနေသည့် လူတစ်ယောက် လေယာဉ်ပျံနှင့် တစ်ယောက်တည်းလာရခြင်း။ ရန်ကုန်ရှိသားသမီးများကို အကြောင်းမကြား ခြင်း။ လူနာတင်ကားဖြင့် တရားလိုက လေဆိပ်တွင် သွားစောင့်နေရခြင်းတို့မှာ စဉ်းစားစရာအချက်များဖြစ်သည်။

တရားလိုဒေါ်ကြည်ကြည်သည် သထုံမှ မော်လမြိုင်သို့ ၁၉၄၈–၄၉ ခုနှစ်လောက်တွင် လာ၍နေခြင်း။ ထို့နောက် ၁၉၅၂–၅၃ ခုနှစ်လောက်တွင် ရန်ကုန်မြို့သို့ ပြောင်းလာပြီး၊ ၄၂–လမ်းနှင့် စပတ်လမ်းတို့တွင် နေထိုင်ကြောင်း သက်သေအထောက်အထားလုံလောက်သည်ဟု ယူဆသည်။ သက်သေ ဦးဘဇ၊ ဆရာဝန်ဦးစံလင်း၊ ဗိုလ်မှူးကြီးဆော်လမွန်၊ မစ္စတာလားတို့၏ သက်သေထွက် ချက်များအရ ပေါ်လွင်သည်။

ဦးထင်ဝိန်သည် မော်လမြိုင်မြို့မှာလည်းနေသည်။ ရန်ကုန်မြို့မှာလည်း နေသည်ဟု သက်သေအထောက်အထားလုံလောက်စွာရှိသည်။ ၎င်း၏နေ့စဉ် မှတ်တမ်းစာအုပ် သက်သေခံအမှတ်(၁)(၂)(၃) (၄–က)တို့အရပေါ်လွင်သည်။ ရန်ကုန်၌ အမှတ် (၁၉၄)၊ ဗိုလ်အောင်ကျော်လမ်း (စပတ်လမ်း)၊ အခန်းနံပါတ် (၆)တွင် နေကြောင်း သက်သေအထောက်အထား လုံလောက်စွာရှိသည်။

ဦးထင်တိန်တို့၏ ထွက်ဆိုချက်တွင် ဦးထင်ဝိန်မသေခင်က ရန်ကုန်မြို့၊ စပတ်လမ်း၊ အမှတ်(၁၉၄)၊ အခန်းနံပါတ်(၆)သို့ ဦးထင်ဝိန်နှင့် တွေ့ရန်သွား သည်။ ထိုအခါက တရားလိုကို တွေ့သည်ဟုဆိုသည်။ ထို့အပြင် ဦးထင်ဝိန် သေဆုံးပြီး တစ်ရက်၊ နှစ်ရက်အကြာတွင် မစ္စတာအယ်လ်ထင်ဝါ နှင့် အတူ အဆိုပါ စပတ်လမ်း၊ အမှတ်(၁၉၄)၊ အခန်းနံပါတ်(၆)သို့ တရားလိုကို တွေ့ရန် သွားကြသည်ဟုလည်း ပါရှိသည်။ ဦးထင်ဝိန်၏သား တရားခံ အမှတ် (၅)

ချားလ်ဝိန်က ၎င်းဖခင်ဦးထင်ဝိန်ထံရေးသည့်စာ၊ ထည့်သွင်းစာအိပ် သက်သေခံအမှတ် (ထ)တွင် အမှတ် ၁၉၄၊ စပတ်လမ်းဟုပါရှိပါသည်။ ထို့ပြင် သက်သေခံအမှတ် (ဃ) အရ တယ်လီဖုန်းတပ်ရန် လျှောက်သည့်လျှောက်လွှာတွင် ဦးထင်ဝိန်၏လက်မှတ်ဖြင့် အမှတ် ၁၉၄၊ စပတ်လမ်း၊ အခန်းနံပါတ် (၆) ဟုလည်း ပါရှိသည်။

ရန်ကုန်တွင် ၄၂ လမ်း၊ စပတ်လမ်းအိမ်များ၌ တရားလို ဒေါ်ကြည်ကြည်နှင့်အတူနေကြောင်း သက်သေအထောက်အထား လုံလောက်စွာရှိသည်ဟု ယူဆသည်။ တရားလိုပြသက်သေဗိုလ်မှူးကြီးဆော်လမွန်၊ မစ္စတာလားလ်နှင့် ဦးနေဝင်းတို့၏ သက်သေထွက်ချက်ကိုထောက်ခံသည်။ ထို့ပြင် တရားခံပြသက်သေ ဦးထင်ဝိန်၏ ညီအစ်ကို မစ္စတာအယ်လ်ထင်ဝါတို့၏ သက်သေထွက်ချက်များကိုကလည်း ထောက်ခံသည်။ မစ္စတာအယ်လ်ထင်ဝါ၏ သက်သေခံချက်စာမျက်နှာ (၉)တွင် အောက်ပါအတိုင်းတွေ့ရသည်။

Q. You Knew that your late brother U Htin Win was cohabiting with the plaintiff before his death ?

A. I heard about it.

Q. For how long before his death ?

A. For some time.

Q. You were told your cousin U Htin Tain the place in Sparks Street,Where your brother cohabite with the plaintiff ?

A. Yes.

စီရင်ချက်

အမျိုးသားမှတ်ပုံတင်ဌာနမှ ထုတ်ပေးထားသည့် အိမ်နေလူဦးရေစာရင်း သက်သေခံအမှတ်(ခ)အရ ဦးထင်ဝိန်နှင့် တရားလိုတို့အတူနေခဲ့ကြောင်းပေါ်လွင်သည်။ ဦးထင်ဝိန်နှင့် ပြည်ထောင်စုမြန်မာနိုင်ငံ အမျိုးသားမှတ်ပုံတင် သက်သေခံကဒ်ပြားသက်သေခံ အမှတ်(က)အရလည်း ဦးထင်ဝိန်သည် ရန်ကုန်မြို့ ၊ စပတ်လမ်း၊ အိမ်အမှတ် ၁၉၄ တွင်နေကြောင်းပေါ်လွင်သည်။ တရားလိုနှင့် ဦးထင်ဝိန်တို့သည် ဦးထင်ဝိန်မသေခင်က ရန်ကုန်မြို့၌တော်တော်ကြာကြာ အတူတစ်အိမ်တည်းနေထိုင်ကြကြောင်း တရားလိုဘက်က လုံလောက်စွာ သက်သေတင်ပြထားသည်ဟု ဆိုရပေမည်။ အတူနေထိုင်ရုံမက သူတို့နှစ်ယောက်သည်

ပေါင်းသင်းစပ်ယှက်နေခဲ့ကြောင်း တရားခံပြသက်သေ ဦးထင်ဝါကထွက်သည်။ ရန်ကုန်မြို့၊ စပတ်လမ်း၊ အိမ်အမှတ် ၁၉၄၊ အခန်းနံပါတ် (၆)တွင် ဤကဲ့သို့ ပေါင်းသင်းဆက်စပ်ခဲ့သည်ဟု ဦးထင်ဝါကထွက်ဆိုသည်။ ၎င်း၏ သက်သေခံချက် စာမျက်နှာ ၁၀ တွင် အောက်ပါအတိုင်းတွေ့ရသည်။

Q. As a matter of fact it was U Htin Tain who took you to the place in Sparks St. Where your brother cohabited with the plaintiff ?

A. Yes, after his death.

ဦးထင်ဝိန်နှင့် တရားလိုဒေါ်ကြည်ကြည်တို့သည် တစ်အိမ်တည်း အတူနေ အတူပေါင်းသင်းစပ်ယှက်ခဲ့ကြောင်း သက်သေခံ အထောက်အထားအရ ထင်ရှားနေသဖြင့် စဉ်းစားရန်အချက်မှာ ထိုကဲ့သို့ အတူနေထိုင် ပေါင်းသင်းစပ်ယှက်မှုမှာ ပွင့်ပွင့်လင်းလင်းလူသိရှင်ကြားဖြစ်၍ မြန်မာဗုဒ္ဓဘာသာ ဥပဒေအရ လင်မယားဟု ဆိုနိုင်၊ မဆိုနိုင်သာ ဖြစ်သည်။

ဦးထင်ဝိန်နှင့် တရားလို၏ ပေါင်းသင်းနေထိုင်ပြုမူကြပုံမှာ ဗိုလ်မှူးကြီး ဆော်လမွန်ကို ခင်မင်ရင်းနှီးသည့် ပုဂ္ဂိုလ်တစ်ဦး အလုပ်အကိုင်နှင့် ပတ်သက်၍ ဆက်သွယ်နေသည့်မိတ်ဆွေ မစ္စတာဗြူကာနင်၊ အိမ်နီးနားချင်းဖြစ်သူ မစ္စတာလားနှင့် အိမ်တွင်စားသောက်နေသည့် ဦးနေဝင်းတို့က သူတို့သည် အကြင်လင်မယားဖြစ်သည်ဟု ထင်မြင်ယူဆ လက်ခံလောက်သည့် ပြုမူမျိုးဖြစ်သည်ဟု ဆိုကြသဖြင့် ဦးထင်ဝိန်နှင့် တရားလိုတို့၏ ပေါင်းသင်းနေထိုင်စပ်ယှက်မှုမှာ မြန်မာဗုဒ္ဓဘာသာ ဥပဒေအရ လင်မယားအရာသို့ မြောက်ခဲ့သည်ဟု ကျွန်ုပ်လက်ခံသည်။

တရားခံများနှင့် မစ္စစ်မေရီဝိန်အပြင် ဦးထင်ဝိန်တွင် အခြားမယားမရှိ တရားလိုမှာ ဦးထင်ဝိန်မယား မဟုတ်ဟုဆိုပြီး ဦးထင်ဝိန်နှင့် မစ္စစ်မေရီဝိန်တို့၏ အသိမိတ်ဆွေများကို သက်သေတင်ပြထားကြောင်းတွေ့ရသည်။ တရားလိုအနေနှင့် သူသည် ဦးထင်ဝိန်နှင့်တစ်အိမ်တည်းအတူနေ အတူထိုင်ပေါင်းသင်းစပ်ယှက်ခဲ့ပြီး ပွင့်ပွင့်လင်းလင်း ထင်ထင်ရှားရှား လင်မယားဖြစ်နေခဲ့ကြောင်း တင်ပြထားသည့် အထောက်အထားများကို ချေပနိုင်ခြင်းမရှိပေ။

ဤအမှုနှင့် ပတ်သက်၍ တရားခံဖက်က ပညာရှိ အကျိုးဆောင်ကြီး ဦးကျော်မြင့်တင်ပြဆွေးနွေးသွားသည့်အချက်တစ်ချက်ရှိသေးသည်။ ထိုအချက်မှာ မြန်မာဗုဒ္ဓဘာသာ ဥပဒေအရ ယောကျ်ားတစ်ယောက်နှင့် မိန်းမတစ်ယောက်

တို့သည် အကြင်လင်မယားဘဝသို့ မြောက်ရန်အတွက်မူ တစ်အိမ်တည်း နေထိုင်စားသောက် ပေါင်းသင်းစပ်ယှက်ရုံနှင့် မလုံလောက်၊ အစကတည်းက နှစ်ဦးသဘောတူ လင်မယားအဖြစ်သဖြင့် ပေါင်းဖက်နေထိုင်ရန် ရည်မှန်းချက် ရှိရမည်။ ဦးထင်ဝိန်သည် ခရစ်ယာန်ဖြစ်သဖြင့် ခရစ်ယာန်ဘာသာဓလေ့ ထုံးစံအရ မယားကြီးအသက်ရှင်နေစဉ် နောက်မယားမယူနိုင်၊ ယူလျှင် ရာဇဝတ် ကိုဓ ပုဒ်မ ၄၉၄ အရ အပြစ်ပေးခြင်းခံရမည်။ ထို့ကြောင့် မစ္စစ်မေရီဝိန် အသက်ရှင်နေစဉ်အတောအတွင်း တရားလိုကို မယားအဖြစ်ဖြင့် ပေါင်းသင်း နေထိုင်ရန် ရည်ရွယ်ချက်ရှိနိုင်မည်မဟုတ်။ ထိုကဲ့သို့ ရည်ရွယ်ချက်မရှိသည့် အတွက် တရားလိုနှင့် ဦးထင်ဝိန်၏ ပေါင်းသင်းဆက်ဆံမှုသည် မြန်မာဗုဒ္ဓ ဘာသာ ဥပဒေအရ လင်မယားဘဝသို့ မရောက်နိုင်ဟု တင်ပြသည်။

၁၉၅၄–ခုနှစ် ဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေခံမှု အက်ဥပဒေ ပုဒ်မ (၄) က အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

"အခြားတည်ဆဲ တရားဥပဒေများတွင်သော်လည်းကောင်း၊ တရားဥပဒေ ကဲ့သို့ အာဏာရှိသော ဓလေ့ထုံးစံများတွင်သော်လည်းကောင်း မည်သို့ပင် ဆန့်ကျင်လျက်ရှိစေကာမူ ဤအက်ဥပဒေပြဋ္ဌာန်းချက်များသည် ဗုဒ္ဓဘာသာ ဝင်မိန်းမနှင့် ထိုမိန်းမ၊ ဗုဒ္ဓဘာသာ မဟုတ်သော လင်ယောကျ်ားတိုင်းအပေါ်၌ အာဏာသက်ရောက်ရမည်"

ပညာရှိ အကျိုးဆောင်ကြီး တင်ပြချက်ကို လက်ခံလျှင် အထက်ဖော်ပြပါ ဥပဒေပြဋ္ဌာန်းချက်များကို ပိတ်ဆို့သည့် သဘောသို့ သက်ရောက်သွားနိုင်သည်။ ထို့ကြောင့် ၎င်း၏ တင်ပြချက်ကို လက်မခံနိုင်ချေ။

အထက်ဖော်ပြပါ အကြောင်းများကြောင့် ဤအမှုတွင် ကောက်နုတ်ထား သည့် ငြင်းချက်များကို အောက်ပါအတိုင်းဖြေဆိုရပေမည်။

## ကောက်ချက်အမှတ်(၁)

ခရစ်ယာန် မြန်မာအမျိုးသားဖြစ်သည့် ကွယ်လွန်သူအယ်လ်ထင်ဝိန်သည် ပထမတရားခံနှင့် လက်ထပ်ထားသူတစ်ဦးဖြစ်သော်လည်း မြန်မာဗုဒ္ဓဘာသာ အမျိုးသမီးဖြစ်သူတရားလိုနှင့် ဥပဒေအရ အကြင်လင်မယားအဖြစ် ထိမ်းမြား သည်ဟု ဆိုနိုင်သည်။

## ကောက်ချက်အမှတ် (၂)

၁၉၅၄–ခုနှစ် ဗုဒ္ဓဘာသာ မြန်မာမိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေပုဒ်မ(၂၆)အရ ဦးထင်ဝိန်ကျန်ရစ်ခဲ့သည့် အမွေပစ္စည်းများကို ဗုဒ္ဓဘာသာ ဓမ္မသတ်အရ ဆုံးဖြတ်ရမည်။

## ကောက်ချက်အမှတ်(၃)

ကောက်ချက်အမှတ် (၂)၏ အဖြေကြောင့် ဦးထင်ဝိန်ချုပ်ဆိုခဲ့သည့် ၃–၁၂–၆၀ နေ့စွဲပါ သေတမ်းစာမှာ ပျက်ပြယ်သည်။

## ကောက်ချက်အမှတ်(၄) (က)

ဦးထင်ဝိန်နှင့် တရားလိုတို့သည် အတူနေ အတူစား အကြင်လင်မယား အဖြစ်ဖြင့် နှစ်ဦးသဘောတူ ပွင့်ပွင့်လင်းလင်းနေခဲ့ကြသည်။ ထိုကဲ့သို့ပေါင်းဖက်နေထိုင်ပြုမူကြပုံသည် ဗုဒ္ဓဘာသာဓမ္မသတ်အရ လင်မယားအရာမြောက်ခဲ့သည်။ ပေါင်းဖက်နေထိုင်မှုပြုမူကြပုံမျိုးဖြစ်သည့်အတွက် တရားထိမ်းမြားခဲ့ကြသည်ဟု ဆိုရပေမည်။

## ကောက်ချက်အမှတ်(၄) (ခ)

တရားလိုသည် ဦးထင်ဝိန်၏ ကျန်ရစ်ခဲ့သည့် ပစ္စည်းများကို အမွေဆက်ခံထိုက်သည့် မယားအရာသို့ မြောက်သည်ဟု ဆိုရပေမည်။

## ကောက်ချက်အမှတ်(၅)

ကွယ်လွန်သူဦးထင်ဝိန်ကျန်ရစ်ခဲ့သည့် အမွေပစ္စည်းများကို ဆက်ခံထိုက်ခွင့်ရှိသူများ ၁–တရားခံနှင့် တရားလိုတို့ ဖြစ်သည်။ အဆိုလွှာနှင့် ပူးတွဲတင်သည့် ဇယား (က)တွင် ပါရှိသည့်ပစ္စည်းများအနက် အမှတ် (၁) မှ (၅) နှင့် (၉) မှ (၁၆)တို့တွင် တရားလိုနှင့် တရားခံအမှတ် (၁)တို့သည် တစ်ဝက်စီရသင့်သည်။ အမှတ် (၆)(၇)(၈) တို့တွင် တရားလိုက သုံးပုံတစ်ပုံနှင့် တရားခံအမှတ် (၁)က သုံးပုံနှစ်ပုံ ရသင့်သည်။

**ကောက်ချက်အမှတ် (၆)**

ဦးထင်ဝိန်ကျန်ရစ်ခဲ့သည့် ပစ္စည်းများမှာ အဆိုလွှာနှင့်ပူးတွဲ၍ တင်ပြထားသည့် ဇယား(က)တွင် ပါရှိသည့် ပစ္စည်းများဖြစ်သည်။

အထက်ပါကောက်ချက်များ၏ အဖြေများအပေါ်တွင်မူတည်၍ ဤအမှုတွင် အောက်ပါအတိုင်း ဒီဂရီ ချပေးလိုက်သည်။

၁။ ။ ၃–၉–၆၀ ရက်နေ့က ဦးထင်ဝိန်ပြုလုပ်သည့် သေတမ်းစာသည် ပျက်ပြယ်သည်။

၂။ ။ဦးထင်ဝိန်ကျန်ရစ်ခဲ့သည့်အမွေပစ္စည်းများနှင့်ပတ်သက်၍အမွေခွဲဝေရန် ပဏာမ ဒီဂရီချလိုက်သည်။

၃။ ။ ယင်းပစ္စည်းများနှင့် ပတ်သက်၍ စာရင်းယူရန်။

၄။ ။ အဆိုလွှာနှင့် ပူးတွဲတင်သည့် ဇယား(က)တွင် ပါရှိသည့် ပစ္စည်းများအနက် အမှတ်စဉ်(၁)မှ (၅)နှင့်(၉) မှ (၁၆) တို့တွင် တရားလိုက တစ်ဝက်ပိုင်ဆိုင်ကြောင်း။

၅။ ။ ယင်းပစ္စည်းများနှင့် ပတ်သက်၍ စာရင်းကောက်ယူရန် နှစ်ဖက်တရားပြိုင်များနှင့် ညှိနှိုင်း၍ ရုံးက ကော်မရှင်နာခန့်ပေးမည်။

၆။ ။ အမှုအတွက် စရိတ်များကို အမွေဆိုင်ပစ္စည်းများထဲမှကျခံရမည်။

*(ပုံ) မြင့်ထွန်း*
*၃၀–၁၁–၆၇*
***တရားသူကြီးချုပ်***
***ရန်ကုန်မြို့– တရားမရုံး။***

## တရားရုံးချုပ်စီရင်ချက်

### ရန်ကုန်မြို့ နိုင်ငံတော်တရားရုံးချုပ်၌
### ၁၉၆၇–ခုနှစ် တရားမ ပထမအယူခံမှု အမှတ် ၁၀၄
### ၁၉၆၂–ခုနှစ် တရားမကြီးမှုအမှတ် ၅၄၅တွင် ၃၀–၁၁–၆၇ နေ့စွဲပါ၊ ရန်ကုန်မြို့ တရားမရုံး တရားသူကြီးချုပ်ရုံးတော်၏ချမှတ်သော ဒီဂရီကို အယူခံဝင်မှု။

မစ္စစ်မေရီဝိန်ပါ ၇ နှင့် ဒေါ်ကြည်ကြည်ပါ ၃

အယူခံတရားလိုများ အယူခံတရားခံများ

အယူခံတရားလိုများအတွက် တရားရုံးချုပ်၊ ရှေ့နေကြီး

ဦးကျော်မြင့် နှင့် ဦးသန်းအောင်

အယူခံ တရားခံများအတွက် တရားရုံးချုပ်ရှေ့နေကြီး။

ဦးမောင်မောင်။

၁၉၆၈–ခုနှစ် မေလ ၂၅ ရက်နေ့။

### စီရင်ချက်

၁၉၆၁–ခုနှစ် ဇွန်လ(၁၆)ရက်နေ့တွင် ရန်ကုန်မြို့၊ အလံပြဘုရားလမ်းရှိ အမေရိကန်ဆေးရုံ၌ မြန်မာလူမျိုး ခရစ်ယာန်ဘာသာဝင် ဦးထင်ဝိန် ကွယ်လွန်အနိစ္စရောက်သည်။ ဦးထင်ဝိန်သည် ၁၉၂၃–ခုနှစ်က ခရစ်ယာန်ဘာသာဝင် မြန်မာအမျိုးသမီး မစ္စစ်မေရီဝိန်နှင့် ခရစ်ယာန်ထုံးတမ်းအရ လက်ထပ် ထိမ်းမြားခဲ့သည်။ ၎င်းတို့တွင် သားသမီးများ ထွန်းကားခဲ့ရာ ၂ မှ ၇ အထိ အယူခံတရားလိုများသည် ဦးထင်ဝိန်သေဆုံးသောအခါ ကျန်ရစ်ခဲ့ကြသည့် သားသမီးများဖြစ်ကြသည်။ ဦးထင်ဝိန်သည် သေဆုံးသွားသည်အထိ မစ္စစ်မေရီဝိန်နှင့် အကြင်လင်မယားအဖြစ် ပေါင်းသင်းခဲ့သည်။

ရန်ကုန်မြို့တော် တရားမရုံး၊ ၁၉၆၂–ခုနှစ် တရားမကြီးမှု အမှတ် ၃ တွင် (၁)အယူခံ တရားခံဒေါ်ကြည်ကြည်သည် ဦးထင်ဝိန် ကျန်ရစ်ခဲ့သည့် ပစ္စည်းများနှင့် ပတ်သက်၍ အုပ်ထိန်းစီမံခန့်ခွဲပေးဝေလိုမှု တရားစွဲဆိုခဲ့သည်။

အဆိုလွှာတွင် ဒေါ်ကြည်ကြည်က မိမိသည် ၁၉၄၇–ခုနှစ်မှစ၍ မော်လမြိုင်မြို့၊ ပန်းဘဲတန်းရပ်ကွက်၊ ဟောက်တင်လမ်း၊ အိမ်အမှတ်(၁၇)တွင် ဦးထင်ဝိန်နှင့် အတူ အကြင်လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ပါသည်။ ထို့နောက် မိမိနှင့် ဦးထင်ဝိန်တို့သည် ရန်ကုန်မြို့သို့ ပြောင်းရွှေ့လာပြီး ၂ နေရာ ၃ နေရာတွင် အတူတကွ နေထိုင်ကာ လင်မယားအဖြစ် ပေါင်းသင်းခဲ့ပါသည်။ နောက်ဆုံးတွင် မိမိနှင့် ဦးထင်ဝိန်တို့သည် ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်း၊ အိမ်အမှတ် (၁၉၄)၊ အခန်းအမှတ် (၆) ၌ အတူတကွနေထိုင်ခဲ့ပါသည်။ ၁၉၆၁–ခုနှစ် ဇွန်လ ၅ ရက်နေ့က ဦးထင်ဝိန်သည် မမာသဖြင့် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ အမေရိကန်ဆေးရုံသို့ တက်ရောက်ကုသခဲ့ရာ မိမိလည်း ဦးထင်ဝိန် သေဆုံးသွားသည်အထိ ကိုယ်တိုင်ပြုစုစောင့်ရှောက်ခဲ့ရပါသည်။ ဦးထင်ဝိန် ကျန်ရစ်ခဲ့သော ပစ္စည်းအချို့ကို မိမိနှင့်အတူ ပေါင်းသင်းနေထိုင်စဉ်က တိုးပွားဖြစ်ထွန်းခဲ့သည့် ပစ္စည်းများဖြစ်ပါသည်။ မိမိသည် ဦးထင်ဝိန်၏ တရားဝင်ဇနီးတစ်ဦး ဖြစ်ခြင်းကြောင့် ဦးထင်ဝိန်ကျန်ရစ်ခဲ့သည့် ပစ္စည်းများကို ပထမ,မယား မစ္စစ်မေရီဝိန်နှင့် အတူ ညီတူညီမျှရသင့်ပါသည် အစရှိသဖြင့် ဖော်ပြထားသည်။ ထိုအဆိုလွှာကို မစ္စစ်မေရီဝိန်နှင့်သားသမီးများက ဖြေဆိုရာ၌ ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်၏ မယားမဟုတ်ပါ။ ဦးထင်ဝိန်ကျန်ရစ်ခဲ့သည့် ပစ္စည်းများမှာလည်း ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့ လက်ထက်ပွားပစ္စည်းများမဟုတ်ပါ။ ထို့ကြောင့် ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်၏ အမွေကို ဆက်ခံနိုင်ခွင့် မရှိပါဟုဖော်ပြထားသည်။

မူလရုံးတရားသူကြီးက ဤအမှုတွင် ဒေါ်ကြည်ကြည်သည် ၁၉၅၄ ခုနှစ် ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုဥပဒေကို အခြေပြု၍ တရားစွဲဆိုခြင်းဖြစ်ပါသည်။ ထိုအက်ဥပဒေ ပုဒ်မ ၂၀ အရ ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့၏ ပေါင်းဖက်နေထိုင်ပြုမူပုံမျိုးသည် ဗုဒ္ဓဘာသာဓမ္မသတ်အရ လင်မယားအရာမြောက်မမြောက် ဆင်ခြင်စဉ်းစားရန်ဖြစ်ပါသည်ဟု ကောက်ယူခဲ့သည်။ မူလရုံးတရားသူကြီးသည် မိမိ၏စီရင်ချက်၌ ထိမ်းမြားမှုနှင့်စပ်လျဉ်းသည့် စီရင်ထုံးအများအပြားကို ကိုးကားခဲ့သည်။ ထိုစီရင်ထုံးများအရ မြန်မာဗုဒ္ဓဘာသာ ဓလေ့ထုံးစံတွင် ထိမ်းမြားလက်ထပ်မှုတစ်ခု တရားဝင်ဖြစ်မြောက်ရေးအတွက် အသိအမှတ် ပြုထားသည့် အခမ်းအနားဟူ၍ မရှိပါ။ နှစ်ဦးသဘောတူလင်မယား အဖြစ်ပေါင်းသင်းရန်ဆန္ဒဖြင့် အတူတကွလင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်းသာလျှင် ပဓာနအချက် ဖြစ်ပါသည်။ ပေါင်းသင်းနေထိုင်မှုဆိုသည်မှာလည်း

တရားဝင်လင်မယားအဖြစ် အထင်အရှားနေထိုင်ပေါင်းသင်း ဆက်ဆံမှုမျိုးကို သာလျှင် ဆိုလိုပါသည်။ ဤအမှုတွင် တရားလိုဒေါ်ကြည်ကြည်နှင့် ကွယ်လွန်သူ ဦးထင်ဝိန်တို့မှာ ထိမ်းမြားမှု အခမ်းအနားပြုလုပ်ခဲ့ကြောင်း အထောက်အထား မရှိသဖြင့် ၎င်းတို့ ဇနီး လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံခြင်းမှာ ကျော်ဇော သတင်းပေါ်၌ လုံးဝတည်လျက်ရှိနေပါသည်။ ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့ ပေါင်းဖက်နေထိုင်ပြုမူကြပုံမှာ ဗိုလ်မှူးကြီးဆော်လမွန်ကဲ့သို့ ခင်မင်ရင်းနှီးသည့် ပုဂ္ဂိုလ်တစ်ဦး၊ အလုပ်အကိုင်နှင့် ပတ်သက်၍ ဆက်သွယ်နေသည့် မိတ်ဆွေ မစ္စတာဘွန်ရှုနင်၊ အိမ်နီးနားချင်းဖြစ်သော မစ္စတာလားလ်နှင့် အိမ်တွင်ဝင်ထွက် စားသောက်နေသည့် ဦးနေဝင်းတို့က သူတို့သည် အကြင်လင်မယားဖြစ်သည်ဟု ထင်မြင်ယူဆလက်ခံလောက်သည့် ပြုမူပုံမျိုးဖြစ်သည် ဆိုကြသဖြင့် ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့ ပေါင်းသင်းနေထိုင်စပ်ယှက်မှုမှာ မြန်မာဗုဒ္ဓဘာသာ ဥပဒေ အရ လင်မယားအရာမြောက်ပါသည်။ အစရှိသည်ဖြင့် မူလရုံးတရားသူကြီး သည် ကောက်ယူဆုံးဖြတ်ခဲ့သည်။ ထိုဆုံးဖြတ်ချက်များအပေါ်၌ မူတည်၍ ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်ကျန်ရစ်ခဲ့သည့် ပစ္စည်းများကို အမွေဆက်ခံ ထိုက်သူဖြစ်ကြောင်း၊ ဦးထင်ဝိန်ကျန်ရစ်ခဲ့သည့် ပစ္စည်းများမှာ အဆိုလွှာနှင့် ပူးတွဲတင်သွင်းထားသည့် ဇယား (က)ပါ ပစ္စည်းများဖြစ်ကြောင်း ထိုပစ္စည်းများ အနက်(၁)မှ (၅) နှင့် (၉) မှ (၁၆) တို့တွင် ဒေါ်ကြည်ကြည်သည် တစ်ဝက် ပိုင်ထိုက်ကြောင်း၊ ကျန်ပစ္စည်းများတွင် ဒေါ်ကြည်ကြည်က သုံးပုံတစ်ပုံနှင့် မစ္စစ်မေရီဝိန်က သုံးပုံနှစ်ပုံရသင့်ကြောင်း ဆုံးဖြတ်ကာ ထိုဆုံးဖြတ်ချက်အတိုင်း အမွေခွဲဝေရန် ပဏာမဒီကရီချမှတ်ပေးလိုက်သည်။ ထိုစီရင်ချက်နှင့် ဒီကရီကို မကျေနပ်သဖြင့် မစ္စစ်မေရီဝိန်နှင့် မိသားစုတို့က ယခု ကျွန်ုပ်ရှေ့ရှိ အယူခံလွှာ ကို တင်သွင်းခြင်းဖြစ်သည်။

အယူခံလွှာတွင် အယူခံတရားလိုများ၏ အဓိက အကြောင်းပြချက်မှာ ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်၏ တရားဝင်ဇနီးဖြစ်ကြောင်း အဆုံးအဖြတ် ပြုခဲ့ခြင်းသည် ဥပဒေအရသော်လည်းကောင်း၊ သက်သေခံချက်များ အရသော် လည်းကောင်း မှားယွင်းနေပါသည်။ မူလရုံးတရားသူကြီးသည် အတူတကွ ပေါင်းသင်းနေထိုင်မှု တစ်ခုတည်းအပေါ်၌ မူတည်၍ ဒေါ်ကြည်ကြည်နှင့် ဦးထင်ဝိန်တို့သည် တရားဝင်လင်မယားဖြစ်သည်ဟု ဆုံးဖြတ်ခြင်းမှာ မှားယွင်းပါ သည်။ ပစ္စည်းများနှင့် ပတ်သက်၍ သက်သေခံအထောက်အထား လုံးဝမရှိခဲ့တဲ့

အဆုံးအဖြတ်ပေးရခဲ့ခြင်းများမှာလည်းမှားယွင်းနေပါသည်။ သေဆုံးသူ ကျန်ရစ်ခဲ့သည့် ပစ္စည်းများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးရန် အမိန့်မပေးဘဲ ပဏာမဒီဂရီချမှတ်ခဲ့ခြင်းသည် ဥပဒေအရ လွဲမှားနေပါသည်ဟူ၍ ဖြစ်သည်။

၁၉၅၄–ခုနှစ် မြန်မာဗုဒ္ဓဘာသာဝင် မိန်းမများ အထူးထိမ်းမြားမှုနှင့်အမွေဆက်ခံမှု အက်ဥပဒေ ပုဒ်မ ၂၀ တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားသည်။

"ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောကျ်ားတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦးတို့ ပေါင်းဖက်နေထိုင်ပြုမူကြပုံသည် အကယ်၍ ထိုသူနှစ်ဦးစလုံးမှာဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်းဖြစ်ခဲ့သော်၊ ဗုဒ္ဓဘာသာဓမ္မသတ်အရ လင်မယားအရာမြောက်သော ပေါင်းဖက်နေထိုင်ကြပုံမျိုးဖြစ်လျှင် ထိုသူတို့သည် ထိုသို့ပေါင်းဖက်စကပင် ထိမ်းမြားခဲ့သည်ဟု မှတ်ယူရမည့်အပြင် ထိုသူတို့သည်ဤအက်ဥပဒေအရ ထိမ်းမြားခဲ့ကြသည်ဟူ၍လည်း မှတ်ယူရမည်"

ထို့ကြောင့် ဤအမှု၌ကွယ်လွန်သူဦးထင်ဝိန်သည် ခရစ်ယာန်ဘာသာဝင်တစ်ဦးဖြစ်စေကာမူ ၎င်းနှင့်ဒေါ်ကြည်ကြည်တို့ ပေါင်းဖက်နေထိုင်ခဲ့ကြပုံမှာဗုဒ္ဓဘာသာဓမ္မသတ်အရလင်မယားအရာမြောက်သော ပေါင်းဖက်နေထိုင်ကြပုံမျိုးဖြစ်လျှင် ၎င်းတို့နှစ်ဦးသည် ဤအက်ဥပဒေအရ ထိမ်းမြားခဲ့ကြသည်ဟု ယူဆရမည်ဖြစ်ပါသည်။ ဦးထင်ဝိန်တွင် မယားကြီး မစ္စစ်မေရီဝိန်ရှိပြီး ထိုမယားကြီးနှင့်သေဆုံးသည်အထိ ပေါင်းဖက်သွားခဲ့သည်မှာအငြင်းမပွားချေ။ သို့ရာတွင်မြန်မာဗုဒ္ဓဘာသာယောကျ်ားတစ်ယောက်သည် မိန်းမတစ်ယောက်ထက်ပို၍ ယူနိုင်ခွင့်ရှိသည်ဖြစ်ရာ၊ ဦးထင်ဝိန်တွင် မယားကြီးရှိစေကာမူ ဒေါ်ကြည်ကြည်သည်၎င်း၏မယားဟုတ်မဟုတ် မည်ကဲ့သို့သောမယားဖြစ်သည်ကို အဆုံးအဖြတ်ပြုရန်လိုသည်။ မူလရုံးအမှုတွင်ရှိ သက်သေခံချက်များကို သေချာစွာ လေ့လာကြည့်ရှုသောအခါ ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့သည် လင်မယားအဖြစ်ပေါင်းသင်းခဲ့ကြောင်းထင်ရှားလေသည်။ ဤအချက်နှင့်ပတ်သက်၍ အယူခံတရားလိုများအတွက်လိုက်ပါဆောင်ရွက်သည့် တရားရုံးချုပ်ရှေ့နေကြီး ဦးကျော်မြင့်က ငြင်းပြင်းထန်ထန် ငြင်းဆိုထားခြင်းမရှိချေ။ သို့ရာတွင် ဦးထင်ဝိန်သည် ဒေါ်ကြည်ကြည်နှင့် ပေါင်းသင်းဆက်ဆံလာခဲ့ရာ၌ ဒေါ်ကြည်ကြည်အားတရားဝင်ဇနီးတစ်ဦးအဖြစ်သို့ ရောက်ရှိရန် မည်သည့်အခါမျှ ရည်ရွယ်ချက်မရှိခဲ့ပါဟု တင်ပြထားသည်။ မြန်မာဗုဒ္ဓဘာသာ ဓလေ့ထုံးစံတွင် ထိမ်းမြားမှုအတွက် အသိအမှတ်ပြုသည့် အခမ်းအနားဟူ၍ မရှိ၊ နှစ်ဦးသဘောတူ လင်

မယားအဖြစ်ပေါင်းသင်းရန်ဆန္ဒဖြင့် အတူတကွ လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခြင်းသာလျှင် ပဓာန အချက်ဖြစ်သည်ကို ဦးကျော်မြင့်က လက်ခံခဲ့သည်။ သို့ရာတွင် လင်မယားအဖြစ်ပေါင်းသင်းနေထိုင်ရန် ဆန္ဒမှာ နှစ်ဦးစလုံးတွင်ရှိရမည်ဖြစ်ရာ၊ ဤအမှု၌ ဦးထင်ဝိန်တွင် ယင်းကဲ့သို့သောဆန္ဒမျိုးမရှိကြောင်း ပေါ်လွင်ပါသည်ဟုဦးကျော်မြင့်က ဆက်လက်တင်ပြသွားသည်။ ဦးထင်ဝိန်သည် ကွယ်လွန် အနိစ္စရောက်မီ သေတမ်းစာတစ်စောင်ကို ပြုလုပ်သွားခဲ့သည်။ ထိုသေတမ်းစာတွင် ဒေါ်ကြည်ကြည်နှင့် ပတ်သက်၍ တစ်စုံတစ်ရာဖော်ပြထားခြင်းမရှိချေ။ မိမိပိုင်ဆိုင်သည့်ပစ္စည်းများကို မည်ကဲ့သို့ခွဲဝေရန် ထိုသေတမ်းစာ၌ ညွှန်ကြားခြင်းများပြုလုပ်ခဲ့သည်။ ထိုအချက်ကိုထောက်ဆခြင်းအားဖြင့် ဦးထင်ဝိန်သည် ဒေါ်ကြည်ကြည်အား မိမိ၏ တရားဝင်ဇနီးတစ်ဦးအဖြစ် မှတ်ယူခြင်း မပြုခဲ့ကြောင်းထင်ရှားပါသည်ဟုလျှောက်လဲသွားသည်။ ထို့ပြင် ဒေါ်ကြည်ကြည်၏ အစစ်ခံချက်၌ ဦးထင်ဝိန်သည် မိမိအား မော်တော်ကားတစ်စီးကိုရောင်းချလိုက်ပါသည်ဟုဖော်ပြထားသည်။ ထိုအပြုအမူသည် တရားဝင် အကြင် လင်မယားနှစ်ဦး၏ ပြုမူပုံမျိုးမဟုတ်ကြောင်းထင်ရှားပါသည်ဟူ၍လည်း တင်ပြထားသည်။ တစ်ဖန်ဦးထင်ဝိန်သည် ပစ္စည်းဥစ္စာအတော်အတန်ကြွယ်ဝသူ ဖြစ်သော်လည်း ဒေါ်ကြည်ကြည်အား ပထမတွင် မော်လမြိုင်မြို့၌ အိမ်ခန်းကလေးတစ်ခုတွင် ငှားရမ်းနေထိုင်စေခဲ့ပါသည်။ ဦးထင်ဝိန်၏ဆွေမျိုးများနှင့်လည်းကောင်း၊ အလွန်ရင်းနှီးသည့် ဂုဏ်သရေရှိ မိတ်ဆွေများနှင့် လည်းကောင်း၊ ဒေါ်ကြည်ကြည်အားမိတ်ဆက်ပေးခြင်းမပြုလုပ်ခဲ့ပါ။ ထို့ကြောင့်ဦးထင်ဝိန်သည် ဒေါ်ကြည်ကြည်နှင့် ပေါင်းသင်းစပ်ယှက်ခဲ့ရာ၌ တရားဝင် အကြင်လင်မယားဖြစ်စေရန်ဆန္ဒဖြင့်ပေါင်းသင်းခဲ့ကြောင်းမထင်ရှားပါဟူ၍လည်းတင်ပြသွားသည်။

ကျွန်ုပ်သည် မူလရုံး အမှုတွဲတွင် ရရှိသည့် သက်သေခံများနှင့် လည်း သေချာစွာ လေ့လာကြည့်ရှုပြီး ဖြစ်သည်။ ဗိုလ်မှူးကြီးဆော်လမွန်၊ မစ္စတာဘွတ်ရှနင်၊ မစ္စတာလား(လ်)၊ ဦးနေဝင်း အစရှိသော တရားလိုပြသက်သေများ ၏ အစစ်ခံချက်များနှင့် တကွ တရားခံဘက်မှတင်ပြသည့် သက်သေအချို့၏ အစစ်ခံချက်များအရ ဦးထင်ဝိန်နှင့်ဒေါ်ကြည်ကြည်တို့သည်လင်မယားအဖြစ် အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ကြသည်မှာ ထင်ရှားသည်ဟု ယူဆရမည်ဖြစ်သည်။ သို့ရာတွင် ဤအမှု၌ ဂရုပြုရမည့်အချက်တစ်ရပ်မှာ ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့သည် စတင်ပေါင်းသင်းစဉ်က အပျိုလူပျိုများ မဟုတ်ကြချေ။

ဦးထင်ဝိန်တွင် လက်ရှိမယားကြီး အထင်အရှားရှိနေသည်ကို ဒေါ်ကြည်ကြည် ကိုယ်တိုင် သိခဲ့ကြောင်းဝန်ခံထားသည်။ ၎င်းတို့ နှစ်ဦးစလုံးပေါင်းသင်း စပ်ယှက်ကြစဉ်က လွတ်လပ်သောသူများဖြစ်ပါမူ လင်မယားအဖြစ် ပေါင်းသင်း နေထိုင်ရန်ဆန္ဒဖြင့် ပေါင်းသင်းနေထိုင်ကြောင်း ထင်ရှားရုံကာမျှနှင့် ဒေါ်ကြည် ကြည်သည် ဦးထင်ဝိန်၏ မယားကြီးအဆင့်အတန်းနှင့်ညီမျှသော တရားဝင်ဇနီး ဖြစ်သည်ဟု ယူဆရမည်။ အဘယ်ကြောင့်ဆိုသော် တစ်ဦးတည်းသော မယား သည် မယားကြီးသာလျှင် ဖြစ်ရမည်။

## (မိကင်းကလေးနှင့် မိကင်းကြီး အမှုစီရင်ထုံးကိုကြည့်ပါ)(၁)

သို့ရာတွင် ပထမ,မယားနောက်မှယူသည့် မယား၏ အဆင့်အတန်းနှင့် ပတ်သက်၍ ဆင်ခြင်စဉ်းစားရာ၌ ထိုမယားအားလင်ဖြစ်သူက မည်သို့ဆက်ဆံ ပေါင်းသင်းပြုစုသည်ဆိုသည့်အချက်ကိုအဓိကထားသင့်ကြောင်းဖြင့် **မဦးဖြူနှင့် မမျှင်** (၂)အမှုစီရင်ထုံး၌ ပြဆိုထားသည်။ တစ်ဖန် **မလှမယ်နှင့်မောင်လှဦး (၃)** အမှုစီရင်ထုံး၌ ယောကျ်ားတစ်ယောက်သေ၍ ၎င်း၏ အထင်အရှားမယား မှလွဲပြီး အခြားမိန်းမတစ်ဦးက ၎င်းလည်း သေသူ၏ မယားဖြစ်သည်ဆိုပြီး အမွေတောင်းဆိုလျှင် ထိုမိန်းမသည် သေသူ၏မယားဖြစ်ကြောင်း၊ တရားဥပဒေ နှင့်အညီ ယုံမှားသံသယကင်းလောက်အောင် ထင်ထင်ရှားရှား ပြရမည်ဟု ဆိုသည်။ တစ်နည်းအားဖြင့်ဆိုသော် သေဆုံးသူ၏ မည်ကဲ့သို့သော မယား ဖြစ်ကြောင်း သက်သေပြရန်တာဝန်သည် အမွေတောင်းဆိုသည့် မိန်းမအပေါ် ကြီးလေးစွာ ကျရောက်နေသည်။

မူလရုံးတွင် အစစ်ခံသွားရာ၌ ဒေါ်ကြည်ကြည်က မိမိ၏ ပထမခင်ပွန်း ဦးငွေဇင်သည် ၁၉၄၈–ခုနှစ်တွင် သထုံမြို့၌ သေဆုံးသွားပါသည်။ ထို့နောက် ၆ လခန့်ကြာသောအခါ သထုံမြို့ကို သူပုန်များဝင်စီးသဖြင့် ဦးထင်ဝိန်သည် မိမိအား မော်လမြိုင်သို့ခေါ်လာပါသည်။ ပထမတွင် မိမိကို မစ္စတာတန်ဟုတ် စိန်ဆိုသူ၏အိမ်တွင်ထားပါသည်။ ထိုမှတစ်ဖန် ဟောက်တင်လမ်းရှိ အိမ်အမှတ် (၁၇)တွင်ထားပါသည်။ဦးထင်ဝိန်ကမိမိနှင့်အတည်တကျပေါင်းသင်းပါမည်ဟု မိမိ၏ မိဘများအားပြောကြားခဲ့ပါသည်...အစရှိသဖြင့် ဖော်ပြထားသည်။ မော်လမြိုင်မြို့တွင်နေစဉ် ဦးထင်ဝိန်နှင့်ဒေါ်ကြည်ကြည်တို့သည် လင်မယား အဖြစ် ပေါင်းသင်းကြရန်ဆန္ဒဖြင့် အတူတကွပေါင်းသင်းနေထိုင်ခဲ့ကြောင်း

သက်သေခံအထောက်အထား လုံလောက်စွာ မရရှိခဲ့ချေ။ မစ္စတာတန်ဟုတ်စိန် ဆိုသူကိုလည်း သက်သေထူထောင်ထားခြင်းမရှိ။ သို့ဖြစ်လေရာ ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့သည် မော်လမြိုင်မြို့၌ အတူတကွပေါင်းသင်းနေထိုင်ခဲ့စေကာမူ တရားဝင် အကြင်လင်မယားအဖြစ်သို့ရောက်ရှိသည်ဟု ယူဆနိုင်ရန် ခဲယဉ်းပေသည်။

ဦးထင်ဝိန်သည် ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်းရှိ အိမ်အမှတ် ၁၉၄၊အခန်းအမှတ် (၆)၌ နောက်ဆုံးနေထိုင်သွားခဲ့သည်မှာ ထင်ရှားသည်။ ထိုအိမ်တွင် ဦးထင်ဝိန်သည် မိမိနာမည်ဖြင့် တယ်လီဖုန်း တပ်ဆင်ထားသည်။ ဦးထင်ဝိန်သည် ရန်ကုန်မြို့နှင့် မော်လမြိုင်မြို့သို့ သွားချည်လာလှည့် ပြုလုပ်နေသော်လည်း ရန်ကုန်မြို့သို့ ရောက်သည့်အခါ အထက်ဖော်ပြပါအိမ်တွင် အမြဲနေထိုင်ခဲ့ကြောင်းပေါ်လွင်လေသည်။ ထိုအိမ်တွင် ဦးထင်ဝိန်သည်ဒေါ်ကြည်ကြည်နှင့် အတူတကွနေထိုင်ခဲ့သည်မှာလည်း အငြင်းမပွားပေ။ ၎င်းတို့နှစ်ဦး ထိုအိမ်၌နေထိုင်စဉ်အတွင်း၊ ၎င်းတို့၏ နေထိုင်ကြပုံမျိုးနှင့်ပတ်သက်၍ သက်သေခံချက်များ အများအပြားရရှိခဲ့သည်။ ဗိုလ်မှူးကြီးဆော်လမွန် (လိုပြ ၁)သည် သေဆုံးသူ ဦးထင်ဝိန်တို့နှင့်အလွန်ခင်မင်ရင်းနှီးသူ တစ်ယောက်ဖြစ်သည်။ ဗိုလ်မှူးကြီးဆော်လမွန်၏ အစစ်ခံချက်၌ ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့သည် ၁၉၅၂–၅၃ ခုနှစ်လောက်က ရန်ကုန်မြို့၊ ၄၂ လမ်းရှိ အခန်းတစ်ခန်းတွင် အတူတကွ ပေါင်းသင်းနေထိုင်ခဲ့ပါသည်။ မိမိသည် ဦးထင်ဝိန်တို့ထံသို့ မကြာခဏ အလည်သွားပါသည်။ ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့သည် လင်မယားအနေဖြင့် ပေါင်းသင်းဆက်ဆံနေသည်ကိုတွေ့ရပါသည်။ ထို့နောက် ဦးထင်ဝိန်တို့သည် ဗိုလ်အောင်ကျော်လမ်းရှိ အိမ်အမှတ်(၁၉၄)သို့ ပြောင်းရွှေ့သွားကြပါသည်။ ဦးထင်ဝိန်တို့သည် မိမိ၏အိမ်သို့လာလည်ဖူးပါသည်။ မိမိနှင့် အတူတကွ မိမိ၏မိန်းမတို့က ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့ကို ဧည့်ခံပါသည်. . . အစရှိသဖြင့် ထွက်ဆိုသွားသည်။ ယင်းထွက်ဆိုချက်များနှင့် စပ်လျဉ်း၍ အယူခံတရားလိုအတွက် လိုက်ပါဆောင်ရွက်သည့် အကျိုးဆောင်ကြီးများက ထိုသက်သေခံချက်များသည် သက်သေခံဥပဒေ ပုဒ်မ ၅၀ အရ သက်သေခံ မဝင်ပါ။ ဗိုလ်မှူးကြီးဆော်လမွန်၏အစစ်ခံချက်များသည် မိမိ၏ထင်မြင်ချက်များသာ ဖြစ်ပါသည်။ သူ၏ အပြုအမူကို ထောက်သဖြင့် သိရသည့် ထင်မြင်ချက်မျိုး မဟုတ်ပါဟု တင်ပြသွားသည်။

သို့ရာတွင် ဗိုလ်မှူးကြီးဆော်လမွန်၏ အစစ်ခံချက်များသည် အဆိုပါ ဥပဒေပုဒ်မ ၄၀ တွင် အကျုံးမဝင်စေကာမူ သက်ဆိုင်သူများ၏ အပြုအမူများနှင့် ပတ်သက်သော အစစ်ခံချက်များဖြစ်ရကား အဆိုပါ အက်ဥပဒေ ပုဒ်မ ၈- အရ စပ်ဆိုင်သည့် အချင်းအရာများနှင့် ပတ်သက်သော သက်သေခံချက်များ ဖြစ်သည်။ မည်သို့ပင်ဖြစ်စေကာမူ ထိုအိမ်တွင် ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည် တို့၏ အတူတကွပြုမူနေထိုင်ကြပုံနှင့် စပ်လျဉ်း၍ ဘွတ်ရှနင် (လိုပြ-၂) မစ္စတာ လားလ် (လိုပြ-၃)၊ ဦးနေဝင်း (လိုပြ-၄) နှင့် အခြားသက်သေများ၏ အစစ်ခံ ချက်များလည်း ရရှိခဲ့သည်။ ထိုသက်သေများ၏ အစစ်ခံချက်များအားလုံးကို ခြုံ၍ကြည့်လျှင် ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့သည် ထိုအိမ်တွင် အတူတကွ လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြောင်းထင်ရှားလေသည်။ ထို့ကြောင့် လည်း မူလရုံးတရားသူကြီးက ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်၏ တရားဝင် ဇနီးတစ်ဦးဖြစ်သည် ကောက်ယူဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် အထက်၌ ဖော်ပြထားသည့်အတိုင်း ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်၏ မည်ကဲ့သို့မယား ဖြစ်သည်ကို ဆင်ခြင်သုံးသပ်ရန် လိုအပ်ပေသည်။

ဗုဒ္ဓဘာသာ ဓမ္မသတ်အရ ယောကျ်ားတစ်ဦးသည် မိန်းမတစ်ဦးထက် ပို၍ ယူနိုင်သည်။ တစ်ဦးထက်ပိုသော မိန်းမများကို မယားကြီး မယားငယ်ဟူ၍ အသိအမှတ်ပြုကြသည်။ ရှေးဟောင်းဓမ္မသတ်များ၌ မယားကြီး၊ တော်ပြောင်၊ ကျွန်မိန်းမ အစရှိသဖြင့် မယားအမျိုးအစားများ ခွဲခြားထားသည်ကို တွေ့ရှိရ သော်လည်း ယခုခေတ်တွင်မူ လင်ယောကျ်ား၏ အမွေကို ဆက်ခံနိုင်မည့် မယားကြီး မယားငယ်နှစ်ဦးသာလျှင် အသိအမှတ်ပြုကြသည်။ တစ်ယောက် တည်းသောမိန်းမသည် ယောကျ်ားတစ်ယောက်နှင့် ဆက်သွယ်ရာ၌ မယားဖြစ် ကြောင်းထင်ရှားလျှင် ထိုမိန်းမသည် မယားကြီးဖြစ်သည်မှာ ယုံမှားဖွယ်ရာ မရှိချေ။ ယောကျ်ားတစ်ယောက်တွင် မိန်းမတစ်ယောက်ထက်ပို၍ ရနေလျှင်ကား ထိုမယားများ၏ အဆင့်အတန်းကိုခွဲခြားရန်လိုပေသည်။ အဘယ်ကြောင့်ဆိုသော် မယားကြီး မယားငယ် ခွဲခြားသည့်ကိစ္စများမှာ အမွေဆက်ခံရေးတွင် များစွာ အရေးကြီးလှပေသည်။ မောင်သာဒွန်းနှင့် မသိန်းရင်(၃)အမှုစီရင်ထုံး၌ မြန်မာ ဗုဒ္ဓဘာသာ ယောကျ်ားတစ်ယောက်သည် မယားကြီးရှိလျက်နှင့် မယားကြီး မသိအောင် အခြားတစ်နေရာ၌ မယားတစ်ယောက်ထားသည်။ ထိုဒုတိယ မယားကမူ မယားကြီးရှိမှန်းသိသည်။ ဒုတိယမယားသည် လင်ဖြစ်သူ စီးပွား

ရှာဖွေရေး၌ ဝင်ရောက်ကူညီဆောင်ရွက်ခြင်းမရှိ။ ၎င်းပြင်လင်ဖြစ်သူက ဒုတိယမယားအား မယားကြီးနှင့် တန်းတူအထင်အရှား အသိအမှတ်ပြုခြင်းမခံရ။ ယင်းကဲ့သို့ အခြေအနေမျိုး၌ ဒုတိယမယားသည် မယားငယ်ပင်ဖြစ်ပေသည်ဟု အဆုံးအဖြတ်ပြုစွဲသည်။ ထိုအမှုတွင် ပေါ်ပေါက်သည့် ဖြစ်ရပ်များမှာ ယခုကျွန်ုပ်ရှေ့ရှိ အမှု၌ ရရှိသည့် အချက်အလက်များနှင့် များစွာကိုက်ညီနေသည်ကို တွေ့ရှိရသည်။ ယခုမှု ကျွန်ုပ်ရှေ့ရှိအမှု၌ ဒေါ်ကြည်ကြည်က မိမိသည် ထိုအချက်နှင့်ပတ်သက်၍သက်သေခံအထောက်အထားပြနိုင်ခြင်းမရှိချေ။ ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်၌ မယားကြီးရှိမှန်းသိလျက်နှင့် ပေါင်းသင်းလာခဲ့သူဖြစ်သည်။ ဦးထင်ဝိန်၏ပထမ,မယားဖြစ်သူမစ္စစ်မေရီဝိန်ကမူ ဒေါ်ကြည်ကြည်ကို မသိပါဟု အစစ်ခံထားသည်။ ဦးထင်ဝိန်သည် ပစ္စည်းဥစ္စာကုံလုံကြွယ်ဝသူဖြစ်သည်။ မော်လမြိုင်တွင် မိမိ၏ မယားကြီးအား အိမ်ကြီးတစ်လုံးနှင့် ခမ်းနားစွာထားခဲ့သည်။ ဦးထင်ဝိန်သည် ရန်ကုန်မြို့၌အိမ်ပိုင်များရှိခဲ့သော်လည်း ဒေါ်ကြည်ကြည်အား မိမိပိုင်ဆိုင်သည့် မည်သည့်အိမ်ကိုမျှ ပေးခဲ့ခြင်းမရှိချေ။ မိမိ အလုပ်လုပ်ကိုင်နေထိုင်သည့် အခန်းတွင်သာလျှင် မိမိနှင့် အတူ နေထိုင်စေခဲ့သည်။ အထက်တွင်ဖော်ပြခဲ့သည့်အတိုင်း ဦးထင်ဝိန်ရေးသားသွားသည့် သေတမ်းစာ၌ ဒေါ်ကြည်ကြည်အတွက် ထည့်သွင်းစဉ်းစားခဲ့ခြင်းမရှိချေ။ သို့ဖြစ်လေရာ ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်၏ မယားဖြစ်သည်ဟု ယူဆနိုင်စေကာမူ ဦးထင်ဝိန်သည် မယားနှစ်ယောက်စလုံးအား အညီအမျှတန်းတူ အခွင့်အရေး မပေးကြောင်း ပေါ်လွင်နေသည်။

အယူခံ တရားခံအတွက် လိုက်ပါဆောင်ရွက်သည့် တရားခံအတွက် လိုက်ပါဆောင်ရွက်သည့် တရားရုံးချုပ်ရှေ့နေကြီး ဦးမောင်မောင်က စီရင်ထုံးအများအပြားကို ကိုးကား၍ ဤအမှု၌ ဒေါ်ကြည်ကြည်နှင့် ဦးထင်ဝိန်တို့သည် လင်မယားအဖြစ် အတူတကွနေထိုင်ခဲ့ကြောင်း အလွန်ထင်ရှားသည့် သက်သေခံချက်များရရှိပါသည်။ ယင်းကဲ့သို့ လင်မယားအဖြစ် အတော်အတန် ကြာမြင့်စွာ နေထိုင်လာခဲ့ကြောင်း ထင်ရှားသဖြင့် ၎င်းတို့သည် အကြင်လင်မယားအဖြစ် ပေါင်းသင်းဆက်ဆံနေသည့် ဆန္ဒဖြင့် ပေါင်းသင်းခဲ့သည်ဟု ယူဆသင့်ပါသည်။ ဦးထင်ဝိန်သေဆုံးစဉ်က ဒေါ်ကြည်ကြည်သည် သတင်းစာများထဲ၌ ဦးထင်ဝိန်၏ မယားအဖြစ် ကြော်ငြာခဲ့သည်ကို အယူခံတရားလိုများက ကန့်ကွက်ခြင်းမပြုလုပ်ခဲ့ပါ။ ထို့ကြောင့် ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်၏ မယားကြီးအဆင့်

အတန်းနှင့် ညီမျှသော မယားတစ်ဦးဖြစ်သည်ဟုယူဆသင့်ပါသည်။ အစရှိသဖြင့် တင်ပြသွားလေသည်။ ဒေါ်ကြည်ကြည်နှင့် ဦးထင်ဝိန်တို့သည် လင်မယားအဖြစ် ပေါင်းသင်းလာခဲ့ကြသည်မှာအတော်အတန်ကြာမြင့်သည်ကားမှန်၏။ သို့ရာတွင် ဦးထင်ဝိန်သည် ဒေါ်ကြည်ကြည်အား ပထမ,မယားကြီး အဆင့်အတန်းနှင့် တူညီသည့် မယားကြီးအဖြစ် အသိအမှတ်မပြုလုပ်ခဲ့ကြောင်းမှာ ထင်ရှားလေသည်။ ကြာမြင့်စွာပေါင်းသင်းဆက်ဆံခဲ့သည့် အချက်ပေါ်မူတည်၍ ထိမ်းမြားခြင်းပြုလုပ်ကြောင်း ယူဆနိုင်မည် ဖြစ်သည်။ သို့ရာတွင် မယားငယ်အဖြစ် ပေါင်းသင်းရာမှ စတင်ပေါ်ပေါက်လာသည့် ပေါင်းသင်းမှုမျိုးအပေါ်၌ မူတည်၍ကား ထိမ်းမြားလက်ထပ်ခြင်းရှိသည်ဟု ယူဆနိုင်မည်မဟုတ်ချေ။ ယင်းကဲ့သို့ပင် **မောင်အင်ဒီနှင့် ဂျမားဆင်း**(၄) အမှုစီရင်တုန်း၌ ပြဆိုထားသည်။ ဦးထင်ဝိန်သေဆုံးပြီးနောက် အသုဘကိစ္စနှင့်ပတ်သက်သည့် ဒေါ်ကြည်ကြည်၏ ကြော်ငြာချက်များကို အယူခံတရားလိုများက ကန့်ကွက်ခြင်းမပြုလုပ်ခဲ့သည်မှာ ထင်ရှားသည်။ သို့ရာတွင် ထိုကဲ့သို့ ကန့်ကွက်ခြင်းမပြုလုပ်ရုံကာမျှဖြင့် ဒေါ်ကြည်ကြည်၏ အဆင့်အတန်းသည် မယားကြီးအဆင့်အတန်းနှင့် ထပ်တူထပ်မျှဖြစ်သည်ဟု မည်သည့်နည်းနှင့်မျှမယူနိုင်။

အယူခံတရားလိုများအတွက် လိုက်ပါဆောင်ရွက်သည့် တရားရုံးချုပ်ရှေ့နေကြီးဦးကျော်မြင့်ကမူ မဝင်ဒီပါ ၂ နှင့် မကင်းပါ အများ (၅) အမှုစီရင်ထုံးကို ကိုးကားသွားပြီး ဤအမှု၌ ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့သည် အတူတကွ ပေါင်းသင်းနေထိုင်ကြကြောင်း ပေါ်လွင်သော်လည်း နှစ်ဦးစလုံး၌ အကြင်လင်မယားအဖြစ် ပေါင်းရန်ဆန္ဒဖြင့် ပေါင်းသင်းနေထိုင်ခဲ့ကြောင်း ကျော်ဇောသတင်းရှိသည်ဟု မယူဆနိုင်ပါ။ ထို့ကြောင့် မဝင်ဒီတို့၏အမှုမှာကဲ့သို့ ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်၏အမြှောင်မယားသာဖြစ်သည်ဟု ဆုံးဖြတ်သင့်ကြောင်းလျှောက်လဲသွားသည်။ သို့ရာတွင် အမှု၌ ရရှိသည့်အချက်အလက်များမှာ ယခု ကျွန်ုပ်ရှေ့ရှိအမှုတွင် ပေါ်ပေါက်သည့်ဖြစ်ရပ်များနှင့် ထပ်တူထပ်မျှမဟုတ်ချေ။ ယခု ကျွန်ရှေ့ရှိအမှုတွင် ဦးထင်ဝိန်သည် ဒေါ်ကြည်ကြည်အား မိမိ၏ မယားအဖြစ် အချို့သောသူများနှင့်ပင် မိတ်ဆက်ပေးခဲ့ဖူးသည်။ ဒေါ်ကြည်ကြည်နှင့် ဦးထင်ဝိန်တို့သည် ဗိုလ်အောင်ကျော်လမ်း၊ အိမ်အမှတ် ၁၉၄၊ အခန်း(၆)၌ လင်မယားအဖြစ် ကြာမြင့်စွာ အတူတကွနေထိုင်ကြသည်သာမက ပွင့်ပွင့်လင်းလင်းအတူတကွ သွားလာနေထိုင်ခဲ့ကြောင်းမှာလည်း ပေါ်လွင်လေ

သည်။ ဦးထင်ဝိန်သည် ဒေါ်ကြည်ကြည်အား မိမိ၏ ဆွေမျိုးရင်းချာများနှင့်ပင် ဆက်သွယ်၍ မပေးခဲ့ခြင်းကို ထောက်ဆသောအားဖြင့် မယားအရာသို့သွင်းလိုသည့် ဆန္ဒမရှိကြောင်း ပေါ်လွင်ပါသည်ဟု ဦးကျော်မြင့်က တင်ပြခဲ့သည်။ သို့ရာတွင် ဦးထင်ဝိန်သည် အသက်အရွယ်ကြီးမြင့်လာပြီးသည့် နောက်ပိုင်း၌ မိမိ၏ညီအစ်ကိုအရင်းအချာများနှင့်ပင်အဆက်အသွယ်မရှိတော့ကြောင်းထင်ရှားလေသည်။ သို့ဖြစ်လေရာ ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်၏ ပထမဇနီးအဆင့်အတန်းကို မမီသည့် မယားတစ်ဦးဖြစ်စေကာမူ တိတ်တိတ်ပုန်း အမြှောင်မယားဖြစ်ရမည်ဟူ၍ကား မည်သည့်နည်းနှင့်မျှ ယူဆနိုင်မည်မဟုတ်ချေ။ ဗိုလ်အောင်ကျော်လမ်းရှိအိမ်တွင်နေထိုင်စဉ်က အိမ်ထောင်စုစာရင်းတွင်ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့၏ နာမည်များသည် ယှဉ်တွဲလျက်ပါဝင်နေကြသည်။ ဦးထင်ဝိန်သည် ရန်ကုန်မြို့တွင်အမြဲတစေ နေထိုင်ခြင်းမရှိသော်လည်း ရန်ကုန်သို့ ရောက်သည့်အခါတွင် မိမိ၏ အမြဲနေရပ်လိပ်စာမှာ ဗိုလ်အောင်ကျော်လမ်း၊ အိမ်အမှတ် ၁၉၄၊ အခန်းအမှတ် (၆)ဖြစ်သည်။ ထိုအိမ်တွင် ဒေါ်ကြည်ကြည်နှင့် အတူတကွနေထိုင်ရာမှ ဆေးရုံတက်ရောက်ပြီး သေဆုံးခဲ့ရခြင်းဖြစ်သည်။ အထက်ဖော်ပြပါ အကြောင်းများကြောင့် ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်နှင့် အတူတကွ နေထိုင်ခဲ့သည့် ဦးထင်ဝိန်၏ မယားငယ်ဖြစ်သည်ဟု အဆုံးအဖြတ်ပြုရမည်ဖြစ်သည်။

ဗုဒ္ဓဘာသာမိန်းမများအထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှုအက်ဥပဒေပုဒ်မ ၂၅(၁)တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားသည်။

''လင်မယားကွာရှင်းမှုကိစ္စ၊ ပစ္စည်းခွဲဝေမှုကိစ္စ၊ သားသမီး ထိမ်းမြားမှုကိစ္စတို့ဆိုင်ရာ ဗုဒ္ဓဘာသာဓမ္မသတ်၏ပြဋ္ဌာန်းချက်များသည် ဤအက်ဥပဒေအရ ထိမ်းမြားကြသူတို့အပေါ်သို့ သို့တည်းမဟုတ် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့အပေါ် ထိုသူတို့သည် မြန်မာဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်းဖြစ်ဘိသကဲ့သို့ အာဏာသက်ရောက်ရမည်''

ဦးမြစိန်ရေးသားသည့် မြန်မာဗုဒ္ဓဘာသာတရားဥပဒေစာအုပ်တွင် မုဆိုးဖိုမုဆိုးမများ အမွေဆက်ခံရေးနှင့် ပတ်သက်၍ အောက်ပါအတိုင်း ဖော်ပြထားသည်ကို တွေ့ရှိရသည်။

''မြန်မာဗုဒ္ဓဘာသာ ယောကျ်ားတစ်ယောက်သည် ၎င်း၏ မယားကြီး မဟုတ်သည့် မိန်းမတစ်ယောက်နှင့် ပေါင်းသင်းစပ်ယှက်မှုရှိနေလျှင် အဆိုပါ

မယားငယ်သည် ယောကျ်ား၏အမွေကို ဆက်ခံနိုင်ရေးအတွက် ၎င်းတို့၏ ဆက်ဆံရေးတွင် ပစ္စည်းခန်းနှင့် ပတ်သက်၍သော်လည်းကောင်း၊ ကိုယ်ရေးကိုယ်တာ ကိစ္စနှင့်ပတ်သက်၍သော်လည်းကောင်း၊ မိမိအား မည်သို့အခွင့်အရေး ပေးခဲ့သည်ကို ဖော်ပြရန် လိုအပ်လှပေသည်။ အကယ်၍ မယားငယ်သည် မယားကြီးရှိမှန်းသိပြီး မိမိကို မယားကြီးမသိအောင် သီးခြားနေထိုင်ပါလျှင် အထက်ဖော်ပြပါ အချက်မှာ ပို၍လိုအပ်လှပေသည်'' ဟု ဖော်ပြထားသည်။ ထို့ကြောင့် မယားကြီးတစ်ဦးသာလျှင် လင်၏အမွေကို ဆက်ခံထိုက်သူမဟုတ်၊ မယားငယ်များမှာလည်း မိမိတို့၏ အခြေအနေကိုလိုက်၍ အမွေဆက်ခံခွင့်ရှိကြောင်း ထင်ရှားလေသည်။

အထက်တွင်ဖော်ပြထားသည့်အတိုင်း ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်နှင့်အတူတကွ နေထိုင်လာခဲ့သည့် မယားငယ်တစ်ဦးဖြစ်ရာ ဗုဒ္ဓဘာသာဓမ္မသတ်၏ ပြဋ္ဌာန်းချက်များအရ ၎င်းသည် ဦးထင်ဝိန်၏ အမွေကို ဆက်ခံနိုင်သူတစ်ယောက်ဖြစ်သည်။ သို့ရာတွင် ၎င်း၏ ဝေစုမှာ မည်မျှဖြစ်သည်ကို ဆင်ခြင်သုံးသပ်ရန်လိုသည်။ မသန်းရင်နှင့် မောင်သာဒွန်း(၆) အမှုစီရင်ထုံး၌ မယားငယ်သည် လင်နှင့်အတူနေထိုင်ပါက လင်၏ပစ္စည်းစုတွင် ၅–ပုံ ၂–ပုံ ရပြီး မယားကြီးက ၅–ပုံ ၃–ပုံ ရရှိကြောင်းပြဆိုထားသည်။ ယင်းကဲ့သို့ မြွက်ဟထားသည့် ပြဋ္ဌာန်းချက်များနှင့်ပတ်သက်၍ ကွဲလွဲစွာဝေဖန်ထားသည့် စီရင်ထုံးများ မပေါ်ပေါက်ခဲ့သေးချေ။ မသန်းနှင့် မကြင် (၇)အမှုစီရင်ထုံးတွင် အထက်ဖော်ပြပါ မသန်းရင် အမှုစီရင်ထုံး၌ ပါရှိသည့် သုံးသပ်ချက်များကိုထောက်ခံထားသည်။ ထို့ကြောင့် ယခု ကျွန်ုပ်ရှေ့ရှိအမှုတွင် ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်ကျန်ရစ်ခဲ့သည့် ပစ္စည်းများအနက် ၅–ပုံ ၂–ပုံ ရရှိထိုက်ပြီး မယားကြီး မစ္စစ်မေရီဝိန်က ၅–ပုံ ၃–ပုံ ရရှိထိုက်သည်ဟု ဆုံးဖြတ်လိုက်သည်။ မူလတရားသူကြီးသည် ပဏာမဒီဂရီချမှတ်ပေးခဲ့ရာ၌ အမွေပုံပစ္စည်းများနှင့်ပတ်သက်၍ အဆုံးအဖြတ်ပေးခဲ့ရာ ထိုဆုံးဖြတ်ချက်များသည် အထောက်အထားခိုင်လုံခြင်းမရှိသောကြောင့် ပျက်ပြယ်လေသည်။ ဤအမှုမျိုး၌ ယခုအခြေအနေတွင်အမွေပုံပစ္စည်းများနှင့် ပတ်သက်ပြီး စုံစမ်းစစ်ဆေးခြင်းများ ပြုလုပ်ရန်ညွှန်ကြား၍ ပဏာမဒီဂရီ ချမှတ်ပေးရန်သာဖြစ်သည်။

အထက်ဖော်ပြပါ အကြောင်းများကြောင့် မူလရုံးတရားသူကြီး ချမှတ်သည့်စီရင်ချက်နှင့် ဒီဂရီတို့ကို ပယ်ဖျက်လိုက်သည်။ ထိုအစား တရားလို

ဒေါ်ကြည်ကြည်၏ ဝေစုသည် ၅–ပုံ ၂–ပုံ ဖြစ်သည်ဟု ဆုံးဖြတ်ပြီး ဦးထင်ဝိန် ကျန်ရစ်ခဲ့သည့် ပစ္စည်းများနှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးခြင်းများပြုလုပ်ကာ စာရင်းယူရန် ညွှန်ကြားချက်နှင့် ပဏာမဒီဂရီချမှတ်ပေးလိုက်သည်။ မူလရုံး အမှုအတွက် စရိတ်များကို အမွေပုံပစ္စည်းထဲမှ ကျခံရမည်။ ဤအယူခံမှုနှင့် ပတ်သက်၍ တရားစရိတ်သတ်မှတ်ခြင်း မပြုလုပ်ပေ။

*(ပုံ) စိန်သင်း*<br>
*တရားသူကြီး*<br>
*နိုင်ငံတော်တရားရုံးချုပ်*<br>
*၂၅–၅–၆၈*

တရားရုံးချုပ်
စုံညီခုံရုံး   စီရင်ချက်

**တရားရုံးချုပ်**
**စုံညီခုံရုံး စီရင်ချက်**

**နိုင်ငံတော် တရားရုံးချုပ်။**

၁၉၇၀–ခုနှစ်၊ အခွင့်ထူး တရားမ အယူခံအမှတ် ၇–နှင့် ၈။
၁၉၆၇–ခုနှစ်၊ တရားမ ပထမ အယူခံအမှတ် ၁၀၄ တွင် နိုင်ငံတော် တရားရုံးချုပ်၏ ချမှတ်သော ဒီဂရီကို အယူခံဝင်မှု။

ဒေါ်ကြည်ကြည် မစ္စစ်မေရီဝိန်– ပါ ၉

| | | |
|---|---|---|
| မစ္စစ်မေရီဝိန်–ပါ (၇) | နှင့် | ဒေါ်ကြည်ကြည် –ပါ (၃) |
| အယူခံ တရားလို။ | | အယူခံတရားခံ |
| အယူခံတရားလိုအတွက် | – | ဦးမောင်မောင် |
| အယူခံတရားခံအတွက် | – | ဦးကျော်မြင့် |
| ရုံး သဟာယ ။ | – | ဒေါက်တာအေးမောင် |

ဦးလှသင်း (လက်ထောက်ရှေ့နေချုပ်)

နေ့စွဲ။ ။ ရန်ကုန်မြို့၊ ၁၉၇၁–ခုနှစ်၊ ဇွန်လ ၁၅–ရက်နေ့။

## စီရင်ချက်

ဒေါ်ကြည်ကြည်က မိမိသည် ဦးထင်ဝိန်၏ တရားဝင်မယားတစ်ယောက်ဖြစ်ခဲ့ပါသောကြောင့် ဦးထင်ဝိန်ကွယ်လွန်ပြီးနောက် ကျန်ရစ်သောအမွေပုံကို ဦးထင်ဝိန်၏ ပထမ,မယား မစ္စစ်မေရီဝိန်နှင့် အချိုးကျခွဲဝေရရှိထိုက်ပါသည်ဟု ရန်ကုန်မြို့ တရားမရုံးတွင် တရားစွဲဆိုခဲ့လေသည်။ ဦးထင်ဝိန်နှင့် မစ္စစ်မေရီဝိန်တို့သည် ခရစ်ယာန်ဘာသာကို ကိုးကွယ်ကြသော မြန်မာလူမျိုးများဖြစ်ကြ၍ ဒေါ်ကြည်ကြည်သည် မြန်မာဗုဒ္ဓဘာသာတစ်ဦးဖြစ်သည်။

မစ္စစ်မေရီဝိန်တို့က အမှုတွင် ခုခံချေပရာ၌ ၎င်းနှင့်ဦးထင်ဝိန်တို့သည် ခရစ်ယာန် လက်ထပ်ထိမ်းမြားခြင်း အက်ဥပဒေ (Christian Marriages Act) အရ၊ ထိမ်းမြားခဲ့ခြင်းဖြစ်ပါသည်။ ယင်းဥပဒေအရ တစ်လင်တစ်မယားသာရှိရသဖြင့် ဦးထင်ဝိန်သည် ဒေါ်ကြည်ကြည်ကို တရားဝင်မယားအဖြစ် ထိမ်းမြားခြင်းမပြုနိုင်ပါ။ ဒေါ်ကြည်ကြည်သည် အမွေရနိုင်သော တရားဝင်မယားမဟုတ်ခဲ့ပါဟု ခွက်ဆိုကြသည်။

မူလရုံးက ကောက်ချက်အရပ်ရပ် ထုတ်နှုတ်စစ်ဆေး၍ ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့သည် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ လင်မယားအရာမြောက်စေမည့် ပေါင်းဖက်နေထိုင်မှုမျိုးဖြင့် နေထိုင်ခဲ့ကြောင်း ထင်ရှားသည်။ ထို့ကြောင့် ၁၉၅၄–ခုနှစ် ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေပုဒ်မ ၂၀–အရ တရားဝင်လင်မယားအရာမြောက်ခဲ့သည်။ ထို့ကြောင့် ဦးထင်ဝိန်ရေးသားခဲ့သော သေတမ်းစာပျက်ပြယ်၍ ၎င်း၏ အမွေပုံကို ဒေါ်ကြည်ကြည်ပါ တရားဝင်မယားတစ်ဦးအနေဖြင့် ခွဲဝေရထိုက်သည်ဟု ဒီဂရီချမှတ်ခဲ့သည်။

မစ္စစ်မေရီဝိန်တို့က ဤရုံးသို့ အယူခံဝင်ရာ အယူခံကို ကြားနာသောတစ်ဦးထိုင်တရားသူကြီးက ဦးထင်ဝိန်နှင့် ဒေါ်ကြည်ကြည်တို့သည် လင်မယားအဖြစ် ပေါင်းသင်းနေထိုင်ခဲ့ကြောင်းကို အထင်အရှားတွေ့၏။ ယင်းသို့ပေါင်းသင်းခြင်းသည် အထက်တွင် ရည်ညွှန်းထားသော အက်ဥပဒေတွင် အကျုံးဝင်သော ပေါင်းသင်းခြင်းဖြစ်သည်ဟူ၍လည်းတွေ့ရှိ၏။ သို့ရာတွင်ဒေါ်ကြည်ကြည်သည် ''မယားငယ်'' အဆင့်သာရှိခဲ့သည်။ အမွေပုံစံကို စုံစမ်းစေပြီးနောက် ဒေါ်ကြည်ကြည်က ၅–ပုံ ၂–ပုံ မစ္စစ်မေရီဝိန်က ၅–ပုံ ၃–ပုံ ရထိုက်သည်ဟု ဆုံးဖြတ်ခဲ့သည်။

ထိုဆုံးဖြတ်ချက်မှ ဒေါ်ကြည်ကြည်ကလည်းကောင်း၊ မစွစ်မေရီဝိန်က လည်းကောင်း အခွင့်ထူးတောင်းခံ၍ အယူခံတက်လာကြသည်။ ဒေါ်ကြည်ကြည် က ၎င်းအား "မယားငယ်" ဟု သတ်မှတ်သည်ကို မကျေနပ်၊ မစွစ်မေရီဝိန်တို့က ဒေါ်ကြည်ကြည်သည် အမွေရထိုက်သည်ဟု ဆုံးဖြတ်သည်ကိုပင် မကျေနပ်။

ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေ ကို အများပြည်သူ သိကျွမ်းခြင်း၊ သုံးစွဲခြင်း၊ ယင်းဥပဒေနှင့် ပတ်သက်၍ စီရင်ထုံးပြုထားခြင်းနည်းပါးသေးသည်ဖြစ်၍ စုံညီခုံဖြင့် နိုင်ငံတော်ရှေ့နေချုပ်နှင့် မြန်မာလေ့ထုံးတမ်း ဥပဒေကျမ်းပြုပါရဂူဒေါက်တာမောင်မောင်တို့အား ရုံးသဟာယ အဖြစ် ဖိတ်ကြားပြီးနောက် အခွင့်ထူးခံများကို ကြားနာခဲ့ကြခြင်းဖြစ်သည်။ နှစ်ဖက်ပြိုင်တင်သော အယူခံများတွင် ပြဿနာများ ထပ်တူဖြစ်ကြ၍ တစ်ပေါင်း တည်း ကြားနာကာ ဤစီရင်ချက်တစ်ရပ်တည်းဖြင့်ဆုံးဖြတ်သည်။

ဒေါ်ကြည်ကြည်၏ ရှေ့နေကြီးဦးမောင်မောင်က အထူးဥပဒေတစ်ရပ် ပြဋ္ဌာန်းခဲ့ခြင်း၏ ရည်ရွယ်ချက်သည် ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောကျ်ားနှင့် ပေါင်းဖက်နေထိုင်သော ဗုဒ္ဓဘာသာဝင်မိန်းမများ၏အခွင့်အရေးများကို ကာကွယ် စောင့်ရှောက်ပေးရန်ဖြစ်သည်။ မူလရုံးနှင့်ပထမအယူခံရုံးတို့က၊ဒေါ်ကြည်ကြည် သည် ယင်းအထူးဥပဒေအရ ဦးထင်ဝိန်၏မယားဖြစ်သည်ဟု တစ်ထပ်တည်း ဆုံးဖြတ်ခဲ့ကြပါလျက် ပထမ အယူခံကိုဆုံးဖြတ်သော တရားသူကြီးက တစ်ဆင့် တက်၍ မယားဖြစ်စေကာမူ မယားငယ်သာဖြစ်သည်ဟု ဆုံးဖြတ်ခြင်းသည် အထူးဥပဒေဖြင့် ပေးသောအခွင့်အရေးမှ ထုတ်နုတ်ရာ အထူးဥပဒေ၏ ရည်ရွယ် ချက်ကို ဆန့်ကျင်ရာရောက်ပါသည်။ ထို့ကြောင့် မှားယွင်းပါသည်ဟု တင်ပြ သည်။ ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်နှင့် တစ်အိုးတစ်အိမ်ထူ၍ အထင်အရှား လင်မယားအဖြစ် နေထိုင်သွားကြခြင်း၊ မိတ်ကောင်းဆွေကောင်းများကို ဧည့်ခံ ခြင်း၊ ဦးထင်ဝိန်က ၎င်းတို့ အတူနေရာအိမ်နှင့် အိမ်ရှိ တယ်လီဖုန်းတို့ကို လည်းကောင်း၊ လုပ်ငန်းနှင့် ပတ်သက်သော လိပ်စာ၊ တယ်လီဖုန်းအဖြစ်သုံးခြင်း၊ ဦးထင်ဝိန် နောက်ဆုံးမမာမကျန်းဖြစ်စဉ်ကလည်း ဒေါ်ကြည်ကြည်ကပင် ဆေးရုံတင်ပြုစုခြင်းစသည့် ထင်ရှားခိုင်လုံသော အထောက်အထားများရှိသဖြင့် မူလရုံးနှင့် ပထမအယူခံရုံးတို့က ဒေါ်ကြည်ကြည်သည် မယားဖြစ်သည်ဟု အကြောင်းခြင်းရာအားဖြင့် တသဘောတည်းဆုံးဖြတ်ထားခြင်းသည်၊ မှန်ကန်ပါ သည်ဟုလည်း ဦးမောင်မောင်က တင်ပြသည်။

မစ္စစ်မေရီဝိန်၏ ရှေ့နေကြီးဦးကျော်မြင့်က ဦးထင်ဝိန်သည် ဒေါ်ကြည်ကြည်နှင့်အတူနေခဲ့သည်ကို မငြင်း၊ သို့ရာတွင်ဒေါ်ကြည်ကြည်အား ဦးထင်ဝိန်က မယားအဖြစ် အသိအမှတ်ပြုခဲ့ပါလျှင် ဒေါ်ကြည်ကြည်အား ထိုက်သင့်သော အမွေကိုပေးရန် သေတမ်းစာတွင်ရေးသားခဲ့မည်ဖြစ်ပါသည်။ ဒေါ်ကြည်ကြည်အား ရန်ကုန်မြို့တွင် တိုက်ခန်းငယ်၌ထားပါသည်။ ဦးထင်ဝိန်တွင် တိုက်တာအိမ်ခြေရှိပါလျက် မယားနှင့်ထိုက်သောနေရာတွင် ဒေါ်ကြည်ကြည်ကိုမထားပါ။ မော်တော်ကားတစ်စီးကိုပင် ဒေါ်ကြည်ကြည်အား ရောင်းချလိုက်သေးသည်ဟု အထောက်အထားရှိပါသည်။ မယားသာဆိုလျှင် ကားကိုမရောင်းဘဲ ပေးဖို့ရှိပါသည်။ ထို့ကြောင့် အကြောင်းချင်းရာအရ၊ ဒေါ်ကြည်ကြည်သည် မယားမဟုတ် အပျော်ထားသည့်မိန်းမ(Mistress) မျှသာဖြစ်ပါသည်။ ၁၉၅၄ ခုနှစ် အက်ဥပဒေသည် ဗုဒ္ဓဘာသာဝင်မိန်းမနှင့် ပေါင်းဖက်နေထိုင်သော ဟိန္ဒူ၊ အစ္စလာမ်ဘာသာဝင်ယောက်ျားများနှင့်သာသက်ဆိုင်ရာ မူလအဓိက ရည်ရွယ်ခဲ့ပါသည်။ ခရစ်ယာန်ယောက်ျားများကို ဥပဒေရေးဆွဲစဉ်က ထည့်သွင်းစဉ်းစားခဲ့ဟန်မတူပါဟု ဦးကျော်မြင့်က တင်ပြသည်။

ဒေါက်တာအေးမောင်က မယားကြီး မယားငယ် ခွဲခြားခြင်းသည် မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေနှင့်မညီပါ။ ရှေးဓမ္မသတ်ပါ စကားရပ်အချို့ကို အင်္ဂလိပ်လိုပြန်ဆိုရာတွင် လွဲမှားခဲ့သဖြင့် အတွေးအခေါ် ရှုပ်ထွေးခဲ့ခြင်း ဖြစ်ပါသည်။ ဓမ္မသတ်တို့တွင် မယားကြီး၊ တော်ပြောင် (သို့မဟုတ် အမြှောင်)၊ ကျွန်မ စသည်ဖြင့်ပါသော်လည်း မယားအရာရောက်သောမိန်းမသည် မယားပြိုင်ပင် ဖြစ်ပါသည်။ တန်းတူရည်တူ လင့်အမွေကို ဆက်ခံပိုင်ခွင့်ရှိပါသည်။ ယင်းမယားတို့ကို ပထမ,မယား၊ ဒုတိယမယား စသည်ဖြင့် ခေါ်ဝေါ်ခြင်းက မယားကြီး မယားငယ်ဟု ခေါ်ဝေါ်ခြင်းထက် တိကျရှင်းလင်းပါသည်။ ၁၉၅၄–ခုနှစ် အက်ဥပဒေသည် ဗုဒ္ဓဘာသာဝင်မိန်းမနှင့်ပေါင်းဖက်နေထိုင်သော ဗုဒ္ဓဘာသာဝင် မဟုတ်သည့် ယောက်ျားဟူသမျှနှင့် သက်ဆိုင်ပါသည်။ခရစ်ယာန်ဘာသာဝင် ယောက်ျားလည်း ပါဝင်ပါသည်။ ချွင်းချက်မရှိပါ။ ယင်းဥပဒေတွင် ခေါ်ဝေါ် သုံးစွဲမှု တိကျပြည့်စုံခြင်းမရှိသည်ကို တွေ့ရပါသည်။ ပုဒ်မ ၂၄တွင် ဗုဒ္ဓဘာသာ ဓမ္မသတ်အတိုင်းဆုံးဖြတ်ရမည်။ ပုဒ်မ ၂၅(၁)တွင် ''ဗုဒ္ဓဘာသာ ဓမ္မသတ်၏ ပြဋ္ဌာန်းချက်များသည်'' စသည်ဖြင့်သုံးစွဲထားပါသည်။ အမှန်မှာ ဗုဒ္ဓဘာသာဝင်တို့၏ အိမ်ထောင်ရေးကိစ္စတို့နှင့် သက်ဆိုင်သော မြန်မာဓလေ့ ထုံးတမ်း

ဥပဒေသည် ဓမ္မသတ်များချည်းသာ မဟုတ်ပါ။ ဓမ္မသတ်တို့မှ ညီညွတ်သော အနှစ်သာရတို့ကို ထုတ်နုတ်၍ ခေတ်နှင့်အညီ စီရင်ထုံးပြုခြင်း၊ ပြုပြင်ကျင့်သုံးခြင်းဖြင့် အမြဲတိုးတက်လျက်ရှိသော ထုံးတမ်းဓလေ့ဥပဒေဖြစ်ပါသည် စသည်ဖြင့် အကျယ်တဝင့် ကျမ်းကိုးဖြင့်တင်ပြသည်။

လက်ထောက်နိုင်ငံတော်ရှေ့နေချုပ်ဦးလှသင်းက ၁၉၅၄ခုနှစ် အက်ဥပဒေသည် ဗုဒ္ဓဘာသာဝင်အမျိုးသမီးတို့၏ အိမ်ထောင်ရေးရပိုင်ခွင့်တို့ကို ကာကွယ်စောင့်ရှောက်ရန်အထူးပြဋ္ဌာန်းရသော ဥပဒေဖြစ်ပါသည်။ ယင်း ဥပဒေတွင် အတိအလင်းပါရှိသည့်အတိုင်း ယင်းဥပဒေတွင်အကြုံးဝင်သော ထိမ်းမြားခြင်းတို့သည် အခြားဥပဒေများ၊ ဓလေ့ထုံးတမ်းများကို လွှမ်းမိုးပါသည်။ ယင်းသို့ လွှမ်းမိုးခြင်းသာမရှိခဲ့ပါမူ ခရစ်ယာန်ဘာသာဝင် ဦးထင်ဝိန်သည် ဒေါ်ကြည်ကြည်အား တရားဝင်ထိမ်းမြားနိုင်မည် မဟုတ်ပါ။ မယားလက်ရှိနှင့် ဥပဒေအရ အတည်မဖြစ်နိုင်သော ထိမ်းမြားခြင်းကိုပြုလျှင် ရာဇသတ်ပုဒ်မ ၄၉၄ အရ ပြစ်မှုကျူးလွန်ရာပင် ရောက်ပါသည်။ သို့ရာတွင် ၁၉၅၄–ခုနှစ် အက်ဥပဒေတည်ဆဲဥပဒေ ဓလေ့ထုံးတမ်းတို့ကို လွှမ်းမိုးသဖြင့် ခရစ်ယာန်ဘာသာဝင် ဦးထင်ဝိန်နှင့် ဗုဒ္ဓဘာသာဝင် ဒေါ်ကြည်ကြည်တို့ ပေါင်းသင်းနေထိုင်ခြင်းသည် ၎င်းတို့အား တရားဝင်ထိမ်းမြားထားသည့် လင်မယားဖြစ်စေပါသည်။ ထိမ်းမြားခြင်း တရားဝင်သဖြင့် ဦးထင်ဝိန်အား ပြစ်မှုမမြောက်ပါ။ အထူးဥပဒေဖြင့် ဖန်တီးလိုက်သော လင်မယားဘဝဖြစ်သဖြင့် မယားကြီး မယားငယ်ဟု အဆင့်အတန်းခွဲ၍ မရပါ။ မယား၏ အခွင့်အရေးအပြည့်အဝကို ဒေါ်ကြည်ကြည်ရရန်ဖြစ်ပါသည်။ အထူးအက်ဥပဒေသည် ခရစ်ယာန်ဘာသာဝင် ယောကျ်ားများကို ချွင်းချက်မပြုပါဟု ဦးလှသင်းက တင်ပြပါသည်။

ဗုဒ္ဓဘာသာဝင်မဟုတ်သော ယောကျ်ားများနှင့် ပေါင်းသင်းနေထိုင်ကြသော ဗုဒ္ဓဘာသာဝင်မိန်းမများ ရသင့်ရထိုက်သော အခွင့်အရေးများ ကာကွယ်စောင့်ရှောက်နိုင်ရန်အတွက် ၁၉၅၄–ခုနှစ်တွင်မှသာ အထူးအက်ဥပဒေပြဋ္ဌာန်းခဲ့သည်မဟုတ်၊ ၁၉၃၉–ခုနှစ်ကတည်းကပင် အက်ဥပဒေပြုလုပ်ခဲ့ရသည်။ (Buddhist Women's Special Marriage and Succession Act of 1939) ယခင် ဥပဒေ မပြည့်စုံ၍ ၁၉၅၄–ခုနှစ် အက်ဥပဒေကျမ်းကို ရေးဆွဲခဲ့ရာတွင် ဥပဒေကျမ်း စိစစ်ရေးပါလီမန်ကော်မတီက အောက်ပါကဲ့သို့ ပါလီမန်သို့တင်ပြခဲ့လေသည်။

၁၉၃၉–ခုနှစ် ဗုဒ္ဓဘာသာဝင်မိန်းမများ အထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု အက်ဥပဒေ၏ ရည်ရွယ်ချက်မှာ ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောက်ျားနှင့် အိမ်ထောင်ပြုကြသည့်ဗုဒ္ဓဘာသာဝင်မိန်းမအတွက် လင်မယားကွာရှင်းရေးပစ္စည်းခွဲဝေရေး၊ သားသမီးထိန်းသိမ်းရေးနှင့် အမွေဆက်ခံရေး စသည့် လူမှုရေးရာအရေးများတွင် တရားမျှတသည့် အခွင့်အရေးများပေးရန် ရည်ရွယ်ချက်ပင်ဖြစ်လေသည်။ သို့သော် အဆိုပါအက်ဥပဒေ၏ရည်ရွယ်ချက် ကောင်းပင်ကောင်းငြားသော်လည်း ဥပဒေအချက်အလက်များ ပြည့်စုံခြင်းမရှိသဖြင့် ဗုဒ္ဓဘာသာဝင်မိန်းမတို့မှာ အက်ဥပဒေ၏ အကျိုးအာနိသင်ကို ခံစားခွင့် မရရှိခဲ့ကြပေ(၁)။

ဤအမှုနှင့် ဆီလျော်သော ယင်းဥပဒေ ပုဒ်မတို့သည် အောက်ပါတို့ဖြစ်သည်။

၄။ ။အခြားတည်ဆဲ တရားဥပဒေများတွင်သော်လည်းကောင်း၊ တရားဥပဒေကဲ့သို့အာဏာရှိသောဓလေ့ထုံးစံများတွင်သော်လည်းကောင်း မည်သို့ပင်ဆန့်ကျင်လျက်ပါရှိစေကာမူ ဤအက်ဥပဒေပါ ပြဋ္ဌာန်းချက်များသည် ဗုဒ္ဓဘာသာဝင်မိန်းမနှင့်ထိုမိန်းမ၏ ဗုဒ္ဓဘာသာဝင်မဟုတ်သော လင်ယောက်ျားများအပေါ်၌ အာဏာသက်ရောက်ရမည်။

* * *

၂၀။ ။ (၁)ဗုဒ္ဓဘာသာဝင်မဟုတ်သည့် ယောက်ျားတစ်ဦးနှင့် ဗုဒ္ဓဘာသာဝင်မိန်းမတစ်ဦးတို့ပေါင်းဖက်နေထိုင်ပြုမူကြပုံသည် အကယ်၍ ထိုသူနှစ်ဦးစလုံး ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးချည်းဖြစ်ခဲ့သော် ဗုဒ္ဓဘာသာ ဓမ္မသတ်အရ လင်မယားအရာမြောက်မည့် ပေါင်းဖက်နေထိုင်ပြုမူကြပုံမျိုးဖြစ်လျှင် ထိုသူတို့သည် ထိုသို့ပေါင်းဖက်စကပင် ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည့်ပြင်၊ ထိုသူတို့သည် ဤအက်ဥပဒေအရ ထိမ်းမြားခဲ့ကြသည်ဟုလည်းမှတ်ယူရမည်။

* * *

၂၅။ ။(၁) လင်မယားကွာရှင်းမှုကိစ္စ၊ ပစ္စည်းခွဲဝေမှုကိစ္စ သားသမီး ထိန်းသိမ်းမှုကိစ္စဆိုင်ရာ ဗုဒ္ဓဘာသာဓမ္မသတ်၏ပြဋ္ဌာန်းချက်များသည် ဤအက်ဥပဒေအရ ထိမ်းမြားကြသူတို့အပေါ်သို့၊ သို့တည်းမဟုတ် ထိမ်းမြားခဲ့ကြသည်ဟုမှတ်ယူခြင်းခံရသူတို့အပေါ်သို့ ထိုသူတို့သည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်းဖြစ်ဘိသကဲ့သို့ အာဏာသက်ရောက်ရမည်။

* * *

၂၆။ ။ ဤအက်ဥပဒေအရ ထိမ်းမြားကြသူတို့၏ သို့တည်းမဟုတ်၊ ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူခြင်းခံရသူတို့၏ အမွေဆက်ခံမှုနှင့် စပ်လျဉ်းသည့် ကိစ္စအားလုံးကို ထိုသူတို့နှင့် ထိုသူတို့၏ မိသားစုအားလုံးသည် ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးချည်း ဖြစ်ဘိသကဲ့သို့ ဗုဒ္ဓဘာသာဓမ္မသတ်အတိုင်း ဆုံးဖြတ်ရမည်။

ဤအမှုတွင် ဒေါ်ကြည်ကြည်သည် ပုဒ်မ ၂၀(၁)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ဦးထင်ဝိန်နှင့်ပေါင်းဖက်နေထိုင်ခဲ့သည်ဟု မူလရုံးနှင့် ပထမအယူခံတို့က တသဘောတည်းတွေ့ရှိပြီး၍ ၎င်းတို့နှစ်ဦးသည် အထူးဥပဒေအရ ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရန်သာရှိသည်။ တစ်နည်းဆိုသော် ၎င်းတို့အား ဥပဒေအာနိသင်ဖြင့် (By Operation of Law) ထိမ်းမြားပြီးသော တရားဝင်လင်မယားအဖြစ်သို့ ပို့ဆောင်ခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ၎င်းတို့၏ အမွေဆက်ခံမှုကို မြန်မာဓလေ့ ထုံးတမ်းဥပဒေအရသာ ဆုံးဖြတ်ရန်ဖြစ်လာတော့သည်။

ဤနေရာတွင် ပထမအယူခံကို ဆုံးဖြတ်ခဲ့သော ဤရုံးတရားသူကြီးသည် အက်ဥပဒေအတိအလင်း ပြဋ္ဌာန်းထားခြင်းကိုကျော်၍ ရှေးစီရင်ထုံးအချို့ကို ကြည့်မိကာ ဒေါ်ကြည်ကြည်သည် "မယားငယ်"မျှသာ ဖြစ်ရမည်ဟု ဆုံးဖြတ်ခဲ့ခြင်းဖြင့် အထူးအက်ဥပဒေ၏ ရည်ရွယ်ချက်စေတနာကို မျက်ချေပြတ်ခဲ့လေသည်။ အထူးအက်ဥပဒေ ဗုဒ္ဓဘာသာဝင်အမျိုးသမီးများကို "မယားငယ်"များဖြစ်အောင် ပြဋ္ဌာန်းပေးသည်မဟုတ်၊ ဗုဒ္ဓဘာသာမဟုတ်သော ယောကျ်ားများ၏ အငယ်အနှောင်းသဖွယ် သို့မဟုတ် ရှေးဓမ္မသတ်အဆို "တော်ပြောင်၊ ကျွန်မ" သဖွယ်နေရသော ဗုဒ္ဓဘာသာဝင်အမျိုးသမီးများအား ယင်းဘဝမှ လွတ်မြောက်၍ တရားဝင်မယားအဖြစ်သို့ရောက်စေအောင် ပို့ဆောင်ပေးခြင်းဖြစ်၏။ ယင်းသို့ ပို့ဆောင်ရာတွင် အခြားဓလေ့ထုံးတမ်းဥပဒေများ၊ အခြားဥပဒေများက မည်သို့ပင်ဆိုစေ ဖော်ပြသည့်နည်းဖြင့် ပေါင်းဖက်နေထိုင်ကြလျှင် တရားဝင်ထိမ်းမြားပြီးဖြစ်သည်ဟု မှတ်ယူရမည်။ အမွေဆက်ခံခွင့်စသည့် အခွင့်အရေးများကို မြန်မာ့ဓလေ့ထုံးတမ်း ဥပဒေအရ ရရှိစေရမည်ဟု အထူးဥပဒေက လွှမ်းခြုံ၍ ပြဋ္ဌာန်းထားခြင်းဖြစ်သည်။

အထူးအက်ဥပဒေပုဒ်မ ၂၀ (၁) တွင် "လင်မယားအရာမြောက်မည့် ပေါင်းဖက်နေထိုင်ခြင်း "ရှိလျှင် ယင်းဥပဒေအရ ထိမ်းမြားခဲ့ကြသည်ဟု မှတ်ယူရမည်ဆိုသည်။ "လင်မယား"ဆိုသောစကားရပ် "ထိမ်းမြား"ဆိုသော စကားရပ်တို့သည် "မယားငယ်"ဘဝနှင့် အပ်စပ်သည် မဟုတ်။ ပုဒ်မ ၁၅–တွင်

မှတ်ပုံတင်အရာရှိရှေ့၌ ထိမ်းမြားကြပုံကို သတ်မှတ်ရာ၌ ''ကျွန်ုပ်တို့သည် တရားဝင် လင်မယားအဖြစ် ပေါင်းဖက်ပါမည်'' ဟု ပြောဆိုရမည်ဆိုထားသည်။ တရားဝင်လင်မယားသည် ''မယားငယ်'' မဟုတ်နိုင်ချေ။ ''မယားငယ်''ကို ထိမ်းမြားသည်ဟု ဆိုလေ့မရှိ။

၁၉၃၉–ခုနှစ် ဥပဒေကို အင်္ဂလိပ်လို ပြဋ္ဌာန်းထားရာ၌လည်း ထိမ်းမြားသည်(Marry) ဟုလည်းကောင်း၊ တရားဝင်မယား သို့မဟုတ် လင်(Lawful wife of husband)ဟုလည်းကောင်း ခေါ်ဝေါ်သုံးစွဲထားသည်။

''မယားငယ်''ဆိုသည့် စကားသည် တိကျရှင်းလင်းခြင်း မရှိ၍ ယင်းစကားပုံကို အင်္ဂလိပ်လို ပြန်ဆိုသောအခါ (Lesser wife, inferior wife)စသည်ဖြင့် ပိုမိုရှုပ်ထွေးစေကာ၊ ရှေးစီရင်ထုံးတို့ ချွတ်ချော်ခဲ့ခြင်းဖြစ်သည်။ အမှန်မှာ မယားအဖြစ်သို့ တရားဝင် ဝင်ရောက်သော ဗုဒ္ဓဘာသာဝင်အမျိုးသမီးသည် အခြားတရားဝင်မယားနှင့် မယားပြိုင်အဖြစ် တန်းတူရည်တူ လင့်အမွေကို ခံယူထိုက်သည်။ ယင်းသို့မယားများကို ပထမ,မယား၊ ဒုတိယမယား စသည်ဖြင့် ရည်ညွှန်းခြင်းက ပိုမိုတိကျမှန်ကန်ပေလိမ့်မည်။ မယားကြီး, မယားငယ်ဟု ခေါ်ဝေါ်သည်နှင့် အဆင့်အတန်းကွာခြား၊ အခွင့်အရေး ခြားနားခြင်းသဘော မှားယွင်းစွာဝင်လာနိုင်သည်။

ဒေါ်အုန်းလှနှင့် မညွန့်(၂)တွင်မယားပြိုင်နှစ်ယောက်၏ အမွေဆက်ခံမှုကို ရှင်းလင်းစွာဖော်ပြထားသည်။ စော၍ ထိမ်းမြားသော မယား၊ နောက်မှ ထိမ်းမြားသော မယားဟူ၍ အချိန်အားဖြင့် ခြားနားစေကာမူ ဒုတိယမယားသည် မယားငယ်(Lesser Wife, Junior Wife) မဟုတ်ဟူ၍ ရှင်းလင်းပြထားသည်။

အထက်ဖော်ပြပါ စီရင်ထုံးထက်စောသော မသိန်းရင် နှင့် မောင်သာဒွန်း (၃)စီရင်ထုံးတွင်လည်း မြန်မာဓလေ့ထုံးတမ်းဥပဒေအရ ယောကျ်ားတစ်ယောက်သည် မယားနှစ်ယောက် သို့မဟုတ် ထို့ထက်ပို၍ ထိမ်းမြားယူနိုင်သည်။ လင်မယားတို့သည် လင်နှင့်အတူနေသူ မနေသူ မခွဲ၊ လင့်အမွေကို တန်းတူဆက်ခံကြသည်ဟု ညွှန်ပြထားသည်။

၁၉၅၄–ခုနှစ် အထူးအက်ဥပဒေသည် ဗုဒ္ဓဘာသာဝင်မိန်းမကို တရားဝင်ထိမ်းမြားပြီးသည့် မယားအဖြစ် အသိအမှတ်ပြု၏။ အခြား တရားဝင်မယားများရှိနေလျှင် မြန်မာဓလေ့ထုံးတမ်းဥပဒေအရ တန်းတူရည်တူ လင့်အမွေကိုဆက်ခံနိုင်ခွင့်ရှိသည့် တရားဝင်မယားပြိုင်အဖြစ်ကိုပေး၏။ အထူးဥပဒေက ပေးသော

အခွင့်အရေးကို တရားရုံးက နုတ်ပယ်၍ မရ၊ လင်ဖြစ်သူ၏ သေတမ်းစာဖြင့် ဖျက်၍မရ၊ အပြည့်အဝ ခံစားရမည်သာဖြစ်သည်။

မူလအမှုတွင် ဒေါ်ကြည်ကြည်က မိမိသည် မယားပြိုင် (Co-wife) ဖြစ်၍ မစ္စစ်မေရီဝိန်နှင့်တန်းတူ ဦးထင်ဝိန်၏ အမွေကို ခံစားခွင့်ရှိကြောင်း စွဲဆိုခဲ့ခြင်းဖြစ်သည်။ မစ္စစ်မေရီတို့ကလည်း ဒေါ်ကြည်ကြည်သည် မယားမဟုတ်၊ လုံးဝ အမွေဆက်ခံခွင့်မရှိသော တော်ပြောင်အဆင့်(Misterss)မျှသာဖြစ်ကြောင်း ချေပခဲ့ကြသည်။ အမွေပုံ၏ ၅–ပုံ ၂–ပုံသာ ရထိုက်သော ''မယားငယ်''ဖြစ်သည်ဟု မချေပခဲ့ကြချေ။

အထောက်အထားများအရ ဒေါ်ကြည်ကြည်သည်၁၉၅၄ခုနှစ်အက်ဥပဒေအရ ဦးထင်ဝိန်၏ တရားဝင်မယားအဖြစ်သို့ ရောက်ခဲ့ပြီးသည်ဟု မူလရုံးနှင့် ပထမရုံးအယူခံရုံးတို့က တစ်သဘောတည်းတွေ့ရှိခဲ့သည်။ ကျွန်ုပ်တို့ကလည်း ထိုသို့ပင် မြင်တွေ့ဆုံးဖြတ်သည်။ ထို့ကြောင့် ပထမဆုံးအယူခံရုံးက လွဲချော်၍ ဒေါ်ကြည်ကြည်သည် ''မယားငယ်''ဖြစ်သည်ဟု ဆုံးဖြတ်ထားခြင်းကို ပယ်ဖျက်ရပေမည်။

အလျဉ်းသင့်သဖြင့် ၁၉၅၄–ခုနှစ်အက်ဥပဒေတွင်''ဗုဒ္ဓဘာသာ ဓမ္မသတ်'' ကိုသာ ညွှန်းထားခြင်းသည် အခေါ်အဝေါ်လွဲမှား၍ဥပဒေရေးဆွဲရာ၌ အနည်းငယ်ချွတ်ယွင်းခဲ့ခြင်းဖြစ်သည်ဟု မှတ်ချက်ပြုလိုသည်။ အက်ဥပဒေက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ (Burmese Customary law)ကို ရည်မှန်းခြင်း ဖြစ်ပေသည်။ ယင်းဥပဒေသည် ဓမ္မသတ်တို့မှ အဓိကအားဖြင့် ဆင်းသက်သည်ဟု ဆိုကြသော်လည်း မြန်မာ့သမိုင်းယဉ်ကျေးမှု လူနေမှုတို့မှ အားယူကာ အစဉ်ရှင်သန်ကြီးထွားလျက်ရှိသော ဥပဒေဖြစ်ပေသည်။ ထို့ကြောင့် မြန်မာ့ဓလေ့ ထုံးတမ်းဥပဒေသည် ဓမ္မသတ်ထက်ကြီး၏။ ကျယ်ဝန်း၏ ထို့ပြင်ဗုဒ္ဓဘာသာဓမ္မသတ်ဟု ခေါ်ဝေါ်ခြင်းသည်လည်း မှားယွင်းပေသည်။ မြန်မာအိမ်ထောင်ရေးကိစ္စတို့နှင့် သက်ဆိုင်သော ဓလေ့ထုံးတမ်း ဥပဒေသည် ဘာသာရေးဥပဒေမဟုတ်ချေ။ (၄)

၁၉၅၄–ခုနှစ် ဗုဒ္ဓဘာသာဝင် မိန်းမများအထူးထိမ်းမြားမှုနှင့် အမွေဆက်ခံမှု ဥပဒေသည်လည်း ဘာသာရေးကိစ္စမဟုတ်၊ အိမ်ထောင်ရေး လူမှုရေးကိစ္စဖြစ်သည်။ သိမ်မွေ့မျှတသော မူတို့ကိုဆောင်သော အိမ်ထောင်ရေးဆိုင်ရာ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေ၏အကျိုးသက်ရောက်မှုကို အက်ဥပဒေဖြင့်ကျယ်ပြန့်စေခြင်းဖြစ်သည်။ ဥပဒေကျမ်းကို စိစစ်သော ကော်မတီက အစီရင်ခံခဲ့ရာ၌

ထိုအချက်ကို အောက်ပါကဲ့သို့ ဖော်ပြခဲ့သည်။

(ကော်မတီ)ဆွေးနွေးစဉ်းစားရာတွင် ဥပဒေကြမ်းနှင့် သက်ဆိုင်သည့် တည်ဆဲအက်ဥပဒေများ၊ ဘာသာရေး တရားဥပဒေများ၊ ဓလေ့ထုံးစံများနှင့် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို ကိုးကားကြပါသည်။ ဤဥပဒေကျမ်းသည် ဘာသာရေးကိစ္စနှင့် မသက်ဆိုင်သည့်အပြင် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ခွင့်ပြုသည့် ဘာသာရေးအခွင့်အရေးများကိုလည်းထိခိုက်ခြင်း မရှိသည့် လူမှုရေးရာကိစ္စများနှင့်သာ သက်ဆိုင်သော ဥပဒေကြမ်းတစ်ရပ်ဖြစ်သည်ဟုကော်မတီက ယူဆပါသည်။ ကော်မတီသည် ဥပဒေကျမ်းနှင့် စပ်လျဉ်း၍ နိုင်ငံအချို့တွင် ဆောင်ရွက်လိုက်နာပုံများနှင့် အထူးသဖြင့် မြန်မာနိုင်ငံတွင် ဘာသာရေး ဓလေ့ထုံးစံ ခွဲခြားမှုကြောင့် ဖြစ်ပေါ်သောလူမှုရေးပြဿနာများကို ဆွေးနွေး စဉ်းစားကြပါသည်။

အိမ်ထောင်ရေးကိစ္စသည် အဓိကအားဖြင့် လူမှုရေးကိစ္စဖြစ်သဖြင့် နိုင်ငံ၏လူအများ လက်ခံကျင့်သုံးသော အိမ်ထောင်ရေးဓလေ့ထုံးတမ်းတို့ကို နိုင်ငံတွင် အိုးအိမ်စိုက်ထူနေသူများနှင့် သက်ဆိုင်သောဥပဒေအာဏာ သက်ဝင်စေအောင် လိုအပ်သောဥပဒေများ ပြုစုပြဋ္ဌာန်းပေးရန် သင့်မသင့်ကို ဥပဒေပြုအာဏာပိုင်တို့ကလေးနက်စွာ စဉ်းစားသင့်သည်။ အိမ်ထောင်ရေးနှင့်ဘာသာရေး ရောနှောရှုပ်ထွေးခြင်း၊ ကိုယ်ရေးဘာသာ၊ ကိုယ်ရေးဥပဒေ (Personal Law) စသည်တို့သည် ခေတ်နှင့်မလျော်ပြီ။

အခွင့်ထူးအယူခံများအနက် မစ္စစ်မေရီဝိန်၏ အယူခံကိုပယ်သည်။ ဒေါ်ကြည်ကြည်၏ အယူခံကို စရိတ်နှင့်တကွ ခွင့်ပြု၍ ပထမ အယူခံရုံး၏ ဆုံးဖြတ်စီရင်ချက်ကို ပယ်ဖျက်သည်။

ဒေါ်ကြည်ကြည်သည် ဦးထင်ဝိန်၏ တရားဝင်မယားအဖြစ်လည်းကောင်း၊ ကျန်ရစ်သော အမွေပုံမှ မစ္စစ်မေရီဝိန်နှင့် ခွဲဝေပိုင်ခွင့်ရှိသည်။ မြန်မာ့ဓလေ့ထုံးထမ်းဥပဒေအရ ဒေါ်ကြည်ကြည်၏ဝေစုသည် ဦးထင်ဝိန်နှင့် ပေါင်းသင်းစဉ်က ရရှိခဲ့သော လက်ထက်ပွားပစ္စည်းမှ ထက်ဝက်၊ မပေါင်းသင်းမီ မစ္စစ်မေရီဝိန်နှင့် ဦးထင်ဝိန်တို့၏လက်ထက်ပွားပစ္စည်းမှသုံးပုံတစ်ပုံတို့ဖြစ်သည်။

မူလရုံးက မည်သည့်ပစ္စည်းတို့သည် ဦးထင်ဝိန် မယားနှစ်ယောက်နှင့် ပေါင်းသင်းစဉ်ကရသောလက်ထက်ပွားပစ္စည်းဖြစ်သည်။ မည်သည့်ပစ္စည်းသည် မစ္စစ်မေရီဝိန်တစ်ဦးတည်းနှင့် ပေါင်းသင်းစဉ်ကရသော လက်ထက်ပွားပစ္စည်းဖြစ်

သည်ဟု ပဏာမဒီဂရီတွင် ဆုံးဖြတ်ခြင်းသည် မှားယွင်းသည်ဖြစ်၍ ယင်းဆုံးဖြတ်ချက်ကို ပယ်ဖျက်။ ယင်းသို့ဆုံးဖြတ်နိုင်ရန် လိုအပ်သလို စာရင်းရှင်းလင်း စုံစမ်းစေရဦးမည်ဖြစ်သည်။


ဤရုံးရှေ့နေခ ၁၇၀ ကျပ်။ အယူခံနှစ်မှုကို တစ်ပေါင်းတည်း ကြားနာသဖြင့် စာရိတ်တစ်ရပ်သာ ခွင့်ပြုသည်။ ရုံးအဆင့်ဆင့် တရားစရိတ်တို့ကို အမွေပုံမှ ထုတ်ယူနိုင်သည်။

ရုံးသဟာယအဖြစ် လိုက်ပါဆောင်ရွက်ကာ ရုံးအား ကူညီကြသော ရှေ့နေကြီး ဒေါက်တာဇမောင်နှင့် လက်ထောက်နိုင်ငံတော်ရှေ့နေချုပ် ဦးလှသင်း တို့အား အထူးကျေးဇူးဥပကာရတင်ရှိကြောင်း မှတ်တမ်းတင်သည်။

| | | |
|---|---|---|
| (ပုံ) သက်သေ | (ပုံ) ကျော်ဖေဦး | (ပုံ) ဒေါက်တာမောင်မောင် |
| တရားသူကြီး | တရားသူကြီး | တရားသူကြီးချုပ်။ |
| | | နိုင်ငံတော်တရားရုံးချုပ် |

စုံညီခုံရုံး။
၁၅–၆–၇၁

**ညိုအောင်**


မယားပြိုင်
မယားကြီးမယားငယ်ပြဿနာနှင့် တရားဥပဒေရေးရာ
ညိုအောင်